
ပုဏ္ဏမိ
နေခြည်မြှားချိန် ပြန်ရောက်ရင်

ပုဏ္ဏာမိ

နေခြည်ဖြာချိန် ပြန်ရောက်ရင်

စာမူခွင့်ပြုချက်အမှတ်

၅၀၀၆၁၂၀၅၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ်

၅၀၀၆၆၁၀၆၁၁

၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇)စေတနာစာပေ

အမှတ်(၅၉)၊၁၉-လမ်း၊လသာမြို့နယ်၊

ပုံနှိပ်သူ

ဦးကျော်လှိုင်(၅၅၇၃)စေတနာ Offset

အမှတ်(၅၉)၊ (၁၉)လမ်း၊ရန်ကုန်၊

ဏ္ဏာမိ ၈၉၅.၈၃
နေခြည်ဖြာချိန်ပြန်ရောက်ရင်/ပုဏ္ဏာမိ၊ရန်ကုန်၊
စေတနာစာပေ၊ ၂၀၁၁
၈၈-စာ၊ ၁၂×၁၈ စင်တီ
၁) နေခြည်ဖြာချိန်ပြန်ရောက်ရင်

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
- အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုဏ္ဏမိ

## နေခြည်ဖြာချိန်ပြန်ရောက်ရင်

စီစဉ်သူ
မောင်ကျော်လှိုင်

စေတနာစာပေ





# အခန်း(၁)

“သူ့မှာ တစ်နေ့ … တစ်နေ့ … စားမယ် … အိပ်မယ် …။ ပြီးရင် ကွန်ပျူတာရှေ့ မထတမ်းထိုင်မယ်။ စားမယ်၊ အိပ်မယ်၊ ကွန်ပျူတာနဲ့ မျက်နှာနဲ့အပ်ထားမယ်။ ဒါပဲ။ ဒီသုံးခုပဲ တစ်ခုပြီးရင်တစ်ခု။ သမီးတစ်ယောက် မွေးထားပါတယ်။ သမီးရယ်လို့ သတ်မှတ်လောက်စရာ ဘာရှိလဲ။ ခုနေ အသက်ထွက်သွားရင်တောင် သူ့ကွန်ပျူတာကိုပဲ ဖက်ပြီး သေသွားဦးမယ့်ဟာမ …

ငါ့ကိုတောင် အမေ … အမေရယ်လို့မှ သိသိမှတ်မှတ် ရှိသေးရဲ့လား မသိဘူး။ ငါမွေးထားမှ ဟုတ်ရဲ့လား။ လမုသီးထဲကထွက်လာတဲ့ လမုမယ်ပုံပြင်ထဲကလိုမျိုး ကွန်ပျူတာထဲက ထွက်ကျလာတဲ့ ကွန်ပျူတာမများလား”

မြတ်စွာဘုရား …။ ဒီကနေ့ရဲ့ပြဿဒါးကျရခြင်း အကြောင်းခြင်းရာက ဘာများပါလိမ့်။ အလုပ်အင်မတန်များလှ ရှုပ်လှသော မေမေဟာ ထစ်ခနဲရှိ စိတ်ကတိုပြီး၊ ဒေါသကထွက်

ပြီး ဖြစ်နေတတ်သည်မှာ တစ်နေ့ကိုတစ်မျိုး၊ မရိုးရအောင် အကြောင်းအရာများကလည်း ထပ်သည်မရှိလှပေ။

ဒီကနေ့အဖို့ကတော့ "သမီး ... သမီး ... သမီး"ဟု ရည်ညွှန်းရာကြီးက မေမေ့စကားထဲ အတိအလင်းပါပြီး ဖြစ်နေပေရာ တစ်တရားခံဟာ **"ချာချာ"**ကလွဲရင် ဘယ်သူမှ မဖြစ်နိုင်ပေ။ သို့သော် ချာချာလည်း အပြစ်ရယ်လို့ မယ်မယ်ရရ ဘာမှ မလုပ်မိပါလား။ မေမေ့စကားထဲမှာလည်း "ကွန်ပျူတာ ... ကွန်ပျူတာ"ကလွဲရင် ဘာအပြစ်လဲဆိုတာ သေချာတိကျ မပါလေရာ ချာချာဖြင့် စဉ်းစားလို့ကို မရပေ။

"ချာ ... ချာ ...."

အမယ်လေး ... မီးက ပိုပြီးမြင့်လာပေပြီ။ "ဝုန်း" ခနဲ ပေါက်ကွဲမသွားခင် အမြန်ဆုံး မျက်နှာချိုသွေး အလိုက်တသိ ရှိပြမှပါ။

"မေမေ"

"ခုချက်ချင်း ကွန်ပျူတာရှေ့ကထပြီး ငါ့ရှေ့ကိုလာခဲ့"

ပါလာပြန်ပြီ ... ကွန်ပျူတာ။ ဘယ့်နှယ့်ကြောင့် ဒီကွန်ပျူတာတစ်လုံးမှာလည်း သက်မဲ့ပစ္စည်းဖြစ်ပါရက် ချာချာနဲ့အတူ ပူးတွဲတရားခံ ဖြစ်နေရတော့သည် မသိပေ။

"မေမေ ... ချာချာ ရောက်ပါပြီ"

ချာချာက မေမေ့ကို ဉာဏ်ကုန်ထုတ်သုံးပြီး အလျင်အမြန် အကဲခတ်နေလိုက်သည်။ ဆေးခန်းမှာ ဘာများဖြစ်လာပါလိမ့်။ ဘယ်သူနဲ့ပြဿနာဖြစ်လာပါလိမ့်။ အဲဒီပြဿနာဟာ ချာချာနဲ့ ပြီးကျတော့ ချာချာရဲ့ကွန်ပျူတာတွေနဲ့ ဘယ်လိုများပတ်သက်ကိုနေပါလိမ့်။ ဒါမှမဟုတ် ချာချာရဲ့ မဟုတ်မဟတ် သတင်းတစ်ခုခုများ တစ်ယောက်ယောက်ဆီက ကြားလာရလို့လား။ အဲဒါကဘာပါလိမ့်။



ချာချာ့ရဲ့မေမေ **"ဒေါ်သစ်သစ်စိမ်း"**ကလည်း ကိုယ့်ကို မျက်လုံးရွဲကြီးတွေနဲ့ လာကြည့်နေသည့် သမီးဖြစ်သူ **"မေ့သည်းချာ"**ကို စူးစူးရဲရဲကြီးပင် ပြန်ကြည့်နေလိုက်ပါသည်။ ကြည့်ပါဦး။ အမေလုပ်တဲ့ လေးဆယ်ကျော်က မိုးလင်းကမိုးချုပ် တစ်နေကုန် ဆေးရုံမှာတစ်မျိုး၊ ဆေးခန်းတွေမှာတစ်သွယ် အလုပ်များ ပင်ပန်းလာတာတောင်မှ သန့်ရှင်းသပ်ရပ်၊ စမတ်ကျကြော့ရှင်းလို့ နေနိုင်သေးချိန်မှာ၊ အသက်နှစ်ဆယ်ပင် မပြည့်ချင်သေးတဲ့ အပျိုပေါက်သမီးလေးက ဘာတာဝန်မှ မယ်မယ်ရရမရှိဘဲနဲ့ ကို ရှုံ့တွ၊ ညှဉ်းသိုး၊ ဂျီးလုံး၊ ရေမချိုးရသေးတဲ့ရုပ်အထိပင်ပေါက်နေလိုက်တာ။

"ကျွတ် ... ! အဲဒါတွေကြောင့်မို့ပေါ့။

"ဒီနေ့ သင်တန်းမရှိဘူးလား"

"သွားရတယ်လေ မေမေရဲ့။ ချာချာ သွားသားပဲ၊ မပျက်ပါဘူး"

"ဟင် ... ! အပြင်သွားထားတဲ့ရုပ်က အဲဒီလိုပဲလား"

ချာချာမှာ မေမေ့ရဲ့စကားကို ရုတ်တရက် သဘောမပေါက်လိုက်ပေ။ သင်တန်းသွားထားတဲ့ရုပ်က ဘယ်လိုရှိနေရမှာလဲ။

"အိမ်ထဲက အိမ်ပြင်ထွက်ပြီး မြို့လယ်ကောင်က လူထူထပ်နေတဲ့ သင်တန်းတစ်ခုကိုသွားတက်ထားတဲ့ ရုပ်ရည်က အဲဒီလောက်ပဲ ညှဉ်းဆိုးစုတ်ပြတ်နေသလား"

ချာချာက မေမေ ဦးတည်ပစ်မှတ်ထားလိုသော အကြောင်းအရာကို နည်းနည်းတော့ သဘောပေါက်လာသလိုရှိသည်။ ခါတိုင်းလိုပဲ လစ်ရင်လစ်သလို၊ ပျင်းရင်ပျင်းသလို ဒီနေ့အဖို့ ရေမှချိုးရဲ့လား ဆိုတာကို စစ်ချင်တာလား။ ဒါမျိုး … ပင်ပင်ပန်းပန်း ဆေးခန်းက ပြန်ပြန်လာချင်း တံခါးပေါက်ဝ ရောက်တာနဲ့ မောင်းတင်ပစ်လိုက်ရရောလား မေမေရယ် … ညြချုပါရဲ့။

"ချာချာ သင်တန်းမသွားခင် ရေချိုးသွားပါတယ်"

"ဟင် ! ရေချိုးသွားတာတောင် ဒီလိုရုပ် …! "

"မေမေကလည်း အခု ညကိုးနာရီထိုးကာနီးနေပြီ။ နေ့လယ်က ရေချိုးထားတဲ့ရုပ်က ညလောက်ဆို …"

"မိုးလင်းထဲက ရေချိုးထားတဲ့ ငါ့ရုပ်ကိုကြည့်"

"အင်း … တူမလားလို့။ မေမေက အလကားနေရင်း ဖြူဝင်းရှင်းသန့်ပြီး၊ ရုပ်ကလင်းထွက်ပြီးတော့ လှနေတဲ့ ဥစ္စာ"

"ဘာမတူစရာရှိသလဲ။ နင့်ကို ငါ မွေးထားတာ မဟုတ်လား။ နင့်ရုပ်နဲ့ ငါ့ရုပ် အနေအရင့်ပဲကွာတယ်၊ ချွတ်စွပ်ပဲဆိုတာ လူတိုင်းသိတယ်"

"ဒါပေမဲ့ မေမေက ဖြူပြီး ချာချာက ညိုနေတဲ့ဟာ"



"အရောင်က အကြောင်းမဟုတ်ဘူး၊ နင့်ကိုက ညစ်တီးညစ်စုတ်နဲ့ နေတတ်တာ။ အဲဒါကြောင့် အရောင်အဝါကမထွက်တာ၊ ကဲပါ … အဲဒါက ထားစမ်းပါ။ခု ငါပြောချင်တာက အဲဒါက အဓိကမဟုတ်ပါဘူး"

ညကိုးနာရီကြီး အလုပ်ကပြန်ပြန်လာချင်း ဝုန်းဒိုင်းကြိပေါက်ကွဲချင်ရတဲ့ အကြောင်းက အမေကလှတယ်၊ သမီးက မလှဘူးဆိုတဲ့ အကြောင်းအရာမျိုးတော့ မဖြစ်နိုင်ကောင်းပါဘူးလို့ ချာချာလည်း ထင်တော့ ထင်သ်ားပဲ။

ချာချာရဲ့မေမေ သစ်သစ်မှာ သမီးလုပ်တဲ့သူကို ဘယ်ကစပြောရမှန်းပင် မသိနိုင်တော့ပါ။ သစ်သစ်ရဲ့ဘဝမှာ စမ့်တ်ကျ လုပတင့်တယ်ပြီး လူတကာရဲ့ရှေ့ ထိပ်တန်းတစ်နေရာကို အောင်အောင်မြင်မြင် အဆင်ပြေပြေနဲ့ ရောက်ရှိနေနိုင်ဖို့ စနစ်တကျ၊ အစီအစဉ်ချ၊ အပင်ပန်းတွေခံပြီး တစ်သက်လုံးကြိုးစားလာလိုက်ရတာ။

ငယ်ကတည်းက ဦးတည်ပြီး အကောင်အထည်ဖော်ခဲ့တဲ့ ရည်မှန်းချက်တွေဟာလည်း အသက်လေးဆယ့်နှစ်နှစ်အရွယ်မှာ နာမည်ကြီး သားဖွားမီးယပ်ပါရဂူ ဒေါက်တာသစ်သစ်စိမ်းဘဝနဲ့ ဆယ့်ကိုးနှစ်အရွယ် သမီးတစ်ယောက်ရဲ့အမေ ဖြစ်ခဲ့တဲ့အထိ ဘာမှလွဲချော်မှုမရှိခဲ့။ အကုန် အတိအကျ ဖြစ်ခဲ့သည်ချည်း။

တစ်ခုလေးပဲ။ ဒီအသက်ဒီအရွယ်မှာ ဒီပညာ၊ ဒီအဆင့်အတန်း၊ ဒီလိုအောင်မြင်ပြည့်စုံမှုနဲ့၊ ကိုယ့်လိုပဲ ငယ်ငယ်ကလေးတည်းက ဘဝကို အစီအစဉ်တကျ လျှောက်လှမ်းသွားဖို့

တာရှူပြီးဖြစ်နေမယ့် အရွယ်ရောက် သမီးတစ်ယောက်နဲ့ ... လို့ အကွက်ချခဲ့တဲ့အထဲမှာ "မုဆိုးမ"တစ်ယောက်ပါ ဖြစ်နေရမယ်လို့တော့ မပါခဲ့။

ဒါကတော့ ကံတရားသက်သက်လေ။ သူသာရှိနေသေးရင် ဒီအချိန်မှာ ကိုယ့်လိုပဲ အသက်လေးဆယ်ကျော်ပြီးရုံနဲ့ လျှမ်းလျှမ်းတောက် အောင်မြင်နေမယ့် ယောကျ်ားတစ်ယောက်ကို ရွေးချယ်ယူခဲ့ပေမယ့် သူကမှ "ဘုန်းကြီးလို့သက်ရှည်"ဆိုတဲ့ ကုသိုလ်ကံမျိုး မရှိခဲ့ဘဲ။

ကိုယ့်ရဲ့ဘဝတစ်သက်တာ အစီအစဉ်တွေမှာ အဲဒါလေးတစ်ချက် အကြီးအကျယ် လွဲချော်ခဲ့ပေမယ့် သစ်သစ်စိမ်းဟာ အဲဒီအတွက် ဝမ်းနည်းပူဆွေး ညှိုးချုံးလက်လျှော့ လမ်းကြောင်းပြောင်းသွားမယ့်သူမျိုး မဟုတ်ပါ။ ငယ်ငယ်ကလေးနဲ့ မုဆိုးမကလေးတစ်ယောက် ဖြစ်သွားရချိန်မှာ ကိုယ်က MRCOG ဘွဲ့ကို ရယူနိုင်ဖို့အတွက် အင်္ဂလန်မှာ။ ခံစားချက်ကို ဦးစားပေးပြီး ပညာရေးလမ်းကြောင်းကို ထိခိုက်မခံချင်တာမို့ "ချာချာတို့ဖေဖေဆုံးပြီ"ဟု သိလိုက်ရလည်းပဲ ဘွဲ့မရသေးခင်တစ်ပိုင်းတစ်စကြီးနဲ့ မြန်မာနိုင်ငံကို ပြန်ချလာတာမျိုး လုံးဝမလုပ်ခဲ့ပါ။ ဘာထူးတော့မှာမို့လဲ။

ကိုယ်က အဲဒီလိုပေမယ့် သမီးဖြစ်တဲ့ ချာချာကား ... အားရစရာ တစ်စက်မှမရှိတာ။ ဆယ်တန်းအောင်စဉ်ကလည်း ဒီအမေက ဖွတ်ဆွဲခေါ်တွန်းတင်ထားလို့ ဘာသာစုံဂုဏ်ထူးပါခဲ့ပေမယ့် ဆရာဝန်လိုင်းကိုမသွား။ "ဝါသနာမပါပါ"ဟု ဖွတ်ပင်



ကွန်ပျူတာနဲ့ပတ်သက်တဲ့ဘွဲ့တွေ ဒီပလိုမာတွေကိုပဲ သူ့စိတ်ကူးထဲမှာတန်းစီရွေးချယ်ပြီးသား ဖြစ်နေသည်။

ထားပါ။ ကိုယ်က မိဘမျိုးရိုးမပျက်အောင် ဆရာဝန်ပဲ ဖြစ်စေချင်ပေမယ့် လောကမှာ အောင်မြင်ပြီး ထိပ်တန်းရောက်နေဖို့က ဒီတစ်လိုင်းပဲ ရှိတာမှမဟုတ်တာ။ "ကိုယ်ဝါသနာပါတာကိုသာ ကြိုးစားပါ"ဟု အမေက လိုက်လျောပေးခဲ့သည်။

အမေကသာ သူ့အစီအစဉ်တွေကို မပျက်စေချင်တာ၊ လိုက်လျောပေးချင်တာ။ သူကတော့ အမေ့အစီအစဉ်တွေထဲ ဘယ်တစ်ချက်မှာမှ မျောပါမလာ။ လိုက်လျောညီထွေမရှိ။ အဆိုးဆုံးကတော့ ပညာရေးအဆင့်အတန်းဂုဏ်ရှိန်ပါရှိပြီးတဲ့ မိန်းမတစ်ယောက်ဟာ လူတကာငေးမောအားကျရတဲ့ ရုပ်ရည်မျိုးနဲ့ အောင်မြင်တဲ့ အိမ်ထောင်ရေးတစ်ခုကိုလည်း တည်ထောင်နိုင်ထားရမယ် ဆိုတဲ့ အချက်ကိုပဲ အဲဒီသမီးတစ်ယောက်က လုံးလုံးကို စိတ်မဝင်စားတာ။

သစ်သစ်ကလည်းပဲ ကိုယ့်တုန်းက ကံတရားအရ မအောင်မြင်၊ လွဲချော်ခဲ့တဲ့ အဲဒီအချက်လေးတစ်ချက်ကိုပဲ သမီးဖြစ်သူရဲ့အလှည့်မှာ ကံကြောင့်ပင် မလွဲစေချင်တော့တာလေ။ လူက စိတ္တဇလိုတောင် ဖြစ်နေသည်။ ကိုယ့်တုန်းကဆို ဘယ်လောက်ပဲ စာတော်တော်၊ ကြိုးစားစား၊ အသက်ကြီးလာရင် မိဘနဲ့ကလေးအသက်ကွာ၊ အတွေးအခေါ်ကွာနေတာမျိုး ဖြစ်မလာရစေဖို့ အသက်နှစ်ဆယ်ကျော်လောက်မှာ အိမ်ထောင်ပြုမယ်။ နှစ်ဆယ့်သုံး၊ နှစ်ဆယ့်လေးလောက်ဆိုရင် ကလေးတစ်ယောက် မွေးနိုင်ပြီးသားဖြစ်နေစေရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့ပဲ အသက်ဆယ့်ရှစ်၊ ဆယ့်ကိုး

သာ့ဒ်အမ်ဘီ(3rd MB)လောက်မှာ  သေချာရွေးချယ်ဆုံးဖြတ်ပြီး ချာချာအဖေကို ခေါင်းညိတ်လက်ခံပြီး ဖြစ်နေခဲ့ပြီ။

ပါ့(တ်)တူး (Part II) အောင်စာရင်းထွက်ပြီးတော့ သူနဲ့လက်ထပ်။ ဟောက်စ်ဆာဂျင် (Houes Surgeon)အပြီးမှာပဲ ချာချာကို မွေးလိုက်တော့ အလုပ်ထဲ တန်းဝင်သွားဖို့ရယ်၊ Further Study ဘွဲ့လွန် Postgrad ဆက်တက်သွားနိုင်ဖို့ရယ်က ကွက်တိအဆင်သင့်ပင် ဖြစ်နေတော့တာပေါ့။

ပြောရရင် စိတ်ကုန်စရာတွေ အများကြီးပါလာတော့မည်။ ချာချာတို့များ နာမည်ကိုက "ချာချာ"ရယ်လို့ နိမိတ်မရှိနမာမရှိ မှည့်ခေါ်မိလို့လားတော့မသိ။ ဒီကိစ္စမျိုးမှာ ချာတူးကလန်နေလိုက်တာ၊ အသက်ဆယ့်ကိုးနှစ်မှာ အမေ့လို သေချာပေါက် ရွေးချယ်ခေါင်းညိတ်နိုင်ဖို့ဝေးလို့ သူ့လာကြိုက်တဲ့သူမျိုးတောင် တစ်ယောက်မှ ရှိသေးပုံ မပေါ်ပါ။

ရှိမလား။ မြန်မာမိန်းကလေး ဆိုတာမျိုးက ကိုယ်က သွားစပြောလို့ ရနိုင်တာလည်းမဟုတ်။ အများဆုံးမှ ပညာသားပါပါ ရေလာမြောင်းပေးလို့ပဲ ရနိုင်ပေရော့.အမိက,ကတော့ ဒီမိန်းကလေး တစ်ယောက် ကောင်းကောင်းမွန်မွန် တင့်တင့်တယ်တယ်နဲ့ နှစ်သက်လိုလားစရာလေး ဖြစ်နေကြောင်း အမျိုးကောင်းသားတွေ များများသိနေကြလေ စိတ်ဝင်စားနေကြလေ ကောင်းလေမဟုတ်လား။ သစ်သစ်တို့များ သတင်းရနံ့က ရှိရှိသမျှ တက္ကသိုလ်ကျောင်းပေါင်းစုံမှာ အပြင်၊ မြို့ကျော်ရွာကျော် အပြင်လောက သားရှင်အမေများရဲ့ အာရုံတွေမှာပါ ထင်ရှားခဲ့လေတာ။



ချာချာတော့ဖြင့်  မဟုတ်ပေါင်။ သူတစ်ယောက် အရွယ်ရောက် ဂုဏ်ရှိသင့်တော်နေတာ ဘယ်သကောင့်သားကမှလဲ သိကြပုံမရ။ လိုလားကြပုံမပေါ်။ သစ်သစ်တို့မေမေများ အင်မတန်ခေတ်မီခေါင်းကောင်းခဲ့တာ။  မိန်းကလေးတစ်ယောက်ရဲ့ဣန္ဒြေ သိက္ခာနဲ့ နာမည်ကောင်းကို မထိခိုက်ရင်ပြီးရော၊ သူ့သမီးသတင်း မွှေးပြီး လိုလားနှစ်သက်သူတွေ ဝိုင်းဝိုင်းလည်နေခဲ့တာကို တခြားသမီးရှင်အမေတွေလို "ဒီအရွယ်လေးနဲ့ ဒါတွေစဉ်းစားစရာလား။ ဒီလောက် လူစည်နေတာ အနေအထိုင်မတတ်လို့လား။ ဒါချည်းပဲဦးစားပေးနေတာလား"ဆိုတာမျိုးတွေ ဘာတစ်ခွန်းမှ မရှိခဲ့။ သူ့သမီးရဲ့ဦးနှောက်နဲ့ စိတ်ဓာတ်ကိုလည်း အပြည့်အဝကို ယုံကြည်သည်လေ။

သစ်သစ်တို့လည်း မေမေ့လိုပဲ ခေတ်မီသူ၊ ပွင့်လင်းသူ၊ နားလည်မှုရှိသူ၊ ကိုယ့်သမီးကိုယ် ယုံကြည်စိတ်ချသူ ဖြစ်ချင်လှပါသည်။ အခွင့်က မသာခဲ့။ ကြည့်လိုက်တိုင်း ဗျစ်စုတ်စုတ်ပုံစံကြီးနဲ့ ကွန်ပျူတာနဲ့ မျက်နှာနဲ့ပဲ ပူးကပ်နေတော့တဲ့ သမီးပျိုတစ်ယောက်ရဲ့မိခင်ဘဝနဲ့ ခုဆို ပိုလို့ဆိုးအောင် ဂုဏ်ငယ်နေရပြီ။ အလုပ်ထဲကကော၊ အပြင်က အပေါင်းအသင်း မိတ်ဆွေတွေထဲကပါ၊ ကိုယ့်ထက်ကြီးသူတွေရော ရွယ်တူတွေထဲမှာပါ တန်းတူသမီးရှင်အမျိုးသမီးထုကြားမှာ ဂုဏ်လုပ်ပြောနေကြတဲ့စကားက ဘာတဲ့။ "သမက်လောင်းအင်တာဗျူး"ပါတဲ့။

တောက်...။ တစ်ယောက်ကလာပြောလိုက်။ သစ်သစ်တို့ပါးစပ်အဟောင်းသားလေးနဲ့ ခံရလိုက်။ "ယူ့သမီးလေးကော"

လို့ အကျော့တင် ပြောသွားလိုက် ... သွားဖြဲလေးနဲ့ ငြိမ်နေရလိုက်။ "အလှစံချိန်မမီဘူးပေါ့" လို့ ကလိသွားလိုက်၊ မျက်လုံးဝိုင်းကလေးနဲ့ ရှုးချင်ယောင်ဆောင်နေရလိုက်။

သွားစမ်းပါ။ အတိတ်ကာလက ရှေးရိုးသမီးရှင်အမေတွေလို "ကျုန်မသမီးကလေးက သိပ်လိမ္မာတာ။ ဒီအချိန်မှာ ဒါမျိုးတွေ ခေါင်းထဲမထည့်သေးဘူးရှင့်" လို့ ကိုယ့်စိတ်ရင်းထဲမရှိတဲ့ စကားလုံးတွေကို လုပ်ကြံပြောဆိုပြီး ခုခံကာကွယ်စရာလား။ "သမီးလေးက ငယ်ပါသေးတယ်" လို့ ကိုယ့်တုန်းကနဲ့ပြောင်းပြန်ဆန့်ကျင်နေမယ့် အပြောမျိုးကိုရော ပြောစရာလား။

ကံတရားကလည်း ကိုယ့်ဘက်မှာ မရှိတာ။ နံဘေးပတ်ပတ်လည်က အဆင့်တူတန်းတူ ခင်ရာမင်ရာ အမျိုးသမီးတွေအားလုံးလိုလိုကလည်း သမီးရှင်တွေချည်း ဖြစ်လို့နေသည်။ ကိုယ့်မှာ ကြံကြီးစည်ရာ သူတောင်းစားမကြီးလို လက်ခုပ်လေးခံပြီး ... "ပိုနေရင်လည်း မျှကြပါဦးရှင်" တို့ အသနားခံ၊ အရှက်မရှိရမလိုတောင် ဖြစ်နေတော့သည်။

အဲဒါလေ ကွန်ပျူတာရှေ့ကများ ခွာရမယ်ဆိုရင် သေမတတ် လိမ်တွန့်ပြီး ခံရတောင်ထမချိုးချင်တဲ့ ချာတူးလန်မကလေးကြောင့်ပေါ့။

"နင့်မှာ ကွန်ပျူတာတွေ ဘယ်နှလုံးတောင်ရှိသလဲ"

"ဟင် ! ညကြီးမင်းကြီး မေမေ စိတ်ဆိုးပြီး အိမ်ပြန်လာရတဲ့ အကြောင်းရင်းက ချာချာ ကွန်ပျူတာတွေဝယ်လို့လား။ အဲဒါ ဘွားဘွားတွေ ဝယ်ပေးထားတာလေ။ မေ့ဘွားဘွား



ရယ်၊ ဖေ့ဘွားဘွားရယ်၊ အဘွားကချည်းပဲ နှစ်ယောက်ဆိုတော့ ..."

"ချာချာ"

"ဟုတ် ...။ လက်(ပ်)တော့ကနှစ်လုံး၊ ဒက်စ်စ်တော့က နှစ်လုံး"

"ဘာ ... လူကတစ်ကိုယ်တည်းနဲ့ ကွန်ပျူတာက ဘာကြောင့် လေးလုံးတောင် ဖြစ်နေရတာလဲ"

"အဘွားက နှစ်ယောက်ရှိတာကိုး။ ဒါတောင် ချာချာက အသစ်ပေါ်တိုင်း စိတ်ထဲရှိတိုင်း ပူဆာတာမဟုတ်ဘူး။ လုံးဝဒီတ်အောက်သွားပြီး ဆက်မသုံးချင်တော့မှ အသစ်ဝယ်ပေးဖို့ နောက်တစ်ယောက်ကို ပြောတာပါ။ လေးလုံးဆိုပေမယ့် နှစ်လုံးက မသုံးတော့တာ၊ နှစ်လုံးကိုပဲ လက်ရှိကိုင်နေတာလေ၊ ရှိတာလေးကိုပဲ upgrade လုပ်လုပ်ပြီး ..."

"တိတ်စမ်း"

ချာချာ့ရဲ့တစ်ကိုယ်ရည် အလှအပရေးရာအတွက် အကျီအဝတ်အစား၊ ရေမွှေး၊ ကော့စ်မက်တစ်၊ ဖန်စီ accessory လေးများ ဝယ်ခြမ်းဖြည့်တင်းပေးဖို့ကိစ္စမှာ လက်မနှေးမတွန့်တိုတတ်တဲ့ မေ့မေဟာ လက်ဖွာအသုံးကြမ်းသူလို့တောင် ပြောလို့ရပါသည်။ ကပ်စေးနည်း မြော်မြင်နေတတ်သူ မဟုတ်ပါ။ အဲဒါကိုပဲ ဘာ့ကြောင့်များ နေရင်းထိုင်ရင်း ကွန်ပျူတာတွေကို ထရန်ရှာချင်လာရတာပါလိမ့်။

"သူများတကာတွေ အပျိုကြီးသေရင် ခေါင်းထဲ ငှက်ပျော တုံးထည့်ပေးရတယ်ပဲ ကြားဖူးတယ်၊ နင့်ကျမှ ကွန်ပျူတာ တွေကို နင်ဖက်ရအောင် ထည့်ပေးလိုက်မယ်၊ ကြားလား နင် ..."

သိပြီ။ သဘောပေါက်ပြီ။ လာတော့မယ် အိမ်ထောင် ရေးကိစ္စ၊ လူချစ်လူခင် လူကြိုက်များဖို့ကိစ္စတွေ။ တက္ကသိုလ်၊ ကောလိပ်၊ ဒီပလိုမာသင်တန်းတွေ စမတက်ရသေးခင် (၁၅)နှစ် သမီးလောက်ကတည်းက ကြားခဲ့ရတဲ့ ဆုံးမဩဝါဒ နည်းနာတွေ။ လက်စသတ်တော့ အကြောင်းရင်းက ဒါကိုး။ ဘယ်သူ့သမီးများ အကောင်းစား သင့်သင့်တော်တော် တစ်ယောက်နဲ့ လက်ဆက် (ဒါမှမဟုတ်) အတွဲဖြစ်သွားပါလိမ့်။

"နင့်ကို ငါ တက္ကသိုလ်ရော၊ ဒီက ဒီပလိုမာသင်တန်းတွေရော၊ ဩစတြေးလျတို့၊ အင်္ဂလန်တို့ကိုပါ တိုက်ရိုက်ဆက် တက်နိုင်တဲ့ Franchisee သင်တန်းတွေရော အစုံလျှောက် တက်ခိုင်းထားတာ ပညာရေးတစ်ချက်တည်းကြောင့် မဟုတ် ဘူးလို့ ဘယ်နခါပြောရမလဲ"

လူကြော်ငြာလည်း ပါတယ်လေ။ ဟွန်း ...။ ဒီလောက် အလုပ်များပြီး အသက်ဘယ်ကရှုရမှန်းမသိတဲ့ သားဖွားမီးယပ် ပါရဂူမကြီးက ဘယ်ပွဲရှိရှိ သမီးလက်ဆွဲပြီး မပင်မပန်း မပျက် မကွက် ကြွမြန်းတက်ရောက်ရတာလည်း လူကြော်ငြာပေါ့။ ဆိုင် ဆိုင်မဆိုင်ဆိုင် စကားစပ်စပ်မစပ်စပ် ဘယ်သူနဲ့မဆို စကားဆုံ ပြောလိုက်တိုင်း (လူနာတွေ လူနာရှင်တွေနဲ့ပါမကျန်) "သမီးတစ်



ယောက်တော့ ဆယ့်ကိုးနှစ်ရှိပြီ"ဆိုတာလည်း အမေလုပ်သူအတွက် "အရွယ်တင်နုပျိုလိုက်တာ"လို့ ချီးမွမ်းခံချင်တာထက် သမီးကို သာ ကြော်ငြာထိုးတာပဲပေါ့။

ဘယ်သူ ဘာထင်ထင်၊ လုံးဝဂရုမစိုက်၊ ပေါ်တင် ကြော်ငြာဝင်တတ်ပုံများ ကြာကြာနေရင် လူတစ်ယောက်တွေ့တိုင်း "လက်တို့ပြီးတော့ ပြောရဦးမယ်"ဆိုတာမျိုးအထိပင် ဖြစ်လာလု နီးနေပြီ။

"ချာချာ့ကိုလေ ဘယ်တစ်ယောက်ကဖြင့် ဘယ်လိုသဘော ကျတာ"

"အဲဒီတစ်ယောက်ကတော့ ချာချာမှ ချာချာ၊ တွေ့တိုင်း အမြဲမေးတယ်"

"သူကတော့ ချာချာ့ကို အင်မတန်ကြည့်ကောင်းတဲ့ မိန်းက လေးလို့ကို တဖွဖွပြောနေတတ်တော့တာလေ ... ဟင်းဟင်း ဟင်းဟင်း"

ဟုတ်မဟုတ်တော့ မသိ။ OG ဒေါ်သစ်သစ်စိမ်းရဲ့ နံဘေးဝန်းကျင်က အမျိုးကောင်းသား၊ ဆေးကျောင်းသား၊ ဆရာဝန် ပေါက်စတို့မှန်သမျှဟာ မေမေ့ရဲ့ပါးစပ်များထဲမှာ ချာချာ့အတွက် ဆွဲလွဲဂုဏ်လုပ်စရာတွေချည်း ဖြစ်နေတော့သည်။ ကိုယ့်အမေ ကိုယ် "လိမ်ညာနေတာ"ဟု မစွပ်စွဲချင်ပါသော်လည်း မေမေပြော သလောက် အနေအထားတွေတော့ မဟုတ်မှန်း ရိပ်မိနေတဲ့ ချာချာက အဲဒီလို လူရှေ့သူရှေ့ အပြောခံရရင် သိပ်ရှက်သည်။ လူကွယ်ရာပြန်ရောက်တာနဲ့ မေမေနဲ့ ချာချာတို့ ရန်ဖြစ်ကြရပြီ။

ဟုတ်တယ်လေ။ ဒီအရွယ်အထိ ကြိုက်မ[illegible] မရှိတော့ ဘာဖြစ်လဲ၊ မရှိဘလိပေါ့။ ဘာရှက်စရာလဲ။ သိပမဟုတ်လှတာတွေကို တမင်ဂုဏ်လုပ်ပြောနေတာကမှ ရှက်စရာ။ မေမေ့ဟာက ဆယ့်သုံးလေးနှစ်သမီးလေးတွေလို ယောကျ်ားလေးတစ်ယောက်ယောက်က မိန်းကလေးတစ်ယောက်ကို ရိုးရိုးသားသား တစ်ချက်တလေလောက် မျက်လွှာလှန်ကြည့်မိရင်ပဲ "သူ ငါ့ကို ကြိုက်နေပြီထင်တယ် ... ကြည့်,ကြည့်နေပါလား" ဆိုတာမျိုး ဖမ်းတွေးပစ်တတ်ကြသလိုမျိုးပင် ဖြစ်နေပြီ။

"အဖေမရှိလို့ စပ်မယ့်ဟပ်မယ့် ကြိုက်မယ့် လိုက်မယ့်လူမှ မရှိ၊ အပျိုကြီးပဲ ဖြစ်ရတော့မယ် ဆိုတာမျိုး ငါက လုံးလုံး အဖြစ်မခံနိုင်ဘူးနော် ချာချာ။ ငါ ဒါပဲ ပြောထားလိုက်မယ်"

လောကမှာ မေမေ့ရဲ့ အဲဒီစိတ္တဇကတော့ ဆိုးလွန်းလှပါသည်။ အဲဒီလိုသာဆိုရင်ဖြင့် လောကမှာ မုဆိုးမသားသမီးတွေချည်း အပျိုကြီး၊ လူပျိုကြီးတွေ တန်းစီဖြစ်ကြရရောတဲ့လား။ ဒါပေမဲ့ အဲဒီလို အမြဲပြောပြီး သူ့ဘာသာပဲ ကြိတ်မနိုင်ခဲမရ စိတ္တဇတွေ ကြီးနေတတ်တဲ့ မေမေ့ကို ချာချာက ပစ်ပစ်ခါခါတော့လည်း ဆန့်ကျင်ဝေဖန် မငြင်းဆန်ရဲပါ။ ဘာမှမဆိုင်မှန်း သိသိကြီးပေမယ့် ရေငုံနှုတ်ပိတ်။ မေမေကလည်း ချာချာ့ရဲ့စိတ်ကိုသိနေတော့ အဲဒီလိုပြောလိုက်တာကပဲ မေမေ့ရဲ့နောက်ဆုံးလက်နက်လိုပဲ ဖြစ်,ဖြစ်သွားတော့တာပါ။



"ဒီမှာ ချာချာ ... ဒေါ်မြင့်မြင့်သန်းရယ်၊ ဒေါ်စီစီမာရယ် ငါ့ကိုလေ ဖြုံးဖြုံးကလေးတွေနဲ့ ဖြိန်ရေယှက်ရေ ထုနှက်သွားကြတာ နင်သိရဲ့လား။ 'သမက်လောင်းအင်တာဗျူး' တဲ့။ ဟင် ... ကြားရဲ့လား။ ငါ ဘာတစ်ခုမှ ပြန်မပြောနိုင်ဘူး"

အမေလုပ်တဲ့သူကသာ ရင်မောမျှော်လင့်နေရတာ၊ သမီးဖြစ်သူကတော့ "သမက်လောင်း အင်တာဗျူး" ဆိုတဲ့ မဟာအကြွားစကားလုံးကြီးရဲ့ အတိမ်အနက်ကိုလည်း ဘာမှသိမှာမဟုတ်။ သဘောကတော့ မြင့်မြင့်သန်းတို့၊ စီစီမာတို့ရဲ့ သမီးလှကညာတွေ ခမျာ ချစ်သူခင်သူတွေ ဝိုင်းဝိုင်းလည် အုံပြုံနေကြတာမို့လို့ ရွေးရခက်ကြီး၊ ခေါင်းခဲစရာကြီး၊ မတော်တဆ မှားယွင်းသွားရမှာ စိုးရိမ်စရာကြီးများတောင် ဖြစ်နေပြီ။ မေမေရေ ... ကယ်ပါကူပါဦး။ ဝိုင်းဦးနှောက်စားပေးပါဦးလို့တောင် ပြောယူနေကြရပြီဆိုတဲ့ အဓိပ္ပာယ်ပေါ့။ မအေလုပ်တဲ့လူတွေက အင်တာဗျူးထိုင်ကြမလေ။ သမက်လောင်းအဖြစ် လျှောက်လွှာတင်ထားချင်သူတွေက တစ်ယောက်ပြီးတစ်ယောက် ဝင်ဖြေကြ။ ဒီသဘော။

"ဟဲ့ ..."

ဒေါ်သစ်သစ်စိမ်းမှာ အမေလစ်ပြီထင်တာနဲ့ ကိုယ်ကြီးလိမ် ခေါင်းစောင်းပြီး စာကြည့်ခန်းထဲက ဒက်စ်စ်တော့ ကွန်ပျူတာဆီ အာရုံပြန်ရောက်နေပြန်သော ချာချာ့ကိုကြည့်ကာ တအားကြီး ဒေါသတကြီး အော်ဟစ်လိုက်ပါသည်။ ကိုယ့်ညာလက်တွေကပါ သူ့နားရွက်ပေါ် အော်တိုမက်တစ် ရောက်သွားကာ စိတ်နာနာနှင့် ဆောင့်ဆောင့်ဆွဲပေးလိုက်သည်။

"အား ... အားလားလား ... နာတယ်၊ နာတယ်၊ ပြတ်တော့မယ်ထင်တယ် မေမေ။ သွေးလည်းထွက်လာပြီထင်တယ်"

"လဲသေလိုက် ... နော်။ အမေ့ဆန္ဒကို နောင်တစ်သက်လုံးလည်း ဖြည့်ပေးနိုင်မှာ မဟုတ်တော့တဲ့တူတူ နင် သေသာသေလိုက်တော့ မိချာချာ။ လူဆက်လုပ်မနေနဲ့တော့။ မြင့်မြင့်သန်းတို့တွေ နောင်အခါ အဲဒီအင်တာဗျူးကိစ္စမျိုးနဲ့ လာဂုဏ်လုပ်ပြန်ရင် 'ချာချာလေးသာ ရှိနေသေးရင် သစ်သစ်လည်း ခုလောက်ရှိ အဲဒီလိုပဲ အလုပ်တွေရှုပ်နေရလောက်ပြီ မြင့်မြင့်ရယ်' လို့ ပြန်ဖြေရတာကမှ ငါ့အတွက် အများကြီး အရှက်ရသက်သာလိမ့်ဦးမယ်ထင်တယ်"

တကယ်တမ်း သေသွားရင်တောင် ဘယ်လိုနေမယ်မှန်း မသိတဲ့ မေမေဟာ သူ့အရှက်တကွဲ အကျိုးနည်း ဖြစ်နေရသည်ဟု ထင်နေသော အဖြစ်အတွက်ကိုတော့ မရိုတင်ကဲပုံစံနှင့် မျက်ရည်များတောင် ဝိုင်းချင်လာရပါပြီ။

"ကွန်ပျူတာနဲ့မဲ ဖက်နေမယ့် မိန်းမမျိုးကိုကော ဘယ်သူက လာကြိုက်မှာတဲ့လဲ"

"မုဆိုးမသမီး"ဆိုတဲ့ လက်နက်ကိုလည်း သုံးပြီးသွားပြီ။ သူများတကာတွေရဲ့ အင်တာဗျူးကိစ္စကိုလည်း အတော်ကြီးခံရခက်နေပြီ။ ကွန်ပျူတာကိုလည်း ပြန်ရန်ရှာလာပြန်ပြီ။ နားရွက်ကိုလည်း အလွတ်မပေးစတမ်း ဆက်ဆွဲထားတာ တကယ်ပဲပြတ်တော့မည်။ ဒါဆိုရင်တော့ ဒီတစ်ခါဟာ ကိုးနာရီ ဆယ်နာရီ



ဘနေ သန်းခေါင်ကျော်ရင်လည်း ကျော်မည်။ ဒါမှမဟုတ်ရင်တော့ မဆီလေးရယ်တဲ့မှ အိုမဆိုင် "ကွန်ပျူတာနဲ့ တစ်ပတ်လောက် ခပ်ဝေးဝေးနေစမ်း" ဆိုတဲ့ ဒဏ်ပေးမှုမျိုးကို ခံရပေဦးတော့မည်။

ခုချိန်မှာ နံပါတ်တစ် အရေးအကြီးဆုံးကတော့ နားရွက်။ နားရွက်။

"မေမေ ... ကွန်ပျူတာနဲ့ အလုပ်လုပ်နေကြရတဲ့ မိန်းမတွေအားလုံး အပျိုကြီးတွေလား။ ချာချာက မေမေ့လောက်တော့ မချောမလှတာ မှန်ပေမယ့် မယ်ကုဝဏ်တို့ ပဋ္ဌပါဝီတို့ရော အပျိုကြီးတွေပဲလို့ မေမေ ကြားဖူးသလား"

"ပေါက်ကရတွေ လျှောက်ပြောမနေနဲ့။ ဒီအရွယ်ကြီးရောက်နေပြီ၊ မေမေရေ ဒီတစ်ယောက်ကတော့ဆိုတဲ့စကားမျိုး ညည်း ငါ့ကိုပြောဖူးသလား"

"အဲဒါ လိမ္မာတာ မဟုတ်ဘူးလား၊ လူက အေးအေးပဲနေချင်တာကို မပြောချင်လို့ မပြောတာ၊ ပြောမယ်ဆိုရင်ဖြစ်တာပဲ"

"ဘာဖြစ်တယ် ... ! ဘာပြောတယ်၊ သားအမိချင်း ဒါမျိုးအကွက်တော့ လာမသုံးနဲ့ ခေါ်ချာချာ၊ ညည်းအကြောင်း ငါအသိဆုံးပဲ။ မပြောချင်လို့ မပြောတာ ဆိုတာက ဘာလဲ။ ဘာမှပြောစရာမရှိလို့ကို မပြောတာများ"

"ပြောစရာမရှိတာ မဟုတ်ဘူး၊ ပြောလောက်စရာကို မရှိတာ"

ခေါင်းကို နားရွက်သက်သာမည့် အနေအထားလေးလောက်စေင်းကာ မျက်စိလေးကိုမှေးကာနှင့် "ဒီကိစ္စ ဒီမှာတင် ဒီလောက်နဲ့ မြန်မြန်ပြီး,ပြီးရော" သဘောနဲ့ ပြောချင်ရာတွေ စွတ်ပြောနေသော ချာချာသည် မေမေ့ရဲ့မျက်ဝန်းတွေ စိတ်ဝင်တစားနဲ့ လက်ဖြာလာသည်ကို သတိထားမိလိုက်သည့် ခဏ၌ လက်ကအဆွဲအတင်း လျော့သွားသည်ကိုလည်း သိသိသာသာပင် ခံစားလိုက်ရပါသည်။

"ဒါဖြင့် ညည်းကို ကမ်းလှမ်းတဲ့သူတော့ ရှိတယ်ပေါ့နော်"

"ဩော် ... မရှိစရာလား။ တစ်ယောက် နှစ်ယောက်တောင်မ,ကဘူး"

"ကြည့်စမ်း ... ခုမှ ပြောထွက်လာတယ်။ ညည်း ငါ့ကို အဲဒါ အစောကြီးတည်းက ဘာလို့မပြောလဲ ... မပြောလဲ၊ အမေက ဒီလောက်အရေးထားနေတဲ့ကိစ္စကို ညည်းမို့မမြိုတစ်နဲ့ နှုတ်ပိတ်ထားရက်တယ်။ တစ်ခါမှကို မသိခဲ့ရဘူး"

ဟဲ ဟဲ ဟဲ ... နားရွက်ပေါ်ကလက် လုံးဝပြုတ်သွားပြီ။

"အို ... ပြောလောက်စရာမှ မရှိတာတွေ"

"အဲဒါက ညည်းအထင်လေ။ ညည်းကတော့ သိကြားမင်းဆင်းချလာလည်း ငါ့ကွန်ပျူတာလောက် ကြိုက်စရာမကောင်းပါဘူးပဲ ထင်မှာပဲ။ ဟုတ်တယ်။ အဲဒီလိုပဲဖြစ်နေမှာ။ ဒီလိုမှန်းသိ ဒီတိုင်း လွှတ်ထားလို့ ဘယ်ရမလဲ။ မြင့်မြင့်သန်းတို့ စီစီမာတို့တွေ ဒါကြောင့်ပဲ အလုပ်ရှုပ်



အပင်ပန်းခံပြီး မအေတွေပါ ဝင်ပါရွေးချယ်ပေးနေကြတာပေါ့။ ခေါ်ခဲ့ ချာချာ၊ မေမေ ကြည့်ပေးမယ်"

ဟိုက် ... ! ဒုက္ခကြီးတော့ရောက်ပြီ။ ဒီလောက်အင်တာဗျူးထိုင်ချင်နေတဲ့ အမေမျိုးကိုမှ ငါ့နယ်နော် ... မစဉ်းစား။

"မေမေ ချိုကျိုးနားရွက်ပဲ့၊ နွဲ့ခဲ့ ..."

"မဖြစ်နိုင်တာ ... ညည်းစိတ်နဲ့ ညည်းကိုယ်ဆိုရင်တော့ ဘယ်သူ့ကိုဖြစ်ဖြစ် နှိမ်တွေးတဲ့မျက်လုံးမျိုးကြီးနဲ့ပဲ ဆီးဆီးကြည့်နေမှာ"

"ရုပ်တွေကလည်း သုံးစားလို့မရတဲ့အပြင် အဆင့်အတန်းတွေကမရှိ"

"ဘာပဲဖြစ်ဖြစ် မေမေ ကြည့်,ကြည့်ပါဦးမယ်ဆို ချာချာရယ်။ ဟိုမိန်းမတွေဆီမှာ သွားဖြီလေး ပါးစပ်အဟောင်းသားလေးနဲ့ ငြိမ်နေရတာနဲ့စာရင် 'ချာချာတို့များ ကံမကောင်းဘူး၊ ဘယ်လိုဟာမျိုးတွေက လာ,လာကြိုက်နေမှန်း မသိပါဘူး' လို့ မေမေလည်း အင်တာဗျူးခေါ်လုပ်ဖူးပါတယ် ဆိုတာမျိုးကို ပြန်ပြောနိုင်ရင်ပဲ တော်လှပြီ"

သေလိုက်တော့။ လောလောဆယ် အိပ်ရေးမပျက်ဖို့နဲ့ နားရွက်မပြုတ်ဖို့ကို ဦးစားပေးလိုက်မိလေကာမှ နောင်အရှည်သဖြင့် ဘယ်တော့မှ အိပ်ရေးမဝတော့မယ့်အပေါက်နဲ့ နားရွက်တင်မက ဗိုက်ခေါက်ကော ပေါင်တွင်းကြောပါ အကုန်ပြုတ်ရတော့မယ့်ကိန်းမျိုး ဆိုက်သွားပြီ။ သေပြီ။

"ဩော် ... မေမေကလည်း ချာချာက ငြင်းပစ်ပြီးသား။ ဘယ်လိုလုပ်ပြီး ခုမှ ခဏပြန်လာကြပါဦးရှင်၊ ကျွန်မအမေက ကြည့်ချင်လို့ပါလို့ ပြန်ခေါ်မလဲ"

"ဟော့ ... ယောက်ျားလေးဆိုတာ မိန်းကလေးက တစ်ခါလောက် ငြင်းလိုက်ရုံနဲ့ ဘယ်သူကမှ 'ဟုတ်ကဲ့'ဆိုပြီး ချာခနဲ လှည့်ပြေးမသွားဘူး။ နောက်ဆုံးအချိန်အထိ တဝဲဝဲနဲ့ လက်မထပ်ရသေးရင် အခွင့်အရေး ရှိနိုင်ပါသေးတယ်လို့ ထင်နေတတ်ကြတဲ့သူချည်းပဲ။ ငါအသိဆုံးပါ မိချာချာရယ်၊ အပိုတွေပြောမနေနဲ့တော့။ ဗုဒ္ဓဟူးနေ့တွေဆို မေမေ့ဆေးခန်းချိန်က အိမ်ပြန်စောတတ်တယ်။ ရှေ့အပတ်ကစပြီး ဗုဒ္ဓဟူးနေ့တိုင်း တစ်ပတ်တစ်ယောက် မေမေ့ဆီ လွှတ်ပေတော့။ ကယောင်ကမယ် မလုပ်နဲ့။ မေမေတို့ သွားစားနေကျဆိုင်မှာ သေချာ တိတိကျကျချိန်း"

ချာချာကား အသုံးပြုလက်စ ကွန်ပျူတာဆီသို့ပင် စိတ်ကပြန်မရောက်နိုင်တော့ပါ။ ညှော်ခန်းထဲတင် ငှငှကြီးငိုင်ကာ ကျန်ရစ်ရပြီ။ ဒေါ်သစ်သစ်စိမ်းကတော့ ရေမိုးချိုး၊ ညအိပ်အဝတ်အစားလဲကာ ကောင်းစွာအိပ်စက် အနားယူနိုင်ဖို့ ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင်ကလေးပင် ထွက်ခွာသွားလေပြီ။ သီချင်းလေးများပင် တစ်ပိုင်းတစ်စ ဆိုညည်းလို့ ...။

✤ ✧ ✤



"ဒီလိုကွာ ... ဘယ်လိုပြောရမလဲ၊ သူ့အနေနဲ့ကလည်း ခုချိန်မှာ သူ့အခြေအနေ သူ့အဆင့်အတန်းနဲ့သူ လူသိများထင်ရှားကျော်ဇောတဲ့သူတစ်ယောက် ဖြစ်နေတာဆိုတော့ ငါ့တူအနေနဲ့က နားတော့နားလည်ပေးစေချင်တယ်ကွာ။ အန်ကယ့်အနေနဲ့ကတော့ ပြောရတာလည်း ခက်တယ်။ ရှင်းရှင်းပြတ်ပြတ်ကြီးနဲ့ ရိုင်းရာကျမှာလည်း စိုးတယ်ပေါ့ကွာ"

"ရပါတယ်။ ပြောစရာရှိတာကိုသာ ပြောပါ။ ကျွန်တော်က နားလည်ပေးဖို့ ဝန်မလေးပါဘူး အန်ကယ်။ အန်ကယ် ဘာကိုဆိုလိုချင်သလဲဆိုတာ ကျွန်တော် တကယ်ပဲသိချင်ပါတယ်"

"အေးကွာ။ သူ အခုနေထိုင်နေရတဲ့ အသိုင်းအဝိုင်းက ရာထူးရာခံတွေနဲ့ ဂုဏ်သရေရှိ လူကြီးလူကောင်းတွေနဲ့ နာမည်ကြီး လူသိများအနေအထားလိုကလည်း ဖြစ်နေတော့ ...။ ပြီးကျတော့ အဲဒီအသိုင်းအဝိုင်းထဲကို သူစ,ဝင်ခဲ့ရတုန်းကလည်း မိဘများရဲ့ဆန္ဒနဲ့ စီစဉ်မှုအရ ကလေးတစ်ယောက်အမေ၊ သားတစ်ယောက်မိခင်ဆိုတဲ့ ပုံစံမျိုးနဲ့ မဟုတ်ခဲ့ဘူးလေ။ သူ့ကို အင်မတန်မြတ်နိုးတန်ဖိုးထားခဲ့တဲ့ သူ့ခင်ပွန်းက သူနဲ့ ငယ်လင်ငယ်မယားလို့ပဲ သိခဲ့သတ်မှတ်ခဲ့တာကိုးကွ"

"အဲဒီတော့ အန်ကယ် ..."

"ရှလော့ဟုမ်းဆယ်ကတော့ မင်းကို သူ့အနေနဲ့ သားတစ်ယောက်အဖြစ် ထုတ်ဖော်ကြေညာဖို့၊ အသိအမှတ်ပြု လက်ခံပေးဖို့ဆိုတာ ဘယ်လိုမှကို မဖြစ်နိုင်သေးတဲ့ အနေအထားမျိုးကွာ၊ အဲ ... အဲဒီလို"

"ကျွန်တော်က သူ့ကို အကူအညီတောင်းဖို့၊ မိုနိုကပ်ရပ်ချင်လို့၊ ခုက္ခပေး တာဝန်ယူခိုင်းဖို့ ရောက်လာခဲ့တာမဟုတ်ဘူးနော် အန်ကယ်။ အဲဒီတစ်ခုကတော့ အန်ကယ်တို့အနေနဲ့ ရှင်းရှင်းပြတ်ပြတ် သိထားမှ ဖြစ်ပါမယ်။ ကျွန်တော့်အနေအထားက ကျွန်တော့်အမေကသာ လက်ခံမယ်၊ တောင်းဆိုချင်မယ်ဆိုရင် သူတင်မက သူ့မိသားစုနဲ့ တစ်ဆွေလုံး တစ်မျိုးလုံးကိုပါ ကျွန်တော်ကပဲ တာဝန်ယူရမယ်ဆိုလည်း ရတယ်။ အသင့်ပဲ။ အဲဒီလိုပါ"

"အန်ကယ် နားလည်ပါတယ်။ လုံးဝသဘောပေါက်ပါတယ်။ ငါ့တူကြီး အန်ကယ့်ကို ဆက်သွယ်လာကတည်းက အဲဒီအချက်ကို တစ်ခါတည်းတန်းပြီး အကဲခတ်နိုင်ပြီးသားပါ။ အန်ကယ်တို့က ဒီလောက်တော့ လူကဲခတ်မညံ့ပါဘူး။ အန်ကယ့်အနေနဲ့က အန်ကယ့် client (အမှုသည်) တစ်ယောက်ကို ဒုက္ခပေးနိုင်မယ့်သူမျိုး တစ်ယောက်လို့ ထင်ခဲ့ရင် ငါ့တူကို အစောကြီးတည်းက ဒီလိုတောင် ဝမ်းသာအားရ တရင်းတနှီး လက်ခံတွေ့ဆုံဖို့ မရှိပါဘူး။ ယုံကြည်စိတ်ချရလောက်တဲ့ လူကြီးလူကောင်းတစ်ယောက်



အဖြစ် သတ်မှတ်လိုက်နိုင်လို့သာ အန်ကယ်ကိုယ်တိုင်က ကြိုဆိုခဲ့တာပဲလေ။ ဟုတ်တယ် မဟုတ်လား"

**"ခြိမ်း"**မှာ အားတက်သရော စိတ်ပါလက်ပါနှင့် လူတစ်ကိုယ်လုံးပင် စားပွဲပေါ်တက်ရောက်နေတော့မတတ်၊ ကိုယ်ကြီးကိုကိုင်းကုန်း၊ ရှေ့တိုးပြီး ပြောဆိုနေမိရာကနေ ကုလားထိုင်နောက်မှီပေါ်သို့ ပြေလျော့လျော့ကြီး ပြန်မှီချလိုက်မိပါပြီ။ ရှေ့နေအန်ကယ်ကြီးကတော့ ရှေ့နေပီပီ စကားလုံးလှလှပပနှင့် တစ်ဖက်လူ နားခံသာအောင် ပြောဆိုနေတာမျိုးလည်း ဖြစ်ချင်ဖြစ်မည်။ အဓိက,ကတော့ ခြိမ်း တွေ့ချင်၊ ဆက်သွယ်ချင်နေသည့် အသိအမှတ်ပြုခံချင်နေသည့် ခြိမ်း၏မွေးမိခင်ရင်း ဆိုသူက ခြိမ်းကို မတွေ့ချင်၊ မမြင်ချင်၊ လက်မခံချင်၊ အသိအမှတ်ပြုမပေးချင်။ ဒါပဲ မဟုတ်လား။

အမိဝမ်းက ကျွတ်ခဲ့ချိန်မှစပြီး နှစ်ပေါင်းအစိတ်လုံးလုံး ကွဲကွာခွဲခွာနေခဲ့ကြရသည့် ဒီသားအမိဆိုတဲ့ ပတ်သက်သူနှစ်ဦးကြားမှာ "သားပါအမေ။ တွေ့ချင်ပါတယ်" လို့ စဆက်သွယ်လိုက်ရုံနဲ့ "အမယ်လေး ... သား ... သား" ဆိုတဲ့ ပြန်ကမ်းလင့်ကြိုဆိုမှုမျိုးကိုတော့ ချက်ချင်း ရုတ်ခြည်း ဘယ်လိုမှ ပြန်မရနိုင်လောက်ဘူး ဆိုတာကိုတော့ ခြိမ်းက ကြိုတင်တွက်ဆနိုင်ခဲ့ပြီးသားပါ။

ဒါပေမဲ့လည်း အနှစ်အစိတ်ကြာမှ "သားပါ" ဆိုပြီး လာရောက်ဆက်သွယ်သူကို လူလိမ်တစ်ယောက် ဟုတ်မဟုတ်၊ ဘယ်လိုအခြေအနေလဲ၊ ဘယ်လိုကောင်စားမျိုးထဲကလဲ။ အစစ်

အတု ခွဲနိုင်လိုက်ပြီး အစစ်မှန်း သေချာသွားပြီဆိုရင်တောင် "ဒီကောင်က ဘာလိုချင်တာလဲ"၊ ဘာဘာညာညာကို ခေါ်လေ့လာအကဲခတ် ဆန်းစစ်ကြည့်တာမျိုးလောက်တော့ လုပ်မှာပါပဲဟုတော့ ထင်ခဲ့မိသည်။ အမေဆိုသည့် အဲဒီအမျိုးသမီးကြီးတစ်ယောက်မှာလည်း ငယ်စဉ်က တရားမဝင်သားတစ်ယောက်ကို စွန့်ပစ်ခဲ့ဖူးသည့် ကိုယ်ပိုင်ဇာတ်လမ်းတစ်ခု ရှိခဲ့ဖူးရိုး မှန်ရင်လေ။

ခုဟာကတော့ မထင်မှတ်ပါဘဲ ရရှိလာခဲ့တဲ့ ဖုန်းနံပါတ်တစ်ခုနဲ့ စဆက်သွယ်ကြည့်ခဲ့တာ နှစ်ပတ်ကျော်ခဲ့ပြီ။ ကာယကံရှင်နဲ့ တွေ့ဆုံနိုင်ဖို့ဝေးလို့ သူ့ရဲ့ရှေ့နေကြီးဆိုသူနဲ့ပင် အခါခပ်သိမ်း စကားပြောခွင့်မရ။ အဲဒီရုံးခန်းကတပည့်၊ လက်အောက်ငယ်သား၊ ကိုယ်ရေးအရာရှိဆိုတာတွေနဲ့ပဲ နှစ်ပါးသွားခဲ့ရတာက အကြိမ်ကြိမ် အလီလီပင်။

ခုမှသာ အဲဒီရှေ့နေကြီးနဲ့ ပထမဦးဆုံးအကြိမ် စတွေ့ဖို့ရက်ချိန်း Appoiment ရခဲ့တာပင်။ သို့သော် ... သူတို့ဘက်ကတော့ ကိုယ့်ကိုမြင်ဖူးပြီးသား၊ စုံစမ်းပြီးသားဆိုတဲ့ သဘောမျိုးနဲ့ "လူကြီးလူကောင်းတစ်ယောက်အဖြစ်တောင် သတ်မှတ်နိုင်ပြီးသား"ဆိုပါလား။

ခြိမ်းကတော့ အဲဒီစကားအတွက် နည်းနည်းလေးမှ နှစ်မြို့က်ဂုဏ်ယူခြင်း မရှိနိုင်တဲ့အပြင် "ဇွတ်မဆန်နဲ့၊ အတင်းရှေ့တိုးမလာနဲ့၊ ခွင့်ပြုချက်မရဘဲ ဘာမှမလှုပ်ရှားနဲ့"ဟု ချုပ်ကိုင်ပစ်လိုက်ချင်သော စကားမျိုးဟု သိလိုက်မိသဖြင့် စိတ်တောင်မှပျက်မိချင်ပါသေး။



"ဒီလိုဆိုရင် အန်ကယ် ... ကျွန်တော် အတိအလင်းသိချင်တာ တစ်ခုက ကာယကံရှင်ကိုယ်တိုင်က ကျွန်တော့်အကြောင်းကိုသိပြီး ကြားပြီးမှ ချက်ချင်းကြီးတော့ လက်မခံနိုင်သေးဘူးလို့ ငြင်းချင်တာလား။ အန်ကယ်တို့ကပဲ ကိုယ့် Client တစ်ယောက်အတွက်လို့ချည်း ကြည့်ပြီး ကျွန်တော့်အကြောင်းကို ခုထိ ကာယကံရှင်ကို အကြောင်းတောင်မကြား၊ အသိမပေးရသေးတာမျိုးများလား"

ခြိမ်းရဲ့ရှေ့က ရှေ့နေကြီးက/ ခြိမ်းရဲ့စကားကြောင့် ပညာရှိကြီးဆန်ဆန် မိန့်မိန့်ကြီး ပြုံးလိုက်ရင်း မေးထားတာကိုတော့ အတိအကျ၊ တိုက်ရိုက်အဖြေမပေးဘဲ "ဆန္ဒတွေစောလွန်းမနေစေချင်ဘူး ငါ့တူ။ အချိန်တွေ အများကြီးရှိပါသေးတယ်ကွာ၊ ဟုတ်လား"တဲ့။

"အချိန်ရှိတယ်ဆိုတာက ဘာလဲ အန်ကယ်"

"မင်းက မင်းမိဘများရှိနေတဲ့ ဩစတြေးလျားကိုတော့ ချက်ချင်းကြီး မပြန်သွားသေးဘူးပဲ မဟုတ်လား။ ဒီကိုရောက်လာတာ နှစ်ပတ်ကျော်ပြီဆိုတော့ နောက်ထပ်နှစ်ပတ်၊ တစ်လဆိုသလိုလောက်တော့ အချိန်ပေးပြီး မြန်မာနိုင်ငံမှာ နေဖြစ်ဦးမှာပဲ မဟုတ်လား"

"ကျွန်တော့်မိဘများက ဩစတြေးလျမှာရှိနေကြတာ မဟုတ်ပါဘူး ခင်ဗျ။ အဲဒီမှာနေတဲ့ အမေဆိုတာကလည်း အမေရင်း မဟုတ်ပါဘူး။ မွေးစားအမေပါ။ ကျွန်တော့်မိဘရင်း

များက ဒီမြန်မာနိုင်ငံမှာပဲ ရှိနေကြတာပါ။ မိဘရင်းတွေနဲ့ ဆက်သွယ်တွေ့ဆုံချင်လို့ လာခဲ့တာဆိုတော့ ကိစ္စမပြီး မပြတ်ဘဲ တစ်လ နှစ်လမက ဘယ်လောက်ပဲကြာကြာ ကျွန်တော် မပြန်ပါဘူး။ နေဦးမှာပါ”

ရှေ့နေကြီးရဲ့ ပြုံးပြုံးကြီးလုပ်ထားသော မျက်နှာက အနည်းငယ် မဲ့မဲ့တည်တည်ကြီးများ ဖြစ်သွားသလားလို့ ထင်လိုက်မိသည်။

“ဒါက ဒီလိုပါ။ အန်ကယ်တို့ဘက်မှာကလည်း အချိန်ယူစရာတွေ ဘာတွေက ရှိနေသေးတော့ မောင်ခြိမ်းအနေနဲ့က ဟိုမှာအလုပ်ကိစ္စတို့၊ ကျောင်းကိစ္စတို့ စသဖြင့်ပေါ့ အချိန်ပေးစရာကိစ္စများ ရှိနေရင်တော့ အင်မတန်မှ အားနာစရာကောင်းမယ့် အနေအထားမှာ ဖြစ်နေတယ် ...

ဒီလိုလုပ်ပါ။ ဒီကိစ္စက ခုမှစလာပြီး ဆက်သွယ်စုံစမ်း၊ ခုတစ်ခေါက်တည်းနဲ့ပဲ အားလုံးအဆင်ပြေအောင်မြင်ပြီး ကိုယ်ဖြစ်ချင်သလိုပဲ ဖြစ်သွားရမယ်လို့တော့ မဟုတ်ဘူးပေါ့နော်။ ဒီနိုင်ငံကို ကိုယ့်မိဘများရှိနေကြတဲ့နိုင်ငံ၊ ကိုယ့်နိုင်ငံအဖြစ် သတ်မှတ်တယ်ဆိုရင် ဒီလိုပဲ သွားလိုက်ပြန်လိုက် လုပ်စရာရှိတာလုပ်လိုက်၊ အလည်လာလိုက်နဲ့ အချိန်ယူလို့ ရပါတယ်။ အဲဒါကို ဆိုလိုတာပါ။ အချိန်တွေအများကြီး ရှိပါသေးတယ် ဆိုတာက အဲဒီလိုမျိုးကို ပြောတာလေ”



“ကျွန်တော်က Business Law နဲ့ ဒီကရီရပြီးသားပါ။ လောလောဆယ်တော့ မာစတာဆက်တက်ဖို့ရော၊ အလုပ်ဝင်ဖို့ရော အစီအစဉ် မရှိသေးဘူး ခင်ဗျ။ ပြီးကျတော့ ကျွန်တော် ဒီကိုလာတာ ဗီဇာလျှောက်ပြီး လာရတာ မဟုတ်ဘူး။ ကျွန်တော်က မြန်မာနိုင်ငံသား၊ မြန်မာမှတ်ပုံတင်နဲ့ပဲ ဒီက citizen ပါ။ အဲဒီတော့ လောလောဆယ် ပါ့သ်(Perth)ကို အဆောတလျင်ကြီးပြန်ဖို့ မလိုသေးပါဘူး။ ဒီမှာပဲ ကြာဦးမှာပါ။ ခုလောလောဆယ်တော့ (......)ဟိုတယ်မှာပဲ ဆက်နေနေဖြစ်ပေမယ့် တိုက်ခန်းတစ်ခုခုပဲဖြစ်ဖြစ် ငှားလိုက်ပြီး ပြောင်းနေဖို့ အစီအစဉ်လည်း လုပ်ထားတယ် ...

အန်ကယ်ပြောသလိုပဲ အန်ကယ့်မှာ အချိန်ယူစရာလိုရင် ရပါတယ်၊ ကျွန်တော့်မှာ အချိန်ရှိပါတယ်။ အားနာစရာ မလိုပါဘူး အန်ကယ်”

ရှေ့နေကြီးရဲ့မျက်နှာပေါ်မှာ အကြံရကျပ် အခက်တွေ့တဲ့ အမူအရာတွေ ပိုပြီးတော့ ပေါ်လာသည်။

“လောလောဆယ် ကျွန်တော့်အမေရင်းရဲ့နာမည်က ဘာများလဲ မသိဘူးနော်၊ ကျွန်တော်က ‘မီရှဲယ်လ်’ ဆိုတဲ့နာမည်ပဲ သိခဲ့တာဆိုတော့ မြန်မာနာမည်များ ရှိနေမလား မသိဘူး ခင်ဗျ၊ ကျွန်တော့်မွေးစာရင်းထဲမှာကိုက မြန်မာနာမည် မပါဘူးဆိုတော့ ...”

“အဲ ... အဲဒါလေးကလည်း အန်ကယ်က client နဲ့ ပြန်ဆက်သွယ်တိုင်ပင်ပေးပါ့မယ်”

ကာယကံရှင်မိခင်ရင်းရဲ့သဘော။ ရှေ့နေရဲ့သဘော။ ဘယ်သူ့သဘောထား အစစ်အမှန်လဲဆိုတာတော့ မှန်းလို့မရနိုင်ဘဲ လုံးဝကို ခြေရာဖျောက်သိုသိပ်၊ လူသိရှင်ကြား မဖြစ်ချင်ဘူးဆိုတာကတော့ အသိအသာကြီးပင်။ ကိုယ့်ရဲ့မိခင်ရင်းဆိုသူနှင့် ပတ်သက်ဆုံတွေ့ခွင့်ရဖို့ ဖုန်းနံပါတ်လေးတစ်ခုကလွဲပြီး တခြားဘာမှ တိတိကျကျ ပိုင်ပိုင်နိုင်နိုင် လက်ဆုပ်လက်ကိုင်မရှိတဲ့ ခြိမ်းမှာ ရှေ့နေကြီးကမှ လက်မခံရင် သူ့ကိုကျော်ဖြတ်ပြီး မိခင်ရင်းနဲ့တွေ့ရဖို့ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စ ဖြစ်နေသည်။

ခြိမ်းဘာသာ လျှောက်စုံစမ်း၊ ဖွတ်ရှေ့တိုးမှာစိုးလို့ မြန်မာနာမည်၊ နာမည်ရင်းကိုတောင်မှ လောလောဆယ် ထုတ်မပြောနိုင်သေးပါဘူးဆိုမှတော့ ခြိမ်းရဲ့မိခင်ဟာ နာမည်ပြောလိုက်ရုံနဲ့ လူသိများ ထင်ရှားကျော်ဇောတဲ့သူတစ်ဦး တကယ်ပဲဖြစ်နေလေမလား။

"ကျွန်တော့်ရဲ့မိခင်ရင်း ဆိုတာက သိချင်၊ စုံစမ်းချင်တယ်ဆိုရင်တော့ ပဲ့သ်က ကျွန်တော့်မွေးစားအမေရဲ့ ကိုယ်ရေးရာဇဝင်နဲ့ အချက်အလက်တွေ၊ သူ ဆေးရုံကနေပြီး ကျွန်တော့်ကို တရားဝင်မွေးစားခဲ့တဲ့ သက်သေခံလက်မှတ်တွေနဲ့ ဆေးရုံစာရင်းတွေ။ ကျွန်တော့်ရဲ့မွေးစာရင်းတွေကို အန်ကယ့်ကို ကျွန်တော် ခဏငှားပေးနိုင်ပါတယ်။ ဒါမှမဟုတ် မိတ္တူပဲဖြစ်ဖြစ်ပေါ့"

"ရပါတယ် ... ရပါတယ်။ အန်ကယ်တို့အသိုင်းအဝိုင်းရဲ့ အဆက်အသွယ်၊ အတွေ့အကြုံ အနေအထားတွေအရ အစစ်အမှန်လား။ တမင်လာရောက် လိမ်ညာနေတာလား



ဆိုတာကို သိနိုင်ဖို့ နည်းလမ်းပေါင်းစုံ ရှိပါတယ်။ သိပ်မခက်ခဲလှပါဘူး။ စာရွက်စာတမ်း ဆိုတာတွေက နောက်ဆုံးမှဖြည်းဖြည်းကြည့်ကြည့်ရင်လည်း ရပါတယ်။ အလျှဉ်မလိုပါဘူး"

"ဒါဖြင့်အန်ကယ့်အနေနဲ့ဖြစ်ဖြစ်၊ ကာယကံရှင် ဒေါ်မီရှဲယ်လ်ရဲ့အနေနဲ့ပဲဖြစ်ဖြစ်ပေါ့လေ၊ ဒေါ်မီရှဲယ်လ်မှာ အရင်ကသားတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကိုတော့ မငြင်းဘူးဆိုတဲ့ သဘောပေါ့နော်။ ကျွန်တော် လူမှားပြီး ဘာမှမဆိုင်တဲ့ တစ်ယောက်ယောက်ကို တလွဲကြီး လာဆက်သွယ်မိနေတာတော့ မဟုတ်ဘူးပေါ့နော်"

ခြိမ်းရဲ့မေးခွန်းတိုင်းကို သူ ဖြေချင်ရင်ဖြေမယ်၊ မဖြေချင်ရင်မဖြေ (ဒါမှမဟုတ်) မေးခွန်းနဲ့ တိုက်ရိုက်မဆိုင်တဲ့ သူပြောချင်ရာတွေကို ပြောမယ်။ သူ့သဘောပဲ သူဆောင်နေတတ်သော ရှေ့နေကြီးက ဒီတစ်ခါ မေးခွန်းကိုလည်း (ခေါင်းညိတ်နေဘာလား ဘာလား မသိ။ သူ့ခန္ဓာကိုယ်က နည်းနည်းတော့ လှုပ်နေသလိုလိုရှိပေမယ့်) ပြန်မဖြေပြန်ပါ။

သို့သော် ကိစ္စမရှိပါ။ ဘာမှ အတိအကျ ပြန်မဖြေရင် အဲဒီမေးခွန်းရဲ့အဖြေဟာ မငြင်းလိုတဲ့သဘော။ "Yes"ဖြစ်နေလို့ပင်။ ငြင်းချင်မှဖြင့် "No ... No ... No ..."အခွန်းချင်းထပ်အောင် အော်ငြင်းပစ်လိုက်လို့ ရနေတာပဲဟာ။

ပဲ့သ်က မွေးစားအမေကတော့ ဖုန်းနံပါတ်လေးတစ်ခုကို ပေးအပြီးမှာ ပြောခဲ့သား။

"မင်းကို လိုလိုလားလား ရှိမှတော့ မွေးပြီးပြီးချင်း ပေါ့ ရုံမှာစွန့်ပစ်သွားတာမျိုး လုပ်မယ်မထင်ပါဘူးကွာ။ 'အကြောင်းအမျိုးမျိုးကြောင့်' ဆိုတဲ့ စကားကို လက်သင့်ခံနိုင်ပေမယ့် ငါကြားဖူး၊ ကြုံဖူး၊ ဝတ္ထုတွေ ရုပ်ရှင်တွေထဲမှာ မြင်ဖူး၊ ဖတ်ဖူးသလောက်ကတော့ ကိုယ့်ကလေးကိုယ် သံယောဇဉ် ရှိမယ်။ အဆက်အသွယ် မပြတ်ချင်ဘူး။ မတတ်သာလွန်းလို့ မဖြစ်မနေ ခဏလောက်ပဲ ခွဲခွာချင်တဲ့သူမျိုးဆိုရင် တာဝန်ပြန်မယူနိုင်သေးတာမျိုးပဲရှိမယ်။ ချောင်းမြောင်းနေတတ်တာတို့၊ သိသာနေစေမယ့် အပြုအမူ အဆက်အသွယ် တစ်ခုခု လုပ်နေကြတာတို့၊ ကလေးကို မဆက်သွယ်တောင် တာဝန်ယူ မွေးစားသွားတဲ့ မွေးစားမိဘကို စုံစမ်းထားတတ်ကြတာတို့ အမျိုးမျိုး ရှိနေနိုင်တာပေါ့ ...

ဒက်ဒီတို့က မြန်မာနိုင်ငံနဲ့ နှစ်ရှည်လများ အဆက်အသွယ်ပြတ်နေခဲ့ကြတာမျိုးလည်း မဟုတ်ဘူးလေ။ အမြဲပြန်လည်နေကြတာပဲဟာ၊ လိုလိုလားလားရှိချင်ရင်၊ ဆက်သွယ်စုံစမ်းချင်ရင် မင်းကို ငါ့ခေါ်ယူမွေးစားခဲ့တဲ့ဆေးရုံမှာရှိနေမယ့် လိပ်စာကနေတစ်ဆင့်၊ တစ်ဆင့်လိုက်လာလို့ ရနိုင်တယ်။ ဒီလောက်ကြီး နှစ်အစိတ်အတွင်း ခြေရာလက်ရာ မရှိလောက်ပါဘူး ...

သိပ်တော့ မျှော်လင့်မထားနဲ့ပေါ့ကွာ။ ဒက်ဒီအနေနဲ့ကလည်း မင်းကို မင်းရဲ့ဘဝမှန်ကို သိစေချင်တယ်။ ပြီးတော့ မင်းအမေအရင်း ဆိုတာကို မင်းများ သိချင်၊



မြင်ဖူးချင်မလားလို့လေ။ ဒီလောက်ပါပဲ။ အများကြီးမျှော်လင့်ထားပြီး ဖြစ်မလာရင် အခံရခက်နိုင်တာပေါ့။ အဲဒီတစ်ချက်တော့ ခေါင်းထဲ ထည့်ထားလေ ...

ကြုံလာရမှာကတော့ အမျိုးမျိုး ဖြစ်နေနိုင်တယ်။ လူသိမခံခဲ့တဲ့ သားတစ်ယောက် ရုတ်တရက် ပေါ်လာပြီး အရှက်ခွဲခံရမှာစိုးတဲ့ ဂရိတ်အဆင့်မျိုးထဲက ဖြစ်နေလို့ လုံးဝအသိအမှတ်မပြု ငြင်းထုတ် ဘူးကွယ်ပစ်တာမျိုးကနေ စွန့်ပစ်တုန်းကတော့ စွန့်ပစ်ခဲ့ပြီး ခုမှ ပုံအပ်အားကိုးချင်ပါတယ်၊ စောင့်ရှောက်ပါ၊ တာဝန်ယူပေးပါလို့ တောင်းဆိုလာတာမျိုးအထိလည်း ဖြစ်နိုင်တယ်။ ဘာပုံစံပဲ ကြုံလာကြုံလာ၊ ဘယ်လိုတုံ့ပြန်မယ်၊ ဖြေရှင်းယူမယ်ဆိုတာတော့ မင်းရဲ့ဆုံးဖြတ်ချက်ပဲ ဖြစ်ပါစေ။ ဒက်ဒီကတော့ ဘာမှဝင်မစွက်ဖက်ချင်ဘူး။ မင်းရဲ့ဆုံးဖြတ်ချက်ကိုပဲ ဒက်ဒီလည်း လက်ခံတယ်လို့ပဲ မင်း သဘောအပေါက်ထားပေါ့ ...

မင်းရဲ့အမေရင်းနဲ့ မင်းအဆက်အသွယ်ရ၊ အဆင်ပြေနိုင်ပြီ ဆိုရင်တော့ မင်းရဲ့အဖေရင်း ဘယ်သူဆိုတာကိုလည်း မင်း သိလာနိုင်လိမ့်မယ်လို့ ဒက်ဒီ မျှော်လင့်ပါတယ်ကွာ။ အဓိက,ကတော့ အမေပါပဲ။ မင်းအဖေ ဘယ်သူဆိုတာ သူကတော့ သိနေမှာပဲဟာ"

"ကျွန်တော်ကလည်း 'အမေ' ဆိုတာ ဘယ်လိုမျိုးလဲလို့ သိဖူးချင်တာလောက်ပါပဲ။ 'အဖေ' အနေနဲ့ကတော့ ကျွန်တော့်ဘဝမှာ လိုလားတောင့်တနေချင်လောက်အောင် လစ်

လပ်နေတယ်လို့ တစ်ခါမှ မခံစားဖူးပါဘူး။ ကျွန်တော့်မှာ အမေနေရာအတွက် အထူးလိုအပ်ချက် မရှိဘူး ဒက်ဒီ။ အမေကိုပဲ ကျွန်တော် မျှော်လင့်တောင့်တမိမယ် ထင်တယ်"

မွေးစားအမေက "မျှော်လင့်ချက်မထားနဲ့"ဟုဆိုခဲ့ပေမယ့် မျှော်လင့်တာကတော့ မျှော်လင့်မိခဲ့တာပဲဖြစ်တဲ့ ခြိမ်းအဖို့ ဒက်ဒီပြောသလို "ဖြစ်မလာရင် အခံရခက်တယ်"ဆိုတဲ့အဆင့်ထိ လွယ်လင့်တကူ လက်မလျှော့လိုက်နိုင်သေးပါ။ အခံရခက်သလို ခံစားလိုက်ရရင်၊ စိတ်ပျက်စိတ်နာလိုက်မိရင်၊ ရှက်သွားမိရင် ထပ်ကြိုးစားချင်စိတ် ကုန်ခန်းသွားမှာ စိုးပါသည်။

အကောင်းမြင်ဝါဒမျိုး ရှိချင်သူပီပီ လက်ခံတဲ့ဖြစ်ရှ မရှိသေးဘဲ ထပ်ကြိုးစားကြည့်ရဦးမယ့် အဖြစ်မျိုးဟာ တစ်ချိတည်းနဲ့ ဝမ်းသာအားရ ပြေးဖက်လက်[illegible]လိုက်ပြီး "အေး … ဟုတ်တယ် မင်း ငါ့သားပဲ"ဟု အကွက်ထွင် လိမ်လည်ပစ်လိုက်နိုင်တဲ့ အတု အယောင်ကြီးမျိုးနဲ့ ကြုံရတာနဲ့စာရင်တော့ ဘယ်လိုမဆို ပိုကောင်းနေသေးတာပဲဟုသာ တွက်လိုက်ပါသည်။

"ကျွန်တော် အန်ကယ်နဲ့ မပြတ်ဆက်သွယ်နေပါ့မယ်။ ကျွန်တော့်အမေအရင်း ဖြစ်နိုင်တဲ့သူက ကျွန်တော့်ကိုစိတ်ဝင်စားလာနိုင်တဲ့ အချိန်အထိပေါ့ခင်ဗျာ။ အန်ကယ်ကလည်း ကြိုးစားပေးပါလို့ အနူးအညွတ် တောင်းဆိုချင်ပါတယ်"

ဒီလိုအရွယ်၊ လူငယ်တစ်ယောက်ဆီက စိတ်မကျေမလည်၊ ထေ့ငေါ့သောစကားမျိုး ထွက်မလာဘဲ အောက်ကျို့သည်းခံ



ညဉ့်ကျေးမှုဂုဏ်ရှိသော စကားမျိုးပဲ ထွက်လာခဲ့တာဆိုတော့လည်း ရှေ့နေကြီးခမျာ မအီမလည်၊ မသက်မသာနှင့်ပင် ခေါင်းညိတ်ညိတ်သာပေါ့လေ။

"ကျွန်တော့်ကို အချိန်မရွေး ဆက်သွယ်လို့ရမယ့် ဖုန်းနံပါတ်ပါ။ အန်ကယ့်ရုံးခန်းကလူကိုလည်း ပေးထားပြီးသားပါ။ ဒါပေမဲ့ အန်ကယ်ကိုယ်တိုင်က ကြိုက်တဲ့အချိန်ထကောက် ဆက်လိုက်ချင်ရင် အဆင်ပြေအောင်ပါ။ ကျွန်တော်ကတော့ ဘယ်ချိန်မျိုးပဲဖြစ်ဖြစ် အချိန်မရွေး ထပြေးလာနိုင်ပါတယ် အန်ကယ်"

ခြိမ်းရဲ့စိတ်ထဲမှာတော့ မြန်မာပြည်ကို ဒီတစ်ခေါက်ရောက်ခဲ့ရတဲ့ခရီးဟာ အကျိုးမရှိ၊ အလဟဿ၊ မျှော်လင့်ချက်မဲ့ပြီး လက်ချည်းဗလာသက်သက်နဲ့တော့ မပြန်ရလောက်ပါဘူးဟုသာ တစ်ထစ်ချစွဲမြဲယုံကြည်နေမိသည်။

✣ ✧ ✣

"လုပ်ပါဟယ် … နော် … နော် … နော် …။ ကူညီပါ သူငယ်ချင်းလေးရယ်။ နင်ကမှ မကူညီရင် ငါ့မှာအရေးကြုံလို့မှ အားကိုးချင်စရာ စစ်စစ်မှန်မှန် အပေါင်းအဖော်ဆိုတာမျိုး ဘယ်မှာလာရှိနိုင်တော့မှာလဲ။ နင် ငါ့ကိုချစ်ပါတယ်။ ငါသိပါတယ်။ ကူညီမှာပါ"

"လုံးဝအမိပ္ပာယ်မရှိဘူးဟာ"

"အဲဒါက နင့်ဘက်ကတွက်တာကိုး။ ငါ့ဘက်ကကြည့်တော့ အနက်အဓိပ္ပာယ်တွေက တစ်ပုံကြီးပေါ့။ ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တယ်"

"အဲဒါကိုက အဓိပ္ပာယ်မရှိတာလေ။ အလိမ်အညာတွေနဲ့ အတုအယောင် ဖန်တီးလုပ်ကြံမယ့်ဓာတ်လမ်းမျိုးဟာ နင့် ဘဝကြီးနဲ့ သက်ဆိုင်နေစရာကို မလိုဘူး။ မလုပ်သင့်ဘူး"

"သင့်၏ မသင့်၏။ တော်၏ မတော်၏က ငါ့ဘာသာငါ ကြည့်ကျက် ဆုံးဖြတ်ပါ့မယ်။ နင် ဝင်ဆုံးဖြတ်ပေးစရာ မလိုပါဘူး။ နင့်ကိစ္စက ငါ့ကိုကူညီဖို့ပဲ။ အဲ ... ကူညီချင် စိတ်ရှိဖို့ပဲ။ နင်ကိုယ်တိုင် ပါဝင်ကူညီနေရမှာတောင်မှ မဟုတ်ဘူး။ ဟိုမှာ နင့်မျက်နှာပဲ လှမ်းကြည့်နေတဲ့ လူ တစ်ယောက်ကို ခေါင်းလေးတစ်ချက် ညိတ်ပြလိုက်ရုံပဲ။ ဒါလေးပဲဟာ"

"ငါက ဘာလို့ဝင်မဆုံးဖြတ်ရမှာလဲ။ နင်က ဒီကိစ္စဟာ နင့်ဘဝကြီးနဲ့ သက်ဆိုင်တယ်ဆိုသလို ငါ့ဘဝကြီးနဲ့လည်း သက်ဆိုင်နေတာပဲဟာ"

"နင့်ဘဝနဲ့ ဘာဆိုင်လဲ ! "

"ဟဲ့ ... ဒီ့ထက်ဆိုင်တာ ရှိရဦးမလား။ ရဲက ငါ့ရည်းစား လေ။ တစ်နေ့ကျ ငါတို့ချင်း လက်ထပ်ကြမယ်၊ ငါ့ဘဝ ထဲရောက်လာရမယ့်သူ။ အဲဒါကြောင့် ရဲရဲ့ကိစ္စဟာ ငါ့ကိစ္စ၊ ငါ့ဘဝကြီးနဲ့ သက်ဆိုင်တယ်။ ခု နင်ပြောနေတဲ့ ဇရတ် သုက္ခကိစ္စက နင်ပေါ့လျှပ်လျှပ်လေး ပြောနေသလို ခေါင်း



လေးတစ်ချက်ညိတ်လိုက်ရုံနဲ့ ပြီးသွားမယ့် 'ဒါလေး'မဟုတ် ဘူး။ 'ဒါကြီး'ဟဲ့။ 'ဒါကြီး' ...

ဘယ့်နှယ်တော်။ ပြီးကျရင် ဒီအသိုင်းအဝိုင်းနဲ့ ဒီအသိုင်းအဝိုင်း၊ နင့်မိသားစုနဲ့ ငါ့မိသားစုက ရှောင်လွှဲ ကင်းကွာနေလို့လည်း ရမယ့်သူတွေ မဟုတ်ဘူး။ သေတဲ့ အထိ မျက်နှာချင်းဆိုင် ရင်ဆိုင်သွားကြရမယ့်သူတွေချင်း ကို နင့်အမေရဲ့စိတ်ထဲမှာ သူ့သမီးကို ကြိုက်လှပါချေရဲ့ လို့ Propose လုပ်ဖူးတဲ့အကောင်ကြီးလို့ သူ သိထားတဲ့ တစ်ယောက်က နောက်ဆုံးကျ ငါနဲ့ယူတယ်ဆိုတော့ ငါ ကပဲ နင့်ဆီက ဖြတ်ခုတ်သွားသလိုလို၊ နင်ပယ်လိုက်တဲ့ အကောင်ကြီး၊ ရွေးကျန်ကြီးကိုပဲ ငါက ရ,ရသလိုလို ...

အို ... မဖြစ်ဘူး။ မဖြစ်ဘူး။ ဘယ်နည်းနဲ့မှကိုမ ဖြစ်ဘူး။ နင် တခြားကြိုက်တဲ့အကူအညီ ငါ့ဆီကတောင်း။ ရဲကိုတော့ နင့်အမေဆီကို သမက်လောင်း အင်တာဗျူးဝင် ပေးဖို့ အတုအယောင် ဟန်ဆောင်ပြီး လွှတ်တာမျိုးတော့ လုံးဝမကူညီနိုင်ဘူး။ ငါခွင့်မပြုဘူး။ ငါခွင့်မပြုရင် ရဲကလည်း ဘယ်နည်းနဲ့မှ လုပ်ပေးမှာမဟုတ်ဘူး။ ဒါပဲ"

ချာချာ့ရဲ့မျက်နှာက စူပုပ်ထော်လန်သွားပြီး ချစ်သူ ငယ်ချင်း နန်းနန်းရဲ့မျက်နှာကို စူးစူးရဲရဲကြီးပင် စိုက်ကြည့်နေလိုက် ပါသည်။ အရေးကြုံတော့ ဘာမှအားမကိုးရဘူး။ ဒါလား သူငယ် ချင်းကောင်း၊ ငယ်ပေါင်းကြီးဖော်။ ငါ့လူ၊ ငါ့လူ၊ ငါ့ရည်းစား၊ ငါ့ချစ်သူနဲ့ မဏ္ဍပ်တိုင်တွေတက်ပြီး တုန်ခါတိုဖွာနေလိုက်တာ။

ဒါတောင် ဟန်လေးခဏတဖြုတ် ဆောင်နိုင်းတာမို့လို့။ တကယ် များလုပြေးရင် နောက်ကနေ ဓားနဲ့များ လိုက်ခုတ်မလား။ ကြေး စားလူသတ်သမားငှားပြီး လုပ်ကြံနိုင်းမလား မဆိုနိုင်ပေ။

မေမေက ချာချာ့ကိုလောနေပြီ။ ဗုဒ္ဓဟူးတစ်ပတ် လွန်မြောက်သွားပြီဖြစ်သောအခါ "နောက်ဗုဒ္ဓဟူးကျလို့မှ နင့်ကို စကားပြောထားပါတယ်ဆိုတဲ့ လူတစ်ယောက်ယောက်ကို ငါ့ဆီ မလွှတ်နိုင်ရင် နင့်ရဲ့ဘဝတစ်ခုလုံးကြီးပါ ပုံအပ်ထားတဲ့ ကွန်ပျူ တာတွေရော၊ အင်တာနက်လိုင်းနဲ့ရော၊ သင်တန်းတွေနဲ့ပါ အပြီး သတ် ပြတ်စဲလမ်းခွဲကြရပြီလို့ မှတ်ပေတော့ ချာချာ။ မေမေက ပြောထားပြီးရင် ကိုယ်ပြောသလို တကယ်ပဲ ဖြစ်အောင်လုပ်ပြမှ ကြိုက်တယ်။ မေမေကိုယ်တိုင်ကလည်း ကိုယ့်စကားကိုယ် မဖြစ် ဖြစ်အောင်ကိုတည်မှာ။ စောင့်ကြည့်လိုက်"တဲ့။ ရာဇသံပေးထားပြီ။

"ငါက နင့်ကို လုံးဝကြီးဥပေက္ခာပြု လျစ်လျူရှုထားတဲ့ သဘောမှ မဟုတ်တာ ချာချာ။ နင့်ကိစ္စကို ငါ့ကိစ္စလို့ပဲ သဘောထားလို့သာ ဟိုကောင်တွေကိုတော့ ငါပြောပေး ထားတယ်လေ"

ချာချာ့ရဲ့ စူးစူးရဲရဲအကြည့်ကြီးကို ခံနိုင်ဟန်မတူတဲ့ နန်းနန်းက တစ်ချိန်လုံး မာတင်းထားခဲ့သောလေသံကို လျော့ချ ကာ လေပြည်လေးထိုးဖို့ကြသည်။

"အဲဒီကောင်တွေကို ငါ့ဘာသာ အရှက်မရှိ ပြောထွက်ထား တာ။ နင်ပြောပေးထားလို့ ရထားတာမဟုတ်ဘူး။ ပနာဝင် ယူမနေနဲ့"



"ဒါပေမဲ့ ငါလည်း ဝိုင်းပြောပေးပါတယ်။ ပြီးကျ တစ်မျိုး တစ်ဖက်ကလှည့်တွက်ရင် ဖက်တီးနဲ့ ငပေါက ရဲရဲ့သူငယ် ချင်းတွေပဲဟာ။ ငါ မိတ်ဆက်ပေးထားလို့သာ နင်နဲ့ပါဆက် ခင်နေကြရတာလေ။ ငါ့အကူအညီ လုံးလုံးမပါတာတော့ မဟုတ်ပါဘူး"

"ခုမှ ငါ့ကို ကူညီနိုင်ဖို့ သင့်တော်မယ့်လူတွေကို မြန်မြန် ထက်ထက် ရှာဖွေပြီး ချက်ချင်းထ မိတ်ဆက်ပေးထားတာ မျိုးမှ မဟုတ်တာ။ ငါနဲ့လည်း ခင်မင်နေကြတာ နှစ်ရှည် လများကြာပြီပဲ။ ငါ့ကိစ္စကြုံတာကို နင်ကူညီတယ်လို့ပြော လို့ကို မရသေးဘူး။ ပြောရမယ်ဆိုရင် ဖက်တီးတို့ ငပေါ တို့ကမှ နောက်မှလည်းခင်သေး၊ အသက်ပေးသစ္စာရှိပါ့မယ် လို့ လေလုံးထွားထားတဲ့ သူတွေလည်း မဟုတ်ဘူး။ ဒါပေမဲ့ အရေးကြုံတော့ အားကိုးရတယ် ... ဒါပဲ"

"ဟဲ့ ... သစ္စာဝါတွေက ငြင်းမလား။ တက်တောင်တက် ကြွနေကြသေးတာ။ နင့်အမေကို ပေါက်ကရလှည့်စားပြီး ဟာသလုပ်ရမှာလည်းပျော်တယ်။ မတော်တဆ နင့်အမေ က ယောင်ယမ်းပြီး ဒါမှမဟုတ် တစ်ချက်တလေလောက် စိတ်ကြိုက်တွေ့ပြီး 'အိုကေ'လို့ လက်ခံလိုက်ရင်လည်း နင့်ကို ရ,ရဦးမှာ။ ဘာနာစရာရှိလဲ။ အမြတ်ချည်းပဲ။ ဒါ ဘာမှ သူငယ်ချင်းကောင်းပီသတာ မဟုတ်ဘူး။ သူတို့ မြတ်ဖို့ သူတို့ ပျော်ပျော်ကြီးလုပ်ကြမှာ"

"အောင်မာ ... အဲဒီလောက် ဝတုတ်ပြီး အဆီပိတ်နေတဲ့ ကောင်မျိုးကို ငါ့အမေက ယောင်ယမ်းပြီးတော့တောင်ရွေးရောလား။ ငါ့အမေက ငယ်ငယ်လေးနဲ့ မုဆိုးမ ဖြစ်သွားခဲ့တာဆိုတော့ အိမ်ထောင်ဖက်ရဲ့ကျန်းမာရေးအခြေအနေဆိုတာကို သိပ်အလေးထား တွက်တော့မှာ။ အနေးနဲ့အမြန် နှလုံးသွေးကြောပိတ်ဆို့သွားနိုင်တဲ့ ကောင်မျိုးကို ဘယ်တော့မှ ရွေးမှာမဟုတ်ဘူး ... စိတ်ချ ...

ငပေါကျတော့ကော ... ရုပ်ကလေး၊ ကိုယ်ခန္ဓာလေးက သင့်တင့်ပါရဲ့၊ မျက်နှာထားက သွက်ချာပါဒလိုက်နေသလိုမျိုး ငြိမ်ငြိမ်တည်တည်ကို နေလို့မရဘဲ ဖြစ်စပ်စပ်ပြောင်ချော်ချော်နဲ့ မာတတ်လိုက်နေတဲ့ စပရင်လိုလို၊ လေဖြတ်ထားတဲ့ အခြောက်မလိုလို ဖြစ်နေတာ။ လုံးဝပဲနော်။ ခေါ်တွေ့ပြီးတာနဲ့ ငါ့အမေတော့ 'တွေ့ချင်မိတာ မှားပါတယ်'လို့ နောင်တတွေရပြီး မျက်ရည်ပဲ တောက်တောက်ကျသွားရမှာ"

"ဒါဖြင့် ရဲကကျတော့ ဘာများဆိုးရွားနေတာရှိလို့လဲ။ အဘက်ဘက်က အင်မတန်မှ သင့်တော်နေတဲ့ဟာ။ ငြင်းပယ်ချင်စရာကို မရှိဘူး။ ခေါ်တွေ့ပြီးတာနဲ့ 'ချာချာရေ အိုကေတယ်ဟေ့ ... ရွေးလိုက်'လို့ကို တန်းပြောမှာ။ အဲဒီလိုဆိုလို့ကတော့ ငါလည်း လဲသေလိုက်ရုံပဲ"

"အဲဒါကြောင့် ဒီဂရီအထူကြီးပါတဲ့မျက်မှန်နဲ့ သွားပါလို့ ငါ ပြောတယ်လေ။ ငါ့အမေက ကျန်းမာရေးကိစ္စကို အင်မတန် အလေးထားပါတယ်ဆို"



"မမြင်မကန်းနဲ့ ချော်လဲပြီး သွားပါကျွတ်ထွက်အောင်လုပ်တာလား"

"အဲဒီလို ငါ့အမေရှေ့ရောက်မှ ချော်လဲပြီး သွားပါ ဝင်တိုက်မိသွားရင် သာတောင်ကောင်းသေး။ အဲဒီလိုနဲ့မှ မရသေးရင် "မဆိုးဘူးဟဲ့"လို့ တစ်ခွန်းလောက် ထွက်လာတာနဲ့ ဘီပိုး၊ စီပိုး၊ အကုန်ရှိတယ်လို့ ပြောပေးလိုက်မယ်"

"ပြီးကျ အဲဒီ ဘီပိုး၊ စီပိုးကြီးကို ငါက ယူရမှာ"

"ဟဲ့ ... တကယ် ရှိတာမှ မဟုတ်ဘဲ။ ဘယ်လို ဖြစ်နေလဲ"

"ဒါပေမဲ့ နှင့်အမေရဲ့စိတ်ထဲမှာ ဒီရုပ်ကြီးက ဘီပိုး၊ စီပိုး ရှိတဲ့ကောင်ကြီးပဲလို့ သိထားပြီးရင် ငါနဲ့မင်္ဂလာဆောင်ကာနီးကျ ငါ့အမေကို လက်တို့ပြီး မပြောပေဘူးလား။ လုပ်ချင်မှလုပ်မှာလို့ မတွက်နဲ့။ နှင့်အမေက တကယ်လုပ်မှာ"

"တကယ်မှ မဟုတ်တာ။ ငြင်းပေါ့။ ဆေးပါ ကြိုစစ်ထားပြီး နှင့်အမေက ပြောလာရင် ဆေးစာရွက်ပြလိုက်"

"ရှုပ်တီးရှုပ်ရှက်နိုင်တယ်ဟာ ငါမကြိုက်ဘူး။ ဖက်တီးတို့ ငပေါတို့က ဝမ်းသာအားရသွားပေးပါ့မယ်လို့ ပြောပြီးပြီပဲ။ နှင့်မှာ နှစ်ယောက်လောက် ပြနိုင်ရင်တော်ပြီပေါ့။ ဘာကိစ္စ ရဲကိုပါ ထပ်ထည့်ချင်ရတာလဲ။ ရှိးမှရှိးရဲ့လားမသိဘူး"

"မိလ္လာမြောင်းထဲကို နှာခေါင်းနှစ်ပြီးသေလိုက်။ ငါက ငါ့အမေကို တစ်ယောက်၊ နှစ်ယောက်တောင်မှ မ,ကဘူးလို့ ပြောထားတာလေ။ အဲဒီစကားအရဆို အနည်းဆုံးသုံး

ယောက်ကတော့ ပြည့်ရမှာပေါ့ဟဲ့။ ငါ့အမေ စိတ်ကျေနပ်ပြီး အသံတိတ်သွားအောင် ငါးယောက်လောက်ရရင်တောင် လိုချင်သေး။ ဘယ်လိုမှ မဖြစ်နိုင်လို့သာ။ အဲဒီလိုအကူအညီတောင်းလို့ ရနိုင်လောက်တဲ့ ငါနဲ့ရင်းရင်းနှီးနှီးထဲက သူငယ်ချင်းကောင်လေးတွေ အားလုံးကို ငါ့အမေက အကုန်သိထားပြီးဖြစ်နေတော့ အင်ထည့်လို့ မဖြစ်နိုင်တော့လို့သာ ...

ကိုယ်နဲ့ သိပ်မရင်းပြန်တော့လည်း ဒါမျိုးကိစ္စက အကူအညီသွားတောင်းစရာလား။ အထင်တွေပဲ စွတ်လွဲကုန်ကြတော့မှာပေါ့။ ဖက်တီးနဲ့ ငပေါတို့ကျတော့ ရဲနဲ့ နင်နဲ့ စကြိုက်မှ ငါနဲ့ပါခင်လာကြရတာဆိုတော့ အရမ်းသာ ခင်နေကြပြီ။ ငါ့အမေက လုံးလုံးမသိသေးဘူးလေ။ အဲဒါကြောင့် ငါက သုံးယောက်လေးမှ ပြည့်ပါစေတော့လို့ နင့်ရဲ့ရဲကို အကူအညီ တောင်းရတာပါပါဟယ်။ သနားစရာလေးပါ နန်းနန်းရယ်။ ငါ့ဘဝကြီးက ငိုမယ်ဆိုရင်တောင် ငိုလို့ရတယ်”

“အမယ်လေး ... တော်ပါ။ ဘာမှမသနားဘူး။ ညာတော့မယ်၊ ဖြီးရတော့မယ်ဆိုလည်း လေလုံးကနည်းနည်းတော့ ခပ်လျော့လျော့ထားဦးမှပေါ့။ တစ်ယောက်မကဘူး ပြောချင်ပြောပေါ့။ ဘယ်က နှစ်ယောက်ကပါ,ပါလာ်ပြီး နှစ်ယောက်တောင်မှ မက,ဘူးအထိ ဖြစ်ရတာလဲ။ သနားချင်စရာမှ မရှိတာ။ ကိုယ့်အာချောင်မှုနဲ့ကိုယ်”

“ခေါ်တွေ့မယ်လို့မှ မထင်ဘဲဟဲ့”



“မထင်စရာလား။ နင့်အမေကြီးက ဘာမှမထင်စရာမရှိဘူး။ ဘာထင်ထင်ရတယ်။ ဘာမဆို သူ မလုပ်မှာမှမရှိတဲ့ဟာကို။ ဘာဖြစ်ဖြစ် ... လုပ်ချင်ရာလုပ်မယ်ဆိုတဲ့စိတ်ကြီးနဲ့ဟာကို။ အဲဒါကြောင့် ငါဆို ကြောက်လွန်းလို့ ငါနဲ့ရဲအကြောင်းကို နင့်အမေ ပြန်မသိစေနဲ့လို့ တားထားရတာ”

“နင်မတားလည်း ပြောကိုမပြောပါဘူး။ နင့်မှာရည်းစားရနေပြီမှန်းသာသိရင် ငါတော့ ဖြောင့်ဖြောင့်စား၊ ဖြောင့်ဖြောင့်အိပ်လို့ကို ရတော့မှာ မဟုတ်ဘူး။ အဲလိုပေးမသိထားခဲ့တော့ ခုလို အရေးကြုံလာတော့ အဲဒီသုံးယောက်ကို ကြံဖန်အားကိုးလို့ ရနိုင်လာတာပေါ့”

“နှစ်ယောက်”

“လုပ်ပါဟယ်။ သုံးယောက်ပါ ... နော် ... နော်”

ခပ်ဝေးဝေးမှာ သွားထိုင်နေပေမယ့် ဒီဘက်ပဲတစ်ချိန်လုံး နားစွင့်နေဟန်တူသော နန်းနန်းရဲ့လူ “ရဲထွန်း”ထံမှ စိတ်ညစ်အားနာသည့် ရယ်သံတစ်ချက် ထွက်လာသည်။ ရဲထွန်းဟာ အင်မတန် စိတ်ကောက်သန်တဲ့ နန်းနန်းကို ရွံ့ရလို့သာ ဝင်ကူမပြောပေးတာ။ ဖက်တီးတို့ ငပေါတို့လိုပဲ “ဟာ ... ဒါမျိုးကတော့ ကူရမှာပေါ့”ဆိုတဲ့ အားတက်သရော ကတိမျိုးကို သူလည်းပဲ လွယ်လင့်တကူ ပေးလိုက်ချင်နေတဲ့ပုံစံမျိုးပါ။

ပြောရမယ်ဆိုရင် နန်းနန်းကို ချဉ်းကပ်လိုက်ယူဖို့အတွက် ရဲထွန်းဟာ ချာချာကိုပဲ အရင်လာကပ်ခဲ့တာ မဟုတ်

လား။ ကြားသားမိုးကြိုး။ ဒီတစ်ယောက်ဟာ ငါ့နား ဘာကြောင့် ကပ်လာပါသလဲ ထင်နေတာ။ အပြီးသတ်ကျမှ နန်းနန်းကိစ္စဖြစ်နေခဲ့သည်။ အဲဒီတော့ကာ ရဲထွန်းဟာ ချာချာနဲ့သာ စခင်တာလို့ ပြောလို့လည်း ရနိုင်တာပဲ မဟုတ်ဘူးလား။

“နင့်မှာ ယောက်ျားလေးသူငယ်ချင်းတွေများတာကို ငါ ဘာမှမပြောဘူး။ သဘောတောင်ကျသေးတယ်။ ယောက်ျားလေးသူငယ်ချင်းက တစ်ခါတလေကျ မိန်းကလေးသူငယ်ချင်းချင်းထက်တောင်မှ ကိုယ့်အပေါ် truly ဖြစ်ချင်ဖြစ်နေသေးတာ။ ဒါပေမဲ့ အဲဒီလိုယောက်ျားလေးသူငယ်ချင်းများတိုင်းလည်း နင့်ဘဝကြီး လုံခြုံပြည့်စုံပြီ။ အားကိုးရာရနိုင်ပြီလို့ ထင်မနေနဲ့ ချာချာ။ ယောက်ျားလေးတွေဆိုတာမျိုးဟာ ကိုယ့်အဖေ၊ ကိုယ့်မောင်တောင် အရေးကြုံရင် ကိုယ့်ဘက်မှာရှိမယ်။ ကိုယ့်အားကိုးလို့ ရနိုင်မယ်လို့ တစ်ထစ်ချတွက်လို့ ရတာမဟုတ်ဘူး။ သူငယ်ချင်းဆိုတာ ဝေးရောပေါ့ ...

သူတို့မှာ သူတို့ကို အားကိုးနေတဲ့၊ သူတို့ကမျက်နှာကြည့် အလိုလိုက်နေရမယ့် နောက်ထပ်မိန်းမတစ်ယောက် ထပ်ရှိနေရင် ကိုယ့်အတွက် ဘယ်နည်းနဲ့မှ မဟုတ်နိုင်တော့ဘူး။ သူတို့မိန်းမနဲ့တော့ နင် ဘယ်တော့မှပြိုင်လို့ မရနိုင်ဘူး။ ပြိုင်လည်းမပြိုင်သင့်ဘူး။ အဲဒါကြောင့် ကိုယ့်အတွက်လည်း ကိုယ်ပိုင်၊ ကိုယ်ကန့်ပါတ်တစ်နေရာကို ယူထားနိုင်မယ့် ယောက်ျားဆိုတာမျိုးဟာ မိန်းမတစ်ယောက်အတွက် လိုကို လိုအပ်တယ်”



မေမေတစ်သက်တာလုံး ပို့ချခဲ့သော “ယောက်ျားယူရေး”ဩဝါဒတွေမှာ ဒီတစ်ချက်ကတော့ ရက်ရက်စက်စက်ကြီးကို မှန်နေတော့တာပဲ။ ခုပဲကြည့်လေ။ သူ့ဟာနဲ့သူဆိုရင် ဖက်တီးတို့ ငပေါတို့လိုပဲ ကိုယ့်ကို “တဟီးဟီး”နဲ့ ဝမ်းသာအားရ ကူညီနိုင်တဲ့ ရဲထွန်းဟာ နန်းနန်းရဲ့အငြိုငြင်ကို မခံနိုင်တာနဲ့တင် ပါးစပ်က လုံးဝအပိတ်။ ဖက်တီးတို့ ငပေါတို့ပါ ကောင်မလေးကိုယ်စီနဲ့ ဖြစ်မနေကြသေးတာကိုပဲ မိုးနတ်မင်းကို ကျေးဇူးတင်ရတော့မလိုရှိသည်။ ဂုဏ်ငယ်လိုက်တာနော် ... ငါ့နှယ်။ အားငယ်စရာကောင်းလိုက်တာ။

ချာချာက တမင်ပင် မျက်နှာလေးကို ငယ်ထားသည်။ အဲဒီငနန်းမဟာ မုန်းစရာကောင်းသလောက်၊ ချစ်စရာလည်းကောင်းသူဖြစ်ပေရာ ချာချာက မျက်နှာလေးငယ်ပြီးတော့ ဝမ်းနည်းသလိုလိုဘာလိုလို လုပ်ထားရင် ခဏကြာကျ သူစိတ်ပျော့ရင်ပျော့လာပေလိမ့်မည်။ မေမေ အမြဲထုတ်ဖော်သုံးစွဲတတ်သော၊ “ငါကမုဆိုးမမို့” ဆိုတဲ့ လက်နက်မျိုးကို ချာချာကပါ အတုခိုးပြီး ဖြစ်ပွားနေတဲ့ ကိစ္စတွေနဲ့ဆိုင်ဆိုင်၊ မဆိုင်ဆိုင် “ငါက အဖေလည်းမရှိတော့ဘူးဆိုတော့ ...” ဘာဘာညာညာပါ ထပ်ပြောလိုက်ရင်တော့ ဒီနှစ်ယောက်ကြားမှာ သူကတော့ အဖေရှိတဲ့အတွက် အမြဲအလျှော့ပေးရမယ့်လူကြီးလိုလို ဖြစ်နေတဲ့ နန်းနန်းတစ်ယောက် (အောင့်သက်သက်နဲ့ပဲဖြစ်ဖြစ်)လျှော့တော့ လျှော့ပေးလိုက်လိမ့်မယ် ထင်ရတာပဲ။

"ကဲ ... ကဲ ... ကဲ ... ငါ ပြန်စဉ်းစားပေးမယ်။ ရဲကို မလွှတ်ပေးနိုင်ရင်တောင် နောက်ထပ် တစ်ယောက်နှစ်ယောက်လောက် ဘယ်သူ့ကို အစားထိုးပေးရမလဲဆိုတာ ဝိုင်းကူစဉ်းစားပေးတာပဲဖြစ်ဖြစ်။ မတတ်သာတဲ့အဆုံးမှာ ငါ့တစ်ဝမ်းကွဲ၊ နှစ်ဝမ်းကွဲတွေကို ငိုပြပြီး အကူအညီတောင်းပေးတာပဲဖြစ်ဖြစ်"

ဟဲဟဲဟဲဟဲ။ တွေ့လား။ ဒီမိန်းမ မခံနိုင်ပါဘူး။ ချာချာက ရယ်လိုက်ချင်သော်လည်း နန်းနန်း အမြတ်ကတ်က စိတ်ပြောင်းသွားမည်စိုးသဖြင့် ရယ်ချင်စိတ်ကို ထိန်းချုပ်ထားသည်။ တစ်ဝမ်းကွဲ နှစ်ဝမ်းကွဲတွေ ဆိုတာလည်း သင်းပါးစပ်ထဲတွေ့ရာ လျှောက်ပြောနေတာပါ။ ပေါက်ကရကိစ္စကို သူ့မိဘတွေ ပြန်သိသွားကြမှာလည်း နန်းနန်းက ကြောက်ဦးမှာပေါ့။ နောက်ဆုံးတော့ နှုတ်လုံလုံနှင့် လှုပ်ရှားခိုင်းလို့ရမှာ ရဲထွန်းအပြင် သူ စဉ်းစားလို့ ရတော့မှာ မဟုတ်ပါဘူး။

ဖက်တီးတို့ ငပေါတို့နဲ့တွေ့ပြီး "ငါ့သမီးနှယ် ဘယ်လိုဟာတွေကချည်း လာကြိုက်နေကြပါလိမ့်"လို့ စိတ်ဓာတ်တွေ အကျကြီးကျနေမယ့် မေမေ့ခမျာ ရဲထွန်းနဲ့ ထပ်ဆုံလိုက်ရရင် "ရုပ်ကလေး အခြေအနေလေးကတော့ ကောင်းပါရဲ့။ ဘိပိုး,စီပိုးနဲ့ ပါဝါအထူကြီးက နှောင့်နေတာ အသည်းနာလှချေရဲ့ဟယ်" လို့ပါ တစ်ခါတည်း စိတ်ဓာတ်က ခြေဖျားအောက်က မြေကြီးကိုပါဖောက်ပြီး တွင်းတူးဝင်သွားတဲ့အထိ ပြန်ကုန်းကောက်လို့မရနိုင်တော့လောက်အောင် ကျပြီးရင်းကို ကျတော့မှာ။



"ငါ့သမီးမှာ ယောကျ်ားကောင်းရရမယ့်ကံကို မပါပါဘူး"လို့ သူ့ဘာသာ ပြန်သဘောပေါက်သွားနိုင်ရင် ပြီးပြီ။ အပြီးသတ်မဟုတ်တောင် အနည်းဆုံး ခြောက်လလောက် မလှုပ်မရှားနိုင် စိတ်ဓာတ်ဆက်ကျနေရင်နည်းလား။ တော်တော်ကြီးနားအေးပါးအေး၊ နေသာထိုင်သာရှိပေမည်။

"ဘိပိုး စီပိုးတို့၊ ပါဝါအထူကြီးနဲ့တို့မှ ရဲထွန်းကို နင်စိတ်မချနိုင်သေးဘူးဆိုရင်ဟယ် သူ့မိဘတွေ ဘာလုပ်လဲဆိုရင် အခေါင်းရောင်းတာတို့၊ အသုဘအခမ်းအနားစီစဉ်သူတို့ လျှောက်ပြောခိုင်းလိုက်။ အဲလောက်ဆိုရင်တော့ လုံးဝသေချာပြီ။ မလွဲမှားနိုင်တော့ဘူး"

"နင်ခုနပြောထားတဲ့ မိလ္လာမြောင်းထဲကို နင့်နှာခေါင်းပဲ နှစ်လိုက်"

ရဲထွန်းဆီက ရယ်သံ"တကိကိ"ထွက်လာသည်။ နန်းနန်းကလေး စိတ်ပုပ်ပြီး မဝေခွဲမဆုံးဖြတ်နိုင်ဘဲ ဆက်လက်အင်တင်တင်ဖြစ်နေဆဲ ဆိုရင်တောင် ရဲထွန်းကတော့ တိုက်တွန်းသေးတော့မှာပါဟု ကိုယ့်ဘာသာ လိုရာဆွဲတွက်လိုက်ပြီးချိန်၌ ချာချာတစ်ယောက် စိတ်လက်ပေါ့ပါးကာ ကြည်လင်ရွှင်ပျလာရလေသည်။

✤ ◇ ✤

## အခန်း(၂)

"ဘုရားရေ ...။ ဒီ့ထက်နည်းနည်းလောက် အဆင့်ရှိတဲ့ ဟာမျိုးတွေက ငါ့သမီးကို လာမကြိုက်ကြတော့ဘူးတဲ့လား။ အိုးမိုင်ဂေါ့ ...။ လဲသေလိုက်ချင်တယ်။ ချာချာ ... နင့်နှယ်ဟာယ် ... ဘယ်လိုများ ဖြစ်ရတာတဲ့လဲဟင်"

အောက်ထပ်က အသံစီစီညံညံကို ကြားလိုက်ရလျှင် Game ထဲ နစ်မြုပ်ပျော်ဝင်နေသော ချာချာက ကွန်ပျူတာခလုတ်တွေကို လျင်မြန်စွာ ပိတ်ချလိုက်ကာ အောက်ထပ်သို့ ပြေးဆင်းလာလိုက်ပါသည်။ ဟုတ်သားပဲ။ ဒီကနေ့လည်း ဗုဒ္ဓဟူးနေ့ပေပဲ။ ဒေါ်သတွေ အလုံးအရင်းနဲ့ ပြန်ရောက်လာဦးမည်ဖြစ်သော မေမေ့ကို အရိပ်အကဲကြည့်နေရမယ့် နေ့မျိုးပင်။

အပေါ်ထပ်လှေကားထိပ်မှာ ချာချာ့ကိုလှမ်းမြင်လိုက်ရလျှင် အမောပိုဆို့ကာ ရင်ထဲမချိ ဖြစ်သွားရသော သစ်သစ်သည် "မေမေ ချိုကျိုးနားရွက်ပဲ့၊ နွဲ့စဲ့စွဲတွေ"ဟူသော သမီးငယ်ရဲ့စကားလုံးများကို ပြန်ကြားယောင်လိုက်မိပါသည်။ ဟုတ်ပါ့ ...။ အဲဒီလောက်ထိ ဖြစ်ပျက်ဆိုးရွားနေကြသော ယောကျ်ားများဟာ



ဘယ်လိုလုပ်များ လူ့လောကထဲမှာ အကောင်လိုက်ကြီးတွေ ရှိနေကြပြီး ငါ့သမီးကိုမှ ရွေး့ရွေးပြီး လာကြိုက်ကြရတာပါလိမ့်။

"လူတွေမှ ဟုတ်ကြရဲ့လား ချာချာရယ်"

တွေ့တွေ့ချင်း ဆီးမေးလိုက်သော မေမေ့စကားကို ...င်မတန် ရယ်ချင်သွားရပေမယ့် ချာချာက အတန်တန် စိတ်...ည်း်နားကာ နှုတ်ခမ်းကြီးကို တင်းတင်းကိုက်ထားသည်။ ဟိုအကောင် ...တွေကိုတော့ အားနာပါရဲ့ ... ဟီ ဟီ။ အိုဂျီမမ ဒေါ်သစ်သစ်စိမ်း ...ဆိုတာသည် လူနာတွေအပေါ်မှာ အလွန်စေတနာမေတ္တာ ကရုဏာ ...ား ဂရုစိုက်တတ်သလောက် လူနာရှင်တွေအပေါ်မှာကျတော့ ...င်မတန် တရားလွန် အသားကုန် အပေါက်ဆိုးတတ်လေ့ရှိသည် ... နာမည်ကြီးပေမို့ ဒီလောက်ကလေး နိမ်ချပြောဆိုတာလောက် ...တော့ အကင်းပင်။

သစ်သစ်ကား ချာချာ့ကိုဖက်ပြီး သားအမိနှစ်ယောက် ...ါင်း ငိုပဲချလိုက်ရမလားလောက်အထိပင် စဉ်းစားမိတော့သည်။ ...ာ်ခွာတ်တွေကျလိုက်တာ။ ကျလိုက်တာ။ ကြုံတွေ့ခဲ့ရသော ...င်တာဗျူးများအကြောင်း ပြန်ပြောင်းစဉ်းစားရလျှင် ကိုယ့်သမီး ...ထွတ်ထွတ်ကလေးနဲ့ သဘောတူပေးနိုင်ဖို့ဝေးလို့ မြင်တွေ့နေရ ... ကိုယ့်မျက်လုံးများ၊ အသံတွေကြားခဲ့ရတဲ့ နားရွက်များ၊ ...ားလက်ဆုံကျခဲ့ရတဲ့ ပါးစပ်တို့ကို အစားထိုး အသစ်တောင် ...်လဲပစ်ချင်သည်။ ကိုယ့်ကိုယ်ကိုယ် လူမဟုတ်ဘဲ ကားသာဖြစ် ...လို့ကတော့ ပိုက်ဆံလည်းဘယ်လောက်ပဲကုန်ကုန်၊ parts(အစိတ်...ိုင်း) အသစ်တွေနဲ့ လဲတပ်ပစ်လိုက်ချင်တယ်နော်။ တကယ်။

ပထမတစ်ယောက်လား ...။ တစ်ခါတည်း ဝင်
ကတည်းကိုက ဆိုင်ပေါက်ဝနဲ့တောင် ဆန့်မှဆန့်ပါ့မလားရယ်
တောင် မှုပင်လိုက်ရပါသေးတယ်။ လမ်းလျှောက်ပုံကြီးကများလည်း
ဘယ်တစ်ဖက်၊ ညာတစ်ဖက် ခြေတစ်လှမ်းစီ ချလိုက်တို
"ဒုန်း"၊ "ဒုန်း"နဲ့ အသံနက်ကြီးတွေမြည်ကာ "ဒီဆိုင်များ လေ
ကြောထဲ ကျနေပြီလား"လို့ ထင်မိယောင်မှား။ ကုလားထိုင်
ဝင်ထိုင်ချလိုက်တော့လည်းပဲ ဖြိဖြိပုံ့ပုံ့ကြီး။

ချာချာကိုတောင် ရှိရမယ့်ဝိတ်ထက် နည်းနည်း
လောက်တက်တယ်ထင်လာရင် အစာဖြတ်၊ အငတ်ထား,ထားတ
တဲ့ သစ်သစ်ဟာ ကိုယ့်ရှေ့ရောက်လာတဲ့ ရောမကြီးကို သ
လောင်းလျာလေးရယ်လို့ စကားလက်ဆုံကျချင်စိတ်ကို မရှိ
တာပါ။ ဒါပေမဲ့ ကိုယ်ကခေါ်တွေ့ထားတာလေ။ "ဟဲ့ ... န
ပြန်တော့၊ ငါ စိတ်ကုန်လိုက်တာ"လို့ စိတ်ထဲ ရှိ,ရှိတဲ့အတိုင်
ပြောလွှတ်လို့ ဘယ်ကောင်းပါ့မလဲ။ နည်းနည်းပါးပါးတော့ စကာ
စမြည်လေးတော့ ပြောကြည့်လိုက်ရသေးတာပေါ့။

တစ်နေ့တာ အစားအသောက် ပုံမှန်အချိုကြီး
ငါးကြိမ်တဲ့။ စိတ်ပါရင် ပါသလို ပါးစပ်ထဲသွင်းလိုက်တတ်တ
မျိုးတွေကတော့ မရေတွက်နိုင်။ ထမင်းဆို သုံးပန်းကန်၊ ကြေးအို
ဆိုနှစ်ပွဲ၊ ချေဒိုးနတ်ကတော့ နှစ်ဘူးဆို အသာလေးပင်ဖြစ်က
ဆီချက်တို့၊ မြီးရှည်တို့၊ ရှမ်းခေါက်ဆွဲတို့လို ခပ်နည်းနည်းပဲ
(တယ်ဟု သူပဲအဆိုရှိ)သော ဟာမျိုးလေးတွေကျတော့ လေး
လောက် ဆက်တိုက်ပစ်သွင်းလိုက်မှ နေသာထိုင်သာရှိပါသတဲ့



"နင့်ဟာက နံပါတ်တစ်ဂဏန်းကို လုံးဝဆန့်ကျင်ထားတဲ့
သဘောများလား။ ဘာပဲစားစား တစ်ပွဲတို့ တစ်ပန်းကန်
တို့ပဲ စားကြည့်ဖို့ ခေါင်းထဲမှာ တစ်ဂဏန်းလေး ဘာလေး
နည်းနည်းမှ ရောက်မလာပေဘူးလား"

စိတ်ပေါက်ပေါက်နဲ့ အော်မေးလိုက်တော့လေ လိုက်
...င်းသံကြီးနဲ့ ...

"စားသောက်ပြီးလို့ အအေးသောက်ရင်တော့ စပရိုက်
(Sprite) ဘူးကို တစ်ဘူးပဲ သောက်ပါတယ် အန်တီရဲ့"

"2.5 Lit ဘူးကြီးမှ ဟုတ်ရဲ့လား"

ရွဲ့ပြီးမေးတာကို "ဟုတ်ကဲ့"တဲ့။ အမယ်လေး ...
...လေ။ ရပ်ကြည့်လိုက်တာနဲ့ မိဘကချမ်းသာပုံချမ်းသာလက်နဲ့မို့
...သူတို့သားအတွက် စားစရိတ်ကို တစ်သက်လုံး တာဝန်ယူနိုင်တယ်
...သား။ အသက်(၄၀)ကျော်တာနဲ့ သွေးတိုး၊ နှလုံး၊ ဆီးချိုတွေ
...က တန်းစီပြီးတော့ကို ဝင်လာမှာ။ ကိုယ့်သမီးခများ ကိုယ့်လိုပဲ
...ယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဖြစ်နေရမှာ တန်းနေတော့တာပေါ့။
...တောင် မပြောနိုင်။ (၂၀)ကျော်ကလေးနဲ့တင် Cholesterol
...တွေ၊ Triglyceride တွေ တက်ချင်တိုင်းတက်နေမယ့်ရုပ်။ သွေး
...မ်းဖောက်ကြည့်လိုက်ပြီး Lipid profile result စာရွက်ကြီး သူ့
...ျက်လုံးနားကပ်ပြကာ "ဒီလိုသွေးအခြေတွေနဲ့နင်က ငါ့သမီးကို
...သာကြိုက်စရာလားဟဲ့"လို့ပင် ကျုံးအော်လိုက်ချင်သည်။

မနက်အိပ်ရာထတော့တဲ့ကော။ သင်တန်းရှိရင် သင်
...တန်းချိန်မီအောင် ရှစ်နာရီတဲ့။ "ဒါဖြင့်မရှိရင်ကော"ဆိုတော့ ...

ပြီးနေတယ်လေ အတ္တသောက။ ခုတောင် စကားပြောနေရင်းနဲ့ တစ်ချက် တစ်ချက်မှာ မျက်လုံးက မှိတ်မှိတ်သွားချင်တာ၊ ငိုက်ငိုက်ကျသွားတာများလား။ အလုပ်အရှုပ်များကျတော့လည်း တစ်နေ့ စားတာတောင် ဖွန်းကိုင်လက်က ပန်းကန်ကနေ သူ့ပါးစပ်ဆီ ရောက်ဖို့အရေး နာရီဝက်။ ရေလေးဖန်ခွက်တစ်ခွက် အပြည့်ငှဲ့ နေတာက တစ်နာရီ။

ထကြွနိုးကြားမရှိပုံများ ပြောပါတယ်။ ဒီလိုလူမျိုး ကို သူ့ဘော်ဒီဝိတ်ကြီးကျပါဖို့အရေး "သားရေ ... လာလော့ မနက်စောစော ထပြေးကြရအောင်။ လေ့ကျင့်ခန်းလေး မြန်မြန် သွက်သွက် နာရီဝက်လောက် လုပ်ကြရအောင်"စသဖြင့် ဘယ်ဆွဲ ဆွယ်ယူလို့ ရနိုင်မလဲ။ "ဟောရင်းနဲ့သာ ပျံလွန်တော်မူမယ် ဆန်ဖြူဖြူတစ်ခွက် မရနိုင်"ဆိုတာ ဒီလိုလူစားမျိုးပဲ ဖြစ်မှာပါ။

မိဘအသိုင်းအဝိုင်းလေးကောင်းတာ၊ ပညာရေးလေး မဆိုးတာကို မချိတရိနဲ့သာ နှမြောရရင်း "အေး ... အေး ... ပြန် နိုင်ပါပြီကွယ်"လို့ ခပ်မြန်မြန် အချိန်မဆွဲ ပြန်နှင်လွှတ်တာတောင် မှ တစ်ခုပြီးတစ်ခု သူချည်း မှာမှာစားသွားတာတွေကို ရှင်းလိုက် ရတာချည်းကပဲ နှစ်သောင်းကျော်ပါသည်။ အဲဒီထဲမှာ ကိုယ်သောက် ထားတာက (၁၅၀၀)ကျပ်တန် ကော်ဖီလေးတစ်ခွက်ပဲပါသည်။ ဒါတောင် ညစာအချိန်မဟုတ်ဘဲ အဆာပြေချိန်စားတဲ့သဘောမျိုး မို့။ ညစာသာ ခေါ်ကျွေးမိရင်တော့ နှစ်ယောက်တည်းနဲ့ သိန်း ကျော်ရှင်းလိုက်ရမလား မဆိုနိုင်ပေ။

"ဘယ့်နှယ်နေလဲ မေမေ"



ညဘက်ကျတော့ ချာချာနဲ့ ပြန်တွေ့ဖြစ်ကြစဉ် မေးလာတဲ့သမီးကို "နည်းနည်းလေးတော့ အိုဗာဝိတ်ဖြစ်တာပေါ့ ကွယ်။ အဲဒါကြောင့် ပယ်တယ်ဆိုရင် ခဏျာမှာ ရှက်သွားရာပါ မယ်။ စကားပြောရတာ သိပ်အဆင်မပြေဘူးလို့ မေမေကပြော ဘယ်လို့ပဲ ပြောလိုက်ပါ။ နောက်လူတွေ ကြည့်ကြသေးတာပေါ့" ဟုသာ မှုယုတ်မလွန်လေး ပြန်ဖြေရပါသည်။ စိတ်ရင်းထဲရှိတဲ့ အတိုင်း ပြောရရင် "ငါ့သမီးကို လာကြိုက်မနေနဲ့၊ ဆင်မတစ် ကောင်ကောင်နဲ့သာ နီးစပ်နိုင်အောင် ကြံပေတော့လို့ ပြောလိုက်" လို့သာ အကြောင်းပြန်ချင်မိတော့တာ။

ဒုတိယတစ်ယောက်ကကော ...။ အမယ်လေး ... ခုလေးတင် တွေ့လာတာနော်။ သူများတကာ စားသောက်ဆိုင်ထဲ မှာ ဆရာဝန်မတစ်ယောက်တန်မဲ့ ရုပ်ပျက်ဆင်းပျက်နဲ့ပင် အန်ချ ခံတော့မလို့။ "မေမေ ... အဲဒီကောင်က ငပြောင်နော်၊ နည်းနည်း တော့ သည်းခံရလိမ့်မယ်"လို့ ချာချာက ကြိုသတိပေးလိုက်ပေ မယ့် ကိုယ့်ကိုယ်ကိုယ် "ငါ အသက်မကြီးသေးဘူး၊ လူငယ်တွေနဲ့ အပြိုင် ကဲနိုင် ချေနိုင်၊ လန်းနိုင်သေးတယ်"လို့ချည်း တွက်ထား ဘတ်တဲ့ သစ်သစ်က "ခုခေတ်ကောင်လေးတွေ အလကားနေရင်း ရှက်နာပြောင်တာလောက်များ အပျော့ပေါ့"ဟုသာ။ ချာချာကိုပင် "Don't worry, Be happy"ဆိုတဲ့ သီချင်းလေးတောင် ဆိုပြခဲ့မိ သေးတာပါ။

ကိုယ်တိုင်ကြုံတော့လား !...။ ဘယ်လိုလုပ်ပျော် ပျော်နေနိုင်ပါ့မလဲ။ သူ့ဟာက "ငပြောင်"မှ မဟုတ်တာ။ နှစ်မိနစ်

တစ်ခါလောက် မျက်နှာထားပြောင်းနေတတ်တဲ့ရုပ်ဟာ ဆေးပညာရှုထောင့်ကကြည့်ရရင် အကြောဆွဲနေတာ(Neuralgia)ဖြစ်ချင်ဖြစ်၊ ဒါမှမဟုတ် (Neurotic Disorder)အူကြောင်ကြောင်နဲ့ စိတ်အနည်းငယ်မှုမမှန်သော သူတစ်ယောက် မဟုတ်ဘူးလား။

ခုပဲတည်၊ ခုပဲရယ်။ အမယ်လေး ... ကြောက်လိုက်တာ။ အဲဒီလိုရုပ်မျိုးကို ဘာစိတ်မှမဝင်ဘဲ အေးဆေးထိုင်ကြည့်နေနိုင်ရအောင် ကိုယ်က ဆရာဝန်ဆိုပေမယ့် စိတ်ကျန်းမာရေးပါရဂူ(Psychiatrist)တစ်ယောက်မှ မဟုတ်တာ။ သားဖွားမီးယပ်အထူးကုပဲ။ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ပါဘူး။ ချာချာလေးတောင်မှ ကွန်ပျူတာစွဲ့စွဲပြီး နဂိုတည်းကိုက အူကြောင်ကြောင်ရယ်။ ဒီလိုရုပ်မျိုးကို နေ့တိုင်းထိုင်ကြည့်နေရရင် သူပါ သွက်သွက်လည်ထွက်သွားတော့မှာပေါ့။

ငယ်ငယ်ရွယ်ရွယ်နဲ့ လေများဖြတ်ထားသလားလို့တောင်မှ ထင်လိုက်မိပါသေးတယ်။ ရယ်လိုက်ပြန်တော့လည်း "ဟေ ဟေ ဟေ"တဲ့။ ရယ်သံဆိုတာမျိုးဟာ စာနဲ့ရေးပြရရင် "ဟဲဟဲ"တို့၊ "ဟင်းဟင်း၊ ဟိုးဟိုး၊ ဟားဟား၊ ဟီးဟီး"စသဖြင့် ရေးကြရပေမယ့် အတိအကျ အသံထွက်အတိုင်းက စာနဲ့ရေးပြနိုင်တာမျိုးမှ မဟုတ်ဘဲ။ မနီးရိုးစွဲလေးတွေပေါ့။ သူ့ကျကာမှ စာသံစစ်စစ်ကြီး။ ပြီးကျ တစ်ခါမှ မကြားဖူး၊ မဖတ်ဖူးပါဘူး "ဟေဟေ"ရယ်လို့ပဲ။ ကြောက်စရာကြီး။

အရယ်ကလည်း သန်သလားမမေးနဲ့။ အဲဒီလိုအသံမျိုးကြီးနဲ့ သူကရယ်,ရယ်ချလိုက်တိုင်း လူကတွန့်တွန့်သွားမိပြီး



ကြာကြာနေတော့ အန်ချင်လာရတော့တာပေါ့။ မျက်နှာတင်မကသက်တွေကပါ အလိုလိုနေရင်း တလှုပ်လှုပ် တရွရွ ဖြစ်နေတော့ကာ "စားပွဲပေါ်က ဘာတစ်ခုခုကို ကောက်ကက်ဆွဲကိုင်ပြီး ငါ့ဘာများလုပ်ထည့်လိုက်မလို့လဲ"ဟု စိုးရိမ်မကင်းစိတ်နဲ့ သူ့လက်တွေကိုချည်း အလစ်မပေးရဲဘဲ စိုက်ကြည့်နေရတာ မျက်တောင်တောင်မှ မခတ်ရဲ။ ကြာလာတော့ ဇက်ကြောတက် ခေါင်းကိုက်ပြီး ပိုအန်ချင်တာပေါ့။

စကားများလိုက်တာဆိုတာ။ ကပေါက်တိကပေါက်ချာမျိုးစုံကို သူပဲပြော၊ သူပဲရယ်။ သူပြောမှုတွေကိုလည်း ရယ်စရာတွေဟုချည်း သတ်မှတ်ပြီး သူ့ကိုယ်သူ "ဟာသပညာရှင်"အဖြစ် အထင်မှားနေဟန်တူသေးသည်။ တကယ်တော့ တစ်စက်မှမရယ်ရလေတဲ့ သူ့ဟာသတွေဟာ သူတစ်ပါးကို မျက်လုံးချင်းဆိုင်၊ တည့်တည့်ထိုင်ပြီး ဇော်ကားနေတာနဲ့တောင်မှ တူသေးသည်။ သူ့မိဘ၊ ညီအစ်ကိုမောင်နှမများမှာတော့ တစ်နေကုန် ရယ်နေရလွန်းလို့ ညရောက်ရင် ညောင်းချိနေပြီဖြစ်တဲ့ မေးရိုးတွေကို အမှုလေး၊ အနဲလ်ဂျက်ဆစ်လေး တစ်ခုခုလိမ်းပြီးမှ အိပ်ကြရပါသတဲ့။ ဒုက္ခ။

သူ့သာ သမက်ရွေးမိရင် ချာချာတော့ တစ်နေ့တစ်နေ့ အန်နေရတာနဲ့တင် Dehydration (ရေဓာတ်ခန်းခြောက်ခြင်း) နဲ့ Hypokalemia (ပိုတက်စီယမ်ဓာတ်ချို့တဲ့ခြင်း)တွေဖြစ်ပြီး မြန်မြန်ကိစ္စချောမည်။ ဟိုတစ်ယောက်နဲ့လို မှဆိုးမတော့ မဖြစ်နိုင်ပေမယ့် ကိုယ်တိုင်က "သွားလေသူကြီး"ဖြစ်ရမယ့် အပေါက်မျိုး။

"မေမေ အဆင်မပြေနိုင်ပြန်ဘူး မဟုတ်လားဟင်"

"အဲဒီလိုတောင်မှ မေးနေစရာလား ချာချာရယ်"

"အဲဒါကြောင့် မေမေ့ကို ပြောသားပဲ။ အဲဒါမျိုးတွေချည်းမို့လို့ ချာချာက အားလုံးကို ငြင်းပစ်ပြီးသားပါ ဆိုတာကို အလကား အပင်ပန်းထပ်ခံနေချင်သေးတယ်။ သိပြီမှတ်လား။ ပြီးရောပေါ့။ အချိန်ကုန် လူပန်း၊ စိတ်ဆင်းရဲထပ်မလုပ်ချင်ပါနဲ့တော့"

ချာချာကား ကိုယ်လိုရာဆွဲပြောပြီး ပွဲသိမ်းရန်ကြိုးစားသည်။ ဟိုမိန်းမနန်းနန်းက စိတ်ချရတာ မဟုတ်ဘူးလေ။ နင်ပဲငဆ၊ ခါးခါးသီးသီး မငြင်းဆန်နေတော့တာသာ ရှိလျှက်ကောင်းပြီကောင်းရဲ့လို့ ခေါင်းညိတ်ကတိပေးတာမျိုး ခုထိမှမရှိသေးတဲ့ဟာ။ သူ့စိတ်အခန့်မသင့်ရင် အချိန်မရွေး ထဖောက်ပြန်နိုင်သေးတဲ့မိန်းမ။ ဒီတော့ နောက်ထပ် ဗုဒ္ဓဟူးတစ်ပတ်ကို ထပ်မရောက်သေးခင် ဒီကိစ္စကို မေမေ စိတ်ခတတ်ကျ၊ လက်လျှော့လိုက်တာကသာ အကောင်းဆိုးပေ။

"နေပါဦးအေ။ အချိန်ကုန်၊ လူပန်း၊ စိတ်ဆင်းရဲရတာက အကြောင်းမဟုတ်ပါဘူး။ နောက်တစ်ယောက်လောက် ထပ်တွေ့ကြည့်မိလို့ ပြောစရာလေး၊ ပြောစမှတ်လေး နည်းနည်းလောက်ရရင်တောင် ငါ့မှာ မြင့်မြင့်သန်းတို့ကို ပြန်ပြောစရာစကားရှိပါဦးမယ်။ ခုကျတော့ သူတို့က ဘယ်လိုလဲလို့မေးလာကြရင်တောင် မဖြေရဲ၊ မဖြေနိုင်။ လိမ်ကလည်းမလိမ်ချင်"



"ဟာ ... မေမေကလည်း သိပ်ခက်တာပဲ။ အစောကြီးတည်းက ဘာလို့ ကိုယ့်အစီအစဉ်တွေကို သွားကြိုလျှောက်ပြောထားရတာလဲ။ ဘယ်သူမှ မကောင်းပါဘူးလို့ ချာချာပြောထားရက်နဲ့"

"ဟဲ့ ... သူတို့က တစ်ပတ်ပြီးတစ်ပတ် ဆွတ်တိုက်၊ ဒီအင်တာဗျူးကိစ္စကိုချည်း ဖော်ဆိုကြွားဝါနေကြတာ။ ငါလည်း တကယ်လုပ်ဖြစ်မယ့်ဟာ့။ ပြောထားတာပေါ့။ ဘာဖြစ်လဲ။ လိမ်တာမှ မဟုတ်တာ"

"တကယ်ပေမယ့် အကောင်းမှ မပါတာ"

"ကံလည်းရှိသေးတာပဲ။ သိပ်မဆိုးရင်လည်း ကိုယ့်လက်ထဲရောက်မှ ပြုပြင် ..."

"ခုတွေ့ပြီးတဲ့ နှစ်ယောက်ကို ကိုယ့်လက်ထဲရောက်မှ မေမေ ပြုပြင်မလို့လား ... ပြော"

ကိုယ်တွေ့ဖြစ်သော၊ ဘယ်လိုမှ ပြုပြင်လို့မရ၊ သည်းညည်းခံနိုင်မှာ မဟုတ်တာ အတပ်သိဖြစ်သော ဒေါ်သစ်သစ်တစ်ယောက် တွန့်ခနဲ ဖြစ်သွားရပြန်သည်။

"အဲဒါကြောင့် ပြောတာပေါ့။ စိတ်ညစ်လက်စနဲ့ မထူးဘူး။ နောက်တစ်ယောက်၊ နှစ်ယောက်စာလောက် ထပ်ညစ်ရလည်း မထူးတော့ပါဘူး။ ဘယ်နှယောက် ကျန်သေးတာလဲ။ လွှတ် ... လွှတ် ... လွှတ်သာလွှတ် ... ရတယ်။ ကိုယ့်ဝင့်နဲ့ကိုယ်ပဲ။ တွေ့ပဲတွေ့လိုက်တော့မယ်။ မရှောင်တော့ဘူး"

"ချာချာ့ကိုက အိမ်ထောင်ကျဖို့ ကံမပါဘူးလို့ တစ်ခါတည်းအပြီး စိတ်ဒုံးဒုံးချထားလိုက်ရင် ပြီးနေတဲ့ဥစ္စာ"

"ဟဲ့ … ဘာစကားပြောတာလဲ။ ပေါက်ကရ၊ မဦးမချွတ်၊ ပါးစပ်ပုပ်ကြီးနဲ့ လျှောက်မပြောနဲ့။ ဘာကိစ္စ အိမ်ထောင်ကျဖို့ကမပါရမှာလဲ။ ခုမှ ငယ်ငယ်ကလေးပဲ ရှိသေးတယ်။ အချိန်တွေအများကြီးပဲ ရှိသေးတယ်။ အဲဒီလိုမပြောနဲ့"

ခုနေများ မတော်တဆ၊ အဘက်ဘက်က ပြည့်စုံ ကောင်းမွန်သင့်တော်နေတဲ့ ကောင်မျိုးလေးတစ်ယောက် ချာချာကို လာကြိုက်လိုက်ရင် မေမေတော့ ဤကမ္ဘာပေါ်မှာ အပျော်ဆုံးလူသားတစ်ယောက်ဖြစ်သွားမလား၊ ပျော်လွန်းလို့ Heart Attack ရသွားမလား။ ရူးသွားမလားပင် မဆိုနိုင်ပေ။ ဘယ်လိုမှ လက်ခံရွေးချယ်ခေါင်းညိတ်လို့ မရနိုင်တဲ့ ပေါက်ကရ ဆိုးဆိုးရွားရွား နှစ်ယောက်လောက်နဲ့ ကြုံလိုက်ရရင် စိတ်ဓာတ်က ဟိုးအောက်ထိ ထိုးကျသွားပြီး ဒီကိစ္စ မီးသေသွားမလား မှတ်ပါတယ်။ သူ စိတ်ဓာတ်ကကျလည်း ခဏသာ။ နည်းနည်းလောက် ဒေါသဖြစ်၊ ဝမ်းနည်းလိုက်ပြီးတာနဲ့ နောက်ထပ်လက်ကျန်အတွက် မျှော်လင့်ချက်ပြန်ထားပြီး တက်ကြွလာပြန်သည်။

"အဲဒီလောက်ဘုတ်ထိုင်း၊ အဲဒီလောက် ကြောင်စီတဲ့ကောင်လေးမျိုးတွေလည်း ထပ်မကြုံနိုင်တော့လောက်ပါဘူး။ ကဲ… နောက်တစ်ပတ်ကျ ဘယ်လိုကောင်မျိုးလေး ပေါ်လာဦးမလဲဆိုတာ မှန်းကြည့်လိုက်ဦးမယ်။ အသုံးမကျကြတဲ့အထဲကပဲ ကိုယ့်မျက်စိနဲ့တွေ့သွားတာမျိုးလည်း ရှိချင်ရှိနေဦးမှာပေါ့။ အရာရာက ကံပဲ"



ချာချာက မေမေ မမြင်အောင် တစ်ဖက်သို့လှည့်ပြီး နှုတ်ခမ်းကြီးကို မဲ့ရွဲ့ထော်လန်ပစ်လိုက်သည်။ ရဲထွန်းကိုတော့ "ရှက်မနေနဲ့ အပီသရုပ်ဆောင်ပစ်"လို့ ကျိပ်ကျိပ်ကြီး မှာထားရတော့မှာပဲ။ "ဖက်တီးနဲ့ ငပေါက တာဝန်ကျေတယ်။ နင်ပဲကျန်တော့တယ်"ဆိုရင် ရဲထွန်းကလည်း ငြိမ်နေမှာတော့ မဟုတ်ပေ။

✤ ✧ ✤

မျက်စောင်းထိုးစားပွဲဝိုင်းမှ မိန်းမတစ်ယောက်ကို ခြိမ်းက တတိယအကြိမ်မြောက်အဖြစ် ခိုးကြည့်လိုက်ပါသည်။ အသက်က ခပ်ငယ်ငယ်ပဲ ရှိသေးတာပါလား။ သုံးခါလောက်ခိုးအကဲခတ်ပြီးချိန်မှာ ထိုအစ်မကြီး (အဲလေ)အန်တီဟာ အသက်က"လေးဆယ့်ငါးနှစ်"လောက်ဟု မှန်းလိုက်ရမှာပင် တော်တော်ကို အားနာစရာ ကောင်းနေလိမ့်မည်ဟု ခြိမ်းက သတ်မှတ်လိုက်တာပင်။

နုနယ်ပျို့မျစ်လန်းဆန်းနေတဲ့ ရုပ်မှာမှ ဝင့်ထည်နေသော မာန်တစ်ခု၊ ဂုဏ်တစ်ခုက ရုပ်မှာ အလကားနေရင်းပေါ်လွင်နေကာ သူနဲ့စကားပြောဆက်ဆံမိသူ အပေါင်းဟာ သူ့အောက်မှာ၊ သူစိမ်းရာမှာပဲ နှာခံရှိနေရတော့မယ့် ရုပ်မျိုး။ ဒါပေမဲ့လည်းပဲ အဲဒီလောက် မာန်ဝင့်တင့်တယ်နေသော ပင်ကိုရုပ်ရည်ထဲမှာ "သဘောကောင်းပါတယ်၊ ကြိုဆိုပါတယ်"ဆိုတဲ့ အသွင်ကို မသိမသာလေး တမင်ဖမ်းထားဟန်ရှိနေတာမို့ တစ်ဖက်လူကို အနေရ

မခက်စေဘဲ စိတ်သက်သာနေစေပြန်တာကလည်း သူ့ရဲ့ထူးခြားမှုတစ်ရပ်ပင်။

အဲဒါပဲဖြစ်မည် ထင်ပါရဲ့။ ထိုအန်တီတစ်ယောက်ဟာ သူကိုယ်တိုင်ကလည်း ခြိမ်းကိုကြည့်သလိုလို၊ မကြည့်သလိုလိုလုပ်ပြီး လှမ်း,လှမ်းအကဲခတ်နေသည်ဟု ခြိမ်းက ထင်လာမိပြီ။

"သူကမှာလိုက်တယ်။ သူရောက်လာချင်လာမယ်၊ ရောက်မလာဖြစ်တော့လည်း မလာဘူးပေါ့ကွာ။ အဲဒီအချိန်မှာဖြစ်ပေါ်နေမယ့် သူ့စိတ်ထဲရှိနေတဲ့ ခံစားချက်ပေါ်လည်း မူတည်လိမ့်မယ်။ ပြီးတော့ အလုပ်ကိစ္စတို့၊ လူမှုရေးအခြေအနေတို့နဲ့လည်း သက်ဆိုင်တာပေါ့ကွာ"

တော်တော့်ကို တိတိကျကျမရှိ၊ တစ်ဖက်လူကိုလည်း အလေးမထားမှန်း သိသာလွန်းသော စကားမျိုးပေ။ သို့သော် ကိုယ်က တွေ့ချင်သူလေ။ "ကြွပေးပါ၊ လာရောက်တွေ့ဆုံပေးပါ" ဟု အသနားခံ ဖိတ်ကြားထားတဲ့သူလေ။ "စဉ်းစားဦးမယ်"တို့။ "လုံးဝအသိအမှတ်မပြုနိုင်ဘူး"တို့ စတဲ့ ငြင်းဆိုသံတွေနဲ့စာရင်တော့ မတိကျတာ။ အလေးမထားတာ။ အကျောတင်ပြောဆိုချင်တာမျိုးတွေကို သည်းခံပေးနေရမှာက အများကြီးပိုကောင်းတာပေါ့။

ရှေ့နေကြီးက အတိအကျ မပြောခဲ့သော်လည်းပဲ သူ ဟိုတစ်စ ဒီတစ်စ လျှောက်ပြောနေသမျှတို့ထဲက ကိုယ့်ဘာသာ ထင်ရာမြင်ရာ ဆွဲတွေးပြီး ဇာတ်လမ်းဆင်ကြည့်ရရင် ခြိမ်းဟာ အမေ့အတွက် အဖေမပေါ်တဲ့သားလည်းပဲ ဖြစ်နိုင်သည်။



ဒါမှမဟုတ် အစော်ကားခံလိုက်ရတာမျိုးလည်း ဖြစ်နိုင်သည်။ အဲဒါကြောင့်ပဲ အမေ့ခမျာလည်း အတိတ်က အရိပ်မည်းကို ပြန်ပြောင်းငဲ့စောင်းလို့တောင် မစဉ်းစားချင်တော့တာမျိုး ဖြစ်နေတာနေမှာပါ။

ခြိမ်းကို မြင်နေရရင် သူ့ဘဝရဲ့နာကြည်းချက်တွေကို ပြန်လည်တူးဆွရ၊ သူ ခံစားနားကျင်ခဲ့ရတာတွေကို ပြောင်လှောင်ပြားတိုက်ရာပဲ ရောက်နေတော့တာမို့ နှစ်အစိတ်ကြာမှ "ဘွား"ခနဲ ပြန်ပေါ်လာတဲ့ သားဖြစ်ပေမယ့်လည်း ဝမ်းသာအားရကြိုဆိုနိုင်ခြင်း ရှိချင်မှရှိရာပေမည်။ ရင်ထဲမှာမချိပေမယ့်၊ မခံစားချင်ပေမယ့် ခြိမ်းက နားလည်ပေးနိုင်ပါသည်။

"ကျွန်တော်က သူ့ကို နာမည်ရင်းလည်းမသိ၊ ရုပ်ကိုလည်း မမြင်ဖူး။ ဘယ်သူဘယ်ဝါရယ်လို့ ဘာတစ်စွန်းတစ်စမှ မသိနိုင်တဲ့ အနေအထားမျိုးမှာ အဲဒီစားသောက်ဆိုင်ထဲကို ရောက်သွားလိုက်ပြီး ဘာဆက်လုပ်ရမှာလဲ ခင်ဗျာ။ ဆိုင်ထဲမှာ အမေအရွယ်၊ အဒေါ်အရွယ် မိန်းမကြီးတွေ အများကြီး ရှိနေနိုင်တာကို ဘယ်သူ့ကို ဘယ်လိုစပြီး ဆက်သွယ်မေးမြန်းလိုက်ရမှာလဲ"

"ဒါကိုမပူပါနဲ့ မောင်ခြိမ်း။ သူ့စိတ်ထဲ တွေ့ချင်တဲ့ဆန္ဒရှိလို့ အဲဒီဆိုင်ထဲအထိ ရောက်လာပြီးတာတောင် ဆိုင်ထဲမှာ သူ့အသိုင်းအဝိုင်းနဲ့ မကင်းတဲ့ တစ်ယောက်ယောက်၊ အခြေအနေတစ်ခုခုနဲ့လည်း ထပ်ကြုံနေနိုင်သေးတယ်လေ။ ဆိုင်ထဲထိ ရောက်လာခဲ့ပေမယ့် မင်းကို လာကြည့်ရုံလောက်၊

မြင်ဖူးသွားအောင် လုပ်ချင်ရုံလောက်ပဲ စိတ်ဆန္ဒ ဖြစ်ပေါ်လာတော့မယ်ဆိုလည်း မင်းက နားလည်ပေးပါ။ နောက်တစ်ချီ၊ နောက်တစ်ကြိမ်ကို ပြန်စောင့်ပါလို့ အနကယ်တောင်းပန်ပါတယ် ငါ့တူ။ အဲဒီလိုမဟုတ်ဘူး ဆိုရင်တော့ သူကပဲ စတင်ပြီး မင်းကို လာခေါ်နှုတ်ဆက်ပါလိမ့်မယ်။ မင်းကို အပြင်မှာ မမြင်ဖူးသေးပေမယ့် မင်းရုပ်ကိုတော့ သူ ကြိုသိနေမှာပါ"

ရှေ့နေကြီးနဲ့ ပြောဆိုဖြစ်ခဲ့ကြတာတွေကို ပြန်အမှတ်ရပါသည်။ ခုလိုဆိုရင်တော့ ခြိမ်းရဲ့မိခင်ရင်းဆိုတဲ့သူဟာ ဆိုင်ကိုရောက်လာချင်တဲ့ ဆန္ဒလည်း ရှိခဲ့တယ်။ ခြိမ်းကို လာကြည့်လိုက်ရုံလောက်မက,ဘဲ စကားစမြည် လက်ဆုံကျ၊ ခေါ်ပြောဖို့လည်း ဝန်မလေးလှဘူးလို့ပဲ မှတ်တော့မည်ထင်ပါရဲ့။ မြင်နေရတဲ့မိန်းမတစ်ယောက်ရဲ့ ရုပ်ရည်ထဲမှာ ကြိုဆိုဖော်ရွေလိုတဲ့ဟန်တွေကို ခြိမ်းက ရိပ်မိသိမြင်နေရတယ်လေ။

သူပဲ ဖြစ်မှာပါ။ စားသောက်ဆိုင်တစ်ခုမှာ ချိန်းလိုက်တယ်ဆိုတော့ ကိုယ်မမြင်ဘူးတဲ့ အမေအရွယ်အမျိုးသမီးကြီးတွေ အများကြီး ရှိနိုင်တာပဲဟု ခြိမ်းက ကြိုစိတ်ပူခဲ့ပေမယ့် ခုကျတော့ ဆိုင်ကလေးက လူခပ်ရှင်းရှင်း။ အတွဲတစ်တွဲရယ်၊ လေးငါးခြောက်နှစ်သား ကလေးတစ်ယောက်ပါ,ပါသည့် အဖေအမေနှစ်ယောက်နဲ့ မိသားစုတစ်စုရယ်။ ဒါပဲ။ ကျန်တာက တစ်စားပွဲစီသီးသန့်ဖြစ်နေကြတဲ့ ခြိမ်းနဲ့ အဲဒီအန်တီတို့ရဲ့စားပွဲနှစ်ခုရယ်ပဲလူရှိတော့တာပင်။



ဒီလောက် ရုပ်ရည်နုဖပ်ဖပ်နဲ့အမေဟာ အသက်အစိတ်အရွယ် သားတစ်ယောက်ကို မွေးထုတ်ထားနိုင်ဖို့ သူ့အသက်ဘယ်နနှစ်လောက်ကလေးနဲ့ ကိုယ်ဝန်ဆောင်ယူလိုက်ရရှာတာပါလိမ့်။ အင်မတန် သနားစရာ။ ကရုဏာသက်စရာ ကောင်းလှတော့တာပင်။ သူသာ လေးဆယ်ငါးနှစ်လောက် မပြည့်နိုင်သေးရင် အသက်နှစ်ဆယ်တောင်မှ မပြည့်သေးခင်မှာ လောကကြီးရဲ့ဆိုးဝါးမှုတစ်ခုနဲ့ ရင်ဆိုင်လိုက်ရရှာတာပေါ့။ ရင်သွေးဖြစ်သူကိုမွေးဖွားပြီးပြီးချင်းမှာပင် စွန့်ပစ်ခဲ့ပါသည် ဆိုမှတော့ သူလွယ်ယူလိုက်ရတဲ့ ကိုယ်ဝန်ဟာ သူ့ဆန္ဒမပါတဲ့၊ သူ မလိုချင်တဲ့ကိုယ်ဝန်ဆိုတာ သေချာသလောက်ပဲလေ။ ခုချိန်မှာ "ခြိမ်း"ဆိုတဲ့သားတစ်ယောက်ကို တွန်းထုတ်၊ ပုတ်ထုတ်ပစ်ဖို့ချည်း ဆန္ဒရှိနေမယ်ဆိုလည်း အပြစ်ရယ်လို့ မဆိုသာတော့ပါဘူးလေ။

ခြိမ်းက နောက်တစ်ကြိမ် ထပ်လှည့်ကြည့်လိုက်ကာ ဒီတစ်ခါမှာတော့ "မင်းကို သူကပဲစပြီး ခေါ်ပြောနှုတ်ဆက်ပါလိမ့်မယ်"ဆိုတဲ့ ရှေ့နေကြီးရဲ့စကားကို မေ့ပစ်ဆန့်ကျင်လိုက်တော့ကာ ကိုယ်ကပဲစပြီး ယို့ယို့ကလေး ပြုံးပြလိုက်ပါသည်။ ခြိမ်းရဲ့အပြုံးကို တည့်တည့်ကြီး စိုက်ကြည့်မိသွားတဲ့အခါ အဲဒီအန်တီသည်လည်း ဝမ်းသာအားရဟန်ကို မထိန်းနိုင်တော့ဘွာနှင့် ...

"တို့နဲ့ချိန်းထားကြလို့ လာစောင့်နေတဲ့ သူများလား"

ခြိမ်းက ထိုင်နေရာက မတ်တတ်ထရပ်လိုက်ပါသည်။

"နေ ... နေ ...။ တို့ပဲ စားပွဲကူးလာလိုက်ပါ့မယ်။ ထင်တော့ထင်တယ်၊ ဒါပေမဲ့ ဒီစားပွဲကိုပဲ တန်းလာလိုက်တာ

မျိုးမဟုတ်တော့ ဟုတ်မှဟုတ်ပါ့မလားလို့။ ဒီလောက်ကြည့်ကောင်းပြီး ကိုယ့်စိတ်ကြိုက်တွေ့ချင်စရာ ရုပ်မျိုးလေးဖြစ်နေလိမ့်မယ်လို့လည်း မျှော်လင့်မထားမိဘူး ဆိုတော့လေ"

သွက်သွက်လက်လက်နှင့် ဝိုင်းကူးလာသည့် အမေ (အဲ)အန်တီတစ်ယောက်ကို ခြိမ်းကဝမ်းမြောက်နှစ်လိုစွာ ပျာပျာသလဲ ရိုရိုကျိုးကျိုး ကြိုဆိုလိုက်ပါသည်။ ခုံဆွဲထုတ်ပေးထားတာကို အလိုက်သင့် အချိုးတကျ လှလှပပကလေး ဝင်ထိုင်လိုက်ပြီးတဲ့အခါ ...

"တို့က (......)ဆေးရုံကြီးက သားဖွားမီးယပ်ပါရဂူ ဒေါက်တာ ဒေါ်သစ်သစ်စိမ်းပါ။ မင်းက တို့နဲ့တွေ့ဖြစ်ဖို့ ရောက်လာတဲ့သူပဲ မဟုတ်လား။ နာမည်က ..."

ဒေါ်သစ်သစ်စိမ်း ... တဲ့။ အိုဂျီတဲ့။ ဆရာဝန်မကြီးတဲ့။ ခြိမ်းမှာ ဝမ်းသာလှသော ရုပ်ရည်ကလေးနှင့် ...

"ကျွန်တော် မိုးခြိမ်းပါခင်ဗျာ"

"အိုး ... မိုးခြိမ်း ! ကောင်းလိုက်တဲ့နာမည်ကလေး။ ကဲ ... ကဲ ... လုပ်ပါဦး၊ တို့ ဘာမှကြိုသိမထားရသေးတဲ့ မင်းရဲ့ Biography လေး အကျဉ်းချုပ်ပေါ့။ တို့ကို ချာချာက ဘာမှ တိတိကျကျ ကြိုမပြောပြလိုက်ဘူးလေ"

"ချာချာ"ဆိုတာက ဘာပါလိမ့်။ သူ့ကိုခြိမ်းရဲ့ အကြောင်းတွေကို ကြိုပြောပြထားနှင့်ဖို့ တာဝန်ရှိသူတစ်ယောက်ယောက်ကို ဆိုလိုတာပဲ ဖြစ်ပါလိမ့်မည်။ သူ့ရဲ့အတွင်းရေးမှူးတို့ ဘာတို့ ဖြစ်နိုင်သလို ရှေ့နေကြီးကိုပဲ ပြောနေတာများလား။



"ကျွန်တော်က ဩစတြေးလျားက ပါ့သ်မှာ အမေနဲ့နေပါတယ်။ အမေ ... အဲ ... အမေကတော့ မရှိပါဘူး။ ကျွန်တော် Royal Melbourne Institute of Technology (RMIT) ကနေ စီးပွားရေးဥပဒေဘွဲ့နဲ့ ဒီကရီရခဲ့ပြီးပါပြီ။ အခု အဆင်ပြေရင်တော့ မွေးရပ်မြေနဲ့ ဇာတိချက်မြုပ်ဖြစ်တဲ့ မြန်မာနိုင်ငံမှာပဲ အခြေချခွင့်များရနိုင်မလားလို့ ခင်ဗျ"

"ဝိုး ... တော်လိုက်တာ ကြည့်စမ်း။ ငယ်ငယ်ကလေးနဲ့ ပညာရေးမှာ ပြည့်စုံနေတယ်ပေါ့။ အသက်က ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော် လာမယ့်စက်တင်ဘာမှာ (၂၅)နှစ်ပြည့်မှာပါ"

"ဩော် ... (၂၅)နှစ်တောင် ရှိသွားပြီလား။ ဒါနဲ့ မိဘက ဘာလုပ်တာလဲ"

"ဒက်ဒီကလည်း ဆရာဝန်ကြီးပါ။ **Child Specialist** ပါ။ တကယ်တော့ ဒက်ဒီက လူပျိုကြီးပါ။ ကျွန်တော့်ကို ငယ်ငယ်ကလေးတည်းက မြန်မာပြည်က နယ်ဆေးရုံတစ်ခုကနေ မွေးစားခဲ့တာပါ"

"အိုကေ ... ကိစ္စမရှိဘူး။ အဲဒီတော့ ဟိုကနေ လာနေတာဆိုတော့ ဒီမှာ ဘယ်မှာနေနေလဲ"

"ကျွန်တော် ခုတော့ ကျွန်တော်တည်းခဲ့တဲ့ ဟိုတယ်ကပဲ ကူညီပေးလိုက်တာနဲ့ ပုလဲကွန်ဒိုမှာ တိုက်ခန်းတစ်ခန်းငှားလိုက်ပါတယ်။ အဲဒီမှာပါ"

"ခုလောလောဆယ်တော့ မြန်မာပြည်မှာ အလုပ်တစ်ခုခု မရှိသေးဘူး ဆိုပါတော့"

"ပါ့သ်မှာလည်း မရှိခဲ့ပါဘူး ခင်ဗျ။ ကျောင်းပြီးထားတာ လပိုင်းပဲ ရှိပါသေးတယ်။ ဒီမှာ အဆင်ပြေနိုင်မယ်ဆိုရင် တော့ ဒီမှာ တစ်နှစ်တန်သည် နှစ်နှစ်တန်သည် အခြေချ နိုင်ဖို့ ဘယ်လိုအလုပ်မျိုး လုပ်ရရင် အဆင်ပြေမလဲမသိ ဘူး။ ဒီမှာ ကျွန်တော့်ရည်မှန်းချက်က အဆင်မပြေနိုင်တော့ ဘူး ဆိုမှသာ ပါ့သ်ကိုပြန်ပြီး ကျွန်တော်. ဒီကရီနဲ့သက် ဆိုင်တဲ့အလုပ်မျိုးကို ရှာမှာပါ"

"ဒီမှာက တစ်နှစ်၊ နှစ်နှစ်ပဲ အခြေချမှာလား။ ပြီးရင်ဟိုပဲ ပြန်မှာမျိုးလား၊ ဘာနိုင်ငံသားလဲ"

"ကျွန်တော် မြန်မာ Citizen ပါခင်ဗျ။ ဒီမှာပဲ သေတစ်ပန် သက်တစ်ဆုံး ပြန်အခြေချဖြစ်ဖို့ ဆိုတာက ကျွန်တော့်ဘဝ ရဲ့ရှေ့ရေးကို ခုလောလောဆယ် ကျွန်တော်ကိုယ်တိုင်က မဆုံးဖြတ်နိုင်ဘူး ဖြစ်နေတာပါ။ အကယ်၍ပေါ့လေ 'မင်း ဒီမှာပဲ နေတော့'လို့ တိတိကျကျပြောမယ့်သူမျိုး ရှိလာ မယ်ဆိုရင်တော့ ကျွန်တော်က ပါ့သ်က ဒက်ဒီကို ခွင့်တောင်း ပြီး တစ်မျိုးဆုံးဖြတ်ရမှာပါ။ ဒက်ဒီကလည်း နားလည်မှု အပြည့်အဝရှိတဲ့ လူတစ်ယောက်ပါ"

ဒေါ်သစ်သစ်စိမ်းရဲ့ ရင်ထဲမှာ "တဒိတ်ဒိတ်"နဲ့ အခုန်မြန်ကာ နလုံးတုန်ရင်ခုန်နေရသည်မှာ ချာချာတို့အဖေကို အဖြေပေးလိုက်ရတဲ့နေ့ကအတိုင်း။ အစစအရာရာကို Plan (အစီ အစဉ်)ချကာ ဦးနှောက်နဲ့ချည်း လှုပ်ရှားဆုံးဖြတ်ခဲ့သည် ဆိုပေမယ့် ပညာတော်၊ အသိုင်းအဝိုင်းကောင်း၊ ပိုက်ဆံချမ်းသာ၊ စိတ်ထား မြတ်၊ ရုပ်ရည်တင့်တယ်၊ ကိုယ့်အပေါ်မြတ်နိုး ဆိုတဲ့ ယောကျ်ား



းဧ်ယောက်ကို မျှော်လင့်အကွက်ချခဲ့သလိုပဲ လက်ဝယ်ပိုင်ပိုင် ဘော့မယ့်ကိစ္စ။ ရင်မခုန်ဘဲ စိတ်မလှုပ်ရှားဘဲ ရှိခဲ့ပါ့မလား။ ချာ့အဖေကို အဖြေပေးရသည့်နေ့က သစ်သစ်တစ်ယောက် ဘ်လွန်းလို့ မျက်ရည်များပင် လည်ခဲ့ရသည်။ အခုလည်း ထို ည်းလည်းကောင်းပင်။

ရုပ်ရည်ကလေးကလည်း ကြည့်ပါဦး။ ပညာရေးက တော့ RMIT ကပင် ဘွဲ့ရထားတာတဲ့။ မိဘကလည်း ဟိုမှာပဲ ဘာဝန်ကြီး။ စကားပြောဆိုကြည့်ရသလောက်လည်း လူမှုဆက်ဆံ းနဲ့ စိတ်ဓာတ်ကလေးက ညက်နေ၊ ကောင်းနေလိုက်တာ။ ာလိုသေးလဲ။

ဒါကိုပင် ဟိုဟာမ မိချာချာက ဘာကိုငြင်းပယ်ထား ာများပါလိမ့်။ အမေလုပ်တဲ့လူတောင် ရင်ခုန်နေရတာ။ သင်းက ်းကားပြတ်တောက်လှတဲ့စိတ်ကြီးနဲ့။ ငယ်ကတည်းက မိဘမဲ့ဖြစ်ပုံ ြီး သူများမွေးစားသားတစ်ယောက် ဖြစ်နေလို့ဆိုတဲ့ အချက်နဲ့များ ယ်ထားသလား။ အဲဒါများ ဘာ့ပယ်လောက်စရာရှိသလဲ။

အလကားဟာမ။ ဒီလောက်ပြည့်စုံလှသူမျိုး သူ ယ်မှာထပ်ရှာတွေ့နိုင်တော့မလဲ။ ဒါမှမဟုတ် အဲဒီဝျင်းမဟာ င်ငံရပ်ခြားမှာ အခြေချနိုင်တဲ့သူမျိုးမို့ ခါးခါးသီး ငြင်းထုတ်ထား ာများလား။ ဒီမှာ ကျောင်းလည်းပြီး၊ သင်တန်းတွေလည်းပြီး ာနီးပြီမို့ "စိတ်ချရလောက်တဲ့ အသက်အရွယ်လည်း ရောက်ပြီ၊ ယ်မှာကျောင်းသွားဆက်တက်ချင်သလဲ၊ ကိုယ့်ဘာသာပဲစဉ်းစား း"ဆိုတာကိုပင် "ဘယ်မှမသွားချင်ဘူး"ဟု အာပြဲကြီးနဲ့အော် ျင်ယောင်ဆောင်ပြီး ဂျီကျတတ်တာ ချာချာပင်။

အမေရိကား၊ အင်္ဂလန်၊ ဩစတြေးလျားတို့ဝေးလို
လှုတကာ အိမ်ဦးနဲ့ကြမ်းပြင် သွားလာနေကြတဲ့ စင်ကာပူလိုနေ
မျိုးတောင် တွန်းလွှတ်လို့ရမည့်ပုံ မပေါ်သေးပါ။ "အမေ့ကိုမ
နိုင်လို့"ဘာညာမျိုးစုံ အကြောင်းပြနေပေမယ့် တကယ်တမ်းက
တော့ သူပျင်းလို့ဆိုတာ အသိသာကြီး။ ဟိုမှာသွားနေရင် ခုလိုမျိုး
ထမင်းပွဲရှေ့ရောက်၊ ရေမချိုးချင်လည်း ကျိုးလုံးပြီး ပျင်းတွဲထိုးအိပ်
နေဆိုတာမျိုး ရနိုင်တော့မလား။ အဲဒါကြောင့်ပဲ ခြေကန်ငြင်းနေတာ

"အန်တီကလည်း ဒီမှာပဲ အခြေကျပြီးနေပြီဆိုတော့ သား
ရယ်။ ချာချာကလည်း နိုင်ငံရပ်ခြားမှာ နေရမှာလော
စိတ်ပျက်စရာကောင်းတာ မရှိတော့ဘူးချည်း ပြောပြော
တာကွယ်"

ပါလဲပြန်ပြီ ချာချာ။ သို့သော် "သား"ဟူသော
အခေါ်အဝေါ်လေးတစ်လုံးမှာ ဖရဏာပီတိ၊ ဝမ်းဆီထိသလို စိတ်
အချမ်းသာကြီးသာ၊ ကြည်နူးဝေဖြာသွားခဲ့ရတဲ့ ခြိမ်းမှာ ကိုယ့်ရှေ့
က ဒေါ်သစ်သစ်စိမ်းကို တစ်ထိုင်တည်းနဲ့ပင် ချစ်ခင်အားကိုး
သံယောဇဉ်တွေ ကြီးသွားခဲ့ရတော့တာပင်။

ငယ်ကတည်းက လစ်ဟာခဲ့ရတဲ့ **Mother Figu**
(မိခင်ပုံစံ၊ သဏ္ဌာန်)တစ်ခုကို တမ်းတ တပ်မက်လွန်းလို့ ကြို
စားကြည့်ခဲ့ရတာ မှန်ပါရဲ့။ ဒါပေမဲ့ ခုလောက်ထိ တစ်ထိုင်တည်
မြတ်နိုးခင်တွယ်ပြီး "ဒါမှအမေ ... ငါ့အမေ"ဆိုတဲ့ ခံစားချက်
မျိုး တန်းခနဲ ဖြစ်ပေါ်လာလိမ့်မယ်လို့ မထင်ခဲ့မိသေးတာတော့
အမှန်ပင်။



မာန်မာနကြီးမားမယ်။ နာကြည်းချက်တွေနဲ့ပြည့်နေမယ်။ အတိတ်ကို ရှောင်ပြေးချင်မယ်။ နာမည်ကောင်းတစ်ခုကိုပဲ မက်မောပြီး အဖတ်ဆယ်ချင်နေမယ်လို့ ထင်ထားခဲ့တဲ့အမေမှာ နူးညံ့တဲ့အသံ၊ ချော့မော့ဖျောင်းဖျလိုတဲ့ စကားလုံးတွေနဲ့ သားတစ်ယောက်အပေါ် နားလည်တွယ်တာမှုတွေလည်း ရှိနေလိမ့်ဦးမယ်လို့ ဘယ်လိုများ ကြိုထင်ရဲခဲ့မှာလဲ။

ခုတော့ဖြင့် အမေကတစ်ပြည်၊ သားကတစ်ရွာဖြစ်နေနိုင်တဲ့ အခြေအနေအတွက် သူ့ကိုနားလည်ပေးနိုင်ဖို့ ချော့မော့ပြောဆိုလိုဟန်လေးက နားဝင်ချို၊ ပီတိဖြစ်ဖို့ကောင်းလိုက်တာ။ အမေကတောင်မှ ပြန်တောင်းပန်နေရသေးသတဲ့။ ခြိမ်းရဲ့ဘဝမှာ "သား"ဆိုတဲ့ ဒီစကားတစ်ခွန်းနဲ့တင် လူဖြစ်ရကျိုးနပ်လိုက်တာ။ "သား"လို့ ဖွင့်ဟထုတ်ဖော်ခေါ်လိုက်ပေမယ့် သူ့ကိုယ်သူတော့ "အမေ"ရယ်လို့ နှုတ်ရဲသေးဟန်မတူပါ။ ကိစ္စမရှိပါဘူး။ "အမေ"လို့ စခေါ်ပြောသင့်သူက ကာယကံရှင် မိခင်ထက် သားတစ်ယောက်ရဲ့တာဝန်ပဲ မဟုတ်ဘူးလား။

"ကျွန်တော် အခြေအနေတွေကို နားလည်ပါတယ် ခင်ဗျာ။ ဟိုနဲ့ဒီ နယ်လုပြီး စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်နေကြရဖို့ ဘယ်တုန်းကမှ မစဉ်းစားထားခဲ့ပါဘူး။ ကျွန်တော်ကလူငယ်ပဲ။ ဘဝတစ်ခုကို အသစ်ပြန်စရဖို့ ဝန်လည်းမလေးပါဘူး။ အချိန်လည်း ရှိပါတယ်။ ကျွန်တော့်ဆန္ဒထက် အန် ... (အဲ) ... မေမေ့ဆန္ဒကသာ အရေးကြီးပါတယ်။ မေမေက 'မင်း ဒီနိုင်ငံမှာပဲနေပြီး ကြိုးစားပေါ့'လို့ ပြောရင် ကျွန်တော်က ငြင်းပယ်မယ့်သူ မဟုတ်ပါဘူး"

"မေမေ ! ..."

"ဟုတ် ... ဟုတ်ကဲ့။ ကျွန်တော်က မေမေ့ကို 'မေမေ'လို့များ ခေါ်ခွင့်ရှိမလားခင်ဗျာ"

"အဲ ... အင်း"

ကောင်စုတ်ကလေး။ တကယ်အပိုင်ထုချင်တဲ့ ငနာကလေးပါလား။ "သမက်လောင်း အင်တာဗျူး"ခေါ်ကြည့်တဲ့ ဒေါ်သစ်သစ်စိမ်းကတော့ တစ်လက်စတည်း၊ တစ်ထိုင်တည်းနဲ့ ကို "သဘောတူလိုက်ပါပြီဟေ့။ မင်း ငါ့သမီးကို ယူလိုက်ချေပါတော့"လို့ အပြီးပြောလိုက်ရတော့မယ့်ပုံမျိုးနဲ့ပါလား။ အေးလေ ... နိုင်ငံရပ်ခြားမှာပဲ တစ်သက်လုံး ကြီးပြင်းခဲ့ပြီး ဒီသက်အရွယ်တောင် ရောက်နေတဲ့သူဆိုတော့ ယဉ်ကျေးပေမယ့် ရဲတင်းပွင့်လင်းမှုကျတော့လည်း တော်ရုံလူ ဘယ်လိုက်မီမှာတဲ့လဲ။

မြတ်စွာဘုရားရဲ့ ...။ တောင်းပန်တိုးလျှိုးနေတဲ့ မျက်လုံးတွေနဲ့များ ကြည့်နေလိုက်တာ။ စကားပြောကလည်း ကောင်း၊ အကြည့်တွေကလည်းစွမ်း။ ဒီနည်းတွေ မိချာချာနဲ့ကျတော့ ထုတ်မသုံးခဲ့ဘူးလား။ အတွေ့အကြုံ အင်မတန်များခဲ့တဲ့ ငါတောင် ဒုက္ခရောက်တယ်။ ဘာ ... ဘယ်နယောက်လောက်မှ အတွေ့အကြုံမရှိတဲ့ ချာချာဟာ အသည်းမာနိုင်လှချေလား။

"အေး ... အေး ... အင်း ... အဲ ... အခေါ်အဝေါ်က အကြောင်းမဟုတ်လှပါဘူးကွယ်။ တစ်ယောက်အပေါ်တစ်ယောက် စစ်စစ်မှန်မှန်နဲ့ စေတနာမေတ္တာထားသွားနိုင်ဖို့ကသာ အဓိက အရေးကြီးတာပါ။ ကဲ ... ကဲ ... ဒီနေ့ အဖို့ကတော့ ဒီလောက်နဲ့ပဲ နှုတ်ဆက်တော့မယ်။ ဒီနေ့က ဆေးခန်းမရှိပေမယ့် Women Centre မှာ ပေးရှိုင့်န် တစ်ယောက်ကို ညနေဘက် တစ်ခါလာကြည့်ပေးဦးမယ်လို့ ပြောထားမိလို့လေ"



"ဟုတ်ကဲ့ ... နောက်နေ့တွေ ကျွန်တော်တို့ ဆက်သွယ်ကြဖို့က"

"ချိန်းလေ ...။ မင်းတို့ချိန်းကြပေါ့။ ချာချာနဲ့တူတူ အိမ်ကိုလည်းဝင်ပါ ထွက်ပါ၊ အန်တီက ခွင့်ပြုပါတယ်။ မင်းမှာက ဒီမှာလည်း မိတ်ဆွေသူငယ်ချင်း ဆွေမျိုးရင်းချာအိမ်ရယ်လို့ သိပ်ရှိပုံမရတော့ အန်တီတို့အိမ်ကိုပဲ လူရင်းဆွေမျိုးတွေလို့ သဘောထားပေါ့"

"ကျေးဇူးအများကြီးတင်ပါတယ် မေမေ။ ကျွန်တော်ပြန်ချိန်းလိုက်ပါ့မယ်နော်"

ဒေါ်သစ်သစ်စိမ်းကော ငြိမ်းပါ အပြန်လမ်းမှာတော့ နှစ်ယောက်စလုံး အယောင်ယောင်အမှားမှား တုန်တုန်လှုပ်လှုပ် နှင့်သာတည်း။ ဒေါ်သစ်သစ်စိမ်းမှာ မြင့်မြင်သန်းတို့၊ စီစီမာတို့ကို ပြန်ပြောရမည့် စကားလုံးတွေကိုလည်း စီရ၊ စဉ်းစားရ။ ချာချာ့ကိုလည်း ရိုက်ချင်ထုနက်ချင်နေသည့်ကြားက ချော့မော့ အချိုသပ်ပြီး တစ်ချက်လွှတ်အမိန့် ချမှတ်လိုက်ဖို့တွေးရ၊ ပြင်ဆင်ရ။ အဘက်ဘက်က ကောင်းမွန်သင့်တော်ပုံရပေမယ့် လည်လည်ဝယ်ဝယ်၊ ရဲရဲတင်းတင်းထဲကတော့ ဖြစ်ပုံရတဲ့ ဟိုကောင်ကလေးကို နောက်တစ်ချီပြန်ရင်ဆိုင်ရရင် ယောက္ခမလောင်းကြီးနေရာကနေ

ဘယ်လိုနည်းနဲ့များ တင့်တင့်တယ်တယ်ကြီး နေပြရမှာပါလိမ့်လို့ အခက်ကြုံရ၊ ကြံစည်ရ။

ခြိမ်းမှာတော့ ကိုယ့်ရဲ့ "အမေ" ခေါ်သံကြောင့် အတော်တုန်လှုပ်သွားပုံရတဲ့ အမေလုပ်သူကို နောက်တစ်ချီတွေ့ဆုံဖြစ်ရင်တော့ အတော်ကြီး အရိပ်အကဲကြည့် ဆက်ဆံရမှာပဲဟု သဘောပေါက်နေမိပါသည်။ "ဝင်ပါ၊ ထွက်ပါ။ လူရင်းဆွေမျိုးတွေလိုပဲ သဘောထားပါ"တဲ့။ တံခါးတော့ ဖွင့်ပေးလိုက်တဲ့သဘောပေါ့။ မှန်းထားတာထက် အများကြီး ပိုအောင်မြင်ခဲ့တာပါပဲ။ နောက်အခွန်းတွေမှာ "သား"လို့ ထည့်မခေါ်တော့တာ "အမေ"လို့ ပြန်မသုံးစွဲနိုင်သေးဘဲ "အန်တီ"ချည်း ခွန်းချင်းထပ်နေတာတွေကတော့ နားလည်ပေးရမှာပဲပေါ့။ ဘာပဲဖြစ်ဖြစ် ကျွန်တော် ကျေးဇူးတင်၊ ဂုဏ်ယူမိပါတယ် မေမေ။

ချာချာ ... ချာချာနဲ့ ထည့်ထည့်ပြောသွားတာ၊ လက်ရှိအိမ်ထောင်နဲ့ဆိုတဲ့ အမေ့မှာ နောက်ထပ်သားသမီးတွေများ ထပ်ရှိနေတာမျိုးများလား။ ချာချာ ဆိုတာ ခြိမ့်ရဲ့ညီ၊ ဒါမှမဟုတ် ညီမငယ်တစ်ယောက်ယောက်များလား။ တုန်လှုပ်မှုအရှိန်ကြောင့် မျက်ရည်တောင် ဝဲချင်ပါသည်ဆိုရင် ပါ့သ်မှာကျန်ရစ်တဲ့ ဒက်ဒီကတော့ "ငါ့ကောင်ရာ ... မင်းကတော့ စံပါပဲ"ဟု ဟားတိုက်ရယ်ချင်နေဦးမလားတော့ မသိပေ။

✤ ✧ ✤



ချာချာက ကျူရှင်ခန်းထဲသို့ တစ်ကိုယ်လုံးမဝင်ရဲသေးဘဲ ခေါင်းလေးချည်း အသာသွင်းပြီး ချောင်းကြည့်လိုက်ပါသည်။ နန်းနန်းနဲ့ ရဲထွန်းတို့ နောက်ဆုံးခုံတန်းတွေမှာ အတူပူးတွဲထိုင်နေကြတာကိုမြင်လျှင် ခေါင်းကို လှစ်ခနဲ အမြန်ပြန်ရုပ်လိုက်ပြီး "ဘာဆက်လုပ်ရပါ့မလဲ"ဟု အပြေးအလွှားပင် တွေးလိုက်မိသည်။

အမေလေ ... အမေ။ မွေးသမိခင် ကျေးဇူးရှင်။ ပြောလည်းပြော။ ရယ်လည်းရယ်။ အော်လည်းအော်၊ ဆံပင်လည်းဆွဲ၊ ထုလည်းထု။ ဝမ်းသာလုံးတွေဆို့ပြီး တကယ်ပဲ ရူးသွားခဲ့ပြီလားတောင် ထင်ရသည်။ (ကန်တော့)

"ငါသဘောတူတယ်။ နင် ငြင်းမယ်မကြံနဲ့။ အရမ်းကို သဘောတူတယ်။ နင် ယီးတီးယားတားလုပ်မယ်ကြံရင် ငါ့သမီးလေး ငယ်ပါသေးတယ်လို့ အချိန်ဆွဲမနေတော့ဘဲ တစ်ခါတည်းတန်းပြီးတော့ ပေးစားပစ်လိုက်မယ်။ ဘာမှတ်နေလဲ။ အဲဒီတော့ နင် အဲဒီကောင်လေးကို ပြန်လက်ခံလိုက်။ မိကောင်းဖခင်သားသမီးပီပီ ဣန္ဒြေရရ၊ သိက္ခာရှိရှိတွဲ ..."

ဖုန်းပြောလို့ရတယ်။ အိမ်လာလည်လို့ရတယ်။ ဟိုဟိုဒီဒီ လည်ပတ်သွားလာချင်ရင်လည်း ခွင့်ပြုတယ်။ ဒါပေမဲ့ သူက မိဘတွေမရှိဘဲ တစ်ယောက်တည်း နေနေတာဆို

တော့ သူ့အိမ်သူ့ရာကိုတော့ လိုက်သွားလို့မရဘူး ကြားလား။ ပြီးကျတော့ သူက ကိုယ့်ထက် အသက်ကလည်း ငါးနှစ် ခြောက်နှစ်လောက် ကြီးနေတယ်၊ နိုင်ငံခြားမှာ တစ်သက်လုံးနေလာတဲ့သူလည်း ဖြစ်တယ်ဆိုတော့ အတွေ့အကြုံကတော့ စုံမှာပဲ။ အမေက ဝမ်းသာအားရ သဘောတူလိုက်ပြီဆိုပြီး ကိုယ်တိုင်လည်း ထင်တိုင်းကြံမယ်မကြံနဲ့။ သူ့ကိုလည်း အဲဒီလောက် Welcome ဖြစ်နေတဲ့ အခြေအနေဆိုတာ ပေးမသိစေနဲ့ ...

မေမေကတော့ အိမ်ကိုလည်း ဝင်ပါထွက်ပါ၊ ဆွေမျိုးတွေလိုလည်း သဘောထားနိုင်ပါတယ်လို့တော့ ပြောခဲ့တယ်။ ဘာကြောင့်လဲဆိုတော့ ကြည့်လိုက်တာနဲ့လည်း သဘောကျတယ်။ စကားပြောကြည့်တော့လည်း လူကောင်း သူကောင်းလေးဆိုတာ လက်ခံနိုင်တယ်။ ဒီလိုကောင်လေးမျိုးကို ညည်း ဘာကြည့်ငြင်းထားတယ်ဆိုတာ စဉ်းစားလို့တောင်မရဘူး ချာချာ။ မေမေ လက်နဲ့ရေးချင်တာကို ညည်းက ခြေနဲ့ဖျက်မယ်လို့တော့ မစဉ်းစားနဲ့နော်။ အဆင်ပြေမယ်ဆိုရင် သမီး ဒီမှာ သင်တန်းတွေအပြီး ဘွဲ့ပါယူပြီးရင် သူ့အဖေရှိတယ်ဆိုတဲ့ ဩစတြေးလျားမှာပဲ ကျောင်းဆက်တက်ဖို့ မေမေ စီစဉ်လိုက်မယ်။ ဗူဖြေလေးရသွားအောင် စေ့စပ်ပေးထားလိုက်ပြီး သူ့စောင့်ရှောက်မှုနဲ့ ကျောင်းတက်နေနိုင်မယ်ဆိုရင် သမီးကို ပညာသင်လွှတ်ဖို့ အရေး မေမေလည်း နောက်ဆံတင်းနေစရာ မလိုဘူး"



သူ့ဘာသာသူ တစ်ယောက်တည်း ပြောဆို၊ စိတ်ကိုင်းတွေကျနေတော့သော မေမေ့ကို တစ်ခုခု ဝင်ပြောနိုင်ဖို့အရေး ချာချာမှာ တိုးမပေါက်သာပါ။ ပြောလည်း မပြောရဲပါ။ သူ ဒီလောက် ဘဝင်ကျ၊ တက်ကြွနေတဲ့အဖြစ်ဟာ "အဲလိမ်အညာ လူစားထိုးဓာတ်လမ်းပါ" ဆိုရင် သွေးတွေ ဒိုင်းခနဲဆောင့်တိုးတက်ပြီး မေမေတော့ အသက်ပါ,ပါသွားမလား မဆိုနိုင်ပါ။

အဲဒါကြောင့် ပညာရှိမ နန်းနန်းတို့များ တွေးကြည့်ရင် ပြေးကြည့်တာထက်မှန် ဆိုတာမျိုး ဖြစ်နေတာပေါ့။ "ငါ့ရဲ့က ငြင်းပယ်ချင်စရာမှမရှိတာ၊ ခေါ်တွေ့ပြီးတာနဲ့ "ချာချာရေ ... အိုကေတယ်ဟေ့ ... ရွေးလိုက်" ဆိုလို့ကတော့ ငါလည်းပဲ လဲသေလိုက်ရုံပဲ" တဲ့။ ပညာရှိမကြီးက ကြိုပြောခဲ့တာလေ။ ခုလည်း အဲဒီလိုပဲ တစ်သဝေမတိမ်းကို ဖြစ်လာခဲ့တာပဲဟာ။

သကောင့်သား ရဲ့ထွန်းကလည်းပဲ "မေမေစိတ်ပျက်အောင်လုပ်ပေးပါ" ဆိုတဲ့ဟာကို ပါဝါမျက်မှန်အထူကြီးလည်း တပ်မသွားဘူးတဲ့။ မေမေပြောတဲ့အထဲမှာမပါ။ ပြီးကျ "မိဘတွေဘာလုပ်လဲလို့မေးရင် အခေါင်းရောင်းတယ်သာပြော" ဟု အထပ်ထပ်သွန်သင်လိုက်ပါရက်နဲ့ ... "အဖေကဆရာဝန်ကြီး" တဲ့။ မေမေ့ရဲ့ အရိုက်ကို အညာကိုမှ ကိုင်လှုပ်လိုက်သလား ထင်ရသည်။

သူ့ဉာဏ်လေး တစ်ထွာတစ်မိုက်နဲ့ "အမေမရှိဘူး" တွေ၊ "မွေးစားသား" တွေတော့ လျှောက်လုပ်ပါရဲ့။ ဒါပေမဲ့ "ယောက္ခမကြီးမရှိတော့ သာတောင်ကောင်းသေး။ ဒီလောက် အပျင်းထူတဲ့ချွေးမမျိုးနဲ့ မတည့်စရာ လူတစ်ယောက်လျော့တာ

ပေါ့။ နင့်ကို ငါတောင်ကြည့်မရတာ၊ ယောက္ခမနဲ့တည့်ဖို့ကတော့ ဝေးပါသေးတယ်။ ခုတော့ ကံကောင်းတာပဲ"တဲ့လေ ... ကဲ။

ဟုတ်ပြီ။ နန်းနန်းကို မျက်နှာချင်းမဆိုင်ရဲပေမယ့် သူက ဖိပြောလာရင်တော့ ချာချာလည်း ရဲထွန်းကိုပဲဖိပြီး ပြန်ပြောရမှာပဲ။ ဘယ့်နှယ် ... တစ်လွဲတွေ တစ်ချော်တွေ၊ ကြိုက်ချင်စရာမရှိတာတွေ လုပ်သွားပါလို့ ဆိုလိုက်ပါရက်နဲ့ သင်းက "အမေ"တွေ "သား"တွေတောင် လျှောက်လုပ်လိုက်သေးသတဲ့။ နန်းနန်း ပြောဖူးသလို ပြန်ပြောရရင်တော့ "ရှိုးမှရှိုးရဲ့လားမသိဘူး" ဟုသာ စွပ်စွဲရတော့မယ့်ပုံပင်။

သူ့စိတ်ထဲမှာ မရှိတဲ့လူမျိုးကို ခေါင်းထဲထည့်ထားစရာမလို၊ ရုပ်လည်းမှတ်မိနေမှာ မဟုတ်တဲ့ မေမေဟာ ရဲထွန်းကိုလည်း "စိတ်ခုတ်ကျပါ့ဟယ်"ဆိုတဲ့ တစ်ခွန်းနဲ့ ငြင်းပယ်လိုက်ပြီးချိန်မှာ နောင်နှစ်အနည်းငယ်ကြာမှ နောက်ထပ် နာမည်တစ်မျိုးနဲ့ နန်းနန်းနဲ့ လက်ထပ်မယ့် ရဲထွန်းအဖြစ် ပြန်တွေ့ရရင်လည်း မှတ်မိနေတော့မှာ မဟုတ်ပါဘူးလို့ အာမဘဏ္ဍခံထားတဲ့ကိစ္စလည်း ခုတော့ သွားပြီ။ ဒီလောက် အားတက်သရော တက်ကြွနေပြီဆိုမှတော့ ချာချာနဲ့လွဲသွားတဲ့ရုပ်က နန်းနန်းနဲ့ယူပြီဆိုရင် တနုံ့နုံ့ဖြစ်နေမည့် မေမေက ငြိမ်နေတော့မည် မထင်ပေ။

ချာချာလား ... ပြောတာပေါ့၊ မူလအစီအစဉ်အတိုင်း ဘီပိုး၊ စီပိုးတွေ။ မေမေလား ... ဒေါက်တာဒေါ်သစ်သစ်စိမ်းပဲ။ ရိုးရိုးသာမန်လူမှ မဟုတ်တာ။ ချာချာကိုလည်း ဘယ်တုန်းကမှ အယုံအကြည်မရှိတဲ့သူ။ နည်းနည်းတော့ ခပ်တွေ



တွေဖြစ်သွားသေးပေမယ့် ချက်ချင်းဆိုသလိုပဲ ခေါင်းတစ်ချက်လောက် ပြန်ဆတ်လိုက်ကာ ...

"ကိစ္စမရှိဘူး။ အဲဒါတွေ ဘယ်တုန်းက စစ်ထားတာတဲ့လဲ။ ခုပြန်စစ်ကြည့်ကြတာပေါ့။ ဘီပိုးက ကိုယ့်ကိုယ်ခံအားနဲ့ ကိုယ်တောင် အလိုလိုနေရင်း ပြန်ပျောက်တတ်သေးတာ။ စီပိုးကလည်း ဆေးထိုးဆေးစား။ ရာနှုန်းပြည့်နီးပါးကို ပြန်ပျောက်ကြတာပဲ။ သူ့အမေကိုယ်တိုင်က ဆရာဝန်ဆိုတော့ ဒီကိစ္စကို ဒီတိုင်းထားထားမှာ မဟုတ်ပါဘူး။ တစ်ခုခု စီစဉ်ဆောင်ရွက်ထားမှာပါ ...

တကယ်ပဲ Positive Result ရှိထားတယ်ဆိုရင်တောင် ခုလောက်ရှိ ဆေးထိုးနေတာ Course တောင်ပြည့်လုနီးပါးလည်း ဖြစ်နေနိုင်တယ်။ အကောင်အရေအတွက်တွေ ပြန်လျော့နေပြီးသားတောင် ဖြစ်နေနိုင်တယ်။ ဒါမှမဟုတ် နဂိုတည်းကိုက (+)ve အဖြေထွက်ထားတယ် ဆိုတာတောင် ဟုတ်ချင်မှဟုတ်မှာ။ အမေက ကလေးဆရာဝန်ကြီးပဲဟာ၊ သူ့သားကို စမွေးစားကတည်းက အားလုံးဆေးစစ်၊ ဆေးထိုး မလုပ်ခဲ့ဘူးဆိုတာ ဖြစ်ကိုမဖြစ်နိုင်ဘူး။ နိုင်ငံခြားမှာ ကလေးတစ်ယောက် မွေးစားတော့မယ်ဆိုရင် ရှိရှိသမျှ အကုန်စစ်ပြီးမှ လုပ်ကြတာ။ ပိုးရှိခဲ့ဖူးတယ်ဆိုရင်တောင် ငယ်ငယ်ကတည်းက တစ်ခုခု သေချာလုပ်ပြီးသားပဲ ဖြစ်ကိုဖြစ်ရမယ်။ မေမေ သူနဲ့သေချာစကားပြောကြည့်လိုက်ပါဦးမယ်"

ကဲ ... ဘယ်လိုလုပ်ရမလဲ။ "ဆုံဖြစ်အောင်ထပ်ချိန်း ပေး"ဆိုပြီး သူကိုယ်တိုင်က လက်ဆွဲကာ သွေးသွားဖောက်စစ်နေ တော့မယ့်ပုံပင်။

ချာချာက ကျူရှင်ခန်းထဲ ခေါင်းလေးအသာသွင်း လိုက်ပြန်သည်။ ကျူရှင်ကလည်း တက်ခါနီးနေပြီ။ နန်းနန်းနဲ့ မတွေ့ရဲလို့ဆိုပြီး နေ့တိုင်း ကျောင်းလစ်နေရအောင်ကလည်း အလုပ်မဟုတ်။ မေမေကလည်း "အိမ်အလည်ခေါ်လိုက်ဦးလေ ချာချာ"ဆိုတာမျိုး မကြာခင်မှာ ထပ်လာကိုလာတော့မှာ။ "ဆက်ဆက်ပြီး ထပ်,ထပ်ပြီး ဟန်ဆောင်နေပေးပါဦးနော်"ဟု တောင်းပန် အကူအညီတောင်းဖို့တော့ ဆန္ဒမရှိတော့တဲ့ ချာချာဟာ ဒီဇာတ်လမ်း က လိမ်ဆင်လုပ်ဇာတ်ဖြစ်ကြောင်း မေမေ့ကို ပြန်ရှင်းပြနိုင်ဖို့ အတွက်ကိုတော့ နန်းနန်းနဲ့ ရဲထွန်းတို့ကိုပဲ မျက်နှာပူပူနဲ့ ဖွင့် ပြောယူရတော့မှာပင်။

ဟိုက် ... ! ဟိုမိန်းမ ချာချာ့ကို လှမ်းတွေ့သွားပြီ။

"ချာချာ"

လှမ်းအော်ခေါ်လိုက်သော နန်းနန်းရဲ့အသံကြောင့် ချာချာ့မှာ ကိုယ့်ခေါင်းကိုယ် အမြန်ပြန်ဆွဲသိမ်းကာ ပြေးပေါက်ကို ရှာရပါပြီ။ အား ... စိတ်ညစ်တယ်။ မျက်နှာပူတယ်။ ကြောက် တယ်။ "ငါ့အမေတော့ ရဲထွန်းကို အကြိုက်ကျသွားပြီ။ ငါနဲ့သဘော တူတယ်တဲ့၊ ဘယ်လိုလုပ်ကြမလဲ"လို့ ဘယ်လိုလုပ် ပြောထွက်ရ ပါ့မလဲ။ ငပေါတို့ ဖက်တီးတို့နဲ့ပဲ အရင်တွေ့ပြီး "ဒီကောင်တွေကိုပဲ အပြောခိုင်းပြီး ငါ ခဏရှောင်နေလို့ရရင်ကောင်းမယ်"ဟုဆုတောင်း ခဲ့မိသေးသော်လည်း ကံကြမ္မာက ကိုယ့်ဘက်မှာရှိမနေခဲ့။



"ချာချာ"

"ဘာလုပ်ရမလဲ" တွက်ချက်နေဆဲမှာပင် နန်းနန်း က ကိုယ့်နံဘေးသို့ ရောက်လာကာ ကိုယ့်ရဲ့လက်တစ်ဖက်ကိုဆွဲ ဆုပ်ကိုင်လိုက်ပြီ ...။

"နန်းနန်း"

ချာချာ့ရဲ့အသံကား လုံးဝမထွက်တော့သလောက် အိညှောက်ညှောက်ကလေးရယ်ပါ။ ဒါပေမဲ့ "ချာချာ ... ငါတောင်း ပန်ပါတယ်ဟာ။ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ မလုပ်သင့်ဘူးလို့ ငါ ဆုံးဖြတ်လိုက်မိလို့ပါ ချာချာရယ်။ ငါတို့ကို စိတ်မဆိုးပါနဲ့ဟယ် နော် ... နော်"ဆိုတဲ့ နန်းနန်းရဲ့အသံက ပိုဆိုးနေသည်။

"ဟင် ... ! နင် ဘာပြောတာလဲ"

"ရဲထွန်း ရောက်မလာတာကို နင့်အမေ ဘာပြောသေးလဲ။ အန်တီ တော်တော်တော့ စိတ်ဆိုးသွားမှာပဲနော်။ ဒါပေမဲ့ ခုစိတ်ဆိုးတာက တရားခံကိုလည်း လက်ညှိုးထိုးပြလို့မရ နိုင်တော့။ သူ့ဘာသာသူ ရောက်မလာတာ။ နင့်ကိုလည်း အပြစ်ပြောလို့ မရနိုင်ဘူး။ နင့်အတွက်လည်း အများကြီး ကောင်းသွားတယ် ...

သူ့ကို လှည့်ဖြားလိုက်တာကို ပြန်သိသွားလို့ နောင် အချိန်စိတ်ဆိုးသွားမှာကမှ ဒီ့ထက်လည်း အများကြီး ပိုဆိုး မယ်။ တရားခံတွေကလည်း သူ့ရှေ့တင်။ နင့်မှာလည်း ဘယ်လိုမှ ဖြေရှင်းပြလို့ မရနိုင်တော့မယ့် အပြစ်တွေနဲ့ပိ နေတော့မှာ။ နင့်ဆန္ဒတွေကို နင်တောင်းဆိုထားသလို

မလိုက်လျောခဲ့မိတဲ့အတွက်တော့ ငါတောင်းပန်ပါတ
ဟာ။ ဒါပေမဲ့ ငါ့လုပ်ရပ်က မမှားဘူး။ အဲဒီလိုပဲ လု
သင့်တယ်ထင်လို့ အဲဒီအတိုင်းပဲ ငါလုပ်လိုက်တာ"

"နန်းနန်း"

"ချာချာ ... နင် ငါတို့ကို စိတ်မဆိုးဘူး မဟုတ်လား"

"ဘယ်လိုတွေ ဖြစ်ကုန်ကြတာလဲ။ ဘာတွေလွဲနေတာလဲ

ရဲထွန်းနဲ့ ငါ့အမေနဲ့ တွေ့ဖြစ်ကြတယ်။ ငါကလည်း အ
အကြောင်း ပြောပြပြီး နင့်ကို တောင်းပန်ချင်နေတာ"

နန်းနန်းက ရဲထွန်းကို ဖျတ်ခနဲ စူးစူးရဲရဲကြီးလှမ်း
ကြည့်လိုက်သည်။ နန်းနန်းရဲ့အကြည့်ကို အတော်ခံစားသွားရဟ
နှင့် တွန့်လိမ်သွားသော ရဲထွန်းက "နန်းနန်း ... ငါလုံးဝမသွား
ဘူး။ ငါက ဘာလို့သွားရမှာလဲ။ နင် ဆုံးဖြတ်တာ မှန်တယ်
ငါကိုယ်တိုင်က ထောက်ခံထားတာ။ နင်မသိအောင် အလစ်မှာ
သွားစရာလား။ ပြီးရင်လည်း ပြန်သိကိုသိမယ့်ကိစ္စကြီးကို လုံးဝ
ငါ မသွားဘူး"ဟု ခပ်မြန်မြန်ကြီး အော်ငြင်းပစ်လိုက်ပါသည်။

"ဟင် ! ဒါဆို ဘယ်သူလဲ"

"ဟဲ့ ... ဘာလဲ ချာချာ။ နင့် ... နင့်အမေက တစ်ယော
ယောက်နဲ့တော့ တွေ့ခဲ့တယ် ! ... "

"အဲဒါ အမှန်ပဲ"

"ဟိုမှာ ရဲထွန်းကလည်း သူ လုံးဝမဟုတ်ဘူး မသွားခဲ့
လို့ပြောပြီးပြီပဲ"

"အဲဒါဆို ဘယ်သူလဲ"



"ဟယ် ... ငါလည်း ဘယ်သိပါ့မလဲ။ နင့်အမေက ဘာတဲ့
လဲ"

"အခု ငါ့ကို အဲဒီလူနဲ့ အရမ်းသဘောတူတယ်တွေ ဘာ
တွေ ဖြစ်သွားပြီ။ ဒါဖြင့် ဘယ်သူက ကြားထဲကအချောင်
ဝင်ပြီး သမက်လောင်းအင်တာဗျူး ဝင်ဖြေသွားရတာတဲ့လဲ။
ငါတို့ အစီအစဉ်ရှိတာ၊ ငါ့အမေ အဲဒီဆိုင်မှာ စောင့်နေမှာ
ဘယ်သူက သိနေတာလဲ"

ရဲထွန်းက ခေါင်းရော၊ လက်ရော၊ တစ်ကိုယ်လုံးပါ
ခါပြလိုက်ကာ ...

"ငါ လုံးဝမဟုတ်တာလည်း အစစ်အမှန် သေချာတယ်။
ဟိုနှစ်ကောင်ကိုလည်း မစွပ်စွဲနဲ့။ မနေ့က နင်သွားခိုင်းတဲ့
အချိန်မှာ နှစ်ကောင်လုံး ငါနဲ့ရှိတယ်"

"သူတို့ရှိပေမယ့် သူတို့ရဲ့သူငယ်ချင်းတွေကို မေတ္တာရိပ်
ကူညီခိုင်းထားရင်ကော။ ငါ့သတင်းတွေတော့ လျှောက်မှုံ့
ပြီး ငါတော့ ငပေါမကြီးလုံးလုံး ဖြစ်ပါပြီဟယ်။ သေ
ချင်လိုက်တာ"

ရဲထွန်းက ကျူရှင်သို့ ခုထိရောက်မလာသေးသည့်
ငပေါနှင့် ဖက်တီးတို့ကို ချက်ချင်းဖုန်းလှမ်းဆက်လိုက်ပါသည်။
အိပ်ရာထဲကနေ ခုထက်ထိ မထနိုင်သေးသော ဖက်တီးနှင့် လမ်း
မှာတင် တစ်နေ့ရာရာဝင်ပြီး "ကြောင်"နေသော ငပေါတို့နှစ်
ယောက်လုံးကလည်း ခါးခါးသီးသီး၊ တီတီတီကျကျကြီးတွေပင်
ငြင်းဆိုကြပါသည်။ သူတို့နှင့် လားလားမျှမသက်ဆိုင်၊ မပတ်
သက်ပါတဲ့။

"ဒီကောင်တွေက လုပ်ရဲရင် ပြောရဲပါတယ်။ နင့်ကိုလည်း ကူညီထားပြီး နင်နဲ့လည်း ဒီလောက်ခင်နေတာ၊ သူတို့ နင့်ကို လိမ်မှာမဟုတ်ပါဘူး"

"ဒါဖြင့် ဘယ်သူလဲ ... ! နာမည်ပြောသွားတာကတော့ မိုးခြိမ်းတဲ့။ အသက်က အစိတ်။ ဩစတြေးလျားက RMIT က ဘွဲ့ရထားတာ။ အဖေကဆရာဝန်။ အင်မတန်ကြည့်ကောင်းချောမောပြီး စကားအပြောအဆိုလည်း ယဉ်ကျေးချက်ချာသတဲ့၊ ငါက ရဲထွန်းတော့ လျှောက်ပြောသွားတယ်ပဲ ထင်ထားခဲ့တာ"

ချာချာ၊ နန်းနန်းနှင့် ရဲထွန်းတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေမိကြပါသည်။ နန်းနန်းနဲ့ ရဲထွန်းတို့ကြည့်ရတာ "ရဲထွန်း မသွားမိလိုက်တာပဲ တော်ပါသေးရဲ့"လို့ တွေးနေကြပုံလည်းရကာ ရယ်လည်းရယ်ချင်နေကြပုံရသည်။

"ငါ ... ငါ့အမေကိုလေ ... သူက ... 'မေမေ'တဲ့။ 'မေမေ' လို့ ခေါ်ပါရစေတဲ့"

"ဟိ ဟိ ဟိ"

နန်းနန်းက ရယ်ချလိုက်ကာ ရဲထွန်းလည်း အားနာလို့သာ ထိန်းထားရ၊ တကိကိ၊ တကွ့ကွ့ ဖြစ်ချင်လာသည်။

"နင့်အမေက သူ့ဘာသာ ဆိုင်ထဲမှာ တစ်ယောက်တည်း ထိုင်နေတဲ့ တစ်ယောက်ယောက်ကိုပဲ အထင်တွေမှားပြီး အတင်းသွားဗျူး၊ မေးမြန်းခဲ့တာများလား"



"ဟဲ့ ... ငါ့အမေက အဲသလိုလုပ်တယ်ပဲထားဦး။ ဘယ်သူက အလိုက်သင့်လေး ဖြေပေးပြီး 'အမေ'ခေါ်သွားမှာလဲ။ သူ့ဘာသာ ထိုင်နေတာကို အတင်းလာလုံးတဲ့ မိန်းမကြီးတစ်ယောက်ကို အသက်ကြီးကြီးမှ ဘယ်လိုဖြစ်တာလဲလို့ ထင်ချင်ထင်။ ဒါမှမဟုတ် အရူးလား၊ လူမှားတာလားပဲ ထင်ချင်ထင်မှာပေါ့"

"အပျော်သဘောနဲ့ ရောချသွားတဲ့ ငပြောင်တစ်ကောင်ကောင်ရော"

"ငါ့အမေက သူ့ကို ပြောင်နေဘယ်၊ ရောချနေတယ်ဆိုရင် သိကိုသိမှာပါဟာ။ ဒီလောက်မအပါဘူး။ ခုတော့ တည်တည်ကြည်ကြည်နဲ့ အင်မတန် Serious (အလေးအနက်ထား)ဖြစ်တဲ့ ပုံစံမျိုးလို့ကို ချီးကျူးတာနော်"

"ဒါဖြင့်လည်း စဉ်းစားမနေနဲ့တော့၊ အဲဒါ နင့်ဖူးစာရှင် အစစ်ပဲ။ မိုးနတ်မင်းက မနေနိုင်တာပဲ ဖြစ်ရမယ်"

"ကျွတ် ... သေလိုက်ပါလား"

"ဟိ ဟိ ... ယိပေါက်ပြီး ယိလက်မှတ်ကတော့ ပျောက်နေတယ်ဆိုတာ ဒါမျိုးကို ပြောတာပဲ ဖြစ်ရမယ်။ သူ့ဘာသာသူ ပြောင်လိုက်တာပဲ ဖြစ်ပစေ။ ရည်ရွယ်ချက်တစ်ခုခု ရှိလို့ပဲဖြစ်စေ နင့်အမေကကျတော့ သူ့ကို သဘောကျသွားတာလေ။ နင်နဲ့တောင် အရမ်းသဘောတူတယ်တွေ ဘာတွေ ဖြစ်ကုန်တာပဲ။ ဒါပေမဲ့ သူ့ကိုပြန်ဆက်သွယ်ချင်ရင်တော့ မရတော့ဘူး"

"ပုလဲကွန်ဒိုမှာနေတယ်တဲ့" ဟူသော စကားကိုတော့ ချာချာက မပြောဖြစ်တော့ဘဲ ထားလိုက်ပါသည်။ တမင်ဝင်ပြောင်သွားခဲ့သူဆိုရင် အဲဒါကလည်း အညာကြီးပဲ ဖြစ်နေနိုင်တာပဲဟာ။

"ငါကတော့ ယောကျ်ားဆိုတော့ ယောကျ်ားအတွေးပဲတွေးတယ်။ အဲဒီလူက သူ့ကို လူလာမှားတဲ့မိန်းမတစ်ယောက်ကို သဘောကျသွားတာများလား"

"မိန်းမတစ်ယောက်ကို သဘောကျတဲ့လူက 'အမေ'ခေါ်မလား။ အသက်ကွာတယ် ထင်ရင်တောင် 'မမ'လောက် လုပ်သွားမှာပေါ့"

"အေးလေ ... ပေါက်ကရမပြောနဲ့။ ငါ့အမေက ယောကျ်ားတစ်ယောက် သဘောကျစရာ အရွယ်လား ... တောက်"

"ဟာ ... လေးဆယ့်နှစ်ဆိုတာ အရွယ်ရှိသေးတယ်လို့ပြောလို့ရတယ်နော်။ အန်တီက နုန်းနုန်း ပြောတော့ နင့်ထက်တောင် လန်းသေးတယ်ဆို"

"လန်းလန်း မလန်းလန်း မဖြစ်နိုင်တာ မပြောနဲ့။ နင်ဆိုရင်ကော၊ နင့်အမေအရွယ် လေးဆယ်ကျော် ငါးဆယ်တွင်း မိန်းမတစ်ယောက်ကို လန်းလိုက်တာဆိုပြီး လိုက်ကြိုက်မလား"

"ငါက နှစ်ဆယ်တောင် မပြည့်သေးတာ လေးဆယ့်နှစ်ကို ကြိုက်စရာလား။ အဲဒီလူကတော့ အစိတ်ဆို။ အစိတ်နဲ့ လေးဆယ့်နှစ် (၁၇)နှစ်ပဲကွာတယ်"

"ဘာပဲဖြစ်ဖြစ် သားအမိအရွယ်ပဲ"



"(၁၆)နှစ်နဲ့ ကလေးမွေးရင်တော့ ဟုတ်တာပေါ့"

"တော်ကြပါတော့ဟာ။ ရဲကလည်းပဲ ချာချာ မကြိုက်တာကိုပဲ အတင်းလိုက်ပြောပြီး စချင်နေတယ်။ ချာချာရယ် နင်ကလည်း ဒေါ်တွေပွမလာပါနဲ့၊ နင့်အမေကိုလည်း ဘယ်သူကမှ ကြိုက်မနေပါဘူး။ ကြိုက်တောင် အန်တီလားပြန်ကြိုက်မှာ။ အန်တီ့လိုလူကိုတော့ အဲဒီကိစ္စမျိုးနဲ့ နင်ဘာမှဝင်ပူနေစရာ မလိုပါဘူး"

"ငါ့အမေကို ငါ မပူပါဘူး။ ဟိုလူတစ်ယောက်ကိုသာ ဒေါသထွက်တာ။ ဘာလဲ ... သူက။ အမေအရွယ် မိန်းမကြီးကို ဘာစိတ်နဲ့လဲ ... သူက ... တောက်"

ရဲထွန်းရဲ့ ပြုံးစိစိမျက်နှာကို နုန်းနုန်းက "ဟင်း"ခနဲ လှမ်းဟန့်လိုက်ပြန်ပါသည်။ ချာချာ့မှာတော့ လာဆွပေးလိုက်တဲ့ ရဲထွန်းကြောင့် ခုမှ တကယ်ပဲ ပူပူထူထူတွေ ဖြစ်လာရတော့သည်။ မေမေက "ဝင်ပါ ... ထွက်ပါ"ဖိတ်ခေါ်ခဲ့တယ်ဆိုတော့ လမ်းကြိုလေးဝင်ပြောင်သွားတာ မဟုတ်ဘဲ လိပ်စာပါ တကယ်သိနေခဲ့ရင် အိမ်အထိတောင် ရောက်လာဦးမယ့် သူမျိုးလား။

မဖြစ်ဘူး ... မဖြစ်ဘူး။ ရဲထွန်းက အင်တာဗျူးဝင်မဖြေချင်တော့လို့ ရောက်မလာဖြစ်တော့တဲ့အကြောင်း ဖုန်းဆက်တောင်းပန်တယ်လို့ မေမေ့ကို ပြန်ပြောပြီး ဟိုလူဟာ အတုအယောင်သာဖြစ်ကြောင်း မြန်မြန်ပြန်ရှင်းပြထားမှ ဖြစ်မှာပါပဲ။ တအားတွေတက်ကြွပြီး စိတ်မှန်းနဲ့ Plan တွေချ၊ ပျော်ရွှင်နေတော့တဲ့ မေမေ့ကိုတော့ အားနာသနားပါရဲ့။ ဒါပေမဲ့ (၁၇)နှစ်တောင်ကွာနေတဲ့

မိန်းမတစ်ယောက်ကိုများ ဘာ"ရောတောရှိ"လုပ်ချင်စရာရှိသလဲ။ ကျွတ် ... တွေးလေ စိတ်တိုလေကွာ။ မေမေကိုယ်တိုင်လည်း အဲဒီလူကို စိတ်ပျက်စက်ဆုပ်သွားမှာကို ဖြစ်မှာပါ။

နို့မို့ အမေက သမီးနဲ့တအားသဘောတူနေတဲ့သူက စိတ်ရင်းထဲမှာကျတော့ အမေ့ကိုပဲ ရည်ရွယ်နေ ...။ ဟာ ... ဘာတွေလဲကွာ ...။

✤ ✧ ✤



## အခန်း(၃)

ခြိမ်းဟာ အင်မတန် ပေါက်တတ်ကရနိုင်လှတဲ့ ကိုယ့်ရဲ့ကံကြမ္မာကို တော်တော်ပဲ စိတ်ပျက်နေမိပါပြီ။ ပွင့်လင်းသွက်လက် ဖော်ရွေကာ ထက်မြက်ခေါင်းကောင်းပုံရသလောက် အားလည်းနူးညံ့မှုလည်းရှိတဲ့ အရည်အချင်းပြည့် မိန်းမတစ်ယောက်ကို ကိုယ့်ရဲ့မိခင်ရင်းအဖြစ် ရင်ခုန်လှုပ်ရှားကျေနပ်ပီတိဖြစ်ခဲ့ရတဲ့ ခြိမ်းဟာ ရှေ့နေကြီးဆီက "အဲဒီနေ့က အဆင်မပြေလို့ မလာဖြစ်လိုက်ဘူး"ဟု ဖုန်းရလိုက်ကတည်းက အတော်ကြီး စိတ်ကသိကအောက်နိုင်ခဲ့ပြီးပြီ။

"မေမေ့"အပေါ် စိတ်ကွက်သွားရတာမျိုး မဟုတ်ပါဘူး။ သူလည်း ကိုယ့်လိုပဲ ကိစ္စတစ်ခုခုနဲ့ မမြင်ဖူးတဲ့ သားအရွယ် သူစိမ်းတစ်ယောက်ကို လာစောင့်နေခဲ့သူပဲ ဖြစ်မှာပေါ့။ "တို့နဲ့ချိန်းထားကြလို့ လာစောင့်နေတဲ့သူများလား"လို့တောင် မေးမြန်းခဲ့သေးတာပဲလေ။

အဲဒီလို ရုပ်ရည်၊ အဲဒီလို သွက်လက်ထက်မြက်မှု၊ အဲဒီလို စကားပြောအဆင်ပြေမှုတွေနဲ့ တစ်ယောက်ဟာ ကိုယ့်ကို လိုလားတဲ့ ကိုယ့်အမေမဟုတ်နိုင်တော့ဘူး၊ လူမှားသွားတာဆိုတဲ့ အဖြစ်ဟာ အတော်အခံရခက်မှန်း ကိုယ်ချင်းစာနိုင်မည့်သူမျိုး များများရှိနိုင်မည် မထင်ပါ။ ခြိမ်းကတော့ အတော့်ကို ခံစားလိုက်ရသည်။

ပိုဆိုးသေးတာက တကယ့်အမေရင်း ဆိုတာကိုပါ ထပ်တွေ့လိုက်ရမှုဖြစ်သည်။ ရှေ့နေကြီးက "တွေ့ချင်ရင်လာခဲ့" တဲ့။ အရင်တစ်ခါကလိုပဲ ဆိုင်တစ်ဆိုင်ကို ခေါ်ချိန်းခဲ့ပေမယ့် ရောက်သွားတဲ့အခါကျမှ သိလိုက်ရတာက သူက ကိုယ့်ကိုခေါ်ချိန်းတာ မဟုတ်ပါ ... တဲ့။

"ဒီလိုကွာ ... အန်ကယ်ကလည်း မင်းကို ကိုယ်ချင်းစာပြီး ကူညီချင်လို့ ဒီလိုစီစဉ်ကြည့်တာပဲလေ။ မင်းအနေနဲ့က လည်း ပထမအဆင့်လောက်မှာ တွေ့ဖူးသွားရုံလောက်ဆို လည်း လုံးဝအလျှဉ်းပတ်သက်မှု မရှိရတာနဲ့စာရင် ဘယ် လိုမဆိုတော့ ကိုယ့်အတွက်က အကောင်းချည်းပဲ မဟုတ် လား ...

သူက သူနဲ့ရွယ်တူတန်းတူ မိတ်ဆွေသူငယ်ချင်း အသိုင်းအဝိုင်းတွေနဲ့ ဆုံနေမယ့်ပွဲလေ။ အဲဒါကို မင်းက တစ်နေရာကနေကြည့်နေ၊ တွေ့နေလို့ ရတယ်ကွာ၊ ဘယ် လိုလဲ"



စကားပြောခွင့်မရှိ၊ လုံးဝ အသိအမှတ်ပြု လာရောက် နှုတ်ဆက်လိမ့်မည်မဟုတ်။ သူ့ဘာသာ သူ့ကိစ္စနဲ့သူ အဲဒီနေရာ မှာ ရှိနေမှာကို ကြည့်ချင်မြင်ချင်ရင်တော့ လာကြည့်။ အဲဒါကိုမှ လက်မခံနိုင်ရင်တော့ မတတ်နိုင်ဘူး ... ဆိုတဲ့ပုံစံ။

"ဒီလိုကွာ ... ပွဲကလည်း သူ့ပွဲမဟုတ်ဘူး ဖြစ်နေတယ်လေ"

သူ့ပွဲဆိုရင်တောင် ဆန္ဒရှိရှိမရှိရှိ "သားပါ"ဆိုတဲ့ တစ်ယောက်ကို ပွဲထဲတော့ ခေါ်ထည့်ပတ်သက်စေမှ လူမှုရေးကျေ ညက်ရာကျမည်။ ခုကျတော့ သူ့ပွဲလည်း မဟုတ်ဘူးဆိုတော့ကာ သူ့အတွက်တော့ လုံးဝကို အဆင်ပြေလို့။ တကယ့်ကို ခရီးသွား ဟန်လွှဲသက်သက်။

"အဲဒီတော့ကာ ငါတို့အနေနဲ့က ပွဲရှင်ကိုတော့ နည်းနည်း ဂရုစိုက်၊ အားနာစေချင်တယ်။ အန်ကယ့်ရဲ့ Client အနေ နဲ့ကလည်း သူများတကာရဲ့ပွဲမှာတော့ ဘာမှ ရုတ်ရုတ်သဲသဲ စိတ်အနှောင့်အယှက်တွေ ဖြစ်ချင်မှာ မဟုတ်ဘူးလေ။ ဒါပေမဲ့ မင်းက လူကြီးလူကောင်းတစ်ယောက်ပါ။ လူငယ် ပေမယ့် အင်မတန်သိတတ်မှုရှိတဲ့ သူပါလို့ အန်ကယ်က တော့ အန်ကယ့် client ကို ကတိကဝတ်ပြုထားဖူးတယ် ...

တကယ်ကလည်း ဒီလိုအနှောင့်အယှက်မပေးဘဲ၊ ပွဲထဲဝင်မပါဘဲ ကြည့်ရုံ လာထိုင်ကြည့်နေရမယ် ဆိုတာ အန်ကယ့်အစီအစဉ်ပါ။ အရင်တစ်ခါ စီစဉ်ပေးခဲ့တုန်းက မဖြစ်မြောက်တော့ အန်ကယ်ကလည်း မင်းကိုအားနာတယ် လေ။ တာဝန်မကျေဘူး လိုလိုပေါ့ကွာ"

ဩော် … ဩော် …။ ဘာတတ်နိုင်မှာလဲ။ လုံးဝ အဆက်အစပ်မရှိရတာနဲ့စာရင် တွေ့မြင်ခွင့်၊ ကြုံဖူးခွင့်ရခြင်းသည် မဟာအခွင့်အရေးကြီးဟုသာ အကောင်းမြင်ဝါဒနှင့် သတ်မှတ်ရမှာပင်။

ရှေ့နေကြီးကတော့ "ဒီတစ်ခါတော့ မင်းကိုဓာတ်ပုံပြထားတော့မယ်လို့ အန်ကယ်တို့ စိတ်ကူးပါတယ်။ ဒီဓာတ်ပုံထဲက ရုပ်အတိုင်းပဲကွာ။ ဓာတ်ပုံကလေးတော့ အန်ကယ်ပဲ ပြန်ယူသွားလိုက်မယ်နော်။ အဲ … သူကတော့ မင်းကို သိနေမှာမဟုတ်ဘူး၊ အန်ကယ် သူ့ကို ပြောမထားတော့ဘူး"ဟု အဆိုရှိပေမယ့် တင်းတင်းပြန့်ပြန့် တည်တည်ထန်ထန် ရှိလှသော မျက်နှာတစ်ခုဟာ အရေပြားတစ်ထောက်စာရဲ့အောက်၊ နောက်ကွယ်မှာ တစ်စုံတစ်ခုကို သိရှိဖုံးကွယ်ထားတာ မဖြစ်နိုင်ဘူးလားဟုပဲ ခြိမ်းကထင်သည်။

ဟိုတယ်ကြီးတစ်ခုရဲ့ပင်မ နိုင်းနင်းဟောလ်ခန်းမကြီးထဲမှာ လူနှစ်ဆယ် အစိတ်လောက်စာ စားပွဲရှည်တစ်ခုနဲ့ ကျင်းပနေတဲ့ အဲဒီပွဲဟာ အသက်လေးဆယ်ကျော်၊ ငါးဆယ်အရွယ် မိန်းမကြီးတွေနဲ့ချည်း။ ဟောလ်ခန်းကို တစ်ခန်းလုံး အပြီးငှားထားတာမျိုးမဟုတ်တာမို့ အခန်းထဲမှာက တခြားစားပွဲဝိုင်းတွေနှင့် ကိုယ့်အစီအစဉ်နှင့်ကိုယ် လာရောက်စားသောက်နေကြသူတွေလည်း အနည်းအကျဉ်း ရှိနေပါသည်။

အဲဒီထဲမှာမှ အခန်းထောင့်တစ်နေရာက ချောင်ကျကျ ခပ်မှောင်မှောင် စားပွဲကလေးမှာ တစ်ယောက်တည်းရောက်ရှိနေ



တဲ့ကောင်ကလေးတစ်ယောက်ဟာ သီးခြားပုံစံလေးလို ဖြစ်နေတယ်လို့ ပြောရင်လည်း ရနိုင်တာပဲ မဟုတ်လား။ ရုပ်ရှင်မင်းသား၊ မင်းသမီးတွေမှ မဟုတ်တာနော်။ ဘယ်လောက် ဣန္ဒြေကြီးတယ်၊ ဟန်ဆောင်နိုင်တယ်ပြောပြော "ကြည့်နေတယ် … သိနေတယ်" ဆိုတာကို အမြင်အာရုံနဲ့ မရိပ်မိအောင်ဘဲ ထိန်းလို့ရမယ်။ စိတ်အာရုံကိုကျ ဘယ်လိုထိန်းထားနိုင်မလဲ။

**poker-face** (ပိရိ မှင်သေ၊ မပြောင်းလဲသောမျက်နှာထား)ဆိုတာ ပိုကာကစားတဲ့ ဖဲချပ်တွေပေါ်မှာပဲ ရှိချင်ရှိမည်။ "စိတ်"တစ်ခုပါနေတဲ့ သက်ရှိလူတစ်ယောက်ရဲ့မျက်နှာကတော့ စက္ကူဖဲချပ်ပေါ်က မျက်နှာလောက် တည်ငြိမ်ပြီး တစ်မျိုးတည်းထွက်နေနိုင်ပါ့မလား။ ကျွန်တော် ရောက်နေ၊ ကြည့်နေတာခင်ဗျား သိနေပါတယ် အမေဆိုတဲ့ ဒေါ်မီရဲ့ယ်လ်ရယ့်။

အသားဖြူဖြူ၊ နှုတ်ခမ်းပါးပါး၊ မျက်နှာက တင်းတင်းပြန့်ပြန့်နဲ့ မေးရိုးက ခပ်ကားကား။ အဲဒီလိုရုပ်မျိုးဟာ အပြုံးအရယ်လည်း တစ်စက်မှ မရှိလေတဲ့အခါ နံဘေးနားက သူနဲ့စကားလက်ဆုံကျနေကြတဲ့ အရွယ်တူအမျိုးသမီးကြီးတွေဘာကိုကြည့်ပြီး သည်းခံပေါင်းသင်းနေလို့ ရသလဲ မတွေးတတ်အောင်ပင်။ ကိုယ်တိုင်တွေကလည်း နုံနုံနဲ့နဲ့၊ နိမ့်နိမ့်ကျကျပုံစံတွေ တစ်ယောက်မှ မပါ,ပါဘဲနှင့်လေ။

ခင်မင်တတ်တဲ့ရုပ်၊ ဖော်ရွေပျူငှာတဲ့စကားပြောဟန်၊ လူတစ်ဖက်သားကို နားလည်ပါတယ်ဆိုတဲ့ မျက်နှာပေးနဲ့ ပြောစမှတ်ပြုရလောက်အောင်လည်း ချောမောတင့်တယ်နေသေးတဲ့

"အမေ"ဟု ထင်ခဲ့ဖူးသူတစ်ယောက်နှင့်ကတော့ ဘယ်ဘက်က ယှဉ်ကြည့်လိုက် ကြည့်လိုက် အပုံကြီးကိုကွာနေတော့တာပေါ့။

ဟိုအမေက တင်းကျပ်နေခဲ့တဲ့ စိတ်တွေကို ဖြေလျှော့ချပေးနိုင်ကာ လူတစ်ဖက်သားကို သက်သောင့်သက်သာ စိတ်အေးချမ်းသာ ရှိစေနိုင်တဲ့သူ။ ဒီအမေကတော့ဖြင့် ပိတ်လှောင်မွန်းကျပ်မှုတွေအပြင် မသက်မသာနိုင်မှု၊ ညစ်ညူးရှုပ်ထွေးစေမှုတို့နှင့်အတူ ဝမ်းနည်းမှုတွေကိုပါ တစ်ပြိုင်နက်တည်း ပိုင်ဆိုင်စေနိုင်သူ။

ခြိမ်းက ဘာ့ကြောင့် ကံမကောင်းရတာလဲ။ "အိမ်ကိုလည်း ဝင်ပါ ထွက်ပါ။ လူရင်းဆွေမျိုးတွေလိုပဲ သဘောထားပါ"ဆိုတဲ့ စကားကို ရရှိခဲ့စဉ်တုန်းကတော့ ရင်ခုန်ဝမ်းသာလုံးတွေဆို့ပြီး "ကံဆိုးခြင်းနဲ့ ကံကောင်းခြင်းဆိုတာ လက်ဖမိုးနဲ့ လက်ဖဝါးလို နီးနီးကပ်ကပ်ကလေး အမြဲဒွန်တွဲနေကြတာ ထင်ပါရဲ့ ဒက်ဒီ။ တစ်ခုတည်း အမြဲလာတယ်ဆိုတာ မရှိနိုင်ပါဘူး" လို့ ပါ့သ်က မွေးစားအဖေထံသို့ပင် အီးမေးလ်တစ်စောင် ပို့လိုက်မိပါသေးသည်။ အခုကျတော့မှ "လူတစ်ဖက်သားကို ဖွင့်ပြောပြီးသွားတဲ့ ကိုယ့်ရဲ့ယုံကြည်ချက်၊ ထင်မြင်ချက်ဆိုတာ ပြန်ပြင်လို့ရသလား ဒက်ဒီ"လို့ နောက်တစ်စောင် ထပ်ပို့ရတော့မယ့် အဖြစ်မျိုးပေ။

"ဟင်"

**poker-face** မျက်နှာတစ်ခုကိုပဲ စိတ်မောမောနဲ့ ထိုင်ကြည့်နေခဲ့ရတဲ့ ခြိမ်းဟာ **Dinning Hall** ခန်းမကြီးရဲ့ထိပ်



မှာ ရုတ်တရက်ပေါ်လာတဲ့ လူရိပ်တစ်ခုကို ဖျတ်ခနဲ လှမ်းအမြင်မှာ "ဟင်"ခနဲပင် ဖြစ်သွားရပါသည်။

"ဆေးခန်းက ခုမှပြီးတယ်၊ အဲဒီက တန်းလာတာလေ။ အဲဒီကနေ ဆက်ရမယ့် နောက်တစ်ခုကိုတော့ ဖုန်းနဲ့ပဲလှမ်းဖျက်လိုက်ရတာလေ။ လူစုံနေကြပြီလား"

"မစုံတစုံပါပဲ၊ သမီးချောရောရှင်"

"တမင်ပဲ မခေါ်လာတော့တာ။ သူ့အရွယ်တွေပါလို့လား၊ ယူ့မွေးနေ့နဲ့ **Reunion** နဲ့ တွဲလုပ်တာဆို"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ခါတိုင်းဆို ဘယ်လိုပွဲမျိုးပဲဖြစ်ဖြစ် လက်တွဲမဖြုတ်စတမ်း တွေ့ရတတ်လွန်းလို့ပါ"

"ယူ့သားကို မပြောမဆို မတိုင်မပင်နဲ့ အိမ်ထောင်ချပစ်လိုက်ကတည်းက စိတ်နာသွားတာ။ နောင် ဘယ်တော့မှ ယူ့မျက်စိရှေ့မှောက်အောက်ကို ခေါ်မလာတော့ဘူး။ ယူတို့နဲ့ပတ်သက်ရမယ် ဆိုလို့ကတော့ သမီးကို အိမ်တွင်းပုန်းကုလားမပဲ လုပ်ခိုင်းထားတော့မယ်"

ပွဲရှင်အန်တီကြီးနှင့်အတူ နှစ်ယောက်သား အားရပါးရ ရယ်မောလိုက်ကြပြီး စားပွဲရှည်ကြီးရှိရာသို့ စမတ်ကျကျ ကြော့ကြော့မော့မော့ကလေး လှမ်းလာတဲ့ အမေ။ အဲ ... အန်တီဒေါ်သစ်သစ်စိမ်း။ ဆေးခန်းတစ်ခုအပြီးကနေ တန်းလာခဲ့တာဆိုပေမယ့် ပင်ပန်းနွမ်းနယ်နေဟန်၊ စိတ်ရှုပ်ထွေး ညစ်ညူးမောလျနေဟန် တစ်စက်မှမရှိတဲ့ပြင် ခုချက်ချင်းပဲ ရေမိုးချိုး ထလာသလိုပဲ လန်းဆန်းစိုပြည်နေသည်။

"သစ်သစ်ရေ ... ဒီဘက်ကို လာလိုက်ဟေ့"

"စိတ်ဓာတ်ကျနေတယ်နော်။ သားသမီးရေးရာအကြောင်း ကြွားလုံးမထုတ်ပါဘူးလို့ ကတိပေးနိုင်မှ ယူနဲ့အတူလာထိုင်နိုင်မယ်။ နို့မို့ကတော့ ဆောရီးပဲ။ ယူ့ပါးစပ်နဲ့ကိုယ့်နားရွက် တစ်ခုခုကိုတော့ ပွမ်းအဆို့ပဲ"

"လာစမ်းပါ။ အဲဒီလိုအပြောမျိုးတွေကြောင့်ပဲ အမြင်ကတ်စရာ ကောင်းသလောက် ဒီကလည်း မခွဲနိုင်မခွာရက်ဖြစ်နေရတာပါ"

ဒေါ်သစ်သစ်စိမ်းသာ ဝင်ထိုင်မည်ဆိုလျှင် ထိုင်ခုံတော်တော်များများက သူတို့ရဲ့ဘေးနေရာကို ရှင်းလိုက်ချဲလိုက်ကြပြီး ခုံထိုးပေးနိုင်းဖို့ ဝဲလ်ကမ်းပင် ဖြစ်နေကြကြောင်း စိတ်ဝင်စားဖွယ်ရာ တွေ့ရပါသည်။ စကားကို တည်တည်ပြတ်ပြတ်နှင့် ဟောက်ဟမ်းသံများများနှင့် ပြောဆိုနေပေမယ့် တရင်းတနှီးနဲ့ စေးစေးပိုင်ပိုင်နိုင်လှတဲ့ အသံထွက်နဲ့ စကားလုံးများက လူသူ့ပရိသတ်ကို သုဘောတကျ ရှိနေစေဖို့ ညှို့ငင်ထားနိုင်တဲ့ပုံပင်။

မြိမ်းကိုယ်တိုင်လည်း မျက်လုံးပြန်မလွှဲနိုင်တော့ဘဲ စိုက်စိုက်ကြီး ငေးနေမိပါသည်။

"ဘယ်လိုဖြစ်တာလဲ။ ဟိုတစ်နေ့ကပဲ သစ်သစ်တော့ လေထဲ အရမ်းမြောက်နေတယ်။ ဖမ်းလို့မမိနိုင်တော့ဘူးလို့ စီစီမှာဆိုက ဖုန်းရသေးတယ်"

"ပြန်မပြောပါရစေနဲ့တော့။ ရှက်လွန်းလို့ပါ။ စကားပုံကတော့ 'အချက်မသိတော့ သမက်သူခိုးထင်'လို့ပဲ ကြားဖူး



ပါတယ်။ ကိုယ်ကတော့ ဘယ်သူဘယ်ဝါမှန်းမသိတဲ့လူကို လူမှားပြီး ကိုယ့်သမက်လို့ ထင်ခဲ့မိတာ။ စိတ်ဓာတ်ကျနေတယ်ဆိုရာ အဲဒါပေါ့။ အခု သစ်သစ်တစ်ယောက် လေထဲမှာ မဟုတ်တော့ဘူး။ လူကော စိတ်ပါ မြေကြီးပေါ် ပြန်ပြုတ်ကျနေတယ်"

အရွယ်ရဂုဏ်သရေရှိ အမျိုးသမီးကြီးတွေချည်း ဖြစ်ါရက် ရွယ်တူတွေချည်း အများကြီး ပြန်စုဆုံရသည့်ပွဲမို့ လူတိုင်းဲ့လိုက ပျော်ရွှင်သွက်လက်ကျယ်လောင်နေကြသည်ချည်းဖြစ်ရာကားတွေက အော်ပြောနေရသည့်ပုံမျိုး ဖြစ်နေပါသည်။ ဒေါ်သစ်သစ်စိမ်းတို့ ပြောဆိုနေသမျှတို့ကိုလည်း မြိမ်းရဲ့နေရာကနေတစ်လုံးမကျန် ကြားနေရပါသည်။

မြိမ်းမှာ ကြားလိုက်ရသည့်စကားကြောင့် ရယ်ရဘောမလို၊ စိတ်ညစ်ရတော့မလို ဖြစ်သွားရစဉ်မှာ "ဗိုက်ဆာပြီ…မေးပြင်ပေးထားတာလား။ လာ … သွားထည့်လို့ရပြီ မဟုတ်လား"ဟူသည့် အသံနှင့်အတူ ဒေါ်သစ်သစ်စိမ်းနှင့် နောက်ထပ်ိမ်းမနှစ်ယောက်လောက်က မြိမ်းရဲ့စားပွဲနှင့် ပိုနီးရာနေရာသို့လျှောက်လှမ်းလာကြပါသည်။

တင်းပြန့်ခက်ထန်နေသော poker-face တစ်ခုကိုိယ့်ဘဝပေးတာဝန်အတိုင်း ဆက်ငေးကြည့်နေဖို့ သတိမရမိတော့ဲ့ မြိမ်းမှာ ကလေးငယ်တစ်ယောက်လိုပဲ "ဒေါ်သစ်သစ်စိမ်းဘက်ကို လှည့်ကြည့်လိုက်မိပါစေ။ ငါ့ကို မြင်သွားပါစေ"ဟုာ တတွတ်တွတ် ဆုတောင်းနေမိတော့သည်ပင်။

သူနဲ့တွေ့လိုက်ရရင်တော့ ကံက အကောင်းဘက်ကို အလိုလိုရောက်ရောက်လာရသည် ထင်ပါရဲ့။ "စိတ်မာတ်ကျနေတယ်"လည်း ပြောသေး။ ရယ်လို့ချည်းသာနေတဲ့ ဒေါ်သစ်သင်စိမ်းက ဘူဖေးခင်းကျင်းထားတဲ့ စားပွဲဝိုင်းကြီး တစ်ပတ်မပြည့်ခင်မှာပင် ခပ်မှောင်မှောင်၊ အလင်းရောင်နည်းနေတဲ့အခန်းထောင့်သို့ မျက်လုံးများက အလိုလိုပင် ရောက်ရှိလာကာ ...

"ဟဲ့"

အံ့ဩသံနှင့် ခပ်ဆတ်ဆတ် အော်လိုက်ပြီးလျှင်တော့ သူ့လက်ထဲက ပန်းကန်ကြီးကို ဘေးနားက သူငယ်ချင်းတစ်ယောက်လက်ထဲ ခပ်မြန်မြန်ပဲ ထိုးထည့်လိုက်သည်။ ထိုအန်တီကြီးခမျာ ပန်းကန်ကြီးနှစ်ချပ်နှင့် ဟန်ချက်ပျက်ကာ ကိုးရိုးကားရားကြီး ဖြစ်သွားရတာကို ဟန်ပြန်ဆယ်လို့မှ မပြီးသေးခင် ဒေါ်သစ်သစ်စိမ်းကတော့ ခြိမ်းရဲ့စားပွဲရှေ့မှာ လာရပ်လိုက်ချေပြီ။ ခြိမ်းကလည်း ထိုင်နေရာမှ ကြို့ထရပ်ပြီး ဆီးကြိုနေလိုက်သည်။

"မင်း"

"ဟုတ်ကဲ့"

"ဘယ်လိုဖြစ်တာလဲလို့ပဲ မေးရတော့မယ် ထင်ပါရဲ့ ဒါမှမဟုတ် ဘယ်လိုလုပ်သွားတာလဲ"

"ကျွန်တော်တို့ လူမှားကြတာပါ"

"လူမှားတာ ... ! "

"ဟုတ်ကဲ့ ... ကျွန်တော်က ငယ်ငယ်တည်းက ကွဲသွားတဲ့ အမေကို မြန်မာပြည်မှာ ပြန်လာရှာတာပါ"



လှပသော စင်ရော်တောင်မျက်ခုံးမွေးများအထက်သို့ ကော့ပျံတက်သွားကြသည်။ ဒေါ်သစ်သစ်စိမ်းနှင့် ခြိမ်းတို့ တစ်ယောက်နှင့်တစ်ယောက် စက္ကန့်အနည်းငယ်မျှ စိုက်ကြည့်မိနေပြီးလျှင် ...

"ဒါဖြင့် ပြောသွားတဲ့စကားတွေကတော့ အားလုံးအမှန်တွေချည်းပေါ့။ ဘာမှ အလိမ်အညာ၊ ဟန်ဆောင်ပန်ဆောင်၊ အဖြီးအဖြန်းမပါဘူးလား"

"ဟုတ်ကဲ့"

ရုတ်တရက် "ဟင်း ဟင်း ဟင်း ဟင်း"ဟု ရယ်လိုက်သံမှာ တစ်ချိန်လုံး စိတ်တွေရှုပ်ထွေး ညစ်ညူးနေခဲ့ကိုက်နေရသည့် ခြိမ်းကိုပါ အရွှင်မာတ်၊ အကြည်မာတ်တွေ ကူးစက်သွားစေပါသည်။ ခြိမ်းကလည်း "အဟင်း"ဟု မပွင့်တပွင့်လိုက်ယ်လိုက်မိသည်။

"တို့ကတော့ တို့သမီးကို ကြိုက်လှပါချေရဲ့ဆိုတဲ့ ကောင်လေးတစ်ယောက်ကို ခေါ်တွေ့တာလေ။ သမီးက မကြိုက်ပါဘူး။ ငြင်းထားပြီးသား။ ဒါပေမဲ့ တို့ကတော့ အမေလေ။ ကိုယ့်အဆင့်အတန်းနဲ့ လူကြီးလူကောင်းပီပီ ခေါ်တွေ့ကြည့်တာမျိုးကတော့ လုပ်ရမယ် မဟုတ်လား"

သိပ်တော့နားမလည်ပေမယ့် ခြိမ်းက "ဟုတ်ကဲ့"ဟု ပြောလိုက်သည်။

"ဒါနဲ့ RMIT ကကျောင်းပြီးထားတာနော်။ အိမ်ထောင်တို့၊ အတူနေတို့ ရှိသလား"

"ဟာ ... မရှိပါဘူး"

ကိုယ့်ရဲ့စားပွဲမှာပဲ ခုံဆွဲဝင်ထိုင်လိုက်ကာ ခြိမ်းကိုပါ ခပ်ပြုံးပြုံးနဲ့ "ထိုင်လေ"ဟု ပြောလိုက်လျှင်တော့ ခြိမ်းရဲ့မျက်နှာ ဟာလည်း အလိုလိုနေရင်း ပြုံးလို့ပဲနေတော့မှာ သေချာပါသည်။

"သစ်သစ်ရေ ... ယူက အဲဒီစားပွဲမှာပဲ ထိုင်တော့မလို့လား။ ဒီမှာ ယူ့ပန်းကန်ကြီးနဲ့ ဘာလုပ်ရမှာလဲ"

"ပေး ... ပေး ... ဒီကိုပေး။ Thank you ။ ဒီမှာအသ တွေ့လို့ ခဏ"

"ဒါပေမဲ့ ယူရောက်လာတဲ့ပွဲက ဟိုစားပွဲရှည်ကြီးမှာနော်"

တမင်လာ အကဲခတ်ဟန်ရှိတဲ့ မိန်းမတစ်ယောက် ကို လှည့်ပြီးမျက်စောင်းချိလိုက်ဟန်က ဟိုတစ်နေ့က "ဒါ ငါ့အမေ"ဟု ထင်ခဲ့မိစဥ်ကထက်ပင် ပိုပြီးနုပျိုငယ်ရွယ်ပုံပေါက် နေသေးတော့သည်။ စိတ်ထဲမှာတော့ "အမေ"ဆိုတဲ့ အခေါ်အဝေါ် ကို မပြောင်းလဲ မစွန့်လွှတ်ချင်သေး။ အပြင်မှာတော့ "အန်တီ" လို့ ခေါ်ရမှာတောင်မှ ရိုင်းရာကျနေတော့မလားပင်။

"ဒီမှာ ... တို့ Visiting Card ။ ပထမတော့ တမင်လာ အကြောင်းရိုက်သွားတာလားလို့ စိတ်တိုဦးမလို့။ ဒါပေ ဒီရုပ်၊ ဒီရည်၊ ဒီလိုပုံက ဒီလိုအဆင့်အတန်း နိမ့်ကျမယ့်အ မျိုးတော့ မဟုတ်နိုင်ပါဘူးလို့ပဲ တစ်ချိန်လုံး ပြန်တွေးနေ မိတာ"

"ကျေးဇူးတင်ပါတယ်"

"အမေရင်းနဲ့ အဆက်အသွယ် လာလုပ်တာ ဟုတ်လား!"



"ဟုတ်ကဲ့"

"အဆင်ပြေပြီလား"

"အဟင်း"

"အေးလေ ...။ အကူအညီလိုရင်တော့ ပြောပါ။ အားမနာ နဲ့။ တိုက်တိုက်ဆိုင်ဆိုင် နှစ်ဦးနှစ်ဖက် အပြန်အလှန်လူ မှားနေမိကြဖို့ဆိုတာ တမင်ရည်ရွယ်ချက်ရှိတာ မဟုတ်ရင် ဘယ်လောက်ထူးဆန်းတဲ့ ရေစက်လဲ။ ကံပါတယ်လို့ပြော လို့ရပါတယ် ...

လူမှားသွားတာ ဆိုပေမယ့် 'လူရင်းဆွေမျိုးတွေလိုပဲ သဘောထားပါ'ဆိုတဲ့ စကားကို ပြန်ရုပ်သိမ်းဖို့ စိတ်ကူး မရှိဘူး။ အိမ်ကိုလာလည်နိုင်ပါတယ်။ တို့ကတော့ ဆေးရုံနဲ့ ဆေးခန်းတွေကြားထဲ လွန်းပျံနေတတ်တော့ ဖုန်းလေးနဲ့ တစ်ချက်လောက် ကြိုချိန်းကြည့်ပေါ့။ အိမ်မှာ သမီးတစ် ယောက်ရှိတယ်။ 'ချာချာ'တဲ့။ မိတ်ဆက်ပေးထားမယ်"

"ကျွန်တော် လာလည်ပါဦးမယ်"

"ဒါပေါ့ ... ဝမ်းသာတယ်"

"ဝမ်းသာတယ်"ဆိုတာ စကားအဖြစ်နဲ့သာမဟုတ်။ တကယ်ကို တလှိုက်တလှဲ စိတ်ပါလက်ပါရှိလှတဲ့ ပုံမျိုးနဲ့ပင်။ ခြိမ်းကပဲ မတုန်မလှုပ် ကျောက်ရုပ်ဆန်ကာ အသည်းမာလှတဲ့ မိခင်ရင်းဖြစ်သူနဲ့ အစစအရာရာ လိုက်နှိုင်းယှဥ်နေမိလို့လား။ ဒီ အန်တီတစ်ယောက်မှာ လူတစ်ဖက်သားကို စိတ်ချမ်းသာရာရစေ တဲ့ အရည်အချင်းတွေနဲ့ ဘာ့ကြောင့် ဒီလောက်ပြည့်ဝနေရတာ ပါလိမ့်။

ရုတ်တရက်မှ ထသတိရလာတဲ့စိတ်နဲ့ မိခင်ဖြစ်သူ poker-face ထံ ဖျတ်ခနဲ လှမ်းကြည့်လိုက်မိတော့ ထူးဆန်းအံ့သြဖွယ်ရာပင်။ တင်းပြန့်ပြန့် တည်ထန်ထန် မျက်နှာသေတစ်ခုက ပါးလျနေသော နှုတ်ခမ်းကို တစ်ကြောင်းဆွဲပင်ဖြစ်မတတ် တင်းစေ့ကာ ဒီဘက်ကို သမင်လည်ပြန်ကြီး (ပေါ်တင်ကြီး)ပင် လှည့်ကြည့်လို့နေလေသည်။

ခြိမ်းနဲ့ အကြည့်ချင်း ဆုံသွားကြစဉ်မှာလည်း သူ့ရဲ့အကြည့်တွေနဲ့ လည်လိမ်ကိုယ်စောင်းကြီးကို မပြောင်းလဲ။ "ခြိမ်းရောက်နေတာ သူ မသိဘူး"ဆိုတဲ့ အချက်ကိုလည်း ဂရုမစိုက်တော့သလိုပင်။ "အဲဒါ ကျွန်တော့်အမေရင်း ဆိုတာပေါ့"ဟု အန်တီဒေါ်သစ်သစ်စိမ်းကို ခြိမ်းက အားကိုးတကြီး ခင်မင်ရင်းနှီးတိုင်ပင်စွာ တစ်ထိုင်တည်း၊ တစ်လက်စတည်း ဖွင့်ပြောလိုက်ချင်လှပါသည်။ ဒါပေမဲ့ Reunion တစ်ပွဲတည်းကို အတူတကွရောက်လာကြတာဆိုတော့ သူတို့နှစ်ယောက်ဟာ ခင်မင်ရာ ခင်မင်ကြောင်း ငယ်ပေါင်းအသိတွေလည်း ဖြစ်နေနိုင်သည် မဟုတ်လား။ ခြိမ်းက သက်ပြင်းတစ်ခုနှင့်ပဲ အသာမျိုသိပ်လိုက်ပါသည်။

"ဒီလိုဆိုရင် ဟိုဘက်ဝိုင်းဘက် ပြန်ကူးလိုက်ဦးမယ်"

"ဩော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့"

"လာလည်မှာ မဟုတ်လား။ လာခဲ့နော်။ ဖုန်းနဲ့ကြိုချိန်း"

"ဟုတ်ကဲ့ပါ ခင်ဗျ ... ဟုတ်ကဲ့ပါ"

ဒေါ်သစ်သစ်စိမ်း သူ့ပန်းကန်ကြီး သူပြန်မ,ကာ ထထွက်သွားတော့ဖို့ ပြင်လိုက်စဉ်မှာ ခြိမ်းဟာ ကြိုတင်မရည်ရွယ်မိပါဘဲ၊ ကိုယ့်ဘာသာလည်း မမျှော်လင့်ဘဲနှင့် ...



"ဟို ... မေမေလို့ ခေါ်မယ်လို့ ခွင့်တောင်းထားတယ်နော်"

ဒေါ်သစ်သစ်စိမ်းရဲ့မျက်နှာကလေး တစ်မျိုးလေးဖြစ်က နှုတ်ခမ်းတို့ကလည်း "အို"ပုံသဏ္ဌာန် ဝိုင်းစက်စက်ကလေး ဖြစ်သွားသည်။

"အရွယ်ချင်းက သိပ်မကွာသလို ဖြစ်နေတော့ တကယ့်အမေလည်း မဟုတ်မှန်း သိလိုက်ပြီးတဲ့အခါမှာ အားတော့နာပါတယ် ခင်ဗျာ"

"အို ... အရွယ်ချင်းက ဘာလို့မကွာရမှာလဲ။ ကွာတာပေါ့။ ဒီလောက်ကွာတာ။ ဒါ သားအမိအရွယ်ပဲဟာ။ ခေါ်ချင်ခေါ်ပါ။ ရပါတယ်။ ဘာမှမဖြစ်ဘူး။ ဟုတ်တာပေါ့။ မင်းမှာက အဲဒီဖီလင် ရှိနေတဲ့ဥစ္စာ၊ ခေါ် ခေါ် ... ရတယ်။ တို့က အရမ်းကြီး ငယ်နနေချင်ပြီး အန်တီခေါ်မကြိုက်၊ အမေခေါ်မကြိုက် ဖြစ်နေတတ်တဲ့ အမျိုးသမီးတွေထဲမှာ မပါပါဘူး ...

သမီးတစ်ယောက် အရွယ်ရောက်နေမှန်းလည်း သိထားကြတော့ medical field ထဲမှာရော၊ facebook တွေဘာတွေထဲမှာပါ လေးဆယ်ကျော်ရွယ်တူလူလွတ်ကြီးတွေကအစ 'အမေ'ပဲ ဝိုင်းခေါ်နေကြတာ။ ဘာဖြစ်လဲ။ ဂုဏ်ရှိတယ်လို့တောင် ထင်မိသေးတယ်။ ခေါ် ... ခေါ် ..."

သမီးလုပ်တဲ့သူကို ရည်မှန်းစနောက်ပြီး "အမေ" ခေါ်ချင်တဲ့စိတ်ရှိသူတွေနဲ့တော့ တခြားစီပင်ဖြစ်ကြောင်း ကြုံကြိုက်တဲ့အခါကျမှ သေချာနားလည်အောင် ရှင်းပြထားရပါဦးမည်။

ခုတော့ဖြင့် ဒေါ်သစ်သစ်စိမ်းက ကြွကြွရွရွ လှလှပပကလေးနှင့်ပင် စားပွဲဝိုင်းကူးသွားခဲ့ချေပြီ။ မိခင်ရင်းဆိုတဲ့ poker-face လည်း "ငါ့အကြောင်း ဘာတွေများ လျှောက်ပြောကုန်ပြီလဲ"ဟု စိတ်မောရတာနှင့်ပင် ဆွဲစေ့ထားတဲ့ နှုတ်ခမ်းရော၊ လိမ်ထားတဲ့ လည်ပင်းနဲ့ ကိုယ်တို့ပါ ညောင်းချိပင်ပန်းနေလောက်ပြီ။

✤ ◇ ✤

"သစ်သစ်စိမ်းလား"

အမယ်လေး ... ကြောက်စရာ ကောင်းလိုက်တာ။ အင်မတန် မာကျောခက်ထန်သလောက်၊ မောက်မာအထက်စီးဆန်လှတဲ့ အသံမျိုးနဲ့။ ဘယ်သူတုန်း။ သစ်သစ်စိမ်း ဆိုတာဟာ ဝါတော်ရှစ်ဆယ်ရ၊ ထေရ်ကြီးဝါကြီးပုဂ္ဂိုလ်ကြီးတော့လည်း မဟုတ်ဘူးပေါ့။ ဒါပေမဲ့ ကိုယ့်အလုပ်အကိုင်နဲ့ အခြေအနေ၊ ဂုဏ်ဒြပ်တို့အရ ဒီလောက်အသက်အရွယ်မကြီးသေးခင်၊ MRCOG ဘွဲ့ကို စရခဲ့စဉ်လောက်တုန်းကတည်းကိုက အဲဒီလို မောက်မောက်မာမာ တင်းတင်းပြတ်ပြတ်ကြီး ခေါ်ဝေါ်ဆက်ဆံတတ်သူမျိုးနဲ့ မကြုံဖူးတော့တာကြာပြီ။

ကိုယ့်ထက်အသက်ကြီးတဲ့ ဆရာတွေ ဆရာမတွေ၊ စီနီယာတွေ၊ ဦးလေး အဒေါ် သားချင်းတွေနဲ့ ယုတ်စွအဆုံး မိခင်နဲ့ ယောက္ခမတို့သည်ပင် ကိုယ့်အပေါ် တန်ဖိုးလေးအမြဲထားပြီး ဆက်ဆံကြတာမို့ ချိုသာယဉ်ကျေးမှုတွေကိုချည်း လက်ခံရရှိနေရတာမျိုးပေါ့။



နားခါးလိုက်တာ။ သူက ဘယ်သူမို့ ငါ့လာပြီး အဲဒီလောက် ဟောက်ထည့်နေရတာတဲ့လဲ။ ကိုယ့်ဖုန်းကို ဆက်လာပြီး "သစ်သစ်စိမ်းလား"လို့လည်း အတိအကျ မေးနေလေတော့ မှားခေါ်တာမျိုးလည်း ဘယ်ဟုတ်ပါ့မလဲနော်။

"ဘယ်သူလဲ"

သူက ဒီလောက်လာရင့်နေမှတော့ ကိုယ်ကလည်း ယဉ်ကျေးမနေနိုင်ပါ။ နို့မို့ကတော့ သစ်သစ်စိမ်းဟာ လူနာတွေနဲ့ စကားပြောရင်တောင် "ပါ"ကလေးတစ်လုံးတော့ အမြဲထည့်ကာ လူချစ်လူခင်ပေါများအောင် နေတတ်သူ။

"မီရှဲယ်လ်"

"ဘယ်သူ ! "

"မီရှဲယ်လ်မာမာကြင်"

ဪ ...။ မာပါတယ် မှတ်တာ။ လက်စသတ်တော့ မာ,မာနိုင်လွန်းတဲ့ အမိဝမ်းကျွတ်စ မွေးကတည်းက နေရင်းထိုင်ရင်း မာနေတဲ့ မိန်းမကိုး။ သူ့အမေကိုယ်၌က သူ့ဗိုက်ထဲက ထွက်လာတဲ့ သူ့သမီးကို ရုပ်မြင်လိုက်ရကတည်းက ဒီနာမည်နဲ့ပဲ လိုက်ဖက်တယ်လို့ တန်းအဖြေရသွားတဲ့ "မာမာကြင်"။

အလကားနေရင်း မာနေဆို မာကလည်း မာနိုင်တယ်လေ။ မွေးကတည်းက တစ်ခေတ်မှာတစ်ယောက်လောက်လို့ ဆိုရမယ့် သူဌေးဦးကြင်ရဲ့သမီး။ ရုပ်ရည်လေးကျပြန်တော့လည်း သူဌေးသမီးပီပီ အပျံစား။ စာကလည်းတော်။ တက္ကသိုလ်ရောက်ခဲ့တော့လည်း နာမည်ကြီးစတား၊ ဖလားတစ်ယောက် ဖြစ်နေတဲ့

အထဲ အိမ်ထောင်ကျပြန်တော့လည်း ရာထူးရာခံ အမျိုးအဆွေတွေ ဝိုင်းဝိုင်းလည်နေတဲ့ လူကြီးသား၊ နာမည်ကြီးဂရိတ်သူဌေးမင်းနဲ့မှ တက်ရထားတာ။ သူမှမဟာ ဘယ်သူမှာရတော့မတုန်း။

ဒါပေမဲ့ မဆိုင်ဘူးလေ။ ငါ့တော့လာမမှာနဲ့လေ။ ဘာဆိုင်လဲ။ မာချင်ရင် ကိုယ့်လက်အောက်ခံ၊ ကျေးဇူးခံကျေးဇူးစားတွေကိုပဲ သွားမာချေလေ။ သို့သော် သစ်သစ်စိမ်းနဲ့ မာမာကြင် ဆိုတာက အရင်ကတည်းကိုက ဓာတ်လမ်း။ ကိုယ်ကစတာများ မဟုတ်ရပါဘူး။ သူကသာ လာစခဲ့တာပါ။ ကိုယ့်မှာဖြင့် ကိုယ့်ရည်မှန်းချက်တွေနှင့် ကိုယ်အလျှဉ်မီပြည့်မီအောင် မနည်းလုံးပမ်းနေရတာမို့ သူများတကာတွေကို ဓာတ်လမ်းသွားစနေဖို့ ခေါင်းထဲလည်းမရှိ။ အချိန်လည်း မရှိခဲ့ပါဘူး။

ဒါပေမဲ့ သူကတော့ အချိန်ရှိပုံရသည်။ ကျောင်းလည်း မတူ၊ အတန်းလည်းမတူ။ နေတဲ့နေရာချင်းလည်းမတူတဲ့ ဒီနှစ်ယောက်ကို ကြားထဲက နှစ်ဖက်ခင်ဖြစ်နေတဲ့ သူငယ်ချင်းမတစ်ယောက်ကမိတ်ဆက်ပေးလိုက်ရာကစကာ အချိန်ရှိပုံရတဲ့ မာမာကြင်က သစ်သစ်စိမ်းကို ပြိုင်ဘက်အဖြစ်သဘောထားလိုက်တော့တာပါပဲ။

သဘောကတော့ သူ့နံဘေးပတ်ဝန်းကျင်မှာ သူ့ထက် တစ်ချက်တလေလောက် သာနေတဲ့ မိန်းကလေးမျိုးရှိကို မရှိစေရဆိုတဲ့ (မဖြစ်နိုင်တဲ့) စီမံကိန်းစစ်ဆင်ရေးကြီးနဲ့လေ။ ဖြစ်နိုင်ပါ့မလား၊ အမေမွေးပေးထားတဲ့ ရုပ်ရည်ချင်းမှာ ကိုယ်ပဲသာအောင် အတင်းကြီးလုပ်ပြိုင်ချင်လို့ ဘယ်လိုလုပ် ရနိုင်မလဲ။



(အဲဒီခေတ်က ဒီခေတ်လို Plastic Surgery တွေ လုပ်ချင်တိုင်း၊ ပိုက်ဆံရှိတိုင်း လျှောက်လုပ်လို့ ရနိုင်တဲ့ခေတ်မျိုး မဟုတ်သေး။) ပြီးကျ သစ်သစ်က ကိုယ့်ရဲ့စီမံကိန်း Plan နဲ့ကိုယ်။ မိဘကတစ်ချက်မှ လှည့်ပြောစရာမလိုအောင် စာမှစာ၊ စာ ... စာ ... စာ... အသေကြိုးစားတာ။ တော်ရုံစိတ်ဓာတ်လောက်နဲ့ သူများထက်အဆင့်မြင့်ချင်ရုံလေး မှန်းလုပ်တဲ့သူမျိုးနဲ့ ဘယ်ယှဉ်သာမလဲ။

တစ်ချက်လောက် သာနေရင်တောင်မှ ကြည့်မရမယ့်ဟာ နှစ်ချက်တောင်သာနေတော့တဲ့အခါ မာမာကြင်ဟာ သစ်သစ်စိမ်းကို အပြင်းအထန် ငြိုငြင်ကြည့်မရပြီ။ ကြားထဲက သူငယ်ချင်းကတစ်ဆင့် သေလုအောင်ကိုလိုက်ပြိုင်ပြီ။ တစ်နေ့တစ်နေ့ သူ့မှာ သစ်သစ်စိမ်း ဘာလုပ်နေသလဲပဲ လာလာချောင်းနေသလားတောင် ထင်ရတော့သည်။ စတင်ကာစကတော့ ဒီပြင် ကိုယ့်အရည်အချင်းမဟုတ်တဲ့ အဖေပိုင်၊ အမေပိုင်တွေနဲ့ပါ ပြိုင်ရအောင် သူကလုံးပမ်းခဲ့ပါသေးရဲ့။ သို့သော် သစ်သစ်စိမ်းက လုံးဝစိတ်ဝင်စားပုံမရှိတဲ့အခါ တစ်ဖက်သတ်ကြီး ပြိုင်နေလို့လည်း အကျိုးမရှိမယ့်တူတူ သူက သစ်သစ်စိမ်း စိတ်ဝင်စားမယ်ထင်တဲ့ စာကိုပဲ အတင်းလာပြိုင်သည်။

သူကဖြင့် သစ်သစ်စိမ်းထက် အတန်းကြီးသေးတာ။ ဒါကိုပဲ ဆယ်တန်းပထမနှစ်ကို ခြစ်ချလိုက်သည်။ (ဟုအဆိုရှိသည်။) အဲဒီတော့ ဘာဖြစ်တုန်း။ ဘာမှလဲ မဖြစ်ပါဘူး။ နောက်တစ်နှစ်မှာ သစ်သစ်စိမ်းက မြန်မာတစ်နိုင်ငံလုံးမှာ အဆင့်(၅)နဲ့ ဆေးကျောင်းဝင်သွားသော်လည်း သူက ရိုးရိုးသာ။ အဲဒီတော့ သူက တက္ကသိုလ်ကျောင်းသူဘဝမှာ နာမည်ကြီးမှုနှင့် လူကြိုက်

များမှုတွေကို ပြောင်းဖြိုင်သည်။ ဒီတစ်ချက်မှာတော့ ရွေးချယ်မှု မှန်ကန်တယ်လို့ ပြောရမှာပေါ့။ အရည်အချင်းချင်းက သူမသာ ကိုယ်မသာရယ်ကိုး။

သစ်သစ်ရဲ့စိတ်ထင် ...၊ ချာချာတို့ အဖေကိုတောင် မာမာကြင်က စိတ်ဝင်စားလိုက်သေးသလိုလိုပင်။ အခွင့်အရေးတွေ ပေး တလိုက်တလျောတွေရှိကာ ဖိတ်ခေါ်ကြိုဆိုမှု အပြည့်ရှိသည်ဟု သတင်းကြားရသည်။ ပြောနိုင်တာမဟုတ်ဘူးလေ။ ယောက်ျားလေး လုပ်တဲ့လူကလည်း ဟိုလိုလို ဒီလိုလိုနဲ့ ဟိုတစ်ယောက်ရလည်း အမြတ်၊ ဒီတစ်ယောက်နဲ့ဆိုလည်း အရှုံးမရှိဆိုတာမျိုး လုပ်ချင် လည်းလုပ်ထားခဲ့မှာပေါ့။ လူလွှတ်ယောက်ျားလေးတို့ရဲ့ ဝသီကို သစ်သစ်ကလည်း အပြစ်ကြီးလို့တော့ မယူဆချင်ပါ။ ကိုယ်တောင် လူတစ်ရာထဲကတစ်ယောက် ခေါင်းခေါက်ရွေးချင်သေးရင် သူတို့ လည်း တစ်ခါတည်းနဲ့ လေးငါးယောက် ဖမ်းချိန်ထားချင်တာ မတရားဘူးဟု ပြောဖို့မရှိပါ။

မိရှဲလ်မာမာကြင်ရဲ့ ဖြိုင်ဆိုင်မှုနဲ့ ကျောင်းတော်က ရန်စကတော့ ပိုပြီးပြင်းထန်ကောင်း ပြင်းထန်လာမှာပေါ့။ နောက် ပိုင်းမှာ ချာချာ့ရဲ့အဖေက သူ့ဘဝမှာ နံပါတ်(၁)က သစ်သစ်မှ သစ်သစ် သီသီသာသာကြီးကို အသဲအမဲ အရူးအမူးတွေ ဖြစ်လာ တော့တာကိုး။ အဲဒီအချိန်လောက်မှာပဲ မာမာကြင် တစ်ယောက် ဖြိုင်ကောင်းတုန်း၊ မော်ကောင်းတုန်း၊ မာကောင်းတုန်း အသိုင်း အဝိုင်း အခြေအနေထဲကနေ ဖြုတ်ခနဲ ရုတ်ခြည်းပျောက်ကွယ်ပြီး နိုင်ငံခြားကို ထွက်သွားခဲ့တာပါ။



"ရှင့်ကို စိတ်နာသွားတာထင်တယ်"

သစ်သစ်ကစတော့ ချာချာ့ဖေဖေက "မဆိုင်ဘူး" တွေ အလုံးတစ်သိန်းလောက်ထပ်ကာ ပျာပျာသလဲ ငြင်းဆိုခဲ့သေး သည်။ သူ စောစောစီးစီး လက်လျှော့အရှုံးပေး (ဒီလိုပဲ ပြောရ မှာပေါ့နော်) သွားစဉ်က သစ်သစ်ဖြင့် ချာချာ့အဖေကို အဖြေပင် ပြန်မပေးရသေး။ ရွေးကောင်းတုန်း၊ လျှာထားတုန်း၊ စဉ်းစားတုန်း 2nd MB (ဒုတိယနှစ်)ဆေးကျောင်းသူလေးဘဝ၊ (၁၇)နှစ်သမီး လောက်ပဲ ရှိပါသေးသည်။

ပါ့တ်တူး (Part II)ပြီးလို့ သစ်သစ် လက်ထပ်တော့ သူ ပြန်ရောက်နေပြီကြားလို့ ဖိတ်စာပို့လိုက်ပါသေးသည်။ ငယ် သူငယ်ချင်းတွေလို့ သဘောထားကာ ဖိတ်လိုက်မိတာ ဖြစ်ပေမယ့် သူကတော့ တမင်ကျောတာလည်း ထင်ချင်ထင်မှာပေါ့။ ပေါ်မ လာခဲ့ပါ။

ဒါပေမဲ့ သူလက်ထပ်တော့ ဖိတ်စာပြန်ပို့သည်။ ပို့မှာပေါ့။ တကယ့်ဂရိတ်ကြီး၊ နာမည်ကျော်ကြီး၊ သူဌေးမင်း၊ လူကြီးသားနဲ့ ရတာကိုး။

သစ်သစ်တို့ကတော့ သွားသည်။ စုံတွဲလေးပင် တက်ရောက်ချီးမြှင့်လိုက်သေးသည်။ သူ့ အပြည့်အဝ ကြွားချင်ရင် လည်း ကြွားခွင့်ရအောင်ပါ။ ဒါပေမဲ့ သတို့သမီးသာဆိုတယ် သိပ်မျက်နှာကြောမပျော့လှတဲ့ မာမာကြင်တို့က သစ်သစ်တို့ကို နှုတ်ဆက်တော့လည်း ခပ်မာမာ ခပ်ထန်ထန်ပင်။

သူ နည်းနည်းလေးလောက် မျက်နှာကြောလျှော့တာ ဆိုလို့ ချာချာတို့အဖေရဲ့ အသုဘအခမ်းအနားမှာသာ မြင်ဖူးသည်။

အဲဒီတုန်းကတော့ သူလာသည်။ သစ်သစ်ကမရှိပေမယ့် ပြန်ရောက်လာတော့ ဓာတ်ပုံတွေထဲမှာ တွေ့ရပါသည်။

အဲဒီကတည်းကစလို့ နောက်ပိုင်းမှာ သူက သူ့ကိုယ်သူ အပြတ်အသတ် နိုင်လိုက်ပြီလို့ ယူဆလိုက်တာလား။ ပညာအရာမှာ MRCOG ဘွဲ့ရ၊ စပယ်ရှယ်လစ်ကြီးတစ်ယောက် ဖြစ်သွားပေမယ့် လူမှုဝန်းကျင်မှာတော့ "မုဆိုးမ"တစ်ယောက်ပဲဆိုတဲ့ အဖြစ်ကို သနားတာလား၊ ပြိုင်ဘက်မဟုတ်တော့ဟု ယူဆလိုက်တာလား။ ကြားထဲက ဟိုသတင်းဒီပို့၊ ဒီသတင်းဟိုပို့တတ်တဲ့ သူငယ်ချင်းမကာပဲ အလုပ်မအားတော့တာလား။ သစ်သစ်တို့ကြားမှာ စကားနည်းရန်စဲတွေ ဖြစ်သွားကြရသလိုပင်။

တွေ့တာကတော့ တွေ့ဖြစ်ပါတယ်။ လေးဆယ်ပိုင်းတွေ ဖြစ်လာကြတဲ့အခါ တစ်ယောက်မဟုတ်၊ တစ်ယောက်ကတော့ "Reunion"လို့ ခေါင်းစဉ်တပ်ပြီး ရှေးဖြစ်ဟောင်းအောက်မေ့ဖွယ်ပွဲတွေ ထထလုပ်ကြတာမျိုးက ခေတ်စားလာတာကိုး။ ပွဲတွေမှာ တွေ့တော့လည်း တွေ့တယ်ပေါ့။ မြင်တယ်ပေါ့။ သူကမှ ပြုံးမပြ၊ နှုတ်မဆက်တဲ့ဟာ ကိုယ်ကစပြီး သွားပြုံးပြ နှုတ်ဆက်နေဖို့ မရှိဘူးပေါ့။

သူကလည်း ကိုယ့်တစ်ယောက်တည်းအပေါ်ကွက်ပြီး တင်းနေပုံတော့လည်း မဟုတ်ပါဘူး။ သူ့ဝသီကိုက ဒီလိုပဲဖြစ်ပုံရတာပဲဟာ။ အဲဒီလို ဝသီကို သည်းခံနိုင်တဲ့သူတွေ၊ သူ့အမျိုးသားနဲ့ပတ်သက်ဆက်ဆံရဖို့ အရေးကိစ္စရှိတဲ့ လူတွေကတော့ ဒီလို "ပြန်လည်တွေ့ဆုံပွဲ"တွေဆို သူ့ကို ဝမ်းသာအားရ မျက်နှာပြနှုတ်ဆက်ကြတာပေါ့။



ဒါပဲလေ ... သစ်သစ်စိမ်းနဲ့ မိရှဲယ်လ်မာမာကြင်တို့ရဲ့ကြားက ဓာတ်လမ်းက ဒီထက်မပိုခဲ့ပါဘူး။ ပြီးနေပြီပဲမဟုတ်ဘူးလား။ အဲဒါကိုပဲ ဘာလဲ ... ရုတ်တရက်ကြီးမှာ မောက်မောက်မာမာကြီး သပေါက်သဟ။ ဘာသဘောလဲ။ သူ့ကို နိုင်ငံရပ်ခြားအထိ "မြှုတ်"ခနဲ ထထွက်သွားစေနိုင်လောက်တဲ့အထိ အသည်းကို ကလိခဲ့ဟန်ရှိတဲ့ သူကလည်း သေပြီလေ။ လောကကြီးထဲမရှိတော့တာပဲ ကြာပြီလေ။ ဘာလဲဟ။

"ဒီမယ် ... သစ်သစ်စိမ်း။ ယူ့ကို ကိုယ်မေးစရာတစ်ခုရှိလို့။ အဲလစ်စ်ရဲ့ Birthday party တုန်းက ယူ ကိုယ်တို့ဝိုင်းကြီးကနေ ဝိုင်းကူးပြီး စားပွဲတစ်ခုမှာ သွားပြောင်းထိုင်လိုက်တာ ကိုယ်တွေ့လိုက်တယ်"

ဟင် ...။ ထူးဆန်းလိုက်တာ။ အဲဒါ ဘာဖြစ်လဲ။ အဲဒီတော့ ဘာ ... ဘာလုပ်ချင်တာလဲ။ သူနဲ့ဘာဆိုင်လို့လဲ။ နားတောင်မလည်နိုင်တော့ပေ။ မာမာကြင် ဆိုတာမျိုးက ခုလို ကိုယ်နဲ့မဆိုင်တာတွေကို အားအားရားရား ဝင်စပ်စု ဝင်ပါနေဖို့လောက်အထိ သူ့မာန်ကိုချနိုင်တဲ့ မိန်းမမို့လို့လား။

"အဲဒါ ယူနဲ့ ဘယ်လိုပတ်သက်တာလဲ။ မိတ်ဆွေတို့၊ အသိုင်းအဝိုင်းထဲကတို့၊ ယူ့ရဲ့ပေးရှုင့်န်တွေနဲ့ ပတ်သက်တဲ့လူတို့တော့ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူးဆိုတာ ကိုယ်သိတယ်။ အဲဒီကောင်လေးက ဒီကို ပြန်ရောက်လာတာဘယ်လောက်မှ မရှိသေးဘူး"

"မီရှဲယ်လ် … ယူ ကိုယ့်ကို ဒီလိုတွေ လာမေးနေနိုင်စရာ ဘာအကြောင်းရှိသလဲ။ ရှင်းရှင်းပြောရရင် ယူနဲ့ကိုယ်နဲ့ ငယ်ငယ်တည်းက သိခဲ့ကြတယ် ဆိုပေမယ့်လည်း ပြောမနာ ဆိုမနာ သူငယ်ချင်းမျိုးတွေတော့ မဟုတ်ခဲ့ဘူးနော်၊ သူ့စည်းကိုယ့်စည်းလေးနဲ့ပဲ အသိအမှတ် ရှိခဲ့ကြတာလေ။ ယူ နည်းနည်းလောက် စည်းကျော်လာပြီလို့ မထင်မိဘူးလား"

"ယူ အဲဒီလိုသတ်မှတ်လည်း ကိုယ်ကတော့ ဘာမှမဖြစ်ပါဘူး။ ကိုယ့်အတွက်ကတော့ ယူတို့ ဘယ်လိုပတ်သက်မှု ရှိကြသလဲဆိုတာ တိတိကျကျ သိရဖို့ပဲ"

ဟင် … ! ဇွတ်။ ပျော့ပျော့ပျောင်းပျောင်း တောင်းဆိုဆိုလည်းမဟုတ်။ မာမာကြီးဇွတ်။ သစ်သစ်စိမ်းလို မိန်းမမျိုးကို သူ့ရဲ့အဲဒီဇွတ်တွေကို သည်းခံလိုက်လျောပေးရမယ့် သူအဖြစ် သတ်မှတ်ချင်တာကတော့ မင်း လွန်လွန်းတာပေါ့ မာမာကြင်ရယ်။

"မပြောဘူး"

"ဟင် … ဟင် … ဟင်"

သူ့ဘက်ကတော့ မာချင်သလောက်မာမယ်။ သူများဘက်ကိုကျတော့ ငြင်းဆန်ခြင်း၊ အာခံခြင်းတွေအတွက် ပြန်မျှော်လင့်ထားပုံမရတဲ့ "အမာမကြီး" အံ့အားသင့်သွားလိုက်သည်မှာ "ဟင်"သံသည်ပင် Echo (ပဲ့တင်သံ)တွေ ရိုက်ခတ်သွားတဲ့အထိ။



"မပြောဘူးလို့ ယူ ပြောလိုက်တာလား"

"ဟုတ်တယ်လေ"

"ဟင် … ဘာများမပြောနိုင်စရာ ရှိတာလဲ။ ဘာလျှို့ဝှက်ချက်တွေ ရှိတာလဲ။ ရိုးရိုးသာမန်ကိစ္စလေးမျိုး မဟုတ်ဘူးလား။ ယူတို့ဟာက ဘာလဲ … ဘာလဲ …။ ကိုယ်ထင်တဲ့အတိုင်းပဲလား"

အမယ်လေး …။ လျှာတောင်ခလုတ်တိုက်နေပြီ။ ဒါတောင် လျှာကပါးစပ်ထဲမှာ တစ်ချောင်းပဲရှိလို့။ နှစ်ချောင်းများရှိရင် ဒီလောက်စိုးရိမ်တကြီး၊ စိတ်လှုပ်ရှားစွာ မြန်မြန်ကြီးပြောနေပုံနဲ့ ပါးစပ်ထဲမှာ အချင်းချင်း လိမ်ယှက်ပြီး ပြန်ဖြည်လို့မရလည်း ဖြစ်နေပါဦးမယ်။

အံ့ဩစရာကောင်းလိုက်တာ။ ဘာကိုအသဲအမဲ၊ အရူးအမူး ဖြစ်နေရတာတဲ့လဲ။

နေပါဦး "ဟိုကောင်လေး ဒီကိုရောက်လာတာ မကြာသေးပါဘူး" ဘာညာအထိ သူလည်းသိနေပုံထောက်ရင် သူလည်း လိုက်စုံစမ်းထားတာလား။ ရှင်းရှင်းပြောရရင် "မဆိုးဘူးဟဲ့"လို့ မှန်းရွယ်ထားချင်နေတာများလား။ နေပါဦး … သူမွေးထားတာလည်း သမီးပဲလား။ ဘယ်အရွယ်လေးရှိသေးလို့လဲ။ သစ်သစ်စိတ်ထင် ချာချာ့ထက်တောင် အနည်းဆုံး သုံးနှစ်လောက်တော့ ငယ်မယ်မဟုတ်ဘူးလား။ ဘယ်လိုဖြစ်ရတာလဲ။

အဲဒီလိုသာဆိုရင်တော့ သစ်သစ်က ခုမှပင် သူ့ကိုတကယ့်ပြိုင်ဘက်အဖြစ် သဘောထားလိုက်ရတော့မှာပင်။ ကိုယ့်

တုန်းက သူ့ဘာသာလာပြိုင်ပြိုင် မပြိုင်ပြိုင် မနိုင်ရလည်းအ... မကြီး။ နိုင်ရလည်း ဂုဏ်မယူ။ ခုဟာကတော့ ဘာလဲ ...။ အဲဒီကောင်လေးက ဒီလောက်ပဲ ကောင်းမွန်သင့်တော်နေတာမို့လို့လား။ ဒီခေတ်သမီးရှင်အမေတွေများ ကြောက်စရာကောင်းလိုက်တာ။ ကိုယ့်ကိုယ်ကိုယ် တက်ကြွလှပြီလားလို့။ လွန်ကဲနေရင် ကိုယ်ရှိန် သပ်သင့်သပ်ရမယ်လို့ စဉ်းစားထားသေးတာ။ ခုတော့ ကိုယ့်ထက်ဆိုးသေးတဲ့လူမျိုးနဲ့ လာတွေ့နေပြီထင်သည်။

"ဒီမှာ သစ်သစ်စိမ်း။ ယူ့ဘာသာ မထင်မှတ်နိုင်လောက်အောင် ငယ်နေတာလည်း ကိုယ်စိတ်မဝင်စားဘူး။ ဒါပေမဲ့ လို့ လေးဆယ်ကျော်ဟာ လေးဆယ်ကျော်ပါပဲ။ ရှင်းရှင်းပြောရရင်တော့ လေးဆယ်ကျော်ဟာ အစိတ်ပြန်မဖြစ်နိုင်တော့ဘူး။ ဒီ့ထက်ရှင်းအောင် ထပ်ပြောရရင် လေးဆယ်ကျော်ဟာ အစိတ်နဲ့လိုက်ဖက်ညီစရာ ဘာအကြောင်းမှကို မရှိဘူး ...

ယူ့ရဲ့ တစ်ပင်လဲမှု၊ တစ်ပင်ထူကိစ္စတွေ ကိုယ်ဘာမှ ဝင်စွက်နေဖို့ မရှိဘူး။ သွားလေသူကိုတော့ တစ်ချက်လောက် လက်တို့ပြီး လိုက်ပြောပြချင်မိတာပေါ့လေ။ ဒါပေမဲ့ ထားပါ။ ဒါတွေက ယူ့ရဲ့လွတ်လပ်ပိုင်ခွင့်တွေပါ။ ကိုယ်ဝင်စွက်ချင်ရင် လွန်သွားမှာပေါ့။ ဒါပေမဲ့ အဲဒီကောင်လေးနဲ့ဆိုရင်တော့ ဝင်စွက်ကို စွက်ရလိမ့်မယ်။ လုံးဝမဖြစ်နိုင်ဘူး။ ယူစိတ်လျှော့လိုက်ပါ။ ကိုယ်ကတော့ မလျှော့နိုင်ဘူး။ ဒါ သေချာတယ်။ ယူပဲလျှော့လိုက်"



ဒီတစ်ချီ"ဟင်"တွေ ပဲ့တင်ထပ်သွားရတာ သစ်သစ်...မ်းပဲဖြစ်သည်။ ကိုယ့်ရဲ့ဂုဏ်ဒြပ်နဲ့ သိက္ခာကို ထောက်ရရ ...ထောက်ရရ အဲဒီမိန်းမသာ အနားရှိရင် ကုတ်ဖဲ့ရိုက်နှက်ပြီးမှ ...ဘင့်တွန်းလိုက်မိရက်သားပဲ ဖြစ်နေလောက်ပြီ။ မိုက်ရိုင်းလိုက်...တာ။ မာကျောလှတာကို လက်မခံချင်ပေမယ့် သည်းခံပေးနိုင်တယ်...သားဦး။ မိုက်ရိုင်းလှတာကတော့ ဘယ်လိုလုပ် ခေါင်းငုံ့ခံနေ...ရမလဲ။

"ယူက ငယ်ငယ်ကတည်းက တိုင်ဦးတမ်း ကစားရတာ တော်တော်ဝါသနာပါတယ်၊ ဟုတ်လား မာမာကြင် !၊ ကိုယ့်တုန်းက တိုင်ကျွတ်လက်လွှတ် ဦးမရလိုက်လို့ ကိုယ့်သမီးလက်ထက်ကျတော့ ဘယ်လိုပြိုင်ကြိရကြိရ အမေရော သမီးပါ ဒီတိုင်တစ်လုံးကို ကျူးဖက်ထားရလည်း အရေးမကြီးဘူး၊ လွတ်ထွက်မသွားဖို့က အဓိကပဲ ... ဟုတ်လား ! ယူ့အစိတ်က လေးဆယ်ကျော်နဲ့မလိုက်ရင် ဆယ့်ငါးနှစ်သမီးနဲ့မှ လိုက်ဖက်မယ်ပေါ့ ... ဟုတ်စ။ အိုးမိုင်ဂေါ့ဒ်! ယူ့သမီးအသက်အရွယ်နဲ့က ဒေါ်လီရုပ်လေးတစ်ရုပ်လောက်ပဲ ဝယ်ပေးလိုက်ပါ မာမာကြင်ရယ်။ ကလေးက ငယ်ပါသေးတယ်"

"ယူ ... ယူ ...။ မိုက်ရိုင်းလိုက်တာ။ အမယ်လေး ... မိုက်ရိုင်းလိုက်တာ။ ထင်တောင်မထင်ထားဘူး။ အရမ်းကိုအဆင့်အတန်းမရှိတာပဲ။ ယူ ဒီလောက်မိုက်မိုက်ရိုင်းရိုင်း အောက်တန်းကျနိုင်သလား"

"နင် မိုက်ရိုင်းတာကျတော့ နင်က ထည့်မပြောဘူးလား
ဘယ်သူကစပြီး မိုက်ရိုင်းအောက်တန်းကျတာလဲ"

"ငါ့ကို နင်လို့မပြောနဲ့"

"နင်ကျတော့ ဘာလို့ 'ငါ'လို့ ထည့်ပြောသေးလဲ"

"ငါက နင်ပြောသလို တိုင်ဦးတမ်း ကစားချင်တာလည်
မဟုတ်ဘူး။ အရွယ်မရောက်သေးတဲ့ ငါ့သမီးလေးကိုလည်
နင် ဘာမှစကားထဲ ထည့်ပြောနေစရာ မလိုဘူး။ န
မိုးကြိုးတွေအပစ်ခံရလိမ့်မယ် သစ်သစ်စိမ်း။ ငါကမသ
တော်ဘူးထင်လို့ မသင့်တော်တာကိုပဲ ပြောပြတာ။ န
ပါးစပ်စည်းကမ်းရှိစမ်းပါ"

"ကောင်းပြီ။ နင့်ပါးစပ်လည်း စည်းကမ်းရှိပါလို့ ငါ
ပြန်ပြောလိုက်မယ်။ အရွယ်မရောက်သေးတဲ့ ကလေးတ
ယောက်ကို ဒါမျိုးထည့်ပြောမိလို့ မိုးကြိုးပစ်ခံရတယ်
တော့ တစ်ခါမှ မကြားဖူးသေးဘူး။ ဒါဖြင့် သူ့ကလေ
ကိုယ့်ကလေး အချင်းချင်း ပါးစပ်နဲ့ပေးစား၊ စနောက်
တတ်ကြတဲ့ မိဘတွေ မိုးသွေးတုံးဖြစ်ပြီး သေကုန်ကြတာ
ကြာလှပေါ့ ...

အဲဒီမိုးကြိုးက နင့်ကိုသာ ပစ်ချင်ပစ်မှာ။ နင့်သ
အတွက် ရည်ရွယ်ချင်နေတာ မဟုတ်ရင် အဲဒီကောင်လေး
လည်း နင်နဲ့ဘာမှမဆိုင်ဘူး။ ငါကလည်း နင့်သမီးမဟု
တဲ့အတွက် မသင့်တော်ဘူးတွေ၊ မဖြစ်နိုင်ဘူးတွေ လာပြ
မနေနဲ့။ အဲဒီလို ကိုယ်နဲ့လုံး၀၊ ဘာမှမဆီမဆိုင်ဘဲ ဝင်



ချင်သူတွေကိုသာ သိကြားမင်းက မျက်စိနောက်ပြီး အသေ
ပစ်ရင်ပစ်မှာ။ ငါကတော့ ဘုရားမကြိုက်တဲ့အလုပ်မျိုး
ဘာမှလုပ်မထားဘူး ...

နင်က သွားလေသူဘက်က နာတာပါလို့ ပြောချင်
သေးတာလား။ မရှိတော့တဲ့သူဘက်က ရပ်တည်ပြီး ငါ့ကို
ဆုံးမသြဝါဒပေးချင်နေတာလား။ နင်ပြောတော့ တိုင်ဦးတမ်း
မကစားချင်ဘူးဆို။ ခုတော့ မရှိတော့တဲ့တိုင်ကိုတောင်
လေထဲမှန်းသမ်း လက်နဲ့ဖမ်းပြီး ဆက်ဦးချင်ရာကျမနေ
ဘူးလား ...

ဒီမှာ နင် သိထားလိုက်ပါ။ သစ်သစ်စိမ်းတို့က
လူများပါးစပ်ဖျားမှာ ကောင်းသတင်းနဲ့ပဲ နေတယ်။ အပြော
အဆိုခံရမယ့်အလုပ် ဘယ်တော့မှမလုပ်ဘူး။ မရှိ့ရှိတာ
ရှာကြံပြောနေချင်ကြတဲ့ သူတွေအတွက်လည်း ပြောကောင်း၊
ကြားကောင်းမယ့် အလုပ်မျိုးကိုပဲ လုပ်တယ်။ ဒါပဲ"

သစ်သစ်စိမ်းက ဖုန်းကိုပိတ်ချပစ်လိုက်ပါသည်။

ဘုရားရေ ... မကြားဖူးပါဘူးရှင်။ အဲဒီကောင်လေးကို သူ့သမီး
အတွက် ရည်မှန်းပြီး လုဦးချင်တာမျိုးလည်း တကယ်ပဲမဟုတ်
ဘူးဆိုရင် ဘယ်သူနဲ့ ဘာဖြစ်ဖြစ် သူ့အရင်က ကာရိုက်တာ
(character)၊ သူ့မာနကြီးတွေ ဘယ်ရောက်ကုန်ပြီလဲ။ ဘာကိစ္စ
ဝင်ပါချင်ရတာလဲ။ သွားလေသူ ချာချာတို့အဖေအပေါ်မှာ အဲဒီ
လောက်ပဲ အဟုတ်ကြီး သစ္စာစောင့်သိ။ ဘက်ပင်းပေးချင်တာတဲ့
လား။ အရမ်းအံ့သြစရာကြီး။

အဲဒီလိုဆိုရင်တော့ သူတစ်ယောက်တင်မက အဲဒီ "ပြန်လည်တွေ့ဆုံပွဲ"မှာ တက်ရောက်ခဲ့ကြတဲ့ အမျိုးကောင်းသမီး တွေထဲက တချို့တလေ (ဒါမှမဟုတ် တော်တော်များများ)ဟာ သစ်သစ်စိမ်းကို အဲဒီကောင်လေးနဲ့ တစ်စားပွဲတည်း သွားထိုင် လိုက်တာနဲ့ပဲ "သို့လော ... ဤလော"မှန်းသမ်း စွပ်စွဲကုန်ကြတဲ့ သဘောတွေပေါ့။ ဖြစ်ရလေ။ ခါတိုင်းလို "အဲဒီမိန်းမက သမီး ယောက်ျားပေးစားချင်တဲ့အရွယ်မျိုး ရှိနေတာ"ဆိုတဲ့ အတင်းပေါင်း ကြီးမျိုး ဘာလို့ထပ်တွေးမပေးနိုင်ကြတော့တာလဲ။

ဒါမျိုးဆိုလို့ကတော့ သစ်သစ်စိမ်းတို့က ကိုယ့်ရဲ့ ဦးတည်ရာကို သေချာပေါက် ရှေ့ဆက်ပြီး ဖွတ်တိုးကို တိုးရတော့ မှာပဲ။ တော်တော်ပြောချင်ဆိုချင်နေကြတဲ့ မိန်းမတွေ၊ သူတို့ရဲ့ အတွေးဆိုး၊ အတွေးညစ်ကြီးတွေက မမှန်မှန်း ရုတ်တရက်သိသွား ကြတော့မှ "ဟိုက်"ခနဲ ဖြစ်ကြပစေ။

သစ်သစ်စိမ်း သူ့ထက်သာသွားမှာကို အမြဲအပူလုံး ဆို့နေတဲ့ ပဲ့တစ်ယောက်လည်း သူကိုယ်တိုင်က ဂရိတ်သူဌေးမင်း ကို ရထားပါရက် "ဒီမုဆိုးမတော့ ငယ်ငယ်နုနုချောချော၊ ကောင်း ကောင်းမွန်မွန်ကလေးကို ရစရာလား"ဆိုတဲ့ အပုပ်တရားတွေ အဲဒီအချိန်ကျမှ သက်ပြင်းချနိုင်ပစေ။

အဲဒီကောင်လေးဟာ တကယ်ပဲ သင့်တော်ကောင်း မွန်တဲ့ လူလွတ်တစ်ယောက် ဟုတ်မဟုတ် တစ်ချက်လောက် ပြန်စုံစမ်းလိုက်ပြီး အိမ်ကမိချာချာနဲ့ အပြင်းအထန်ကို လှော်တော့ မှပဲ ဖြစ်မှာပါ။ အစကတော့ "သမီးယောက်ျားကောင်းရဖို့"တစ်



ချက်တည်း။ ခုဟာကတော့ "ကိုယ့်ကိုယ်ကိုယ်လည်း နာမည်ပျက် ဘွင်းက ကယ်တင်ရမယ့်ကိစ္စ"နဲ့ပါ နှစ်ချက်။

မာမာကြင်ရဲ့မဆီမဆိုင် လုပ်ရပ်ကတော့ အံ့သြရ လွန်းလို့ နားကိုမလည်နိုင်တော့ပါဘူး။ ကျွတ် ... ! ။

✤ ◇ ✤

"ခုဟာက အောက်ထပ်မှာ ရောက်နေပြီ။ ငါက ဘာလိုလို နဲ့ ခဏလစ်ထွက်လာပြီး နင့်ဆီလာဖုန်းဆက်တာ။ ငါ့ကို မြန်မြန်အကြံပေးစမ်းပါ။ ငါ ဘာလုပ်ရမလဲ။ ဘာလုပ်ရင် ကောင်းမလဲ"

"ဟင် ... ဟို ... ထိပေါက်ပြီး ထိလက်မှတ်မျောက်နေ တယ်ဆိုတဲ့ကိစ္စလား"

"နင့်ထီလက်မှတ်က မပျောက်ဘူး။ အခု ငါတို့အိမ်က ဧည့်ခန်းထဲမှာပါလို့ ဘယ်နှခါ ပြောရမလဲ မိန့်နှမ်း"

"အေး ... မပျောက်တော့လည်း ဘာဖြစ်လဲ။ နင်ကဘာတွေ အသည်းအသန် ဖြစ်နေတာလဲ ဒေါ်ချာချာရဲ့"

"ဟဲ့ ... လူမှားတာလေ။ ငါ့အမေကတော့ သူ့ကိုလူမှား ပြီး သူ့သမက်လောင်းလို့ ထင်နေတာလေ။ မဟုတ်ဘူး လူမှားသွားတာလို့ သိလိုက်ပြီးတော့လည်း သူ့စိတ်ထဲမှာ ကောင်းတယ်၊ လက်ခံနိုင်တယ်လို့ ထင်မိပြီးသား လူတစ် ယောက်ကို တော်ရုံနဲ့ ဘယ်စိတ်ထဲက ဖျောက်ထုတ်နိုင်

မလဲ။ ဆက်ပြီးတော့ပဲ ရည်မှန်းနေမှာပေါ့။ ငါ့အမေဘက်က ဝမ်းသာအားရ ဖြစ်နေတာကတော့ ပုံမှန်ပဲ။ ငါသိတယ် ...

ဟိုလူကတော့ ဘာလဲ သူက ...။ မိန်းမကြီးတစ်ယောက်က သူ့ကို လူလာမှားတာကိုပဲ အိမ်အထိတောင် အလည်ရောက်လာရတဲ့ အချိုးအချိတ်က ဘာသဘောလဲ။ လုံးဝကို ပုံမှန်မဟုတ်ဘူးဟာ။ ငါ ... ငါအရမ်းစိုးရိမ်တာပဲ။ နင့်ရဲ့ထွန်း ပါးစပ်ပုပ်နဲ့ ပေါက်ကရလျှောက်ပြောတာတွေ မှန်လာရင်တော့ ဒုက္ခပဲ။ ငါ ဘာလုပ်ရမလဲ။ မိနန်း ... ငါ့ကို အကြံပေးဦး"

"အန်တီက နင့်အတွက်လို့ ရည်မှန်းထားတဲ့လူက တကယ်တမ်းကျတော့ အန်တီ့ကိုသာ ချိန်ရွယ်ချင်နေတာ ... ! ဟား ... စိတ်ကုန်စရာကြီး အဖြစ်က"

"စိတ်ကုန်မနေနဲ့။ နင် အဲဒီလိုပြောရင် ငါအော်ငိုထည့်လိုက်မှာနော်"

"ဟဲ့ ... ဟဲ့ ... နေပါဦး။ ဟုတ်ချင်မှလည်း ဟုတ်မှာပေါ့။ အဲဒီလူက အန်တီနဲ့ ပြောဆိုဆက်ဆံတဲ့အခါမှာ ဘယ်လိုပုံစံမျိုးနဲ့လဲ"

"လုံးဝကို တက်တက်ကြွကြွ၊ ဝမ်းသာအားရ၊ စိတ်ဝင်တစားနှစ်နှစ်ကာကာ၊ လိုလိုလားလားကြီးနဲ့။ မျက်လုံးတွေတောင် လက်ဖြာနေတယ်"

"နင်ကလည်း အပိုတွေ။ မျက်လုံးတွေထဲတောင် လိုက်ကြည့်ထားသလား"



"ဟဲ့ ... တကယ်ကြည့်ထားတာ။ မယုံရင် နင်လည်းလာကြည့်ပါလား။ အခုလာ။ မိနန်း ... တကယ်ပြောနေတာ။ နင် အခုချက်ချင်း ငါ့ဆီလာခဲ့"

"ငါလာလို့မရသေးဘူး။ အိမ်မှာ ကားလည်းမရှိဘူး။ ငါ့အမေလည်း မရှိဘူး။ ဒီလိုလုပ်ပါလား။ အဲဒီလူကို နင်လုံးဝကို ဆန့်ကျင်၊ ပုန်ကန်၊ တွန်းလှန်၊ အရွဲ့တိုက်နေလေ။ သူ့ရည်ရွယ်ချက်က ဘာဖြစ်ဖြစ်။ နင်ကတော့ သူ့ကို ဘာကိစ္စကြောင့်မှ လက်မခံနိုင်ဘူးဆိုတာ သူသိသွားအောင်ပေါ့။ နင် လုပ်နိုင်ရဲ့လား။ လုပ်ချင်ရဲ့လား"

"ဘာကိစ္စကြောင့် မလုပ်ချင်ရမှာလဲ"

"နင့်အမေကကျတော့ နင်နဲ့ အဲဒီလူနဲ့ကို ရည်ရွယ်နေတာလေ။ နင်က အစွမ်းကုန် ဆန့်ကျင်ပြလိုက်ရင် နင့်အမေရဲ့ ရည်ရွယ်ချက် ပျက်နိုင်ပြီမို့ နင်နဲ့ နင့်အမေနဲ့က တစ်ပြဿနာ။ ပြီးကျတော့ နင့်အမေပြောတဲ့အတိုင်းဆို 'သိပ်ကောင်းတယ်'ဆိုတဲ့ လူမျိုးကို နင် လက်လွှတ်ရမှာ"

"အောင်မာ ... ဘာများလက်မလွှတ်ချင်စရာ အကြောင်းရှိလဲ။ လုပ်မယ် ... လုပ်မယ်။ ပြီးကျမှ ဘာဖြစ်ဖြစ် အဲဒီလူရဲ့ရည်ရွယ်ချက်ကို အတိအကျ မသိနိုင်သေးသရွေ့တော့ ဒီလိုပဲ လုပ်လွှတ်ရမှာပဲ။ ဒီသမီးမျိုးရှိတဲ့ ဒီအမေနဲ့တော့ နောင်တစ်သက်တာ ထပ်မပတ်သက်ချင်တော့ပါဘူးဆိုတဲ့ နောင်တမျိုး ရသွားနိုင်လောက်တဲ့အထိကို လုပ်ပစ်ရမယ်"

"ချာ ... ချာ ..."

"ဟော ... ငါ့အမေ ငါ့ကိုရှာနေပြီ။ ဒါပဲ မိနန်း။ လုံးဝကို ဆန့်ကျင်၊ ပုန်ကန်၊ တွန်းလှန်၊ အစွဲ့တိုက်။ ဟုတ်တယ်နော်။ အိုးကေ ... စိတ်ချ"

"ချာ ... ချာ ..."

"လာပါပြီ ... မေမေ ... ..."

ချာချာက ဝတ်ဆင်ထားသည့် ဂါဝန်စကိုမ,ကိုင်ပြီး လှေကားကနေ တစ်ထစ်ကျော် ခုန်ပျံလွှားကာ ပြေးဆင်းချလာလိုက်ပါသည်။ မေမေ့ထံ မရောက်ခင် ကိုယ်မ,ကိုင်ထားတဲ့ ဂါဝန်စ ကိုယ့်ဘာသာ ပြန်ငုံ့ကြည့်မိတော့ "အဟွန့်"ခနဲတောင်မှ ရယ်လိုက်ချင်သေး။ ဒါမျိုးစပန့်ဂါဝန်ပခုံးကနေ ခြေဖျားထိ တစ်ဖြောင့်ပွပွကြီးတွေကို မေမေက သိပ်အမြင်ကတ်တာ။ လုံးဝကြည့်မရ။

အိမ်နေရင်း ဂါဝန်လေးပဲ ဝတ်ချင်ရင်တောင် ခါးအထိ ကိုယ်ကျပ်ကိုယ်သိမ်၊ ပြီးမှ ခါးကနေ ကားကားလေး ပြန့်ထွက်သွားတတ်တဲ့ ခါးစည်းကြိုးတွေ၊ ဖဲပြားကြီးတွေ၊ ဇာနားတွေပါတဲ့ လှလှပပ၊ ပုံကျကျ၊ ပွဲတက်ဝတ်စုံဆန်ဆန် ဂါဝန်မျိုးကိုပဲ မေမေက ဝတ်စားဆင်ယင်စေချင်တာ။ ချာချာကြိုက်တဲ့ စပန့်ဂါဝန်တစ်ဖြောင့်တွေကို "ဂုန်နီအိတ် ခြေသုတ်ဖတ်တွေ"ဟု နာမ်နှိမ်တတ်တဲ့ မေမေဟာ လူ့ပေါ်မှာ ကြော့မော့ချပ်ရပ်ကပ်နေတဲ့ (ဘယ်လိုမှ လွှတ်လွှတ်လပ်လပ်မရှိ၊ ပေါ့ပေါ့ပါးပါး နေလို့မရတဲ့) လှတပတ(သို့သော်) ပင်ပန်းတကြီး အပြင်အဆင်မျိုးတွေကိုပဲ အားပေးတတ်တာ။



သူကိုယ်တိုင်လည်း အိမ်နေရင်းရယ်လို့ ဘယ်တော့မှ အေးအေးလူလူ သက်သောင့်သက်သာမျိုးကို မစဉ်းစားတတ်တဲ့ မေမေဟာ ချာချာ့ကိုလည်း အမြဲတစေ စတိုင်ကျစေရေးဂိုဏ်းထဲကိုပဲ အတင်းသွပ်သွင်းချင်နေတာ။

"စပန့်ဆိုတဲ့ အမျိုးအစားဟာ အဝတ်အစားရယ်လို့တောင် ချုပ်မဝတ်သင့်ဘူး။ နှစ်ခါလောက်ဝတ်လိုက်ပြီးရင် နွမ်းဖတ်ပျော့ရိသွားရတာနဲ့။ ချုပ်ရိုးတွေ ဟိုနားဒီနားတွေမှာ အပေါက်ဖြစ်ချင်လာရတာနဲ့။ နောက်ဖေးမီးဖိုချောင်အတွက် ကြမ်းသုတ်ဝတ် လုပ်ပစ်လိုက်ဖို့ပဲ ကောင်းတယ်"

အဲဒီလို မှတ်ချက်ပြုထားတတ်တဲ့ မေမေ့အတွက် ဒီကနေ့အဖို့ ချာချာ ဆင်မြန်းထားတဲ့ ဝတ်စုံဟာ ပခုံးကနေခြေဖျားအထိ တဖြောင့်ပွပွကြီးစပန့်။ ရေအခါခါလျှော်ပြီးတာမို့ လုံးဝကို အေးအေးလူလူ ဖြစ်နေရတဲ့အထဲ ခြေသလုံးနားလောက်မှာလည်း အပေါက်တစ်ပေါက် ပါနေပြီ။

ကြိုတွေးထားတဲ့အတိုင်းပင်။ လှေကားပေါ်က ချာချာရဲ့သွင်ပြင်ကို လှမ်းမော့ကြည့်လိုက်မိပြီးတာနဲ့ မေမေ့ရဲ့မျက်နှာဟာ အော်တိုမက်တစ် မျက်မှောင်ကုတ်၊ နှုတ်ခမ်းစူ၊ ပုပ်ပုပ်အဲ့အဲ့။

"ချာချာ ဒီကနေ့ ဧည့်သည်လာမယ်လို့ မေမေ ကြိုပြောထားတယ်လေ။ လာပါဦး။ သမီး အစ်ကိုလို ခင်မင်ပေါင်းသင်းရမယ့် သူတစ်ယောက်နဲ့ မေမေ မိတ်ဆက်ပေးမယ်။ ဒါ ကိုမိုးခြိမ်းတဲ့။ နေရာပေး၊ အလေးထား၊ ဆက်ဆံရမယ့် အစ်ကိုလို၊ မိတ်ဆွေလိုလူမျိုးနော်။ ချာချာ့သူငယ်ချင်း

အပေါင်းအသင်းကောင်ကလေးတွေနဲ့ နေရာအနေအထား မတွေ့ဘူး"

မေမေ့ကို အဲဒါတွေ သိပ်စိတ်ညစ်တာ။ ပြောသွားလိုက်တဲ့စကားတွေက ပညာရှင်ပီပီ အဓိပ္ပာယ်တွေက အပြည့်အဝ။ ဟိုတစ်ဖက်သားကတော့ မေမေ ဘာကိုဆိုလိုချင်သွားမှန်း သိချင်လည်းသိလိုက်မည်။ သိချင်မှလည်းသိမည်။ ချာချာကတော့ မေမေနဲ့ပေါင်းလာရတာပဲ အပြင်မှာ ဆယ့်ကိုးနှစ်၊ ဗိုက်ထဲမှာ တစ်နှစ်။ ပေါင်းအနှစ်နှစ်ဆယ်ရှိပြီ။ မသိနေရိုးလား။ မေမေကတော့လုပ်ပြီ။

ဒါနဲ့ နေပါဦး။ ခုမှသေချာကြည့်မိတော့ မေမေ သဘောကျသမက်ရွေးချင်လှပါတယ်ဆိုတဲ့ လူကြီးမင်းက ရုပ်ဖြောင့်လှချေလား။ အဲဒီလောက်ကြီးကို ကြည့်ကောင်းနေတော့ တာပဲလား။ ငပေါတို့၊ ဖက်တီးတို့လောက် အနေအထားမျိုးတွေကိုသာ ဗိုလ်ကျ၊ အနိုင်ယူ၊ ကက်ကက်လန်ဖူးတဲ့ ချာချာဟာ အဲဒီလောက် ကြည့်ကောင်းနေသူကြီးတစ်ယောက်ကိုကျတော့ နန်းနန်းရဲ့အကြံအတိုင်း ဆန့်ကျင်ပုန်ကန်၊ တွန်းလှန် အရွဲ့တိုက်ဆိုတာမျိုးက လွယ်ပါ့မလား။

ဟိုတ် ! ဘာကြောင့် မလွယ်ရမှာလဲ။ ဘာလဲ ... စစ်မရောက်ခင် မြားကုန်။ ရုပ်မြင်လိုက်တာနဲ့ ပျော့စိစိ ချိနဲ့နဲ့ ဖြစ်ချင်သွားရအောင် သင်းက ဘာမို့လဲ ... ဟွန်း။ ချာချာက မေမေ့ဘက်ကို တစောင်းကွယ်ကွယ်လေး အနေအထားနဲ့ပဲ ဝင်ထိုင်လိုက်ကာ သူစိမ်း ကိုလူချောကို မပြုံးမရယ် ရှုတည်တည် မျက်နှာပေးနှင့် စိုက်ကြည့်ပေးနေလိုက်သည်။



"ညီမလေးက ခင်ဖို့ကောင်းတဲ့ ရုပ်ကလေးနဲ့ပဲ မေမေ။ ကလေးဆန်ဆန်လေး။ ကျွန်တော်တော့ တစ်ဦးတည်းသောသား မဖြစ်နိုင်တော့ဘူး။ ညီမတစ်ယောက် ရပြီပေါ့"

ဝေါ့ ...။ အန်ချင်လိုက်တာဟယ်။ "မေမေ"တဲ့။ ဘွားလားလားလား"မေမေ"။ ဟင်း ... "မေမေ"တဲ့။ သူများအမေကို သူက မေမေတဲ့။ ငါ့အမေလည်း တစ်ချီတည်းနဲ့ ဒလိမ့်ကောက်ကွေး ပစ်ကျသွားတာ ဒါပဲပေါ့။ "မေမေ" ခေါ်တယ်ဆိုတာ ကြိုကြားထားပေမယ့် ကိုယ်တွေ့ ရှေ့တင်ကြီး ကြားလိုက်ရတော့ ရွံမုန်းလိုက်တာ။ အသက်ကကျွာပေမယ့် ရုပ်ချင်းကဖြင့် ဘယ်လောက်မှမကွာတော့တဲ့ဟာကို "မေမေ"ဧရာလား။ သားတစ်ယောက် အမြန်ဆုံး (သိပ်ကို)လိုချင်နေတဲ့ မားသားတို့တော့ "ဖရဏာပီတိ၊ ဂွမ်းဆီထိ"ကို ဖြစ်နေတော့မှာပဲ။ အမယ်လေး ... လေ့။

အပြောကောင်းတဲ့လူ ဆိုတာကတော့ သေချာပြီ။ ဒီလောက်စုပုပ်ရှုတည်နေတဲ့ ရုပ်ကိုများ "ခင်ဖို့ကောင်းတဲ့ရုပ်ကလေး"တဲ့။ ဒုတိယအကြိမ်"ဝေါ့"။

"မေ့သည်းချာတဲ့ မိုးခြိမ်းရေ။ ချာချာလို့ပဲခေါ်ကြတယ်။ ခင်ဖို့ကောင်းမကောင်းကတော့ မင်းပေါင်းကြည့်ရင် သိမှာပေါ့။ တို့ကတော့ ချာချာ့အတွက် မင်းလို အစ်ကိုကောင်းမျိုးရမယ်ဆိုရင် welcome ပါ။ ငဆိုးမကလေးက မင်းကို လက်ခံနိုင်ဖို့နဲ့ မင်းတို့ချင်း ပလဲနံပသင့်ဖို့ပဲလိုတယ်"

"မျှော်လင့်ပါတယ် မေမေ"

မမျှော်လင့်နဲ့။ ဘာကိုမှ မျှော်လင့်မနေနဲ့။ သူ့ရုပ်ကြည့်လိုက်တာနဲ့ မေမေ အလိုကြီးအလားကြီး ဖြစ်နေသလိုမျိုး ချာချာ့အတွက် ခင်ပွန်းလောင်းဆိုတဲ့ နေရာမှာ ရပ်တည်ချင်သူ မဟုတ်နိုင်မှန်း ဒီလောက်ကြီး သိသာနေတဲ့ဟာ၊ ကျန်တဲ့ဘယ်အရာကိုမှလဲ မျှော်လင့်မနေနဲ့တော့။

ဘယ်တုန်းကမှ ဘာမှမပတ်သက်ခဲ့ကြဖူးတဲ့ တစ်မိသားနဲ့ တစ်မိသား။ ညီမအရင်းကလေးလို အစ်ကိုလို မောင်လို၊ သားအမိရင်းချာလို ချစ်ခင်စည်းလုံးကုန်ကြတယ် ဆိုတာလည်း ဝတ္ထုနဲ့ ရုပ်ရှင်တွေထဲမှာပဲ ရှိနိုင်တဲ့ ဇာတ်ကြောင်းဖွဲ့တွေပါကွာ။ လက်တွေ့မှာ ဘယ်လိုမှ မဖြစ်နိုင်ပါဘူး။

"ထမင်းစားသွားမလား မိုးခြိမ်း"

"ဟုတ်ကဲ့ မေမေ၊ ဖြစ်နိုင်ရင် ..."

"ဖြစ်နိုင်တာပေါ့။ မိသားစုထမင်းဝိုင်းပုံစံလေ။ ဧည့်သည်တစ်ယောက်ကို ထမင်းကျွေးရသလိုမျိုး ဘာမှအထူးထပ်စီစဉ်မနေတော့ဘူး။ pot luck ပဲ။ ဘာတွေရှိမလဲ မသိဘူး"

"အဲဒီလိုပုံစံမျိုးကိုပဲ အရမ်းမျှော်လင့်ပါတယ်"

တစ်ချိန်လုံး မျှော်လင့်နေတာကြီးပဲ ... တောက်။ ပထမဆုံး အိမ်လာလည်တဲ့နေ့မှာတောင် ဒီလောက်တမျှော်လင့်လင့် ဖြစ်နေရင်။ နောင်ကျ ဘယ်လောက်အတိုင်းအတာအထိ ဆက်မျှော်လင့်နေတော့မလဲ မသိဘူး။

"ဒီမှာ ..."



မိုးဖိုဘက် မေမေထွက်သွားတာနဲ့ ချာချာက ...ခြိမ်းကို ခပ်ဆတ်ဆတ်ပဲ ခေါ်လိုက်ပါသည်။ ကိုယ့်ထက်ခြောက် ...ဆောင်ကြီးတယ်ဟု ကြိုသိထားပြီးသော်လည်း ရိုသေမနေနိုင် ...ဘူး။ ဆန့်ကျင်၊ ပုန်ကန်၊ တွန်းလှန်၊ အရွဲ့တိုက်တွေကို ဖွတ် ...င် စိတ်အားတင်းပြီး စရတော့မှာပဲ။

"ဟုတ်ကဲ့ ညီမ"

"ညီမ ... ညီမ ... နဲ့ ပြီးကျ ဘာမှဆက်တော်စပ်ဖို့ မျှော်လင့်ချက်ထားမနေနဲ့နော် ... လုံးဝပဲ"

"ဗျာ ... ! "

"အဖေမရှိဘဲ နေလာတာ ဆယ်နှစ်ကျော်လောက်ရှိပြီ။ ရတယ် ... မလိုတော့ဘူး။ မရှိတာက ပိုကောင်းပါတယ်။ နားလည်ပေးပါ"

"ဟာ ... ! "

ပါးစပ်အဟောင်းသား ဟနေတဲ့ပုံလေးက အသည်း ...သားဖို့ ကောင်းလိုက်တာ။ အဲဒီလောက် ရုပ်ပျက်ဆင်းပျက် ...းစပ်ဟထွက်သွားရလောက်တဲ့အထိ ပြောပစ်လိုက်ရတာ အားနာ ...တော့ အကောင်းသား။ အို ...။ အသည်းလည်း မယားဘူး။ ...အားလည်း မနာဘူး။ ဘာဖြစ်သေးလဲ။ အဲဒီလောက်ကတော့ ...င်းရှင်းလင်းလင်း ပွင့်ပွင့်လင်းလင်း ပြောကိုပြောထားရမှာပေါ့။

"ညီမ ... ကျွန်တော်က ညီမရဲ့အမေကို ကျွန်တော့်ရဲ့အမေအရင်းပဲ ဖြစ်စေချင်တာပါ။ ကျွန်တော်က အမေနဲ့မကြီးပြင်းခဲ့ရဘူး။ အဲဒါ မဖြစ်နိုင်ဘူးလား"

"မဖြစ်နိုင်ဘူး။ ချာချာလည်း အဖေနဲ့မကြီးပြင်းခဲ့ရပါဘူး။ ချာချာ့မှာ အဖေမရှိဘူး။ ဒါပေမဲ့ ကိုယ်နဲ့အသက်ဘယ်လောက်မှ မကွာတဲ့ သူစိမ်းတစ်ယောက်ကို ဖေဖေလို့ခေါ်ပြီး အဖေရင်းအမှတ်နဲ့ နေရာပေး ခင်မင်နိုင်ဖို့ ဆိုတာတော့ ခေါင်းထဲမှာကိုမရှိဘူး။ အဲဒါမျိုးက မဖြစ်နိုင်ဘူး။ ယုံကြည်စရာ မကောင်းဘူးလို့ပဲ ထင်ပါတယ်"

"ကျွန်တော် ပြန်လိုက်တော့မယ်။ ညီမရဲ့အမေကိုပြောလိုက်ပါ"

ချက်ချင်းပဲ ဝုန်းဆိုထပြန်သွားတော့ ချာချာ့မှာ မေမေ့ကို ဘယ်လိုရင်ဆိုင်ရတော့မလဲလို့ ကြောက်စိတ်တော့ဖြစ်လိုက်မိပါသေးသည်။ သို့သော် ခုရှုပ်မှနောင်ရှင်း။ ခုရင်မဆိုင်ရလည်း နောင်တစ်ချိန်ချိန်ကျ မေမေ့ဒေါသနဲ့ ချာချာနဲ့ ထိပ်တိုက်တွေ့ကို တွေ့ရမှာပဲဟာ။ မထူးပါဘူး။ မြန်မြန်ပြီး,ပြီးရော အေးတယ်ဟုသာ သဘောထားရမည်ပင်။

"ဟင် ... ! မိုးခြိမ်းကော ချာချာ"

"ပြန်သွားပြီ"

"ဘာ ... ဘာရယ်။ ချာ ... ... ... ချာ ... ... ..."

နာမည်ကို သံရှည်ဆွဲခေါ်လာပြီဆိုရင် မေမေ့ဆီက စက်သေနတ်တွေ၊ ဗုံးတွေ အလုံးလိုက်လာတော့မည်မှန်းသိရက် ချာချာက "သမီးနဲ့စကားပြော အဆင်မပြေဘူး"ဟု ခပ်တည်တည်ပင်ဖွင့်ပြောလိုက်ပါသည်။ ကိုယ်က ကြိုမပြောထားလည်း တစ်ချိန်ကျ မေမေက ပြန်မသိနိုင်မှာမှ မဟုတ်တာ။



"နင် ဘာသွားပြောလိုက်လဲ"

မေမေ့ရဲ့လေသံက သွားကြားလေထွက် အေးစက်လို့နေပြီ။

"ရတယ် ... အဖေမလိုဘူးလို့"

"ဘာပြောတယ်"

မိုးထစ်ချုန်းချလိုက်သလို ဟိန်းခနဲ ကျယ်လွင့်သွားတဲ့ မေမေ့အသံကြီးကို ကြောက်လှပေမယ့် ချာချာက မျက်စိမှိတ်နှုတ်တိုးပြီးတော့ပဲ ...

"ဒီအရွယ်နဲ့ ဒီအရွယ်။ 'မေမေ ... မေမေ'ဆိုတာ ဖြစ်နိုင်စရာရှိရဲ့လား မေမေ။ ပြီးကျ သူ အချိုးပြောင်းကို ပြောင်းလာမှာ၊ ချာချာစောင့်ပြီး အောင့်အီးသည်းညည်းခံ မနေနိုင်ဘူး"

မေမေ့လက်တစ်ဖက် မြောက်တက်လာပြီးမှ စိတ်ထိန်းလိုက်ဟန်နှင့် လက်သီးပဲ တင်းတင်းကြီး ဆုပ်ပစ်လိုက်ပြီး အောက်ဘက်သို့ "ဘုတ်"ခနဲ ပြန်ပြုတ်ကျသွားသည်။

"နင်က ငါ့သမီးဖြစ်ဖို့ မကောင်းဘူး။ မာမာကြင်တို့အဆင့်လောက်ပဲရှိတယ်။ သစ်သစ်စိမ်း ဆိုတာ အရွယ်ရောက်နေတဲ့ သမီးတစ်ယောက်အတွက် အဖေအသစ်တစ်ယောက်ရှာလာပေးမယ့်သူမျိုးလား ချာချာ။ ငါ့အိမ်ပေါ်ကို သူစိမ်းယောကျ်ားတစ်ယောက်ကို လက်ဆွဲပြီး ခေါ်တင်လာခဲ့ရင် ဘယ်အရွယ်နဲ့ ဘယ်အရွယ်ပဲ ဖြစ်နေနေ အဲဒါနင့်ဖို့ပဲ။ ငါ့ဘဝမှာ အိမ်ဦးနတ်ဆိုတာ မလိုဘူး။ နင့်ဘဝမှာတော့ လိုတယ်လို့ ငါ ဆုံးဖြတ်ပေးထားတယ် ... ဒါပဲ"

မေမေက "နင် သူ့ကိုတောင်းပန်ရမယ်"ဟုစ... ကို အဆုံးသတ်လိုက်သည်။

"ချာချာ မတောင်းပန်နိုင် ... အဲ ... မတောင်းပန်ချင်ဘူး မေမေ"

"တောင်းပန်ရမယ်"

"မတောင်းပန်ချင် ..."

"ဆက်ငြင်းနေရင် ထိုင်ပါကန်တော့ရမယ်။ မေမေ ကိုယ့်ကိုယ်ကိုယ် ဘယ်လောက် ယုံကြည်ချက်ကြီးကြီး၊ တန်ဖိုးထားထား မယောက်ျားနဲ့မိန်းမ။ ကိုယ့်အိမ်ဦးနတ်နဲ့အိမ်ရှင်မ။ ချာချာ့အဖေကို မင်္ဂလာဦးမှာ ထိုင်ဦးချလိုက်ဖို့ လုံးဝဝန်မလေးခဲ့ဘူး။ နင် ဂျစ်ကန်ကန်လုပ်နေရင် ပါးစပ်နဲ့ရိုးရိုးမတောင်းပန်နိုင်ရင် ဦးသုံးကြိမ်ချပြီး ပြန်ကန်တော့တောင်းပန်တာမျိုး လုပ်ကိုလုပ်ရမယ်။ ကြိုက်တာရွေး"

ချာချာက"အီး"ခနဲ၊ "ဗြဲ"ခနဲ အကျယ်ကြီး အော်ငိုချလိုက်ပါသည်။ မေမေ့ရဲ့လက်နဲ့ အရိုက်ခံလိုက်ရတာထက်ပင် ပိုပြီး နာနာကျင်ကျင် ဆွေးဆွေးမြည့်မြည့် ကျယ်ကျယ်လောင်လောင်ကြီး အော်ငိုလိုက်သည်။ မေမေက ချော့မော့ခြင်း၊ ထပ်ဆူခြင်း ဘာတစ်ခုမှ မလုပ်ဘဲ ချာခနဲပဲ လှည့်ထွက်သွားချိန်မှာ တစ်ထောင့်တစ်နေရာက စောင့်ချောင်းနေခဲ့ဟန်တူတဲ့ ဘွားဘွားက အပြေးလေးပင် အနားကပ်လာပြီး ...

"မြေးက ဆိုးတာကိုး။ ကိုယ့်အမေအကြောင်းလည်း ကိုယ်သိရက်နဲ့။ ကဲ ... ကဲ ... တိတ်။ ဒီမှာ ဖုန်းပြောလိုက်ဦး နန်းနန်းကလေးထင်တယ် ... ရော့ ... ရော့"



ချာချာက ဘွားဘွားလက်ထဲကဖုန်းကို အမြန်ဆုံး...ယူလိုက်ကာ ...

"ဟဲ့ ... ဟာမ ... ဆန့်ကျင်၊ ပုန်ကန်၊ တွန်းလှန်၊ အရွဲ့တိုက်၊ ဘာတစ်ခုမှ မလုပ်လိုက်ရသေးဘူး။ 'အဖေမတော်နိုင်ပါဘူး'လို့ တစ်ခွန်းပြောမိရုံပဲ ရှိသေးတယ်၊ အခု ငါ ထိုင်ပါကန်တော့ရတော့မယ်။ ဉာဏ်ကြီးရှင်မ၊ နင် ဘာအကြံဉာဏ် ထပ်ပေးဦးမလဲ ... ကဲ။ အီး ... အီး ... အီး"

"အမယ်လေး ... သနားစရာမကောင်းဘဲ မုန်းစရာကောင်းလိုက်တာ။ အသံကျယ်ကြီးတွေ ထုတ်မနေပါနဲ့။ ဘယ်သူမှ နင့်ဘက်ကပါမှာ မဟုတ်ဘူး။ အဲ့သလိုကြီး တည့်သွားပြောလိုက်ရသလားဟဲ့ ... ငတုံးမရဲ့။ ဘာပညာသားမှ မပါလိုက်တာ။ 'ရှင် ကျွန်မအမေရဲ့ဆန္ဒတွေကို လက်ခံပြီး ကျွန်မကို လက်ထပ်ထိမ်းမြားနိုင်လို့ ဒီအိမ်အထိ ရောက်လာခဲ့တာလား"လို့သာ တစ်ခါတည်း သွားမေးချလိုက်ပါတော့လား။ ငါ့ကျတော့ ဉာဏ်ကြီးရှင်မတဲ့၊ နင်ကသာ ဦးနှောက်မရှိမ၊ နလပိန်းတုံးမ"

"အေး ... ဟုတ်တယ်။ နင်ပြောမှ အကြံရတယ်။ ဒီတစ်ခါကျ အဲဒီလို မေးရမယ်။ အိမ်ရှင်ရဲ့ဆန္ဒကို လက်ခံနိုင်မှာ မဟုတ်ဘဲနဲ့တော့ အိမ်ရောက်မလာနဲ့လေ။ အရှင်းကြီးပဲ။ အေး ... အဲဒါကောင်းတယ်"

"ဟဲ့ ... ဟဲ့ ... နင် ငါ့ကို ရွဲ့ပြောနေတာမှတ်လား။ ဟဲ့ ... ငါ အကောင်းမေးနေတာ၊ နင့်စကားက ဘာလဲ။ ငါကခုန ကဟာက ရွဲ့ပြောတာ"

"ငါကတော့ အတည့်ပဲ အတည်ယူလိုက်တာ။ ဒါပဲ" ဟုတ်တယ် …။ မေမေရဲ့အရွဲ့စကားကိုလ… အတည့်ပဲ အတည်ယူပြီး "ရှင် ကျွန်မကို မကြိုက်နိုင်ရင် … လိုက်မလာနဲ့။ မေမေက ရှင့်ကို သမက်ဖမ်းချင်နေတာ သိရဲ့လား… လို့ကို သွားထိုင်ကန်တော့ပြီးတော့ကို ပြောချပစ်လိုက်ဦးမ… ကြည့်နေ …။ ဒီတစ်ခါ "ကျွန်တော်ပြန်လိုက်တော့မယ်"ဆို… ညစတြေးလျှားအထိပင် ဖြစ်အောင်ကို ပြောချပစ်မှာ။ "အဘ… အဘား"ပင် အော်ထွက်ပြီး ခြေကုန်သုတ်မသုတ်။ လောင်းမလာ…

✣ ✧ ✣



**အခန်း(၄)**

"မင်းအဖေနဲ့ ပတ်သက်ခဲ့ရပုံဟာ မင်း ထင်မှတ်ထားတဲ့ အတိုင်းအတာထက် ဆိုးသေးတယ်ဆိုတာ မင့်လက်ခံနားလည်ထားစေချင်တယ် မိုးခြိမ်း။ မင်းအဖေဟာ မိန်းမသား တစ်ယောက်အပေါ် အဲဒီလောက်ထိ ဖိစီးနှိပ်စက် ရက်စက်ခဲ့ဖူးတယ်။ အဲဒါ မင်းကို ပြောပြထားချင်တဲ့ အကြောင်းအရာပဲ၊ မင်း လက်ခံလား"

"လက်ခံရမယ် ဆိုရင်တော့လည်း လက်ခံမှာပါ"

"သားတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကို အိမ်မှာ၊ မိသားစုထဲမှာ၊ အသိုင်းအဝိုင်းမှာ ပြန်ပြောပြရတော့မယ်ဆိုရင် အဲဒီသားရဲ့အဖေက ဘယ်သူဘယ်ဝါပါ ဆိုတာပါ ပါလာရတော့မယ်။ အဲဒါကို မပြောပြနိုင်တဲ့အတွက် သားရှိတယ်ဆိုတဲ့ အဖြစ်ကိုပါ လူသိရှင်ကြား ထုတ်ဖော်လို့မရနိုင်တော့တာပါ။ မင်းအဖေလုပ်တဲ့သူက သူ မမှားဘူး၊ သူ့

မှာ တာဝန်မရှိဘူး။ မင်းဟာ သူ့ကလေးမဖြစ်နိုင်ဝါ
လို့ ငြင်းခဲ့တယ်လေ။ အဲဒီလိုငြင်းခဲ့တဲ့ သူမျိုးကို က
အမေကတော့ ဘယ်သူဘယ်ဝါပါလို့ လက်ညှိုးထိုးပြော
ရနိုင်ပါဦးမလား"

ခြိမ်းက အမေရင်းဆိုသူကို မျက်တောင်မခတ်တေ
ပဲ စိုက်ကြည့်နေမိပါသည်။ ဒီတစ်ခါမှာတော့ မိရှဲယ်လ်မာမာ
လို့ ကိုယ့်ကိုယ်ကိုယ် ထုတ်ဖော်မိတ်ဆက်ခဲ့ပြီဖြစ်တဲ့ အမေ
poker-face တစ်ခု ဖြစ်မနေတော့ပါ။ ပိုကာဖဲချပ်တွေထဲ
"ကွင်း"ရုပ်နဲ့ မိဖုရားရဲ့မျက်နှာဟာ ဗိုရီ၊ မှင်သေ၊ မပြောင်
သော မျက်နှာထားမျိုးသာဖြစ်လျက် ဒီလိုစိတ်ခံစားချက်ဒ
နဲ့ အနာတရရထားတဲ့ အရိပ်အယောင်တွေ ယှက်သန်းနေ
မျက်နှာထားမျိုးမဟုတ်။

ခုချိန်မှာတော့ ခြိမ်းဟာ ကိုယ့်ဆန္ဒထက် သူမ
တကာတွေရဲ့ဆန္ဒတွေကိုသာ ရှေ့တန်းတင်ပြီး အလိုက်သ
ကြည့်ကျက်နေထိုင်သွားဖို့ကိုပဲ ဆုံးဖြတ်ပြင်ဆင်ပြီးနေပါပြီ။ ကို
ဆန္ဒကို ရှေ့တန်းတင်ချင်လို့လည်း ရမှမရနိုင်တော့ဘဲ။ အမေ
လုပ်သူကလည်း တစ်မျိုးသင်ခန်းစာပေးသလို၊ အမေရင်းကဲ့
ချစ်ခင်သံယောဇဉ်ထားချင်တဲ့ သူကလည်း မိသားစုလိုက်
တစ်မျိုးသင်ခန်းစာတွေ ပေးနေခဲ့တာ။ မြန်မာနိုင်ငံသို့ ပြန်ရော
ကတည်းကိုက ရလိုက်ရတဲ့ သင်ခန်းစာတွေက တစ်ပုံကြီးဆိုတော
"ကိုယ့်ဆန္ဒကို ရှေ့တန်းမတင်ချင်နဲ့တော့"ဆိုတာ ကိုယ့်စိတ်ကို
ဆုံးမထားနိုင်ခဲ့ပြီ။



အဲဒါကြောင့်လည်းပဲ အမေရင်းကဲ့သို့ သဘောထားရသူက "စကားပြောကြရအောင်"ဆိုလည်း အိုကေ ... ဝဲလ်ကမ်း။ အမေရင်းက "ဆွေးနွေးစရာရှိတယ်"ဆိုလည်း "ဟုတ်ကဲ့ ... ကောင်းပါပြီ"ဟုသာ။

"သစ်သစ်စိမ်းနဲ့က ဘယ်လိုမျိုး၊ ပတ်သက်နေဖို့ရှိတာလဲ"

"သူက သူ့သမီးလေးနဲ့ အရမ်းသဘောတူနေတာ"

ဟု မဖြေလိုက်ချင်ပါ။ အဖြစ်ကလည်း ရယ်စရာတော့အကောင်းသား။ အမေလုပ်တဲ့သူက သမီးနဲ့အရမ်းသဘောတူ အောင်သွယ်၊ ဆွယ်တရားဟောလို့ နေချိန်မှာ သမီးဖြစ်တဲ့သူက အမေနဲ့မသင့်မကာဖြစ်ပြီး ဒေါတပွပွ၊ တိုက်ဖို့ခိုက်ဖို့ ဟန်ရေးတပြင်ပြင်ဖြစ်နေသည်။

ဒါပေမဲ့ ခြိမ်းက မိန်းကလေးကို စိတ်မတိုနိုင်၊ ဒေါသပြန်မထွက်နိုင်တော့ပါ။ ပထမဆုံးအကြိမ်ကသာ ဘယ်လိုမှ ဆက်နားထောင်မနေနိုင်တော့လို့ ထပြန်သွားခဲ့တာ၊ နောက်ပိုင်းမှာ သူ့အမေနဲ့ အင်တာနက်ကတစ်ဆင့် face book နဲ့ G-talk နဲ့စကားပြောဖြစ်ကြတော့ ခြိမ်းက ချာချာ ဆိုသူလေးကို စိတ်ပျက်မနေချင်တော့။ ကိုယ်ချင်းစာပါသည်။

ကိုယ်တောင် မရှိတဲ့အမေတစ်ယောက်နေရာအတွက် အရူးတစ်ပိုင်း အသဲအမဲ လိုအပ်နေသေးရင် သူ့မှာလည်းရှိပြီးတဲ့၊ လက်ဝယ်ပိုင်ပိုင်ဖြစ်တဲ့ အမေတစ်ယောက်ကို သူကြိုက်တဲ့နည်းနဲ့ ကာကွယ်စောင့်ရှောက်ပြီး လက်လွှတ်မသွားရလေအောင် လုပ်ပိုင်ခွင့် ရှိပါသည်။ အမေတစ်ယောက်အတွက် ခံစားရတဲ့ ခံစားချက်

နဲ့ဆိုရင် ဘယ်သူဘာလုပ်လုပ် ခြိမ်းက နားလည်ခွင့်လွှတ်ပေးလိုက်ချင်သည်။

"သူနဲ့က ဒီရောက်မှ စသိဖူးတာပါ၊ ဒါပေမယ့် သူ့ကို အမေတစ်ယောက်လို ခင်တယ်"

"အမေတစ်ယောက်လို ! အံ့ဩစရာပဲ။ သူကကော"

"သူကလည်း သားရေ ... မိုးခြိမ်းရေနဲ့ အမေတစ်ယောက်နေရာက တကယ့်အမေလိုပဲ လက်ခံဆက်ဆံတာ"

ဒေါ်မာမာကြင်ကား သားလုပ်တဲ့သူကို အထူးတဆန်းကြီးလိုသာ ငေးကြည့်နေမိတော့ပြီတည်း။ "အမေတစ်ယောက်လို ခင်တာ"တဲ့။ "တကယ့်အမေနေရာက အမေလိုပဲ ဆက်ဆံတာ" တဲ့။ ဘာတွေလဲ ...။ ဘာတွေလဲ ...။ "အား ... ..."ခနဲ ရူးရူးဝါးဝါး သတိလက်လွတ်ကြီး အော်ဟစ်ပစ်လိုက်ချင်သည်။ ဒါပေမဲ့လည်း မာမာကြင်ဆိုတာ ကိုယ့်ရဲ့ခံစားချက်အမှန်တွေကို ဘယ်တုန်းကမှ မျက်နှာပေါ် တင်ပြလေ့ရှိသူ မဟုတ်ပါ။ ပတ်ဝန်းကျင်က"အသည်းမာလှချည့်၊ စိတ်မာတတ်နိုင်ကျည်လှချည့်"လို့ချည်းထင်မှတ်နေအောင် အရာရာကို မျက်နှာထားတစ်ခုအနောက်မှာပဲ ဖုံးကွယ်သိုဝှက်ထားခဲ့ရတာ ဘယ်လောက်ခဲယဉ်းပင်ပန်းတဲ့အလုပ်လဲ။

ခုလည်း ကိုယ့်သားအရင်းက၊ ကိုယ့်ဗိုက်ထဲကမွေးထွက်ထားခဲ့တဲ့ တစ်ယောက်က ကိုယ်တိုင်နာမည်မှ မကြားချင်ခဲ့တဲ့တစ်ယောက်ကို အမေတစ်ယောက်နေရာမှာ ထားသတဲ့။ အမေလို ခင်တွယ်သတဲ့။ အဲဒီတစ်ယောက်ဘက်က တုံ့ပြန်မှုကလည်း



အဲဒီအတိုင်းပဲတဲ့။ ကိုယ့်ရင်ထဲက အသည်းနှလုံးကို သံတံစဥ်းနဲ့နာနာဖိတိုက်နေသလိုကဲ့သို့သာတည်း။

ဒါပေမဲ့လည်း အဲဒီမိန်းမကို "အမေ"လိုပဲသဘောထားနေပြီး မထော်မနန်း ကြီးကောင်ကြီးမား မုဆိုးမကြီးတစ်ယောက်ကို ကိုယ့်သားက တက်ကြွက်နေတာမဟုတ်တော့။ အဲဒီအရွယ်ရ မိန်းမကလည်း ကိုယ့်သားနုနုထွတ်ထွတ်ကို အရူးအမဲသားကျွေးထားသလို သိမ်းသွင်းညှို့ငင်ဆွဲဆောင်ထားတာ မဟုတ်ဘာကိုပဲ "တော်ပါသေးရဲ့"လို့ စိတ်လက်ချမ်းသာ ဖြေသိမ့်လိုက်ပါသည်။

စိတ်ပူစိုးရိမ်ရတာတွေကို မျက်နှာပေါ် မတင်ခဲ့ရင်၊ စိတ်ချမ်းသာ သက်ပြင်းချနိုင်လိုက်တာတွေကိုလည်း ဖော်ပြ၊ တင်ပြနေစရာ မလိုပေ။

"သူနဲ့က စကားပြောလို့ရတယ်။ စကားပြောလို့ရတယ်ဆိုတာကို နားလည်နိုင်မလားတော့ မသိဘူး။ လူတစ်ယောက်နဲ့တစ်ယောက် စကားတစ်ခွန်းကို မှန်ကြည့်ပြောနေရသလိုမျိုး စိတ်ရင်းထဲရှိတဲ့အတိုင်း အကုန်အိတ်သွန်ဖောမှောက်ပြောချလို့ ရနိုင်တာမျိုးကို ဆိုလိုတာ ...

ကျွန်တော် ငယ်ငယ်ကတည်းက မွေးစားအဖေနဲ့နေခဲ့တာ။ ဒက်ဒီကလည်း နားလည်မှုရှိတဲ့၊ သူများရဲ့အတွေးထဲကို ဝင်ကြည့်ခံစားပေးတတ်တဲ့ သူတစ်ယောက်ပါ။ ဒါပေမဲ့ ယောကျ်ားချင်းဆိုတော့ ကြားထဲမှာ အတားအဆီးလေးတစ်ခုကတော့ ရှိကိုရှိတယ်။ သားအဖပုံစံပဲဖြစ်ဖြစ်၊

ဘာပဲဖြစ်ဖြစ် ယောက်ျားချင်းကျတော့ ဆက်ဆံရေးက တစ်မျိုးလေ။

သားအမိပုံစံကကျတော့တစ်မျိုး။ အမေ့ကို ယောက်ျားချင်းမို့ ချွဲနွဲ့ငိုချပြလို့မရတဲ့ သားတစ်ယောက်ဟာ ဘယ်အရွယ်ကြီးပဲရောက်ရောက် အမေနဲ့ဆိုရင်တော့ ငိုချပစ်လိုက်လို့လည်း ရတယ်"

"မင်း ... သစ်သစ်စိမ်းကို ငိုချပြတယ်၊ သူ့ရှေ့မှာ ငိုတယ် ... ! "

"သဘောပြောပြတာပါ။ ကျွန်တော်က လွယ်လွယ်ကူကူနဲ့ မျက်ရည်ကျတတ်တဲ့သူတော့ မဟုတ်ပါဘူး။ အဆုံးစွန်ဆုံးကို ပြောပြထားတာ"

မနာလိုလိုက်တာ။ မာမာကြင်ဟာ သစ်သစ်စိမ်းဆိုတဲ့ မိန်းမတစ်ယောက်ကို တစ်ဘဝစာလုံးကို မနာလိုနေရတာနဲ့ပဲ ပြီးဆုံးသွားရတော့မည် ထင်ပါရဲ့။ ငယ်ကတည်းကလည်း လှပမှုမှာ မယှဉ်နိုင်။ စာမှာမယှဉ်နိုင်။ ကြီးပြင်းလာတော့လည်း ကိုယ့်ရဲ့ ပထမဦးဆုံး နှလုံးသားအသစ်ကျပ်ချွတ် အဖူးအညွန့်ဦးက သူ့လက်ထဲမှာ။

ကိုယ်မရနိုင်လိုက်တဲ့ ပစ္စည်းတစ်ခုကို လှလှပပကြီး သိမ်းပိုက်သွားခဲ့သူရဲ့ လက်ထဲမှာလည်း ကြာရှည်ကြာများ မခံလိုက်တဲ့အခါ ဝင့်လိုက်မှာ၊ ငရဲကြီးမှာ ကြောက်တဲ့ကြားကပင် မာမာကြင်က စိတ်ချမ်းသာ ပျော်ရွှင်ခဲ့မိပါသေးသည်ဆိုရင် "စိတ်မာတတ်ကလည်း မုပ်ယုတ်လှချည့်"လို့ ပြချထိတ်လန့်ကြမှာလား။



"ပြီးပြီ ... အားလုံးပြီးပြီ"ဆိုပြီး စိတ်လျှော့နေထိုင်ခဲ့တာပဲ ကြာခဲ့ပါပြီ။ အနည်ထိုင်လောက်ပြီ ထင်ချိန်မှာ "သား"က ဘွားခနဲ ရောက်ချလာကာ "အမေ"ခေါ်လို၊ တော်လိုပါသတဲ့။ တုန်လှုပ်တွေဝေနေဆဲမှာပင် တိုက်တိုက်ဆိုင်ဆိုင် ဆိုသလို သစ်သစ်စိမ်းဆိုတဲ့မိန်းမနဲ့မှ သားက တည့်တည့်ဆုံကာ ခုတော့ဖြင့် "အမေလို တန်ဖိုးထားရလွန်းလို့ မိခင်စာရင်းပင် သွင်းပြီးပြီ"တဲ့။

ထွားပါတော့။ သားကတော့ဖြင့် မိခင်ငတ်နေလို့။ "အမေ"လို့ နှုတ်ကထုတ်ဖော်ခေါ်ခွင့်ကို အရူးအမူးဖြစ်နေလို့။ ဟိုမိန်းမကကျတော့ ဘာလဲ။ ခုမှ ဘွားခနဲပေါ်ပေါက်လာတဲ့ သူစိမ်းယောက်ျားပျိုကလေးတစ်ယောက်ကို ဆီးကြိုလက်ကမ်းပြီး မေတ္တာတွေ ပေးဝေနေရအောင် ဘယ်တုန်းက "သားငတ်"နေတာမို့လို့လဲ။ သားတစ်ယောက်နဲ့ ဝေးကွာနာကျင်နေရတဲ့ခံစားချက်မျိုး သူက ဘယ်တုန်းက ရှိခဲ့ဖူးလို့ သားမှသား ...။ သားရဲ့ အမေကြီး လုပ်ချင်နေရတာတဲ့လဲ။

"သားငတ်"နေတာ။ "သား"လိုအပ်နေတာမဟုတ်ရင် "သား"ကဲ့သို့ အစားထိုး "မက်မော"ရတဲ့ "သမက်"ပုံစံမျိုးလား။ ကြည့်စမ်း ... ငါ အခုမှ စဉ်းစားမိတော့တယ်။ သစ်သစ်စိမ်း ဆိုတာ ဒီအသိုင်းအဝိုင်းတွေကြားမှာတော့ သမက်ကောင်းတစ်ယောက်ယောက်ကို ထွန့်ထွန့်လူး လိုချင်နေသူအဖြစ် ဟာသလုပ်စရာကြီးတောင် ဖြစ်နေတာ ကြာလှပြီပဲ။ "သမက်"၊ အိုး ...။ အမိပွာယ်မရှိတာ လုံးဝမရဘူး။ မဖြစ်ဘူး။ မဖြစ်ဘူး။

"သစ်သစ်စိမ်းက မင်းကို သားတစ်ယောက်ဆိုတာထက် သမက်တစ်ယောက်လို သဘောထားချင်နေတာမျိုးပဲဖြစ်ရမယ်။ အဲဒီလိုသာဆိုရင်တော့ လုံးဝလက်မခံနိုင်ဘူး။ မဖြစ်နိုင်ဘူးဆိုတာ မင်းခေါင်းထဲ ထည့်ထားပေးပါ မိုးခြိမ်း။ သစ်သစ်စိမ်းရဲ့သမီးနဲ့တော့ ဘယ်လိုမှ သဘောမတူနိုင်ဘူး။ အဲဒါလေးတစ်ခုတော့ ကျေးဇူးပြုပြီး ရှောင်ပေးပါ"

အံ့ဩနှားမလည်ဖို့ ကောင်းလိုက်တာ။ သားတစ်ယောက်အဖြစ် လက်မခံနိုင်၊ အသိအမှတ်မပြုနိုင်၊ လူသိရှင်ကြား ထုတ်ဖော်ဝန်ခံ၊ ချမပြနိုင်တဲ့ သူတစ်ယောက်မှာ "သားအမိ" ဆိုတဲ့ ပိုင်နိုင်ပတ်သက်မှုမျိုးနဲ့ "ဟိုလူနဲ့သဘောမတူနိုင်ဘူး၊ ဒီလူနဲ့လက်မခံနိုင်ဘူး" ဆိုတာမျိုးကျတော့ ရှိလို့ရပါသလား။ တရားကျချင့်စရာပေ။ ခြိမ်းက သဘောကျလွန်းလို့ ပြုံးတောင်ပြုံးနေလိုက်ချင်သည်။

အမေရင်း ဒေါ်မာမာကြင်ဟာ အမေလိုနေတဲ့ ဒေါ်သစ်သစ်စိမ်းနဲ့လည်း အထင်မှား အမြင်မှားကာ ဆတ်ဆတ်ခါ ဖူးခဲ့သေးသည်ဟု သိရသည်။ အဲဒါကတော့ ထားပါလေ။ သားအဖြစ် အသိအမှတ်မပြုနိုင်ပေမယ့် သားအရင်းမှန်း သူကိုယ်တိုင်က သိနေခဲ့တဲ့ တစ်ယောက်ကို သူနဲ့မှရွယ်တူနီးပါး မိန်းမတစ်ယောက်နဲ့ ဘယ်လိုမှ လက်မခံနိုင်တာဟာ ထုတ်မပြချင်သော်လည်းပဲ ရှိနေနှင့်တဲ့ မိခင်မေတ္တာလို့ပဲ ခံယူဝမ်းသာနိုင်ပါသည်။

ခုကိစ္စကတော့ အမေရယ်။ စွက်စွက်ဖက်ဖက်ချုပ်ချုပ်ချယ်ချယ် ဆိုတာ အပြန်အလှန် အသက်ပေးချစ်ခင်မေတ္တာထားနှင့်ပြီးသား ... သားအမိအရင်းတွေကြားမှာပင် ချင့်ချိန်ဆုံး



ဖြတ်ပြီးမှ လုပ်ဆောင်ရမယ့်အရာ မဟုတ်ဘူးလား။ အသိအမှတ်တော့ မပြုနိုင်ဘူး။ စွက်ဖက်ချုပ်ချယ်မှုကိုတော့ လက်ခံဆိုတာကတော့ တော်တော်လေး မတရားရာ ကျမနေဘူးလား။ အဲလိုမျိုး မထင်မိဘူးလား။

သူတို့ချင်းက ပြိုင်ဘက်တွေမို့လို့ ဒီလိုဆုံးဖြတ်တာလား။ အမေလိုနေတဲ့ ဒေါ်သစ်သစ်စိမ်းက "သဘောတူနိုင်တယ်" ဆိုလို့ အမေရင်းက တမင်အရွဲ့တိုက်ပြီး "သဘောမတူဘူး" လို့ ဝင်ကန့်လန့်ချင်တာ ဆိုရင်တော့ မလုပ်သင့်တဲ့လုပ်ရပ်ပေ။

ပြုံးလိုက်ချင်တဲ့ ခြိမ်းဟာ ဒီတစ်ခါတော့ တကယ့်ကို ပြုံးမိသွားပါပြီ။ "သဘောမတူဘူး"၊ "သဘောတူနိုင်တယ်"ဖြစ်နေကြတဲ့ ကလေးမလေးဟာလေ ချာချာ ခေါ် မေ့သည်းချာဆိုတဲ့ မိန်းမငယ်လေးတစ်ယောက်အကြောင်းကို စဉ်းစားမိလိုက်ရင်လည်း ခြိမ်းက တကယ့်ကိုပဲ ပြုံးချင်ပါသည်။ သူ့အမေက တောင်းပန်နိုင်းလို့ဟုဆိုကာ သူငယ်ချင်းမလေးတစ်ယောက်နဲ့အတူ ပုလဲကွန်ဒိုအောက်ထပ်က (......)ဆိုင်ကလေးအထိ ချိန်းဆိုရောက်ရှိလာပြီး ဖင်ဘူးတောင်းပင် ထောင်မတတ် လှမြင်ကွင်း ကြမ်းပြင်ကြီးပေါ်မှာတင် ရုတ်တရက် ထိုင်ကန်တော့ချလိုက်တဲ့ ကောင်မလေး။

ကိုယ့်ကို အမြင်ကတ်ကတ်နဲ့ပဲ၊ တမင်သက်သက် အရွဲ့တိုက်ပြီး ရှိုးတိုးရှန်းတန်းနဲ့ အနေခက် ဒုက္ခရောက်အောင် လာလုပ်တာပဲ နေမှာပေါ့။ ဒါပေမဲ့ ခြိမ်းက "သာဓု" သုံးကြိမ်ခေါ်ပေးလိုက်တဲ့အခါ သူကပဲ ထပ်စိတ်လုပ်သွားပြန်ပြီး ဆောင့်ကြီးအောင့်ကြီးပင် ပြန်သွားခဲ့တဲ့ ကောင်မလေး။

"သဘောမတူဘူး မိုးခြိမ်း။ တကယ် ခေါင်းထဲထည့်ထားပါ"

သားလုပ်တဲ့သူရဲ့မျက်နှာက ပြုံးတုံ့တုံ့။ ဒေါ်မာမာကြင်ကား စိတ်တွေပူပြီး ရင်မောနေရပါပြီ။ သားရယ်လို့ဖြင့် အသိအမှတ်မပြုခဲ့ဘဲ ချုပ်ချယ်တားမြစ်တာမျိုးကျမှ ထလုပ်ချင်နေလို့ မရနိုင်တာ အသိဉာဏ်ရှိတဲ့သူတိုင်း သိပါသည်။ ဒါပေမဲ့လည်း သစ်သစ်စိမ်းရဲ့သမီးနဲ့ ဆိုလို့ကတော့ မျက်နှာပြောင်တိုက်ပြီးတော့ကို နောက်ဆုံးအချိန်အထိ လိုက်ဖျက်ရ ဖျက်ရပင်။

အမှန်အတိုင်းပြောရရင် ခြိမ်းရဲ့ရင်ထဲမှာ ချာချာဆိုတဲ့ ကလေးမလေးကို ဘယ်လိုသဘောထားမျိုးမှကို မရှိသေးတာပင်။ ဒါပေမဲ့ ခြိမ်းဟာ နှစ်လိုစရာမရှိလှတဲ့ အမေရင်းရဲ့စကားကို နာခံလိုက်ပြီး၊ နှစ်လိုဖွယ်အတိဖြစ်တဲ့ အမေကဲ့သို့သောသူရဲ့ဆန္ဒကို ငြင်းဆန်ပယ်ရှားလိုက်ရာ ကျသွားမှာကိုတော့ဖြင့် အထူးကို စိုးရိမ်မိပါသည်။

အမေရင်းဆီက "သဘောမတူနိုင်ဘူး"ဆိုတဲ့ စကားမျိုး ထွက်မလာခဲ့ရင် ခြိမ်းဟာ ဒေါ်သစ်သစ်စိမ်းကို ဘယ်လိုပုံစံနည်းနဲ့မဆို ကြားသာနာပျော်ဖွယ်ရှိအောင် ငြင်းပယ်လို့ ရနိုင်ပါသေးသည်။ ခုတော့ဖြင့် ခက်သွားပြီ။ သူတို့ချင်းက တကယ့်ကျောင်းတော်ကရန်စ၊ ပြိုင်ဘက်ကြီးတွေလေ။

"အမေအစားထိုး ရှာထားတာဆိုတဲ့ မင်းအတွက် ညီမပါ အစားထိုးဆိုတဲ့ အကြောင်းပြချက်မျိုးကတော့ မလိုအပ်ဘူးထင်ပါတယ်။ မင်း 'ဣန္ဒြေ'နဲ့ တွေ့ဖူး ဆုံဖူးချင်ရင် မိတ်ဆက်ပေးမယ်"



"ဘယ်လိုပုံစံနဲ့လဲ။ သူ့ဘဝမှာ တစ်ခါမှ မမြင်ဖူး၊ မသိဖူးတဲ့ သူ့ထက် ဆယ်နှစ်ကြီးတဲ့ သူစိမ်းယောက်ျားတစ်ယောက်ကို ကျွန်တော့်ညီမလေးက ဘယ်လိုပုံစံနဲ့ ဘယ်သူလို့ လက်ခံဆက်ဆံရမှာလဲ"

"ဒါ မင်းပူစရာ မလိုပါဘူး။ ဣန္ဒြေကို ဘယ်လိုကိုင်တွယ်ပြောဆိုရမလဲ၊ ကိုယ့်သမီးအကြောင်း ကိုယ့်ဘာသာကောင်းကောင်းဆုံးဖြတ်နိုင်ပါတယ်"

ကိုယ့်သားအကြောင်းတော့ အမေကောင်းကောင်းသိနိုင်ဘူး မဟုတ်လား။ အမေရင်းနဲ့ အမေကဲ့သို့ လက်ခံထားသော သူတို့က ပြိုင်ဘက်တွေ ဖြစ်နေကြရင် ဒီသားအရင်းဟာ အမေရင်းရဲ့စကားကိုပဲ မျက်စိမှိတ် လက်သင့်ခံရမှာပဲဟု အမေမျှော်လင့်ထားရင်တော့ မှားတော့မည်ပင်။

ဒါပေမဲ့ ဝမ်းသာပါတယ်။ ဒေါ်သစ်သစ်စိမ်းနဲ့ ချာချာတို့သာ ပေါ်မလာခဲ့ဘူးဆိုရင် ခြိမ်းဟာ ကိုယ့်မိခင်ရင်းအမည်က ဒေါ်မာမာကြင်ဖြစ်မှန်း၊ ဣန္ဒြေလို့ခေါ်တဲ့ ညီမလေးတစ်ယောက် ရှိနေသေးမှန်းတောင် ခုထက်ထိ သိခွင့်ရနိုင်ဦးမည်ထင်။ ပြိုင်ဘက်အပေါ် အနိုင်ရချင်တဲ့ အမေ့ရဲ့စိတ်က လူသိရှင်ကြား မထုတ်ဖော်ချင်တဲ့ သားအရင်းကိုပင် အားတင်းပြီးတော်သက်တော့မယ် မဟုတ်လား။

ခုလောလောဆယ်မှာတော့ဖြင့် အမေက သားကို "သား"လို့မှ ထည့်မခေါ်နိုင်၊ ကိုယ့်ကိုယ်ကိုယ် "အမေ"လို့လည်း ထည့်မပြောနိုင်သေးတာမို့ သားလုပ်တဲ့သူရော၊ အမေလုပ်တဲ့သူပါ တစ်ယောက်နဲ့တစ်ယောက် နာမ်စားလွတ်သာ စကားပြောနေရ

ဆဲ။ နာမ်စားလေးနဲ့ ပြောဆိုပိုင်ခွင့် ရှိလာချိန်ကျမှ ချုပ်ချယ်တား မြစ်လိုတဲ့ကိစ္စတွေကို ဆက်ပြောကြရင် ကောင်းမလား အမေ

အမေလုပ်တဲ့သူကို စိတ်နာမုန်းတီးတာ တစ်ခုတည်းနဲ့ အဲဒီအဖေရဲ့သွေး၊ သားဖြစ်တဲ့လူကိုပါ ပစ်ပစ်ခါခါ လုပ်ထားလို့ ရနိုင်ပါသလား။ နင့်အဖေရဲ့အပြစ်တွေ၊ နင်ပဲခံဆိုတာ ရှိသလား။ မိခင်တို့ရဲ့နှလုံးသားဟာ အဲဒီလောက်အထိ အေးစက်နေလို့လား။

အဖေ ဘယ်သူဆိုတာကိုဖွင့်မပြောချင်သရွေ့ သားကိုပါ အသိအမှတ် မပြုနိုင်ပါဘူးလို့ အမေ ပြောပြီးသွားပြီနော်။ အဲဒီလို ပွင့်လင်းကြကြေး ဆိုရင်တော့ အမေရင်းရဲ့စကားကို လက်ခံလိုက်တဲ့အတွက် အမေနေရာထား,ထားတဲ့သူကို စိတ်ထိခိုက်နစ်နာသွားစေမှာမျိုး ကျွန်တော် မလုပ်နိုင်ဘူးလို့ အမေ့ကို ဖွင့်ပြောချင်တယ်။ ကျွန်တော့်ကို ပျော်ရွှင်စိတ်ချမ်းသာစေတဲ့သူမျိုးကိုပဲ ကျွန်တော်ကလည်း ပြန်ပြီးနှစ်သိမ့်ကျေနပ်မှုတွေ ပေးနိုင်မှ ဖြစ်လိမ့်မည်။

“မင်းကို တားလို့မရနိုင်ရင် သစ်သစ်စိမ်းကိုပဲ တားရလိမ့်မယ်။ တားလည်းတားပြီးသား။ ဒါပေမဲ့ တိတိကျကျထပ် တားမြစ်မယ်”

ဒေါ်မာမာကြင်က မိုးခြိမ်းရဲ့မျက်နှာရိပ်မျက်နှာထားကို အကဲခတ်ပြီး ဖွတ်ပင်တိုးပြီး ပြောလိုက်သည်။

“နင့်သမီးကို ငါ့သားနဲ့ သဘောမတူနိုင်ဘူးလို့ သားရှေ့ အမေတစ်ယောက်နေရာကနေ အပေါ်စီးက ခပ်မာမာပြော မှာမျိုးလား”



ခြိမ်းကလည်း ဒေါ်မာမာကြင့်ကို မေးခွန်းတစ်ခုနဲ့ ပြန်အကဲခတ်နေသည်။

“အဲဒီလိုလုပ်မှာ မဟုတ်ပါဘူး။ သေချာပါတယ်။ အဲဒီလိုမှ မလုပ်နိုင်ရင် ဘာမှမလုပ်ပါနဲ့။ ဘာမှသွားမလုပ်တာက ပိုကောင်းမှာပါ။ နို့မို့ အရှမ်းဆိုးသွားပြီး ရှုပ်ကုန်လိမ့်မယ်။ သူကလည်း သူ့ဘာလာပြောပြော ငြိမ်နေမယ့်သူမျိုးမှ မဟုတ်တာ”

“မင်းက သစ်သစ်စိမ်းဘက်ကချည်းကြည့်ပြီး သူ့ဘက်ကပဲ လိုက်ပြောပေးနေတာမျိုးပဲ။ တကယ်ဆို မင်းကို ခုလိုမျက်နှာချင်းဆိုင် ခေါ်တွေ့ပတ်သက်ဖို့ ဆိုတာတောင် သေကောင်ပေါင်းလဲ ကြိုးစားဆုံးဖြတ် ယူခဲ့ရတာပါ။ ဒီလောက်ဆို မင်းကို အဲဒီ သစ်သစ်စိမ်း၊ ဒါမှမဟုတ် သူတို့သားအမိနဲ့ လုံးဝကိုမပတ်သက်စေချင်ဘူး၊ ဘယ်လောက်ထိ မပတ်သက်စေချင်ဘူးဆိုတာ မင်း နားလည်ပေးဖို့ကောင်းပြီ”

အစောကြီးကတည်းကလည်း နားလည်ပါတယ်။ အဲဒီလို နားလည်လို့ပဲ အမေရင်းနဲ့ စကားပြောခွင့်ရလိုက်တဲ့အတွက် မေမေဒေါ်သစ်သစ်စိမ်းကို သိပ်ကျေးဇူးတင်နေမိတာပေါ့ဟု အမှန်အတိုင်းများ ပြောချလိုက်ရင် အမေရင်းတော့ စိတ်တွေဆိုးလွန်းလို့ မျက်လုံးကြီးပဲ ပြူးထွက်လာလေမလား။

လှပတဲ့မိန်းမတွေများ သိပ်ကြီးစိတ်ဆိုးလွန်းတာ ဆောင် လှပနေတဲ့ သူတို့ရဲ့မျက်နှာတွေကို ရှုံ့တွရုပ်ဆိုးပစ်လိုက်

ရမယ့်အစား မျက်လုံးတွေပါ အဆမတန် ပြူးပြူးထွက်လာတတ် ကြတာ ခြိမ်းက ဟိုကောင်မလေးတစ်ယောက်နဲ့တင် လက်တွေ့ လေ။

"ရှင် ချာချာ့ကို မကြိုက်နိုင်ရင် အိမ်မလာနဲ့။ မေမေက ရှင့်ကို သားအမှတ်နဲ့ ချစ်ခင်နေတာလို့လည်း အတင် မမှားနဲ့။ ဒီသမက်ကဲ့သို့သော လိုလားနေတာ ရှင်သိရဲ့လား။ သမီး ရှိတဲ့ အမေတစ်ယောက်က သူစိမ်းယောကျ်ားလေးတစ်ယောက် ကို သား ... သား ... တသားသားနဲ့ ပါးစပ်ကမချ တဖွဖွဖြစ် နေရင် အဲဒါ သမက်ဖမ်းချင်တာပဲ၊ ရှင် သိထားလိုက် ပြီးရင်တော့ သူ့သမီးကို မကြိုက်နိုင်ရင် အဲဒီမိန်းမကြီးမျိုးကို ရှင်ကြည့်ရှောင် ပေတော့။ အကြံကောင်းပေးတာ" တဲ့။

ဟား ဟား ဟား ဟား ...။ "မေမေနဲ့ ကျွန်တော်နဲ့ နေ့တိုင်း G. Talk နဲ့ တွေ့ဖြစ်နေကြတာပဲ။ သူ့သဘောထား အမှန်ကို သူကကော မပြောဘဲ နေမလား။ ကျွန်တော်ကကော မသိဘဲ မရိပ်မိဘဲ နေပါ့မလား။ သူပြောချင်နေတာတွေကို လက် မခံချင်ရင် အစောကြီးတည်းက ကြည့်ရှောင်ထားရမယ်ဆိုတာ လည်း ဒီအရွယ်ရောက်နေမှတော့ ဘယ်သူဖြစ်ဖြစ် သဘောပေါက် ပါတယ်"လို့ ပြန်ပြောလိုက်တော့ မျက်လုံးကြီးပါ ပြူးထွက်သွား ခဲ့တဲ့ ကောင်မလေးလေ။

သူကပဲစပြီး လာလာပြီး အရွဲ့တိုက်ကာမှ သူကချည်း စိတ်လုပ်ပြီး၊ မျက်လုံးပြူးပြီး ပြန်သွားရတဲ့ ကောင်မလေး။ ဟား ဟား ...။



ဒေါ်မာမာကြင်ကတော့ သူ တစ်ခုခုပြောလိုက်တိုင်း ...င်ခံခက်သွားရမယ့် အစား ပြုံးစိစိပဲ ဖြစ်ဖြစ်သွားတဲ့ သားလုပ် ...ီ အထူးတဆန်းကြီးပင် ငေးကြည့်နေမိတော့သည်။

✣ ✧ ✣

ချာချာက ဆော့စ်ပုလင်းထံ လက်ကမ်းလိုက်လျှင် ...း ရဲ့လက်ကလည်း ဆော့စ်ပုလင်းဆီမှာ။ ချာချာက ကိုယ့် ...ကိုယ် ပြန်ရုပ်ပြီး tissue box ကလေးကို လှမ်းကိုင်လိုက်လျှင် ...းက တစ်ရွက်ပင် ဆွဲထုတ်ပြီးရက်သား။ ချာချာက နှုတ်ခမ်း ...င်းသားကို ကျိတ်ကိုက်လိုက်ကာ ရေဖန်ခွက်ကို ကောက်ယူမော့ ...ကိုင်လိုက်လျှင်တော့ Wine glass ပုံ ဖန်ခွက်ရှည်ကလေးရဲ့ ...ပိုင်းကိုသာ ဆွဲမိလျက်၊ အောက်ဘက် ရိုးတံပိန်ရှည်ခြေ ...က်တစ်ချောင်းလေးက မိုးခြိမ်းရဲ့လက်ထဲမှာမို့ ဘယ်လိုမှ ... ယူမရ ရှိလေသည်။

"ချာချာလုပ်တာတွေပဲ လိုက်လိုက်လုပ်မနေနဲ့"

"ဗျာ ... တိုက်ဆိုင်တာရော မဖြစ်နိုင်ဘူးလား"

"ဘာလို့ ဒီလောက်တိုက်ဆိုင်ရမှာလဲ။ စိတ်ချင်းဆက်နေ ကြတာမှ မဟုတ်တာ။ နှစ်ယောက်စလုံး ဘုံသုံးလို့ရတဲ့ ဆော့စ်ပုလင်းနဲ့ တစ်ရှူးက တိုက်ဆိုင်တယ်ဆိုရင်တောင် ရေဖန်ခွက်ကျတော့ရော။ ရေကို ဘယ်သူက တစ်ဖန်ခွက် တည်း တူတူသောက်နေလို့ သူများဖန်ခွက်ကြီးကို အတင်း

လာလုဆွဲထားရတာလဲ။ အဲဒါ တမင်လိုက်လုပ်နေတာ
မဟုတ်လို့ ဘာလဲ"

ဒီတစ်ခါမှာတော့ ခြိမ်းက ပြန်မဖြေတော့ဘဲ "တဟင်
ဟင်း"သာ ရယ်မောနေလိုက်ပါသည်။ မိုးခြိမ်းရဲ့အရယ်ကြောင့်
စားပွဲဝိုင်းတစ်ခုလုံးကို ဖျတ်ခနဲ မျက်စိကစား အကဲခတ်လိုက်တဲ့
ချာချာက ကိုယ့်ရဲ့ညာဘက်မှာ ရေဖန်ခွက်တစ်ခွက်ကို နီးနီးကပ်
ကပ် မြင်လိုက်လျှင်တော့ သူများဖန်ခွက်ကို သွားကိုင်ထားမိ
ဘယ်လက်ကို အမြန်ပြန်လွှတ်ကာ လက်ချောင်းတစ်ခုလုံး
စားပွဲအောက်သို့ မြန်မြန်ထိုးဖွက်လိုက်သည်။

"ဟင်း ဟင်း ဟင်း ဟင်း"

"ဘာမှ မရယ်ရဘူး"

"ဟင်း ဟင်း ... ဘယ်ဘက်လက်နဲ့ပဲ ရေအမြဲသောက်
တတ်တဲ့ အကျင့်ရှိရင် ကိုယ့်ဖန်ခွက်ကို ကိုယ့်ဘယ်ဘက်မှာ
ပဲထားလေ ညီမ။ ခုတော့ ကျွန်တော့်ဖန်ခွက်ကိုချည်းကောက်
ကောက် သောက်သွားတာ နှစ်ခါလောက်ရှိပြီထင်တယ်"

သူ့ရေဖန်ခွက်ဆီ ထိတ်လန့်တကြား ပြန်ကြည့်လိုက်သည်။
မိတော့ ဖန်ခွက်ရဲ့နှုတ်ခမ်းအဝမှာ လိမ္မော်ဖျော့ရောင် နှုတ်ခမ်း
ရာကြီးက အကွင်းလိုက်ကြီး ဖြစ်နေလေသည်။

"ရော့ ... ဖန်ခွက်ချင်း လဲချင်လဲလိုက်"

ကိုယ့်ဖန်ခွက်ကို သူ့ဆီလှမ်းပေးဖို့ ကောက်ကိုင်
လိုက်တော့ ကိုယ့်ဖန်ခွက်ရဲ့နှုတ်ခမ်းမှာလည်း အဲဒီလိမ္မော်ဖျော့
ရောင်က အကွင်းလိုက်ပင်။ ကျွတ် ... စိတ်ညစ်လိုက်တာ။ အဲဒါ



ကြောင့် အဲဒီနှုတ်ခမ်းနီ စိုစွဲစွဲ၊ အဆီတဝင်းဝင်း၊ ကပ်စေးစေးများ
ဆိုးမသွားချင်ပါဘူး ဆိုနေမှ ... မေမေ ... မေမေ။ ခုတော့
လည်း ဂျိုကာလိုလို ဘာလိုလို။ တစ်ဖက်လူအတွက် ဟာသ
ည်းပဲ ဖြစ်နေတော့သည်။

"ဒါဖြင့် ဖန်ခွက်အသစ်ပဲ တောင်းလိုက်တော့ပေါ့"

မိုးခြိမ်းက ခပ်ပြုံးပြုံးပင်။ ဖန်ခွက်နှစ်ခုစလုံးက
ကွင်းလိုက်၊ အကွင်းလိုက်တွေကို တစ်ရှူးတွေနဲ့ ခပ်အေးအေးပဲ
ယူသုတ်ပစ်နေသည်။

"ဆက်စားဦးလေ ... ကုန်မှ မကုန်သေးဘဲ။ ဗိုက်လည်း
မဝသေးဘူး မဟုတ်လား"

"တော်ပါပြီ၊ မစားတော့ဘူး ကို ... အဲ ... ကိုခြိမ်းကို
မေးစရာပဲ မေးတော့မယ်"

"ကိုခြိမ်း ဟုတ်လား ! ၊ မေမေက အဲဒီလို ခေါ်ရမယ်လို့
မှာလိုက်လို့လား"

ချာချာက မိုးခြိမ်းကို မျက်စောင်းကြီး ရွယ်လိုက်

"ဒါနဲ့ ကိုခြိမ်းကရော မေမေ့စကားတွေကို ဘာ့ကြောင့်
ဒီလောက် မြေဝယ်မကျ၊ တစ်ခွန်းမကျန်၊ နားထောင်လိုက်
နာနေရတာလဲ"

"ဘာတွေကို ပြောတာလဲ"

"ခုလို ထွက်လာဖြစ်တာကိုပဲ ကြည့်လေ။ ချာချာကတော့
မေမေ့သမီးမို့ မေမေက ကိုခြိမ်းနဲ့အပြင်ထွက်ရမယ်။ ရန်ကုန်

ထဲက ကိုခြိမ်း မရောက်ဖူးသေးတဲ့ နေရာတွေ ဆိုင်
လိုက်ပို့ပေးရမယ်ဆိုရင် ငြင်းလို့မရဘူး။ ငြင်းရင် ဆန့်ကျ
ရင် မေမေက စိတ်ဆိုးမှာ။ ကိုခြိမ်းကတော့ ငြင်းလို့ရတယ်

"ကျွန်တော်လည်း ငြင်းမှမငြင်းချင်ဘဲ"

"အဲဒါကို ပြောနေတာလေ။ ဘာ့ကြောင့် မငြင်းရမှာလ

"ငြင်းကို ငြင်းရမယ်လို့လည်း မရှိပါဘူး။ မဟုတ်ဘူး
လား"

ချာချာက ဘယ်ဘက်လက်နှင့် သူများရေဖန်ခွက်
ဆီ လက်လှမ်းမိပြန်ပြီးမှ "ကျွတ်"ခနဲ စုတ်သပ်ကာ ကိုယ့်ဘ
လက်ကို ညာလက်နှင့် နှစ်ချက်လောက် ရိုက်,ရိုက်ပြီး အပြစ်
လိုက်ပါသည်။

မိုးခြိမ်းက ချာချာ့ရဲ့ညာဘက်ကရေဖန်ခွက်
ကို မ,ယူပြီး ချာချာ့ ဘယ်ဘက်လက်နားသို့ ချထားပေးလိုက်
လေသည်။

"ကျွန်တော် လူမှန်းသိစကတည်းက ကျွန်တော့်ဒက်ဒီ
ဘာလုပ် ... ဘာလုပ်လို့ လူကြီးတို့ရဲ့အာဏာနဲ့ ငြင်း
အောင် မဖြစ်မနေ လုပ်ခိုင်းတာမျိုး တစ်ခါမှ မရှိခဲ့ဖူးဘူ
မိဘတို့ရဲ့ပြောပိုင်ခွင့်၊ အာဏာနဲ့ အမိန့်ဆိုတာ ဘယ်
မျိုးလဲ ကျွန်တော် မသိဘူး၊ ကိုယ့်ကိုယ်ပိုင်ဆုံးဖြတ်ချက်
မဟုတ်ဘဲ လူကြီးတစ်ယောက်ရဲ့အမိန့်ချမှတ်မှုအောက်
မငြင်းမဆန်ဘဲ လိုက်လုပ်ရတာဟာ ဘယ်လိုအတွေ့အ
ခံစားချက်မျိုးရမလဲ ကျွန်တော် သိဖူးချင်တယ်"



ဟင်း ...။ နင်နဲ့ ဒီလိုအပြင်ထွက်လည်တာ ငါ့ကိုယ်ပိုင်ဆုံးဖြတ်ချက်၊ ငါ့ဆန္ဒနဲ့ငါ မဟုတ်ဘူးနော်။ နင့်အမေက လုပ်ခိုင်းလို့ဟု အတိအလင်း ဖွင့်ပြောလိုက်သလိုပါပဲ။ တစ်ဖက်သား မိန်းကလေး ဘယ်လောက် အောင့်သက်သက် နိုင်မလဲလည်း သူ့ခေါင်းထဲ တစ်ချက်လောက်တွေးပုံမရ။ သူ့ခေါင်းထဲမှာရှိတာ၊ သူ့လုပ်ရပ် သူ့အတွေးတွေကို ထာဝစဉ် စိုးမိုးထားတာ သူ့မေမေ (ကိုယ့်မေမေ)သာတည်း။

အဖြစ်များ ... ပြောမပြောချင်ပါဘူး။ အဲဒီအမေ (အစားထိုး)နဲ့ သား(အတု)တို့ဟာ မိုးလင်းလာကတည်းက သားအမိချင်း ဆက်ဆံရေးပုံစံက စလိုက်ကြတာ တကယ့်သားအမိချင်းတွေ လက်ဖျားခါ ဆလံသသွားနိုင်သည်။ မေမေက နေ့စဉ်နီးပါး မနက်(၆)နာရီခွဲတွေမှာ OT (ခွဲစိတ်ခန်း)ဝင်ရတတ်တာမို့ (၅)နာရီ (၄၅)မိနစ်လောက်ဆို အိပ်ရာကထရပြီ။ ခါတိုင်းတော့ နှိုးစက်နဲ့။ ခုတော့ ဟိုတယ်ကြီးတွေက Morning Call ဝန်ထမ်းသေလို့ ဝင်စားထားသလား မသိတဲ့ သားလုပ်တဲ့သူရဲ့ဖုန်းသံနဲ့။ နှိုးစက်တောင် ပင်စင်ရနေတာ အတော်ကြာပြီ။

အဲဒီမနက်(၅)နာရီ(၄၅)ကစလို့ မိုးချုပ် ည(၈)နာရီခွဲလောက်အထိ ဆေးရုံချိန်၊ ဆေးခန်းချိန်တွေအတွင်းလည်း အဲဒီ သားအမိဟာ ဖုန်းနှစ်ခါလောက် ဆက်ရင်ဆက်၊ ဒါမှမဟုတ် သားလုပ်တဲ့လူက လာတွေ့၊ ပြောစရာ ဆိုစရာရှိတာတွေကိုတင်ပြ၊ အကြံဉာဏ်ယူ။ အမေက မှတ်ချက်ချ၊ အမိန့်ပေး။

ပြီးပြီလား ...။ ဟင့်အင်း မပြီးသေးပါ။ ညကိုးနာရီကျမှ အိမ်ပြန်ရောက်လာတဲ့ မေမေဟာ ညစာစားသောက်ပြီးတာနဲ့ သူ့ရဲ့ Lap top လေးကိုဆွဲယူလိုက်ပြီး Internet ပေါ် အွန်လိုင်းဝင်လိုက်ပြီဆိုရင် တစ်ကမ္ဘာလုံးကလာတဲ့ e-mail တွေစစ်၊ အကြောင်းပြန်။ စာမူတောင်းထားတဲ့ Medical Journal တွေအတွက် ဆောင်းပါးတွေကို တည်းဖြတ်၊ ပြန်ပြင်။ facebook ပေါ်တက်ပြီး ကမ္ဘာအရပ်ရပ်ကို နှုတ်ဆက်။ ဒါတွေလုပ်နေဆဲကပင် သားတော်မောင်နဲ့လည်း G-talk ကနေ မပြတ်တမ်း စာရိုက်ပြီး စကားပြောဆိုနေကြပြန်သေးတာ။

မေမေက "ချာချာရေ"ဟု အမိန့်သံနှင့် လှမ်းလှမ်းခေါ်ကာ သူတို့ရဲ့စာရိုက်စကားများ အပြန်အလှန်တွေကြားမှာ ချာချာ့ကို အမြဲဝင်,ဝင်ပါခိုင်းတတ်ပေမယ့် (ခပ်ရှက်ရှက်နဲ့ပဲပြောရရင်) ချာချာက သူတို့နှစ်ယောက်လို အင်္ဂလိပ်စာက မကျွမ်း။ မြန်မြန်ထက်ထက် စာစီစဉ်းစားပြီး ရိုက်နိုင်ဖို့ဝေးလို့ တစ်ဖက်ကရေးပို့ထားတဲ့စာကြောင်းကိုတောင် အဓိပ္ပာယ်မှန်အောင် မနည်းပေါင်းဖတ်နေရသေးတာ။ ဘယ်သူက ဝမ်းသာအားရ ဝင်ပါချင်မှာလဲ။ စိတ်ပျက်စရာကြီး။

ချာချာတို့က ကမ္ဘာအနှံ့က သူငယ်ချင်းတွေနဲ့စကားပြောချင်ရင်တောင် မြန်မာ font တွေ၊ Down load လုပ်ခိုင်းထားပြီး မြန်မာလိုပဲ စာရိုက်ပြောတာ။ သူတို့နှစ်ယောက်ကြားထဲ ဝင်ပါချင်စရာလား။



ပြောနေလိုက်ကြတာကတော့လေ ဟိုဘက်ကရိုက်ရိုက်၊ ဒီဘက်ကရေးရေး၊ ချာချာ့အကြောင်းချည်း ပြော,ပြောနိုင်လွန်းတာ ချာချာ မွေးစပေါက်ကနေ ဆယ့်ကိုးနှစ်သမီးအထိကို တစ်ရက်ချင်း ဇာတ်ကြောင်းလှန်နေသလား မှတ်ရပါတယ်။ အကြောင်းအရာက စုံလင်ဝေဆာလိုက်တာမှ ကာယကံရှင်ချာချာတောင် ကိုယ့်ဟာနဲ့ကိုယ် သိမထားရသေးတဲ့ အကြောင်းမျိုးတွေပင်ပါသည်။

နဂိုကတည်းကိုက ဖတဆိုးသမီး ချာချာဟာ အလုပ်ရှုပ်၊ တာဝန်များလှတဲ့ သားဖွားမီးယပ်စပါယ်ရှယ်လစ် မိခင်ဆရာဝန်မကြီးကို တစ်နေ့တာအတွင်းမှာ ဘယ်နှနာရီလောက်မှ အပိုင်စားရတာမဟုတ်ပါဘူး။ ခုလို မရှိမဲ့ရှိမဲ့ ကိုယ့်အချိန်လေးကို လုခိုးဦးမယ့်သူက ထပ်ပေါ်လာတော့ ပိုဆိုးနေသည်။

ပြီးကျ ရုတ်တရက်ကြီး မိုးပေါ်ကကျလာသလို ဘွားခနဲပေါ်ပေါက်လာတဲ့ ကိုလူချောကို အတွေ့အကြုံမရှိတဲ့အပျိုစင်အရိုင်းလေးက ရင်မခုန်ဘဲ နေမလားရှင်။ သူ့ရည်းစား ရဲထွန်းကသာ တစ်ကမ္ဘာလုံးမှာ အချောဆုံး၊ အကောင်းဆုံးလို့ ထင်နေတဲ့ နန်းနန်းတောင်မှ ကိုလူချောကို မမြင်လိုက်နဲ့၊ မြင်လိုက်တာနဲ့ ခုန်ဆွ ခုန်ဆွ။ Bouncing Ball လို တစ်ချိန်လုံး လှုပ်ခုန်အဖြစ်သည်းနေတော့တာ။ ဒီက ချာချာကလည်း ဘာသားနဲ့ထုထားတာမို့လဲ။ ကျောက်ရုပ်၊ ရေခဲရုပ်၊ ပလတ်စတစ်ရုပ်၊ သစ်သားရုပ်မှမဟုတ်တာ။

သို့သော် ကြည့်ကောင်း၊ အဆင်ပြေလွန်းတဲ့ သူ့ကို ရင်ခုန်ကြည့်မယ်ကြံရင် သူ့ရဲ့အာရုံက မေမေ့ဆီမှာ၊ သူ့ရဲ့လှုပ်ရှားမှုတို့က မေမေ့ဆန္ဒ။ သူ့အပြုံးတွေ၊ လိုက်လျောမှုတွေ၊ အောက်သက်ကြေခြင်းတွေ၊ နေရာထားတာတွေ၊ အချိန်ပေးတာတွေ၊ အားလုံး ... အားလုံး ... မေမေ့ကြောင့်သာလို့ သိသိနေရတဲ့ အဖြစ်မှာ ချာချာ့လောက် အောင့်သက်သက်၊ မအီမလည်နဲ့ "ဒါဖြင့် ငါကဘာလဲ"ဆိုတဲ့ မိန်းကလေးမျိုး ရှိနိုင်ပါဦးတော့မလား။

မေမေကတော့ သူ့ထုံးစံအတိုင်းပေါ့။ ပဲလှော်ဗိုတွေ၊ မြေပဲလှော်သမားတွေ၊ လှေထိုးသားတွေ အရှုံးပေးသွားရလောက်အောင်ကို လှော်ရှာပါတယ်။ သို့သော် သူကတော့ဖြင့် မေမေ့စကား နားထောင်နေခြင်းသာ။

ချာချာကား မနက်(၅)နာရီ(၄၅)လို အချိန်မျိုးမှာ တစ်ရေးတောင် မနိုးသေးတဲ့အတွက် သူ့လိုမျိုး ကိုယ်အမေကိုယ် Morning Call နဲ့ အချိန်မှန် တာဝန်ကျေပေးနိုင်တာမျိုး ယောင်လို့တောင် မစဉ်းစားမိပါဘူး။ ပြီးတော့ကျ မေမေ့လိုလည်း စကားပြောမကောင်း၊ အသိဉာဏ်ဗဟုသုတက မကြွယ်၊ အကျိုးနဲ့ အကြောင်းနဲ့ ဆင်ခြင်ပိုင်းခြား၊ ဆုံးဖြတ်ချက်ချပေးတာမျိုးတွေလည်း မလုပ်တတ်တဲ့အတွက် သူ့အတွက် စကားပြောလို့ရတဲ့ အပေါင်းအသင်းကောင်းမျိုးတော့ ဘယ်တော့မှ ဖြစ်မလာနိုင်တာလဲ သေချာပါတယ်။ ဒါဖြင့် နှစ်ဦးနှစ်ဖက် အပြန်အလှန် ခင်မင်ကျေနပ်နေကြတဲ့ အဲဒီသားအမိနှစ်ဦးကြား ချာချာက ဘယ်နေရာမှာလဲ။



"ဘာလို့ ငြိမ်သွားတာလဲ"

"မငြိမ်ပါဘူး ကိုခြိမ်း"

"ကျွန်တော် တစ်ခွန်းပြောလိုက်ပြီးတိုင်း ညီမက တစ်ခွန်းပြန်တုံ့ပြန်တယ် မဟုတ်လား။ အခု အဲဒါကို စောင့်နေတာ"

"တစ်ခွန်းလာပြောရင် တစ်ခွန်းပြန်ပြောပါ့မယ်လို့ ကတိပေးထားမိလို့လား။ တစ်ယောက်ကတစ်ခွန်း ပြောတိုင်း ကျန်တစ်ယောက်က တစ်ခွန်းပြန်နေရရင် နှစ်ယောက်တည်းရှိတဲ့စကားဝိုင်းမှာ ဘယ်သူက စရပ်ရမှာလဲ။ ကြာကြာနေရင် ပါးညောင်းလာမှာပေါ့"

ခြိမ်းက ခပ်ဟာဟာရယ်လိုက်မိပြန်သည်။ အင်မတန်ဂျစ်ကျချင်တဲ့ ကောင်မလေး။ မောင်နှမသားချင်းမရှိတဲ့ ခြိမ်းဟာ သူကလေးနဲ့ တွေ့ဆုံသိကျွမ်းရခြင်းမှာ အသစ်အဆန်း ခံစားချက်တို့နဲ့ တကယ်ပဲ ပျော်ပိုက်ကျေနပ်ရပါသည် ဆိုရင် ကောင်မလေးက "မဖြစ်နိုင်ဘူး"ဟူသော သူ့လက်သုံးစကားကိုသာ ပြန်သုံးစွဲလိမ့်မှာပင်။

စတွေ့စနေ့ကတည်းက "မဖြစ်နိုင်ဘူး"ဆိုတဲ့စကားကို စသုံးလိုက်တဲ့ မိန်းကလေးဟာ နောက်ပိုင်းတွေမှာလည်း ခြိမ်းဆီက ဘာစကားမျိုးပဲထွက်လာလာ "အငြင်းဝါကျ"ကသာ အရင်။ ပြီးရင်တော့ "မဖြစ်နိုင်ဘူး"ဆိုတာကို တစ်ခွန်းမဟုတ် တစ်ခွန်းမှာ ထည့်ပြောတော့မှာပင်။ အဲဒီစကားမျိုးကို မကြားချင်ရင် ခြိမ်းကသာ အလိုက်တသိ သူ ငြင်းတော့မယ် မယုံမကြည်ရှိတော့မယ်ထင်တဲ့ စကားမျိုးကို ကိုယ်ကစလို့ မပြောတော့ရုံပေါ့။

အမေရင်းထက်စာရင် အမေလိုနေရာထားရသူကိုသာ ပိုမိုချစ်ခင်နှစ်လိုတဲ့ ခြိမ်းဟာ ညီမရင်းထက်စာရင်လည်း ဒီကောင်မလေးကိုပဲ ပိုပြီးနှစ်သက်လိုအပ်မိတာပင်။ သိလိုက်ရင် "မဖြစ်နိုင်ဘူး"လို့ ငြင်းဦးမယ်ပဲ မဟုတ်လား ဒေါ်ချာချာ။ ညီမရင်းဖြစ်တဲ့ ဣန္ဒြေတို့ကတော့ သူ့အမေလိုပဲ နာမည်နဲ့လူနဲ့လိုက်တဲ့ သမီး။ ဒီမူရင်းက ထွက်လာတဲ့ ဒီမိတ္တူမျိုးဖြစ်လေရာ ကျောက်ဆစ်ရုပ်မှ တကယ့်ကျောက်ဆစ်ရုပ်။ အသားကဖြူတော့ ပိုဆိုးသေးသည်။

ခံစားချက် လုံးဝမရှိတဲ့မျက်နှာနဲ့ စကားတန်းတန်းကြီးတွေကို အသံအနိမ့်အမြင့် အတက်အကျ လုံးဝမရှိဘဲ ပြောထွက်လာရင် မျက်စောင်းထိုးတတ်၊ ငြင်းဆန်တတ်၊ နှုတ်ခမ်းကိုက်တတ်၊ တောက်ကျိတ်ခေါက်တတ်၊ ရယ်ချင်တာကို အတင်းထိန်းလိုက်ရလို့ ပါးကြီးပဲ ဖောင်းဖောင်းသွားတတ်တဲ့ ဒီကောင်မလေးကို ပြေးသတိရလိုက်မိသည်ချည်း။

အဲဒါကို ဖွင့်ပြောပြမိရင်လည်း "မဖြစ်နိုင်ဘူး"ပဲ ပြန်ပြောနော်၊ ကြားလား။ တော်တော်ကြာ စကားလုံးလွဲသွားဦးမှာစိုးလို့။ ဟား ဟား ဟား။ မေမေနဲ့ စကားပြောရရင် အသိဉာဏ်တိုးသည်။ လုံခြုံနွေးထွေးသည်။ စိတ်ငြိမ်းချမ်း ကြည်လင်သည်။ ဒီကောင်မလေးနဲ့ စကားပြောရရင်တော့ ပျော်ရွှင်၊ လွတ်လပ်၊ ပေါ့ပါး။ ပြီးကျတော့ ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတိုးပြီး ဘဝကို နေပျော်ကျေနပ်လာရသည်။ ဒါလည်း "မဖြစ်နိုင်ဘူး"ပဲ ပေါ့။ ဟား ဟား။



"ကျွန်တော်က မေမေ့ကို ကျွန်တော့်ဒက်ဒီနဲ့ အောင်သွယ်နေတာ"

"တောက် ! ဘာတုန်း။ စိတ်ကောင်းကို မရှိဘူး"

"ရှိပါတယ်။ စိတ်ကောင်းရှိလို့သာ ... ကိုယ့်အမေကိုယ်အဖော်နဲ့ ဘာနဲ့ ဖြစ်စေချင်တာ၊ သူ့နံဘေးမှာ အလစ်အဟာမရှိရအောင်"

"အဖော် ... ဒီမှာ တစ်ယောက်လုံးရှိတယ်။ နေရာလာလုတဲ့သူ ရှိနေလို့တောင် မနည်း ကိုယ့်နေရာကိုယ် ကုပ်တွယ်ကြံ့ကြံ့ခံနေရတာ။ မေမေ့ဘေးမှာ ဘာမှမလစ်ဟာဘူး။ မဟုတ်တာတွေ လျှောက်လျှောက်မလုပ်ချင်နဲ့နော် ကိုခြိမ်း။ ဘာမှကြားဝင်ခြယ်လှယ်မနေနဲ့။ သမီးရင်းတစ်ယောက်လုံးက တားမြစ်နေတာ။ မဖြစ်နိုင်ဘူး"

"ဟား ဟား ဟား ဟား ... ပြောမှ ပြောပါ့မလားလို့ အဲဒီလို"

နှုတ်ခမ်းစေ့ပြီး "တဟင်းဟင်း" ရယ်တတ်ပုံကို "အမယ်လေးလေ့"ဖြစ်ပြီး ခုန်ဆွနေတဲ့ ဒေါ်နန်းနန်းတော့ အဲဒီလို ဟက်ဟက်ပက်ပက် ရယ်လိုက်တာကိုသာ မျက်မြင်တွေ့ကြုံလိုက်ရရင် ယောင်ယမ်းပြီး ရဲထွန်းကိုတောင် ဖြတ်ချလိုက်မိမလားမသိနိုင်ပေ။ ချာချာကတော့ "ချာချာနဲ့တွေ့ရင် များများသာရယ်နော်သား။ သူက သူကိုယ်တိုင် အရယ်သန်တော့ သူများတကာနဲ့လည်း ရယ်မောပြီး စကားလက်ဆုံကျနေရမှ အပေါင်းအသင်းကောင်းလို့ သတ်မှတ်တာ"လို့ မေမေပဲ သင်လွှတ်လိုက်တာ နေမှာပါဟု သာ သံသယမကင်းရှိသည်။

ခြိမ်းကတော့ ချာချာ့ကို တည့်တည့်စိုက်ကြည့်မိလေတိုင်း ကိုယ့်ဘဝကိုယ် ဘယ်လိုရှေ့ဆက်ဖြစ်လေမလဲဟုသာ အကြိမ်ကြိမ်တွေး၊ မေးနေဖြစ်ပါသည်။ ကိုယ့်အမေအရင်းအတွက် ဒီကို ပြန်ရောက်လာတာ ခုတွေ့ဖူးပြီးပြီ။ စကားပြောဖူးပြီးခဲ့ပြီ။ ပြီးပြီလား ... အိမ်ပြန်ရတော့မှာလား။ အိမ် ... ! အိမ်ဆိုရင် ခြိမ်းရဲ့ အိမ်က ဘယ်မှာလဲ။ ခြိမ်းဟာ ကိုယ့်ရဲ့ "အိမ်" ကလေးတစ်ခုကို ဘယ်မှာရှိစေချင်တာလဲ။

ရှေ့နေကြီးကတော့ "တစ်ခေါက်တည်း၊ တစ်ကြိမ်တည်းနဲ့ အပြီးလက်ခံကိုခံရမယ်လို့ တွက်ထားလို့ ရနိုင်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး" တဲ့။ "ဒီလိုပဲ သွားလိုက်၊ ပြန်လိုက်၊ လုပ်စရာရှိတာလုပ်လိုက်၊ အလည်လာလိုက်နဲ့ အချိန်တစ်ခုကို သည်းခံစိတ်ရှည်စွာ စောင့်စားယူရမယ့် ကိစ္စမျိုးပါ" တဲ့လေ။ အဲဒီတော့ ခြိမ်းက ဘာမှရှေ့ဆက်တိုးတက်လာတော့မယ့်ပုံ မရှိတော့တဲ့ ခုအခြေအနေကို "ဒီတစ်ခေါက်ကတော့ ဒီမျှလောက်ပဲ" လို့ တွက်ပြီး ပါ့သ်ကိုပဲ ပြန်လိုက်ရတော့မှာလား။

မေမေနဲ့၊ ပြီးကျတော့ မေမေ့သမီးကလေးနဲ့ရော ခပ်ဝေးဝေး နေနိုင်သေးရဲ့လား။ ဖွင့်ပြောထုတ်ဖော် မတိုက်တွန်းရဲတမယ် သိသာနေတဲ့ မေမေ့ဆန္ဒတွေကို ဆန့်ကျင်ပယ်ရှားပြီး အဝေးတစ်ခါပြေးပြီးရှင်တော့ ခေါင်းပြန်ညိတ်ချင်လို့ မကောင်းနိုင်ပြီ။ မေမေ့ကို ငြင်းပယ်ရခြင်းဟာ အမေရင်းစကားကို နားထောင်လိုက်တာပဲဟု မဖြစ်စေချင်သလို၊ မေမေ့ကို ခေါင်းညိတ်မိခြင်းဟာလည်း အမေရင်းကို သက်သက်ပုန်ကန်ဆန့်ကျင်ချင်လို့ပဲ ဆိုတာမျိုးလည်း မဖြစ်စေချင်ပေ။



ကိုယ့်အတွက် ပျော်ရွှင်လွတ်လပ် ပေါ့ပါးနေပျော် ကျေနပ်နေမှာ သေချာတာတစ်ခုနဲ့ပဲ မိန်းကလေးတစ်ယောက်ကို ဘဝအဖော်အဖြစ် လက်တွဲလိုက်သင့်ပါသလား။ အဲဒီလိုဆိုရင် ကိုယ့်အတွက် သက်သက်ပဲ ကြည့်လိုက်ရာကျမနေဘူးလား။ ဘဝမှာ ဘယ်တော့မှ စိတ်ဆင်းရဲရမှာ မဟုတ်မှန်း သေချာနေတာတစ်ခုနဲ့ကော၊ အချစ်မပါဘူးလို့ ထင်ရတဲ့ အိမ်ထောင်ရေးတစ်ခုကို သူ တည်ဆောက်ဖြစ်မှာလား။ ကိုယ့်ကိုယ်ကိုယ် မသေချာပေ။

အချစ်ဆိုတာမျိုးဟာ ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုတွေအပြင် မွန်းကျပ်ဖိစီးနာကျင်မှုတို့ကိုလည်း တစ်ပြန်တစ်လှည့်သယ်ဆောင်လာတတ်သေးတာဆို။ ဒါဖြင့် ကိုယ်က အချစ်နဲ့ပတ်သက်လို့ စိတ်ဆင်းရဲ ညစ်ညူးမှုဆိုတာတွေကိုပါ ခံစားကြည့်ချင်နေတဲ့သူမျိုးလား။

ခြိမ်းက စိတ်ရှုပ်ရှုပ်နဲ့ပဲ စားပွဲပေါ်က မီးနူးကတ်ကို ဘာရယ်မဟုတ် လှမ်းကိုင်လိုက်တဲ့အခါ ချာချာကလည်း လှမ်းဆွဲလိုက်တာနှင့်ကြုံသည်။ ဒီကလေးမတော့ တော်တော်ကြာ "သိပ်တိုက်ဆိုင်တာပဲနော်" လို့ ရိနေဦးတော့မှာပဲဟု လက်ပြန်ရုပ်ကာ ပြန်ရုပ်လိုက်ရမှန်း မသိသာအောင် လမ်းတစ်ဝက်က သွားကြားထိုးတံ (toothpick) ဘူးလေးဆီ လက်ကို ပို့လိုက်တော့လည်း toothpick ဘူးရဲ့အဖုံးပေါ်မှာ ချာချာ့လက်။

"နောက်တစ်ခုတောင် ထပ်မကိုင်ရဲတော့ဘူး။ ညီမ ကျွန်တော့်ကို တမင်လိုက်စနေတာတော့ မဟုတ်ဘူး မှတ်လား"

"အောင်မာ ... စိတ်ထားက မကောင်းပြန်ပြီ။ ချာချာက ဖြင့် ဒီတစ်ခါလည်း တိုက်ဆိုင်နေပြန်တာပဲလားလို့ပဲ မေးမလို့ဟာကို"

"ကောင်းပြီ၊ ဒါဖြင့် နောက်တစ်ခေါက် အပြင်ထွက်ဖြစ် ရင် ရေခွက်ချင်းမှားလည်း ကိစ္စမရှိအောင် နှုတ်ခမ်းကို အရွဲကြီး ဆိုးမလာနဲ့"

"ဘာမှမဆိုင်ဘူး ... ဟွန်း ! "

"ဆိုင်တယ် ...။ စိတ်ချင်းဆက်နေတယ်ဆိုတာ တကယ် ရှိမရှိ သေချာမသိပေမယ့် ခုတော့ တကယ်ပဲ ဖြစ်နေပြီ ထင်တယ်၊ မဖြစ်နိုင်ဘူးလို့ မပြောကြေး"

ချာချာ ကိုယ့်ကို လှမ်းကြည့်လိုက်တဲ့ အကြည့် ကလေးက တစ်မျိုးလေးပါလား။

ဒါဖြင့် ကိုခြိမ်းက နောက်တစ်ခေါက် ထပ်ထွက် ကြဦးမယ်လို့ ကြိုချိတ်သွားလိုက်တာပေါ့နော်။

✤ ✧ ✤

"ဟိုကွန်ပျူတာမ ... ဘယ်ရောက်နေပြန်ပြီလဲ။ ကွန်ပျူတာ ရှေ့မှာပဲ မဟုတ်လား။ တစ်နေ့ ... တစ်နေ့ ... သူ့မှာ စားမယ်၊ အိပ်မယ်၊ ကွန်ပျူတာရှေ့ထိုင်မယ်၊ ဒါပဲလုပ် တတ်တယ်သူ။ ကျန်တာ ဘာမှအဖြစ်မရှိဘူး။ ငါသိပ်စိတ် ကုန်တယ်"



မြတ်စွာဘုရား။ ဒီကနေ့လည်း ပြဿဒါးနေ့ကျပြန် ပြီထင်သည်။ မေမေတော့ ဆေးခန်းကနေ အော်ဟစ်၊ ဝုန်းဒိုင်းကြဲ ပြီး ပြန်လာပြန်ပြီ။ လူနာရှင်တွေနဲ့သာ သိပ်အပေါက်လမ်းမတည့် လှတာ လူနာများနဲ့ဆိုရင်တော့ ချိုသာပျူငှာယဉ်ကျေးနေတတ် တဲ့ မေမေ့ကို ဘယ်သူကများ အဲဒီလောက် အော်ဟစ်ပေါက်ကွဲ သာအောင် ပြုမူနိုင်လိုက်ပြန်တာပါလိမ့်။

ဒါပေမဲ့ ...။ အိမ်ပေါက်ဝရောက်ကတည်းက "ကွန်ပျူတာမ" လို့ ခေါင်းစည်းတပ်ပြီး အော်ထည့်လိုက်တာဆို တော့ မေမေဦးထည်ပြီး မကျေမနပ်ပြဿနာရှာလိုသူဟာ ချာချာ ပဲများလား။ ဒီလိုဆိုလည်း ဘာများပါလိမ့်။ ခုတစ်လောတွေမှာ သူ့သဘော သူ့ဆန္ဒကို ရှေ့တန်းတင်တတ်ပြီး၊ သူ့စကားနား ထောင်တတ်တဲ့ သားတစ်ယောက် ကောက်ရထားလို့ မေမေ အတော်ကြီး အကြိုက်ကျ၊ မနောခွေ့နေတယ်လေ။

သူ့သားကလည်း သူ့စကား နားထောင်၊ ချာချာ ကလည်း သူ့စကားကို နားထောင်သလိုလိုနဲ့ ကိုယ်ကိုယ်တိုင် ကလည်း နှစ်သက်လိုလားစွာ စိတ်ပါလက်ပါ ဆန္ဒရှိလှစွာ ကိုခြိမ်း နဲ့ချာချာတို့ ဟိုနားတစ်တွဲတွဲ၊ ဒီနားတစ်တွဲတွဲ ဖြစ်နေကြတယ် မဟုတ်လား။ မြင်တဲ့ တွေ့တဲ့ သူ့သူငယ်ချင်းတွေက သတင်းမေး ရင် သူ အတင်းဆွဲစေ့၊ စပ်ဟပ်၊ လော့ယူနေရတဲ့အဖြစ်ကိုကျ တစ်လုံးမှ ထည့်မပြောဘဲ ...

"သြော် ... ကောင်လေးက Perth ကလေ။ RMIT ကနေ Business Law နဲ့ ဘွဲ့ရပြီးသား။ သူ့အဖေလုပ်တဲ့သူက လည်း Child Specialist လေ။ ချာချာနဲ့ကတော့ ဒီလိုပဲ

ခင်မင်နေကြတာပါ။ သူတို့ချင်းစိတ်ထဲတော့ ဘယ်လိုရှိနေကြမလဲ မပြောတတ်ဘူးပေါ့လေ။ ကိုယ်ကတော့ တားမြစ်ချုပ်ချယ်နေရမယ့်သူမျိုး မဟုတ်တော့လည်း အသွားအလာကအစ မပိတ်ပင်ထားပါဘူး။ ချာချာက အသိဉာဏ်ရှိပါတယ်။ သစ်သစ်ကလည်း ကိုယ့်သမီးကိုယ် ယုံကြည်ပြီး စိတ်ချထားတယ်လေ ... ဟင်း ဟင်း ဟင်း ဟင်း"

လိမ်ပြောနေတာတွေတော့ မဟုတ်ပေမယ့် အခြေအနေက မေမေ့ရဲ့လေသံနဲ့ စကားအသွားအလာတွေလိုလည်း ဟုတ်မှမဟုတ်တာ။ ဒါပေမဲ့ အဲသလိုမျိုးပဲ ပျော့ပျော့ကြီး၊ ဂုဏ်ဆာဆာကြီးပြောကာ သမီးအတွက် ဘယ်တုန်းကမှ မပင့်ခဲ့ရဖူးဘူးဆိုတဲ့ မေးစေ့လေးကိုလည်း မပင့်တပင့်လုပ်,လုပ်ထားတတ်တာပဲ မဟုတ်လား။ သူ့ဘဝသူ အတော်ကလေး ကျေနပ်နေပုံရချိန်မှာ ဒီနေ့တော့ ဘာများဖြစ်လာလို့ သူ့ဦးတည်ရာ Target က "ကွန်ပျူတာမ"ဖြစ်နေရပါလိမ့်။

"ချာ ... ... ချာ ... ..."

"လာပါပြီ မေမေ"

ချာချာက ကိုယ့်ရဲ့စပန့်ဂါဝန်မှာ အပေါက်ပါမပါ သာ အမြန်ဆုံး စစ်လိုက်နိုင်ပြီး အောင်ထပ်သို့ပြေးဆင်းလာခဲ့ပါသည်။ အဲဒီလောက်အထိ စိတ်တိုနေချိန်မှာ တဖြောင့်တည်း စပန့်ဂါဝန်ရှည်အနွမ်းကြီး ဝတ်ထားမိပြန်တာကလည်း တစ်ပြစ်ဖြစ်နေမှာပေမယ့် လဲလှယ်နေဖို့မှ အချိန်မမီနိုင်တော့ဘဲ။ အစုတ်အပေါက် မပါရင်တော့ အပြစ်ကသိပ်မကြီးလောက်ဘူးပဲ ထင်ပါရဲ့လေ။



ပြေးရင်းလွှားရင်းနှင့်ပင် ချာချာက လှေကားထိပ်က သာစင်လေးကိုဖွင့်၊ ဂါက်ကိုရေဆွတ်။ ဆံပင်တွေကိုသပ်သပ်ရပ်ရပ်ဖြစ်သွားအောင်သပ်၊ မျက်ခုံးမွေးကိုလည်း အံထက်သို့ပင့်တင် ကော့ပျံ့အောင်လုပ်။ မျက်နှာကိုလည်း လန်းလန်းဆတ်ဆတ်များ ဖြစ်သွားမလားလို့ ရေစိုလက်နှင့် တဖြတ်ဖြတ်ရိုက်။ ထင်မိထင်ရာ တွေ လျှောက်လုပ်ပြီး မေမေပြောပြောနေတဲ့ "ဖြစ်စုတ်ကြီး"ဆိုတဲ့ ကနေ နည်းနည်းများ တင့်တယ်လာမလားလို့ ကိုယ့်ကိုယ်ကိုယ် ကယ်တင်နေရပါသေးသည်။

"ဘာမှအပိုတွေ သွေးရူးသွေးတန်း၊ အရူးချေးပန်းတွေ ခုမှ လျှောက်လုပ်မနေနဲ့။ ခု ဘာဖြစ်ပြီလဲ နင် သိလား"

ချာချာက မေမေ့ကို မျက်လုံးပြူးဝိုင်းဝိုင်းကြီးများ နှင့်သာ ကြည့်နေသည်။

ဘာတွေဖြစ်ကုန်လို့လဲ။

"ပြူးကြည့်မနေနဲ့။ အလကားဟာမကလေး။ ဘာအသုံးမှ မကျဘူး။ ငါငယ်ငယ်ကနဲ့များ လဲပစ်လိုက်ချင်တယ်။ သစ်သစ်စိမ်းနဲ့လေ ... လနဲ့ချီမပြောနဲ့ နှစ်ရက်လောက် ကင်န်တဲင်းအတူထိုင်ခွင့် ရလိုက်တဲ့ကောင်လေးတွေ ဘယ်လို အခြေအနေ ဖြစ်ကုန်ကြသလဲ နင်သိချင်ရင် နင့်အဘွား သွားမေးချေ ...

ငါ့အမေချော တစ်နေ့ တစ်နေ့ ရှင်းပေးလိုက်ရတဲ့ ပြဿနာပေါင်းစုံဆိုတာ၊ ကြာကြာနေတော့ 'နင့်စိတ်ထဲက မပါရင် လုံးဝမဖြစ်နိုင်ရင် ကင်န်တဲင်းအတူထိုင်ခွင့်

ပေးဖို့ဝေးလို့ မျက်လွှာလှန်ပြီးတော့တောင်မှ မော့မကြည့်လိုက်ပါနဲ့ သစ်သစ်ရယ်။ ငါ စိတ်ညစ်လွန်းလို့ပါ’လို့ကို ငါ့ကို တောင်းပန်ယူထားရတယ်။ ငါရော ... ငါ့အမေလိုမျိုး နင့်ကို မတောင်းပန်ချင်ဘူးများ ထင်နေသလား။ နင့်အဘွားလည်း စိတ်တွေရှုပ်ရလွန်းလို့သာ တောင်းပန်ယူရတာ ဘယ်လောက်ဂုဏ်ရှိနေလိုက်မလဲလို့ နင်တစ်ခါတလေလောက် မတွေးမိဘူးလားဟင် ... ငတုံးမ”

ငတုံးမပဲဆိုဆို အပြစ်က ဘာပါလိမ့်။ ခုထိသေချာမသိသေး။ ခပ်ရေးရေးပဲ ရှိသေးသည်။

“မိုးခြိမ်း ... Perth ကို ပြန်တော့မယ်”

ဟင် ...။

“သူ့မွေးစားအမေ နေမကောင်း ဖြစ်လာလို့တဲ့။ ဟိုကနေ သူ့ကို ဒီကကိစ္စတွေ ဘာမှမထူးရင် ပြန်လာခဲ့လိုက်ဦးလို့ လှမ်းခေါ်တယ်တဲ့။ သူ ပြန်ရတော့မယ်။ ပြန်မိပြီဆိုမှတော့ ကျောင်းပြီး၊ ဘွဲ့ရလည်းဖြစ်နေပြီ။ ဒီမှာလည်း အလုပ်မရှိ လတ်လျား လတ်လျား ဖြစ်နေမယ့်တူတူ ဟိုမှာပဲ ကောင်းကောင်းမွန်မွန် အခြေတကျ အလုပ်တစ်ခုခုမျိုး သူ့အမေဆိုတဲ့လူက မဝင်ခိုင်းဘဲကို နေမှာမဟုတ်ဘူး ...

အလုပ်ဝင်လိုက်ပြီဆိုတဲ့ နောက်တော့ Holiday Season မဟုတ်ရင် ဒီကို ဘယ်လိုလုပ် ပြန်ရောက်လာနိုင်တော့မလဲ။ Holiday ရက်တွေတောင်မှ ပြန်ရောက်လာချင်တဲ့စိတ်က ရှိဦးမှ၊ ဆွဲဆောင်မှုမျိုးက ရှိဦးမှ”



မပူပါနဲ့ မေမေ။ မေမေရှိနေတဲ့ မြန်မာပြည်ကို သူ အားရက်နားရက်ရတာနဲ့ အပြေးကို ပြန်လာမှာပါလို့များ စိတ်ထဲရှိတဲ့အတိုင်း ပြောမိလိုက်ရင် ချာချာတော့ မေမေ့ဒေါသနဲ့ပုံလဲသွားရမလား မသိပေ။ မထူးပါဘူး၊ ခုလည်း ပုံပဲလဲကျလိုက်ချင်ဘာပါပဲ။ သူ့မြို့ သူ့ရွာ သူ့နိုင်ငံကို သူပြန်ရတော့မယ့်ကိစ္စကို ချာချာမသိခင် မေမေ အရင်သိလာခဲ့တဲ့နောက်တော့ ဒီသမီးတစ်ယောက်ရဲ့ “အရည်အချင်း”ဆိုတာမျိုးကို ဘာတွေ“ပို”တွက်ကြည့်နေဦးမလဲ မေမေရယ်။

“မိုးခြိမ်းက နင့်ကို ဘာပြောသေးလဲ”

“ဟင် ... ဘာလဲ မေမေ”

“ဘာပြောထားတာ ရှိသလဲလို့ မေးနေတာ ... မေးနေတာ”

“စကားတွေကတော့ ဒီလိုပဲ ပြောဖြစ်နေကြတာပဲလေ မေမေရဲ့”

မေမေ့ရဲ့လည်ချောင်းဝအထိ ရောက်နေတဲ့ မကျေနိုင်ချမ်းနိုင် အကြိတ်အခဲလုံးကြီးက လေပြွန်ထိပ်မှာ သွားပိတ်ဆို့လိုက်ပုံနဲ့ မေမေ့ခမျာ “အင်”ခနဲ အသက်ရှူတွေ ဘာတွေတောင် သီးသွားသည်။

“ထင်ပါတယ် ... ထင်ပါတယ်။ အလကားပဲတင်း ပေါက်ပန်းဈေးတွေနဲ့တင် တစ်နေ့ တစ်နေ့ အချိန်တွေကုန်ဆုံးနေပြီး အဓိကကျကျ အခြေအနေမျိုးအထိ ရောက်သွားအောင် ဘာမှလုပ်တတ်မှာလည်း မဟုတ်ဘူးဆိုတာ။ ဒီမှာ ချာချာ ... မိန်းကလေးတစ်ယောက်ဆိုတာ ကိုယ့်အပေါ် Sympathy

ရှိပြီးသား အမျိုးကောင်းသားတစ်ယောက် ကိုယ့်ဘက်ပါလာအောင်၊ စွဲလမ်းမြတ်နိုးနေအောင် လုပ်လို့ရတယ်။ လုပ်ပိုင်ခွင့်ရှိတယ်။ လုပ်ကိုလုပ်တတ်ရတယ်။ အဲဒီအတွက်ဘာမှ ဝန်လေးတွန့်ဆုတ်၊ ရှက်ရွံ့နေစရာ မလိုဘူး။ လုပ်တတ်တာ လုပ်နိုင်တာကသာ အရည်အချင်း။ မလုပ်ရဲ၊ မလုပ်ဝံ့ မလုပ်တတ်တာကသာ ညံ့ဖျင်းအဖြစ်မရှိတာ"

ချာချာက ညံ့ဖျင်းပါတယ်။ အဖြစ်မရှိဘူး မေမေ အမျိုးကောင်းသား မပြောနဲ့ အလေနတော အားအားယားယား ကောင်မျိုးတွေ "ကျ"လာအောင်တောင် မလုပ်တတ်ခဲ့တဲ့သူပါ။ ဒါပေမဲ့ မေမေ့ရဲ့အကောင်းဆုံးကြီးကိုကျတော့ မလုပ်တတ်တာ အပြင် မလုပ်ချင်တာလည်း ပါပါတယ်။ ကိုယ့်ကို လိုလားတာထက် ကိုယ့်အမေရဲ့ဆန္ဒကိုသာ လိုက်လျောချင်နေသူတစ်ယောက်ကို ချာချာက လှည့်ပဲ အဖြစ်ခံလိုက်တော့မယ်။ ဘာမှမလုပ်ချင်ပါဘူး။

ကိုယ့်သမီးကို လူကြိုက်များရင်၊ တောင်းယမ်းစပ်ဟပ်သူများရင် ပြီးရော ... ဘယ်သူဖြစ်ဖြစ်၊ ဘယ်လောက်ကြီးဆိုးဝါးနဲ့ချာနေတဲ့ကောင်ဖြစ်ဖြစ် "ကိုယ်ကသာ ပြန်လက်မခံရင် နေမယ်၊ လာကြိုက်ကြ လာမြန်းကြ"လို့အထိပင် အဖြစ်သည်း စိတ္တဇတွေကြီးနေခဲ့တဲ့ မေမေ့ခမျာ ကိုခြိမ်းလို လူတစ်ယောက် "ဘွား"ခနဲ အနားရောက်လာတာကို ဘယ်လောက် သည်းသည်းလှုပ်။ ဆတ်ဆတ်တုန်၊ ဝမ်းပန်းတသာတွေ ဖြစ်နေခဲ့မလဲ ချာချာက ကိုယ်ချင်းစာနိုင်ပါသည်။



ဒါပေမဲ့ အရာရာတိုင်းမှာ "ဖြစ်နိုင်ချေ"ကိုပါ တစ်ခါတည်း ထည့်စဉ်းစားခဲ့ရမယ် မဟုတ်လား မေမေ။ မေမေ့စကားကို ဘာမဆို မြေဝယ်မကျချင်တဲ့ မေမေ့သားဟာ မေမေ့သမီးကို မေမေပြောသလို Sympathy လေး တစ်ချက်လောက်ရှိမှတော့ ဘာကို ဝန်လေးနောက်ဆွဲနေတော့မှာလဲ မေမေရယ်။ ဒီကိစ္စက ချာချာတစ်ယောက်တည်းဘက်က အဖြစ်မရှိ မလုပ်ချင်တာမဟုတ်ရပါ။ ကိုခြိမ်းဘက်ကလည်း အားနာပြီး ဖြစ်ဆွဲကြီးဖြစ်နေတာထက်မှ မပိုခဲ့ဘဲ။

"ချာချာ ငိုချင်လာပြီ မေမေ"

"ငိုငိုသွား ... သွား ...။ ငါ့ရှေ့ကထွက်သွားပြီး ကြိုက်တဲ့နေရာမှာ ကြိုက်သလောက်သာ သွားငိုနေပေတော့။ နည်းနည်းလောက် ဆူလိုက် ပြောလိုက်ရင် သူ့မှာ ငိုမယ်၊ မျက်ရည်ကျမယ်၊ အာကြီးဖြဲအော်မယ်။ ဒါပဲရှိတာ။ အဆူခံ အပြောခံရတဲ့ကိစ္စအတွက် ပြုပြင်မယ်၊ ဆင်ခြင်မယ်၊ ကြိုးစားမယ်ကျတော့ ဘာမှမရှိဘူး။ ဆူပြောပြီးလည်း ဒုံရင်းက ဒုံရင်းပဲ။ အဲဒီတော့ မြန်မြန်လေးသာ ငါ့ရှေ့ကကြွပြီး သွားငိုနေပေတော့။ နို့မို့ ငါပါ အော်ငိုလိုက်မိတော့မယ် နင့်ကြောင့်"

ချာချာ ငိုချင်တာ မေမေဆူလို့ မဟုတ်ဘူး။ ဒီ့ထက် အအော်ခံ အဆူခံရစဉ်တွေတုန်းကတော ဘယ်တုန်းကများ နင့်နင့်သီးသီး ဝမ်းပန်းတနည်း ငိုချင်လာဖူးလို့လဲ။ "ငါ့နယ်နော် ဘာမှ အဖြစ်မရှိပါလား"လို့ ကိုယ့်ကိုယ်ကိုယ် သနားလာလို့ ငိုချင်တာ

လည်းမဟုတ်ဘူး။ ဒါဖြင့် ချာချာ ဘာလို့ဒီလောက် အူလိုက်သည်းလိုက်ကြီး ဝမ်းနည်းလာရတာပါလိမ့်။ မိုးပေါ်က ကျလာသလို "ဘွား"ခနဲကြီး ကိုယ့်ဘဝထဲ ရောက်လာခဲ့တဲ့သူ တစ်ယောက် မြေမျိုငုပ်လျှိုးသွားသလိုပဲ "ဟုတ်"ခနဲ ပြန်ပျောက်၊ သူ့ရွာနေ သူ့ပြန်ရောက်သွားတော့မှာမို့လို့များလား။

မေမေကတော့ဖြင့် "နေ့စဉ်တတွဲတွဲ ဖန်တီးထားနိုင်တဲ့ အခြေအနေမျိုးနဲ့တောင် ဘာမှမရေရာ၊ မသေချာလိုက်ကြတာ အဝေးကြီးဝေးပြီး မေ့မေ့ပျောက်ပျောက် ကင်းကင်းကွာကွာကြီး ဖြစ်သွားတော့မယ့် အနေအထားကို ငါက ဘာများလိုက်မျှော်လင့်နေလို့ ရှိုးမှာလဲ"ဟု တဖျစ်တောက်တောက် မပြီးနိုင်မစီးနိုင်ကြီး ဖြစ်လျက်ရှိလေသည်။

မေမေ့စကားသံတွေကို တစ်အိမ်လုံးလည်း ကြားနေရမှာပဲ။ ဘွားဘွားကတော့ တစ်သက်လုံး ရည်မှန်းချက်ကြီးပြီး ကိုယ့်ရည်မှန်းချက်ကို အထမမြောက်,မြောက်အောင်လုပ်တတ်တဲ့ မေမေ့အကြောင်း တစ်သက်လုံးသိလာခဲ့ပြီးသူမို့ မေမေ့ကို "ဟယ် ... ရှက်စရာတွေဟယ် ... တော်စမ်းပါ သစ်သစ်ရယ်"ဟုလည်း ဝင်ဆုံးမနေမယ့်သူမျိုး မဟုတ်ပါ။ ယောကျ်ားဆုံးတာတောင် ပြန်မလာတဲ့ ဒီသမီးမျိုးဟာ ဘယ်သူ့မျက်နှာနဲ့ အပြောအဆိုကိုမှလဲ မှုမှာ၊ ထောက်မှာ၊ ရှက်နေမှာ မဟုတ်တာ ဘွားဘွားအသိဆုံး။

ချာချာကတော့ ငိုချင်တာပဲသိသည်။ မေမေ ပြောသလိုပါပဲ။ ချာချာလည်း ရှက်လို့၊ နှုတ်ကနေ ထုတ်မပြောရဲလို့သာပါ။ အနေဝေးသွားပြီဆိုတဲ့နောက်တော့ သူ့ခေါင်းထဲမှာ



ချာချာဆိုတာတောင် ရှိနေမှာမဟုတ်တော့ပါ။ သူနဲ့စကားပြောလို့ရတယ်။ ပလဲနံ့ပသင့်တယ်ဆိုတဲ့ မေမေနဲ့သာ မိတ်ဆွေသူငယ်ချင်းလို၊ မောင်ရင်းနှမတွေလို၊ သားနဲ့အမိလို ဆက်သွယ်ပြောဆိုမှုရှိလျက် မေမေ့မှာ ချာချာဆိုတဲ့ သမီးတစ်ယောက်ရှိပါသေးလားဆိုတာတောင် ကြာရင်မေ့သွားမလားဘဲ မဆိုနိုင်ချေ။ သူနဲ့ချာချာဟာ ဘယ်တုန်းကမှလဲ စကားပြောလို့အဆင်မပြေ၊ အပေါက်လမ်းလည်းမတည့်ခဲ့ကြဘူးလေ။

စတွေ့လိုက်ကတည်းက "အမေနေရာ လာမဝင်နဲ့"လို့ ပြောလွှတ်လိုက်မိတဲ့သူကို "ကိုယ်နဲ့သာရည်ရွယ်မှန်း" သိလိုက်ရတဲ့အခါ ပညာသည်အဆင့်လည်းမဟုတ်တဲ့ ချာချာက ခုလက်ဖမိုး၊ ခုလက်ဖဝါး "ဖျတ်"ခနဲ ပြောင်းပစ်လိုက်နိုင်တဲ့ စပရင်မျက်နှာမျိုးနဲ့ ဆက်ဆံအဆင်ပြေဝံ့ပါ့မလား။ ရုတ်တရက် ပြောင်းလဲချိုသာလာရင် ပိုရှက်စရာကောင်းတယ်လို့ ထင်မိတဲ့အခါ ချာချာ့ရဲ့နှုတ်ထွက်စကားများဟာ ဘုနဲ့ဘောက်၊ ဂျစ်ကန်ကန်နဲ့ ဂျီကျကျတွေပင်။ သူကတော့ "ဒါတွေနဲ့ဝေးရင် နားအေးဘယ်"ပဲ ထင်နေတော့မှာ။

"မမချာ ... ဖုန်းလာပါတယ်"

"ဘယ်သူလဲဟယ်၊ ခေါင်းကိုက်ရတဲ့အထဲ ငါအိပ်နေပြီလို့သာ ပြောလိုက်"

"ချာ ... ချာ ..."

အောက်ထပ်ကနေ လှမ်းအော်လိုက်ပြန်သော သံ ညည်ဆွဲ မေမေ့အသံကို ကြားလိုက်ရလျှင် ဘယ်သူ့ဆီကဖုန်းဖြစ်

နိုင်မလဲ ဆိုတာ ချာချာက သိလိုက်ပါပြီ။ မေမေလည်း သိနေပြီဆိုတော့ အဲဒီဖုန်းကို မေမေပဲ ကောက်ကိုင်ဖြစ်လိုက်တာလည်း ဖြစ်ဖို့များသည်။ ဒါဖြင့် အမေ့သားက သူ့အမေနဲ့သူ ဆက်စကားပြောမနေဘဲ ဘာကြောင့်များ သမီးဖြစ်သူနဲ့သာပြောမယ်တွေဘာတွေ ဖြစ်နေရပါလိမ့်။ မေမေကများ "ချာချာနဲ့ ပြောလိုက်ဦး" လို့ ညွှန်ကြားလိုက်ပြန်တာလား။

"ဟလို"

"ချာချာ ... ညီမ ငိုနေတယ်လို့ မေမေကပြောတယ်၊ ကျွန်တော် perth ကိုပြန်တော့မှာမို့ ညီမ ငိုနေတာဆို"

လုပ်ထားလိုက်ပေါ့ မေမေရေ။ သမီးကား ငတုံးမ၊ အဖြစ်မရှိ၊ ညံ့ဖျင်းသူဖြစ်သော်ငြား ဟိုဘက်ဒီဘက် သားနဲ့သမီး၊ နွလျက်သား ဘုံတော်စပ်နေတဲ့ အမေကတော့ "ပညာရှင်"ပေပဲ။

"ဒက်ဒီ တော်တော်နေမကောင်းဘူး၊ ခုချက်ချင်းပဲ ပြန်လာခဲ့တော့ဆိုလို့ ကျွန်တော် ပြန်ရမှာပါ။ ဒါပေမဲ့ ဒီမှာမေမေတို့မိသားစုလည်း ရှိနေတဲ့ဟာ၊ ကျွန်တော် ဒီကိုနောင်ဘယ်တော့မှ ပြန်ရောက်မလာတော့မှာတော့ မဟုတ်ဘူးလေ ညီမ။ ပြီးကျတော့ ကျွန်တော့်မှာ ကိုယ့်အမေရင်းနဲ့အသိအမှတ် အဆက်အသွယ်ရဖို့ လာကြိုးစားရတာ၊ ခုထက်ထိဘာမှ သေသေချာချာမှ မအောင်မြင်သေးဘဲဆိုတော့ နောက်ထပ်အခါခါ ပြန်ပြန်လာနေရဦးမှာပါ"

သူ့ဘာသာ သူ့တိုင်းပြည်သူပြန်မယ့်ကိစ္စကို အားအားယားယား၊ အဓိပ္ပာယ်မရှိ၊ ငိုကြီးချက်မ, ဖြစ်နေရပါတယ်ဆို



တာ ရှက်စရာကောင်းသလား။ မေမေပြောသလို လုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စပဲလား ချာချာ မသိ။ ချာချာ သိတာကတော့ သူမြန်မာနိုင်ငံကို မဖြစ်မနေ ပြန်ကိုပြန်လာဦးမှာပါဆိုတဲ့ ကိစ္စရပ်တွေထဲမှာ ချာချာ့နာမည်တော့ တစ်လုံးမှကို မပါခြင်းသာတည်း။

"ပြီးတော့ ချာချာ ... ကျွန်တော် ပြောစရာရှိတယ်။ မေမေက ချာချာ့ကို ဩစတြေးလျားမှာ ကျောင်းဆက်တက်စေချင်တဲ့ဆန္ဒ ရှိနေတယ်။ အဲဒါ ညီမကကော ဘယ်လိုလဲ။ ချာချာလည်း သဘောတူတယ်၊ ဆန္ဒရှိတယ်ဆိုရင် ဟိုရောက်ရောက်ချင်း ကျွန်တော် ကျောင်းတွေစုံစမ်းမယ်။ ပြီးရင် ဒက်ဒီနေကောင်းတာနဲ့ ချက်ချင်းဒီကိုပြန်လာလိုက်ပြီး ချာချာကို လာပြန်ခေါ်မယ်၊ အဲဒါ ချာချာ လက်ခံနိုင်မှာလား"

အတန်တန် ထိန်းချုပ်အောင့်အီးထားတဲ့ကြားက ရှိုက်သံအကျယ်ကြီးတစ်ချက် ဖုန်းထဲဝင်သွားပါသည်။ ဖုန်းစကားပြောတဲ့နေရာကို လက်နဲ့အမြန်ပိတ်အုပ်လိုက်သော်ငြား မမီနိုင်တော့ပြီ။

"မငိုပါနဲ့ ညီမရယ်၊ ကျွန်တော်တို့ အခုဝေးနေရလည်း ခဏပဲလေ၊ ညီမကသာ ခေါင်းတစ်ချက်ညိတ်ပြီး လက်ခံသဘောတူလိုက်ရင် မေမေနဲ့တော့ ခွဲရင်ခွဲနေရမယ်။ ကျွန်တော်နဲ့တော့ တစ်နိုင်ငံတည်း၊ တစ်မြို့တည်း၊ ချာချာငိုရမယ့်ကိစ္စတွေ ကျွန်တော် လုပ်မှာမဟုတ်ပါဘူး။ ပြီးတော့"

ဒုက္ခပါပဲ။ ချော့လာတဲ့သူရှိမှ ပိုဆိုးဆိုသလို။ မငိုပါနဲ့ဆိုမှ ရှိုက်သံတွေက ဆက်တိုက်ပင် ထပ်ထွက်သွားပြန်သည်။

"ညီမလေး ... ဩစတြေးလျားကို လိုက်မယ်ဆိုရင်တော့ ညီမလည်း တန်ဖိုးရှိအောင်၊ မေမေတို့ရဲ့သိက္ခာနဲ့ ဂုဏ်ဒြပ်နဲ့လည်းညီအောင် ညီမနဲ့ကျွန်တော်နဲ့ စေ့စပ်ပွဲလိုဟာမျိုးလေးလောက်တော့ လုပ်သွားသင့်တယ်လို့ မေမေကထင်တယ်။ ကျွန်တော်ကလည်း ဒီအတိုင်းပဲ ယူဆပါတယ်။ ကျွန်တော့်ဆန္ဒကလည်း မေမေ့ဆန္ဒနဲ့ တစ်ထပ်တည်းပဲ။ ဒါပေမဲ့ ချာချာ့သဘောက ပိုအရေးကြီးတာပါ။ ချာချာပါသဘောတူတယ်ဆိုမှ ကျွန်တော်က ဒက်ဒီ့ကိုလှမ်းအသိပေးလိုက်မှာ။ ဒက်ဒီကတော့ ရောက်လာနိုင်မှာမဟုတ်ဘူးဆိုတော့ မေမေတစ်ယောက်တည်းပဲ နှစ်ဖက်မိဘနေရာမှာနေရမှာပေါ့လေ"

နောက်ဆုံးတော့ သူ့ချစ်မေမေရဲ့ဆန္ဒကို သူလက်ခံသဘောတူလိုက်ပြီပေါ့။ တွန့်ဆုတ်အချိန်ဆွဲနေခြင်းအားဖြင့် ဒီအမေတစ်ယောက် စိတ်လက်မချမ်းသာ ဘဝင်မကျဖြစ်နေရမယ့်အဖြစ်ကို သူ ရင်မဆိုင်ချင်တော့ဘူးပေါ့။ တစ်စုံတစ်ယောက်ကိုသံယောဇဉ်ကြီးမိရုံနဲ့ နောက်ထပ်တစ်စုံတစ်ယောက်ကို သူ့ဘဝထဲထည့်၊ လက်ထပ်ယူဖို့လည်း ဝန်မလေးတော့ဘူးပေါ့။

"မငိုနဲ့တော့နော် ညီမ။ သေချာပြန်စဉ်းစားလိုက်။ ဩစတြေးလျားကို လိုက်ဖို့ဆိုရင် တစ်နည်းနဲ့မငိုရတော့လည်းနောက်တစ်နည်းနဲ့ အမေနဲ့ခွဲရလို့ဆိုပြီး ငိုနေရဦးမှာကိုလည်း ကျွန်တော်က စိုးရိမ်တယ်လေ။ ကိုယ့်စိတ်ကိုကိုယ်သိအောင် အချိန်လေးယူပြီး ဆုံးဖြတ်လိုက်နော်။



ကျွန်တော်က ခုချက်ချင်းကြီး ထ,ပြန်သွားမှာတော့လည်း မဟုတ်သေးဘူး။ ကျွန်တော်ပြန်သွားပြီးရင်လည်း ညီမမှာအချိန်ရှိသေးတယ်"

"ချာချာ အချိန်မယူပါဘူး ကိုခြိမ်း၊ ခုဖြေဖြေ၊ ဘယ်တော့မှဖြေဖြေ ချာချာ့ဆန္ဒက ဒါ ... ဒါပဲ။ ထပ်ပြောင်းတော့မှာလည်း မဟုတ်ဘူး။ ချာချာ ဩစတြေးလျားကို မလိုက်ဘူး။ ဘယ်တော့မှ မလိုက်ဘူး ... လုံးဝမဖြစ်နိုင်ဘူး"

"ညီမ ... ကလေးလိုတော့ မဆုံးဖြတ်သင့်ဘူး။ ပညာရေးတို့ ရေ့ရေးတို့ဆိုတာနဲ့တွက်ရင် အမေနဲ့ခွဲရတာက ..."

"ချာချာက မေမေနဲ့ခွဲရမှာမို့ ပြောနေတာမဟုတ်ဘူး"

တိုးတိုးဖွဖွ၊ ညင်သာနူးချ၊ ချော့မော့ပြောဆိုနေတဲ့လေသံကလေးနဲ့ တတွတ်တွတ် မရပ်မနား ပြောနေခဲ့တဲ့ မိုးခြိမ်းရဲ့စကားသံတွေ ရပ်တံ့ပြီး မိနစ်ပိုင်းလောက် ခဏငြိမ်သက်သွားသည်။

"ဒါဖြင့် ... ကျွန်တော်နဲ့စေ့စပ်ပေးမယ်ဆိုတဲ့ စကားကိုချာချာ သဘောမတူနိုင်တာလားလို့ ကျွန်တော် လုံးဝမေးမှာ မဟုတ်ဘူးနော် ညီမ၊ မေးခွန်းမရှိဘဲနဲ့ အဖြေလာမပေးနဲ့။ လက်မခံဘူး"

ဟင် ... ဘာလဲ။ စကားသံကအစ ခုနကလို ချော့မော့ဖျောင်းဖျနေတဲ့ လေသံမျိုး မဟုတ်တော့ဘဲ ခပ်မာန်မာန်ပါပါနဲ့။ ဘာလဲ ...။ အမေ့စကားကို မြေဝယ်မကျ လက်ခံနားထောင်မယ့်သားလိမ္မာအစ်ကိုကြီးက ဆန့်ကျင်ဖောက်ဖျက်မယ့် ညီမငယ်ကိုဒေါပွဆုံးမချင်တာမျိုးလား ... ဟုတ်လား။

ပညာရေးတွေ၊ ရှေ့ရေးတွေ၊ မေမေ့ဆန္ဒတွေနဲ့ propose လုပ်သွားတာလား ဘာလားတောင် မသေချာလိုက်တဲ့ စကားတစ်ခွန်းထဲမှာ "မင်းကို မြတ်နိုးလွန်းလို့ပါ"ဆိုတာလည်း မပါ။ အဆင့်ကျော်လေ့ရှိသူတွေလိုမျိုး တန်းပြီး"လက်ထပ်ကြရအောင်" ဆိုတာမျိုးပင်မပါ။ "ကျွန်တော်လည်း သဘောတူတယ်" လို့တော့ ပါသွားသယောင်ယောင်ပေါ့လေ။ ဒါပေမဲ့ "ကျွန်တော့်ဆန္ဒကလည်း မေမေ့ဆန္ဒနဲ့ တူတူပါပဲ"ဆိုတာ၊ တစ်ဖက်သားမိန်းကလေးကို propose လုပ်တယ်လို့မှ မမည်တာပဲ။ သူ သားလိမ္မာဆိုတာကိုသာ တင်ပြတာမျိုး မဟုတ်ဘူးလား။

အဲဒီတော့ သူ ဒေါ်ပွမယောင်ယောင် ဖြစ်လာတာသည်၊ မခံမရပ်နိုင်ဖြစ်တာသည်၊ အငြင်းစကားကို လက်မခံနိုင်၊ ကြားတောင်မကြားနိုင်ဆိုတာသည် သူ့ propose စကားကို မိန်းကလေးက ငြင်းပယ်လို့ အခံရခက်နေရတာမျိုး မဟုတ်။ ဒီညီမငယ်တစ်ယောက် သမီးအလိမ္မာမဟုတ်၍သာတည်း။

"ချာချာ အငိုတိတ်ပြီဆိုရင် ကျွန်တော် ဖုန်းချလိုက်ပြီ"

မိုးခြိမ်းက ပြောပြောဆိုဆိုနှင့်ပင် ဖုန်းချသွားပါသည်။ "ဘာတဲ့လဲ"ဟု သိချင်တကြီး လာမေးသောမေမေ့ကို "မငိုနဲ့တဲ့"ဟုသာ အဖြေပြန်ပေးလိုက်ပါသည်။ မေမေ အားမလိုအားမရ၊ စိတ်မောလူမော ဖြစ်သွားပြန်မှန်း သိပေမယ့် ချာချာနဲ့ မပြောဖြစ်ခင်က အောက်မှာ သူတို့ချင်း ဘာတွေ ဘယ်လောက် ဘယ်လိုပြောခဲ့ကြမယ်မှန်းမှ မသိနိုင်တဲ့ကိစ္စ။ ချာချာက မေမေ့ကို "မေမေ့သားက စေ့စပ်ထားကြရအောင်၊ ပြီးရင် ဩစတြေးလျားလိုက်ခဲ့တဲ့"ဆိုတာမျိုးကြီး လုံးဝမပြောနိုင်ပါ။



ချာချာဟာ မေမေဝင်ကာယ်မှ အပျိုကြီးဘဝကလွတ်ရတော့မယ်ဆိုတာမျိုး ဖြစ်ချင်လည်း ဖြစ်မှာပေါ့။ သို့သော် ... ကိုယ်တိုင်က အစစ်အမှန် တကယ်"ပေး"မည့် သူမျိုးဆိုတော့ သူ့ဆီကလည်း"ရ"ချင်သည်။ ရမှဖြစ်ပါမည်။ လက်ခံနိုင်ပါမည်။

✤ ✧ ✤

## အခန်း(၅)

သစ်သစ်စိမ်းနှင့် မိုးခြိမ်းတို့ တူတူထိုင်နေကြရာ စားပွဲသို့ "ဖြန်း"ခနဲ လာဝင်ထိုင်ချလိုက်သူမှာ မိရှဲယ်လ်မာမာကြင် ပင်ဖြစ်ပါသည်။ သစ်သစ်ကား တော်တော်ကြီးကို စိတ်ပျက် လက်ပျက်နှင့် အောင့်သက်သက်လည်း ဖြစ်သွားရတာမို့ သက်ပြင်း မောကြီးတစ်ခုကို "ဗှူး"ခနဲ သိသိသာသာကြီးပင် မှုတ်ထုတ်လိုက် သည်။

သစ်သစ်နဲ့ မိုးခြိမ်းတို့ ပြောနေကြတဲ့စကားက "မေမေ့သမီးက ကျွန်တော့်ကို ငြင်းလိုက်တယ်"တဲ့။ သစ်သစ်မှာ "ဟယ်"ခနဲပင် ကိုယ့်သမီးကိုယ် စိတ်ကုန်သွားရကာ ဘာပြန်ပြော ရမှန်းတောင် မသိလိုက်ပါ။ အဘက်ဘက်က သင့်တော်ကောင်း မွန်လျက်ရှိတဲ့ ကောင်လေးတစ်ယောက်ဟာ မိဘစကား (ကိုယ့် စကားကို)နားထောင်တဲ့အနေနဲ့ ကိုယ့်သမီးကို ရွေးချယ်လက်ခံပါ မည်ဆိုရင်တောင်မှ သစ်သစ်က ကျေနပ်နိုင်လှပြီ။



ခုဟာကတော့ ကောင်လေးကိုယ်တိုင်ကပင် သူ့ ...သာ သေချာသိနိုင်းသေးရဲ့လားမသိတဲ့ ခံစားချက်တွေ သူ့မျက်နှာ ...ါမှာ သစ်သစ်ကဖတ်မိတွေ့မြင်နေရသည်။ မဟုတ်ပါဘူး။ ...း၀မဟုတ်ဘူး။ ကိုယ်လိုရာကို ဆွဲလွဲထင်မြင်ပြီး ကိုယ်ဖြစ်စေ ...င်တာကိုပဲ အဟုတ်ကြီးလုပ်ပြောနေတာ မဟုတ်ရပါဘူး။ တကယ် ...။ သစ်သစ်ဟာ လူတွေရဲ့ခံစားချက်မျက်နှာကို အကဲခတ်ဖတ် ...တ်တဲ့နေရာမှာ တော်တော်လေး ခရီးရောက်နေသူပါ။ အထူး ...ဖြင့်ကတော့ မိန်းကလေးတစ်ယောက်ထံမှာ ပျော်ဝင်နှစ်ခြိုက် ...တဲ့ ယောကျ်ားသားတွေရဲ့မျက်နှာ။ ခုထက်ထိတိုင်အောင် ...သက်(၄၀)ကျော် မှဆိုးမဖြစ်နေလည်းပဲ ဆက်လက်ဖတ်ရှုနေရဆဲ ...က်နှာထားမျိုးကို သစ်သစ်က မကျွမ်းကျင်ဘဲ ရှိပါ့မလား။

ဒီကောင်လေးဟာ ချာချာ့အပေါ်မှာ သူတစ်ပါးရဲ့ ...က်တွန်းနားချ ဆွယ်ယူမှုကြောင့်မက,ဘဲ ကိုယ်တိုင်ကလိုလား ...သက်နေခဲ့ပြီ။ ကာယကံရှင်ကိုယ်တိုင်တောင် သူ့အခြေအနေ ...သိချင်မှသိမည်။

ဆွယ်တာတွေ လော်တာတွေကိုချည်း လက်ခံနေရ ...့ တစ်စထက်တစ်စ ချဉ်းနင်းဝင်ရောက်လာတဲ့ အမှန်တရား ... သတိမထားမိနိုင်သေးတာမျိုးပေါ့။ ကိစ္စမရှိပါ။ သူသိသိ ...သိ။ ဒါဟာ တကယ့်အမှန်တရား ဖြစ်နေပြီလေ။

အဲဒီလိုဆိုတော့ အမေလုပ်တဲ့သူက မကျေနပ်ဘဲနေ ...ား။ မပျော်ဘဲရှိမလား။ ဒါပေမဲ့ ချာချာကတော့ ငြင်းလိုက် ...ဲ။ ဒီလိုကိစ္စမျိုးမှာ တစ်ဖက်ကမ်းခတ် နံချာနောက်ကျလှတဲ့ ...း လုပ်တဲ့သူကလည်း မိုးခြိမ်းရဲ့ရင်တွင်းကို မဖတ်ကြည့်နိုင်။

ဒါပေမဲ့ ချာချာတစ်ယောက်တည်းကိုလည်း အပြစ်တွေပုံချလို့မရနိုင်ပါ။ ကိုယ့်ကိုယ်ကိုယ်မှ တကယ်မသိနိုင်သေးတဲ့ မိုးခြိမ်းကလည်း မိန်းကလေးတစ်ယောက်ကို ချဉ်းကပ်တောင်းဆိုရာမှာ ဘယ်လိုစကားလုံးတွေသုံးပြီး တလွဲတွေချည်း လုပ်ခဲ့မယ်မှန်းမှ မသိတာ။ သစ်သစ်မှာ ကျေနပ်ဖို့ ပျော်ရွှင်ဖို့ရာ တာရှည်ကံပါခွင့် မရလိုက်။ "ဟိုက်"ခနဲ ဟတ်ကော့ကြီးလိုပဲ ဖြစ်သွားခဲ့ရပါပြီ။

အဲဒီလိုအချိန်မျိုးမှာ စကားလုံး ပြန်ရွေးနေတုန်း "ဖြုန်း"ခနဲ ရောက်လာခဲ့သူကား "မာမာကြင်"။ ကိုယ့်ဘာသာတည်ထောင်လို့မှ မရနိုင်သေး။ အဖျက်မာရ်နတ်ကား ဝင်လေပြီ။

"သစ်သစ် ... ယူ့ကို ကိုယ် ပြောစရာရှိတယ်"

သစ်သစ်စိမ်းကား "စိတ်ပျက်ပါတယ်"ဆိုတဲ့မျက်နှာထားမျိုး တမင်ချိုးပြလိုက်ကာ မိုးခြိမ်းရှိရာဆီ လှမ်းကြည့်လိုက်သည်။ ပျာရာခတ်၊ အကျပ်ရိုက်ပြီး၊ ဘာလုပ်ရမယ်မှန်းမသိ ဟိုလူ့ကိုပဲ တားဆီးရမလိုလို၊ ဒီလူ့ကိုပဲ တောင်းပန်ရမလိုလို ဟိုလိုလို ဒီလိုလို ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေတဲ့ မိုးခြိမ်းရဲ့ ပုံစံကိုမြင်လိုက်ရတော့ အရမ်းအံ့အားသင့်သွားရလေသည်။ ဘာဖြစ်နေတာလဲ။

"တိုတိုပဲ ပြောမယ်။ မိုးခြိမ်းက ကိုယ့်သား။ အရင်းကိုယ်က သူ့ကိုမွေးထုတ်ထားတဲ့ အမေ။ ဒါလည်းအရင်းပဲ။ ယူတို့လို စိတ်ခံစားချက်တွေကို ဦးစားပေးထားတဲ့ တော်စပ်မှုမျိုးမဟုတ်ဘူး။ အဲဒီတော့ ကိုယ့်သားအရင်းရဲ့ကိစ္စ ဝိစ္စမှန်သမျှဟာ ကိုယ်နဲ့ပဲဆိုင်တယ်။ ယူနဲ့ဘာမှမဆိုင်ဘူး။ ယူဝင်ဝက်ပြီး စီမံနေပိုင်ခွင့် မရှိဘူး ...



ထပ်ပြောမယ်။ ကိုယ့်သားအရင်းနဲ့ ယူ့သမီးနဲ့ကို ကိုယ်သဘောမတူဘူး။ လုံးဝကိုမဖြစ်နိုင်တဲ့ကိစ္စမို့ တစ်စက်ကလေးမှကို သဘောမတူနိုင်ဘူး ... ဒါပဲ"

သစ်သစ်စိမ်းရဲ့ခေါင်းကို ဆယ်ပေါင်တူနဲ့ အထုခံိုက်ရသကဲ့သို့တည်း။ မီရှယ်လ်မာမာကြင်ဟာ မိုးခြိမ်းရဲ့အမေ။ ငယ်ငယ်တည်းက ကွဲသွားတဲ့အမေကို မြန်မာပြည်မှာ ပြန်လာတာပါ"ဆိုတဲ့ မိုးခြိမ်းရဲ့စကားထဲက သူ့အမေဟာ မီရှယ်လ်မာကြင်။ မြတ်စွာဘုရား ...။ "ဘယ်လိုမှ မဖြစ်နိုင်ဘူး"ဟု ်ငြင်းပစ်လိုက်ချင်စရာ ကောင်းလှပေမယ့် ဒါဟာ တကယ့်ဖြစ်မှန်ပဲ ဖြစ်နေပြီထင်ပါရဲ့။

သစ်သစ်စိမ်းထက် နောက်ကျမှ နာမည်ကြီး၊ လူကြီး း သူဌေးမင်းတစ်ယောက်နဲ့ လက်ဆက်ခဲ့တဲ့ မာမာကြင်ဟာ ဒ်အချိန်တုန်းကတည်းက အပျိုစင်မဟုတ်တော့ဘဲ သားတစ်ယောက်အမေပဲ ဖြစ်ပြီးနေခဲ့ပြီပေါ့။ ဘယ်တော့မှမပြောင်းလဲတတ် ခပ်မာမာ မျက်နှာထားတစ်ခု၊ ဤမျှလောက် ဖြစ်ပျက်နေတ်နေလျှင် ဒီလိုကိစ္စမျိုးကို လူသိရှင်ကြားကြီး လာဖွင့်ပြောလိုက်တဲ့အတွက် သူ့ရင်ထဲက ထိခိုက်မှုအတိုင်းအတာကိုလည်း သစ်စ်စိမ်းက ရိပ်မိနိုင်ပါပြီ။

အငြိုးတရားတွေ ကြီးမားခိုင်မာလှချည့် မာမာကြင်ယ်။ သစ်သစ်စိမ်းကို အနိုင်ယူထုချေလိုတာ တစ်ချက်နဲ့ သူ့ရဲ့မသိ၊ သူမသိ၊ ဘယ်သူမှ မသိခဲ့တဲ့ အတိတ်ဖြစ်ရပ်တစ်ခုကို င်ဘက်ရှေ့မှာ ချပြလိုက်ပုံတဲ့အထိတောင်မှပဲတဲ့လား။ သစ်သစ်

စိမ်းရဲ့သမီး ချာချာ့ကို "သဘောမတူဘူး"ဟု ပြောချင်ရုံနဲ့ သူ့ အရှက်ဟက်တက်ကွဲရလည်း မမှုတော့ဘူးဆိုသည့် ပုံနှင့်တည်။

"မိုးခြိမ်းကိုလည်း ပြောချင်တယ်။ သား ... သားကို မာမီ သားတစ်ယောက်အဖြစ် အသိအမှတ်ပြုမယ်။ မာမီရဲ့မိသား ထဲမှာတင်မက အသိုင်းအဝိုင်းတွေအားလုံးဆီမှာပါ ဖွင့်ချ ပြီး အားလုံးကလည်း လက်ခံစေရမယ်။ အဲဒီအတွက် မာမီ ဘယ်လောက်အထိ ရင်ဆိုင်ရမလဲ။ မျက်စိစုံမှိတ် ရဲရင့်လိုက်ရမလဲဆိုတာ သား သိနိုင်ပါလိမ့်မယ်။ မင်းကို မာမီ အားလုံးရှင်းပြထားပြီးပြီပဲ၊ မင်းအသိဆုံးနေမှာပါ_

အဲဒါတွေအတွက် သားကို မာမီတစ်ခုပဲပြောမယ် တောင်းဆိုချင်ပါတယ်။ သစ်သစ်စိမ်းရဲ့ သမီးနဲ့တော့ သားနဲ့မဖြစ်ဘူး။ မာမီ ပြောတာ မင်းလက်ခံပါ။ သားအမိ တွေချင်းကြားမှာ ပတ်သက်မှုနဲ့ အပြန်အလှန်တွေရှိတယ် လို့ ယုံကြည်ရင် မာမီ့ရဲ့ရင်ဆိုင်ရဲမှုတွေအတွက် သားဘက် က ပေးဆပ်တုံ့ပြန်မှုတွေကိုလည်း မာမီ ပြန်မျှော်လင့်ပါ တယ်" -

မိုးခြိမ်းကား မျက်နှာနှင့်ကြွေပြား ကြမ်းပြင်ထိလု ခေါင်းငုံ့ချပြီး သူ့မျက်နှာကို လုံးဝဖော်မပြဘဲရှိသည်။ မာမာကြင် ကတော့ သစ်သစ်စိမ်းကို ရှိသည်ပင်မမှတ်တော့ဘဲ သူ့သားသူ အစွမ်းကုန် အကဲခတ်ပြီး တုံ့ပြန်စကားတစ်ခုခုကို မျှော်လင့်နေ ဟန်ရှိလေသည်။ ထိုင်ရာက ထထွက်သွားလိုက်ရမှာလား၊ မျက်နှာ ပြောင်တိုက်ပြီး ငုတ်တုတ်ကြီး ဆက်ပေထိုင်နေရမှာလား။ အလျှင်



မြန် ဆုံးဖြတ်ချက် မချနိုင်သေးတဲ့ သစ်သစ်စိမ်းကတော့ ိုယ့်မှာလည်း ဘာဆက်လုပ်လိုက်ရမလဲ မသိနိုင်တဲ့တူတူ ခံစား တွေ တအားပြင်းထန်နေကြတဲ့ သားအမိတွေကိုပဲ အပြန်ပြန် လှန်လှန် အကဲခတ်နေလိုက်ပါသည်။

သေချာတာ တစ်ခုကတော့ "အမေနဲ့ contact အဆက်အသွယ်)ရပြီလား။ အဆင်ပြေပြီလား"မေးတိုင်း"အဟင်း" သာ ရယ်တတ်တဲ့ ကောင်ကလေးဟာ ခုမှ အသိအမှတ်ပြု က်ခံခြင်းကို ခံလိုက်ရတာ။ ရမယ့်ရတော့လည်း Bond (အနှောင် ွဲ့၊ အချုပ်အနှောင်)တောင်းဆိုမှုကြီးတွဲရက်နဲ့။ ခေါင်းတောင် ်မမော့နိုင်တော့လောက်တဲ့အထိ အဖြစ်ဆိုးနေတာကိုကြည့်လျှင် ့စိတ်တွေ ခံစားချက်တွေ တအားယောက်ယက်ခတ်၊ ထိန်းချုပ် ဖြစ်နေပြီဆိုတာ သေချာသည်။

မာမာကြင်ကတော့ ...။ သူရင်ဆိုင်ရတော့မှာတွေ တွေးကြည့်လိုက်ရရင် သူပြောသလိုပဲ တော်တော်ကြီးရဲရင့် တ္တိရှိရမယ့် အဖြစ်ဆိုတာကို လက်ခံနားလည်နိုင်ပါတယ်။ စ်သက်တာလုံး မာကြော၊ တင်းထန်၊ လက်မထောင်ကာ လူ ကာရဲ့ခေါင်းပေါ်မှာချည်း နေနိုင်ခဲ့တဲ့ မိန်းမလေ။ ဘယ်သူမှ ်လိုက်တဲ့ အိမ်ထောင်ရေးတစ်ခုနဲ့ သားတစ်ယောက်ဆိုတဲ့အဖြစ် မာမာကြင့်လို မိန်းမမျိုးအတွက် ဒီ့ထက်ဆိုးဝါးတာလည်း ်မရှိနိုင်တော့ပြီ။

ဒါဆို ခုလောလောဆယ် သူတို့နှစ်ယောက်ကြားမှာ ်ကြီးတစ်ယောက်လို ဖြစ်သွားပြီဖြစ်တဲ့ သစ်သစ်စိမ်းအတွက်

ကျတော့ရော ...။ ချာချာ ... ချာချာ။ တော်တော်လေးကို ကံ ကောင်းရှာတဲ့ သမီးကလေး။ အားလုံးပြည့်စုံအောင် အဘက်ဘက် က လိုလေသေးမရှိအောင် ထားပေးနိုင်ခဲ့ပေမယ့် သစ်သစ်စိမ်းလို မိစုံဖစုံနဲ့ ဂုဏ်တင့်နေနိုင်တာမျိုး သမီးလေးမှာ ငယ်ကတည်းက မရှိခဲ့။ အရွယ်ရောက်လာပြန်တော့လည်း ကောင်းကောင်းမွန်မွန်ထဲ က နှစ်သက်လိုလားသူဆိုလို့ တစ်ယောက်မှကို ပြစရာမရှိခဲ့။ သူ့ အမေ သရုဖူတာလူလူလွှင့်နိုင်ခဲ့တဲ့ကိစ္စကို အစွဲ့တိုက်နေသလား တောင် မှတ်ရသည်။

ခုလည်းပဲ ကြည့်စမ်းပါဦး။ (အငြိုးကြီးနဲ့ တမင်လုပ် တာပဲဖြစ်ဖြစ် ဘာဖြစ်ဖြစ်) သားရှင်မိဘရဲ့နှစ်သက်လိုလားမှုကို မခံယူရပြန်ဘူးတဲ့လေ။ သစ်သစ်စိမ်းတုန်းကလို သားတွေတင်မက သားရှင်အမေတွေပါ တန်းစီတိုးဇွေ့ လုယက်ချက်နှာသာပေးနေ ရမယ်လို့လည်း မမျှော်လင့်ပါဘူး။ ဒါပေမဲ့ ဒီတစ်ချီလေး လက် ဆုပ်လက်ကိုင် ပြစရာရှိပါတယ်။ ဒီတစ်ချီမှာပဲ "သဘောမတူဘူး" ဟု အပြောခံလိုက်ရတယ်ဆိုတော့ ...။

ခံစားချက်တွေ ပြင်းထန်လှိုင်းထနေကြတဲ့ သားအမိ နှစ်ဦးကြားမှာ အပိုကြီးလို ဖြစ်သွားခဲ့ရပေမယ့် သစ်သစ်သည်လည်း သူတို့ထက်တော့ ဘယ်နည်းနှင့်မှ မလျော့နည်းနိုင်တဲ့ ရင်တွင်း ခံစားချက်၊ နာကျင်မှုများနှင့်ပါပေ။

မိုးခြိမ်းကို ငြင်းလွှတ်လိုက်တယ်ဆိုတဲ့ ချာချာဟာ တကယ်ပဲ မနှစ်သက်လို့၊ လက်မခံနိုင်လို့၊ ကိုယ်တိုင်က မလိုလား နိုင်လို့တော့ ဘယ်လိုမှမဖြစ်နိုင်ဘူးဆိုတာကိုလည်း သစ်သစ်က



သဘောပေါက်ထားနိုင်ပြီးသားပဲဟာ။ သူများသားသမီးရဲ့ရင်ထဲ ကိုတောင် ဖောက်မြင်နိုင်ပါသည်ဆိုမှ ကိုယ့်သမီးရဲ့ခံစားချက် အစစ်အမှန်ကိုလည်း နားမလည် မရိပ်မိဘဲ နေပါ့မလား။ ချာချာ သိပ်ကံဆိုးတာပဲ။

"မာမီ ... ဟုတ်လား။ မာမီလို့ ခေါ်ရမယ်လို့ ပြောလိုက် တာပေါ့နော်"

အဝေါ်ကြီးကြာမှ မိုးခြိမ်းထံမှ အသံတစ်ခုထွက် လာပါသည်။ လူတစ်ယောက်ထံမှ ထွက်လာ၍သာ စကားသံဟု သတ်မှတ်လိုက်ရသော်ငြား မိုးခြိမ်းရဲ့အသံက လူတစ်ယောက် ၏မှန်စကားပြောသံ ဆိုတာထက် ယောင်ချောက်မိနေတဲ့သတ္တဝါ တစ်ကောင်ကောင် ညည်းတွားလိုက်တဲ့ အသံမျိုးနဲ့သာ ပိုတူနေ သည်။ မာမာကြင်ကတော့ ခေါင်းမော့လာတဲ့ သူ့သားရဲ့မျက်နှာ ကိုပဲ ဆက်အကဲခတ်နေသည်။

"သားတစ်ယောက်အဖြစ်လည်းအသိအမှတ်ပြုမယ်၊ မိသားစု ထဲမှာလည်း ကြေညာပေးမယ်၊ အသိုင်းအဝိုင်းတစ်ခုလုံး မှာပါ ဖွင့်ချပြမယ်ဆိုလို့ ဝမ်းသာပါတယ် မာမီ။ ကျေးဇူး လည်း တင်ပါတယ်။ ဒါပေမဲ့ ..."

မိုးခြိမ်းက "ဒါပေမဲ့"ဟု ထပ်ပြောလိုက်သည်။

"ဒါပေမဲ့ ကျွန်တော်လိုချင်တဲ့မေတ္တာက အကန့်အသတ်နဲ့ မဟုတ်ဘူး၊ အချုပ်အခြယ်၊ အနှောင်အဖွဲ့တွေနဲ့ ချည်နှောင် ခံထားရတာမျိုးလည်း မဟုတ်ဘူး။ နင့်ဆီက ဒါရမှ ငါ့ဆီ က ဒါပြန်ပေးနိုင်မယ်ဆိုတဲ့ အပေးအယူသဘောတွေက

နေရာတကာမှာ ရှိနေပါတယ်။ ဒါပေမဲ့ သားအမိတွေချင်း ကြားထဲမှာတော့ မရှိသင့်ဘူးလို့ပဲထင်တယ်။ အထူးသဖြင့် ကျွန်တော် ဖတ်ဖူး၊ ကြားဖူးထားတဲ့ မိခင်မေတ္တာတွေက တော့ ဒါမျိုးလုံးဝမပါဘူးတဲ့ ...

ကိုယ့်အမေတစ်ယောက်က မျက်စိစုံမှိတ်ပြီး မိုက်မိုက်မဲမဲ ဆုံးဖြတ်လုပ်ဆောင်ရမယ့် လုပ်ရပ်မျိုးကို သား တစ်ယောက်ဖြစ်ရက်နဲ့ ကျွန်တော် မခံယူချင်ပါဘူး မာမီ။ အခု ဒီက မေမေ ဒေါ်သစ်သစ်စိမ်း ရှေ့မှာ လာပြောပြ လိုက်တာကိုတောင်မှ မာမီဘယ်လောက်ထိ ကြိုးစားပမ်းစား ဆုံးဖြတ်လိုက်ရမလဲလည်း နားလည်နိုင်ပါတယ်။ ရှိပါစေ တော့ ...

မွေးကတည်းက ကွဲကွာခဲ့ရတဲ့ ကိုယ့်အမေအရင်း တစ်ယောက်ဆီက ပထမဦးဆုံးတောင်းဆိုချက်ကို မလိုက် လျောပေးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ်။ ကိုယ့်သား အရင်းရဲ့ကိစ္စဝိစ္စမှန်သမျှ အမေရင်းနဲ့ဆိုင်တယ် ဆိုတာတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ခုချိန်မှာ ကျွန်တော့်ရဲ့အိမ်ထောင် ရေးနဲ့ ဘဝရှေ့ရေးကိစ္စကတော့ ကျွန်တော်ကိုယ်တိုင်ပဲ ပိုင်တယ်။ ပိုင်ချင်ပါတယ် ...

မာမီနဲ့မေမေ ပြဿနာပြိုင်တွေ ဖြစ်နေကြရင် ဘယ် သူ့ဘက်မှ မလိုက်ချင်တာလည်း ကျွန်တော့်ကိုယ်ပိုင်ဆုံး ဖြတ်ချက်ပါ။ ဘယ်သူ့ဘက်ကိုမှလိုက်ပြီး ပြောတာမဟုတ် ဘူး။ ချာချာနဲ့ကိစ္စကိုတော့ နောက်မဆုတ်နိုင်ပါဘူး"



မာမာကြင့် မျက်ခုံးတွေ အတွန့်ရှိုးသွားကာ သစ် သစ်စိမ်းကတော့ မပြုံးမိအောင် မနည်းကြိုးစားလိုက်ရပါသည်။ "ငါနိုင်ပြီ"ရယ်လို့ ဝမ်းသာသွားရတာမျိုးမဟုတ်။ "ဒီကောင်လေး ကို လက်မလွှတ်ရတော့ဘူး"လို့ ဝမ်းသာရတာလည်းမဟုတ်။ သူ့စိတ်ကို သူ သေချာသဘောပေါက်သွားတာကိုသာ ဝမ်းသာ ကြည်နူးသွားမိတာပါ။

တချို့လူတွေဟာ ကိုယ့်ရဲ့ဆန္ဒမှန်တွေကို ကိုယ့် ဘာသာ မသိဘဲ သူတစ်ပါးရဲ့တိုက်တွန်းနားချမှုတွေကြားမှာ ဇဝေဇဝါ ရှိခဲ့ကြရပေမယ့် တားမြစ်ပိတ်ပင်မှုတွေနဲ့ ကြုံလာရပြီ ဆိုရင်တော့ ဘယ်ဟာက ဘာလဲဆိုတာ ရှင်းရှင်းလင်းလင်းသိ သွားတတ်ကြသတဲ့။ ဒါတွေဟာ မင်းရဲ့အမေရင်းကို ဆန့်ကျင် သပိတ်မှောက်ချင်တာထက် မင်းရဲ့သဘောထားအမှန်ပဲဆိုတာ တို့ လက်ခံနားလည်နိုင်တယ် မိုးခြိမ်း ...။

ဒါပေမဲ့ ချာချာနဲ့ မင်းကိုတော့ မေမေကိုယ်တိုင်ပဲ ခွဲရတော့မယ်။ ဖျတ်ဖျတ်လူးလူး သဘောတူခဲ့ဖူးပေမယ့် မာမာကြင့် ဆန္ဒနောက်ကိုပဲ လိုက်လျောမိသလိုရှိရတော့မယ်။ ချာချာဟာ သားရှင်မိဘရဲ့သဘောမတူ မကြည်ဖြူခြင်းကို ခံရမယ့်အနေအထား ခဟုတ်ဘူး။ လုံးဝမဖြစ်စေရဘူး၊ မာမာကြင့်ဆီက အပြောအဆို၊ အငြိုအငြင်နဲ့ အထက်စီးဆန်မှုကိုလည်း နောက်တစ်ခါ ထပ်မခံ ကားချင်တော့ပါဘူး မိုးခြိမ်းရယ်။ မေမေ့ကို ခွင့်လွှတ်ပါ။ မင်းနဲ့ ကို့နဲ့ စိတ်သဘောထားတွေ အမြဲကိုက်ညီခဲ့ဖူးပေမယ့် ဒီတစ်ချီ တော့ ကွဲလွဲကြပါစို့ သားရယ်။

"မိုးခြိမ်း ... ဒီကိစ္စကို မမေလည်း ကန့်ကွက်ပြီ။ ချာချာကို အပြောခံ အဆိုခံဘဝမှာ မမေ မထားဘူး သား။ မမေ သေချာပြော့တာ။ သား နောက်ဆုတ်လိုက်တော့"

မိုးခြိမ်းက သစ်သစ်စိမ်းကို အံ့အားသင့် ထိတ်လန့်စွာ မော့ကြည့်လာသည်။ မာမာကြင်ကလည်းပဲ မျက်ခုံးခပ်ပင့်ပင့်နှင့်ပင် ကြည့်လာသည်။ သစ်သစ်စိမ်းရဲ့မျက်နှာပေါ်က "သေချာခြင်း၊ မပြောင်းလဲနိုင်တော့ခြင်း"တွေကို တွေ့လိုက်ရတဲ့အခါမှာတော့ မိုးခြိမ်းက ဆုတ်ဆုတ်နစ်နစ်၊ ခါးခါးသီးသီးနှင့်ပင်။

"ဘာ့ကြောင့်လဲ ...။ ဒေါ်မာမာကြင့်ရဲ့သား ဖြစ်သွားလို့ပဲ မဟုတ်လားဟင်။ မမေတို့ရဲ့ပြိုင်ပွဲက ဒီလောက်ပဲအရေးကြီးသလား။ မာမိက ကျွန်တော့်အတွက်လို့ တစ်စက်မှ ထည့်မစဉ်းစားခဲ့သလို မမေလည်း တကယ်တမ်းကျတော့ အဲဒီလိုပါပဲ။ တစ်ယောက်နဲ့တစ်ယောက် အနိုင်မခံ အရှုံးမပေးဖို့ပဲ ရှေ့တန်းတင် စဉ်းစားနေကြတယ်"

"မိုးခြိမ်း ... မမေကတော့ ချာချာအတွက်လည်း ထည့်စဉ်းစားပေးရဦးမယ်လေ၊ မင်း နားလည်ပေးဖို့ ကောင်းတာပေါ့"

"ယူ ... ဒီလိုအမြင်မှန်မျိုးရှိတာ ကိုယ် ကြိုဆိုပါတယ် သစ်သစ်စိမ်း။ ခုလို မာနစိတ်နဲ့ မဆုံးဖြတ်ဘဲ ရှေ့ပဲဇွတ်တိုးနေမယ်ဆိုရင်လည်း အားလုံး ကျော်မကောင်း ကြားမကောင်းတွေချည်း ဖြစ်ကုန်ကြရမှာ။ ကိုယ်ကတော့ ဘယ်နည်းနဲ့မှ လျှော့ပေးလို့မရတော့ဘူး၊ မလျှော့နိုင်တော့ဘူးဆို



တာလည်း အတိအလင်း ပြောပြီးသားလေ။ လူကြီးတွေကတော့ ဖြစ်သင့်တာ ဘာလဲ ဆိုတာကို သိတယ်။ မင်းပဲ ဆုံးဖြတ်ချက်မှန်ဖို့ လိုတော့တယ် မိုးခြိမ်း"

မိုးခြိမ်းကား "ခွင့်ပြုပါဦး"ဟု လူကြီးနှစ်ယောက်စလုံးကို ခြုံပြီးပြောလိုက်ကာ ထိုင်နေရာမှပင် ထထွက်သွားချေတော့ပြီ။ သစ်သစ်စိမ်းနှင့် မာမာကြင်တို့နှစ်ယောက်သား စားပွဲဝိုင်းတစ်ခုမှာ ငုတ်တုတ်ကြီးနှစ်ယောက်ကျန်ရစ်သည်။ သစ်သစ်စိမ်းကတော့ လူငယ်တစ်ယောက်လုပ်သလို ကိုယ်လည်း "ဂုန်း"ခနဲကြီး ထထွက်သွားလို့ မကောင်းတတ်သည်မို့ အရိပ်အကဲကြည့်နေရခြင်းဖြစ်လျက် မာမာကြင်ကား ဘာ့ကြောင့် ဆက်ထိုင်နေသည်မသိ။

ကြည့်နေရင်း ... ကြည့်နေရင်းနှင့် သူ တစ်ခုခုကို ချိတုံ့ချတုံ့ ဖြစ်နေသလားဟု သစ်သစ်စိမ်းက ထင်မိလာသည်။ ဟုတ်ချင်မှလည်း ဟုတ်မှာပါ။ ဒါပေမဲ့ တစ်ခုခုကတော့ တစ်ခုခုပါပဲ။ ပုံမှန်မဟုတ်။ အနည်းဆုံးတော့ သူ့ အတော်ကြီး စိတ်လှုပ်ရှားနေသည်။ ခါတိုင်း တွေ့နေကျ ပြုံ့တင်းနေတဲ့မျက်နှာမျိုးနဲ့မှ မဟုတ်ဘဲ။

သစ်သစ်စိမ်းရဲ့ရင်ထဲမှာ မာမာကြင်ဟာ ချာချာရဲ့အဖေကို နာမည်ကြီးလို့၊ စာတော်လို့၊ ပိုက်ဆံရှိလို့၊ လူကောင်းတစ်ယောက် ဖြစ်နေလို့အပြင်၊ သစ်သစ်စိမ်းကိုလည်း ဝဲနေတယ်ဆိုလို့ စတဲ့အချက်တွေကြောင့် သူတောင် ရသေးရင်၊ ငါလည်း ရထိုက်တယ်ဆိုပြီး မှန်းရွယ်ခဲ့ရုံမျှမကဘဲ တကယ့်ကို စစ်စစ်မှန်မှန်၊ နှစ်နှစ်ကာကာနဲ့ ကျိတ်ချစ်၊ ကျိတ်မျှားမျှော်လင့်ခဲ့မိသေး

တာလားဟု တွေးမိချင်လာသည်။ ဒီအတွေးကို တစ်သက်လုံး မစဉ်းစားခဲ့မိဘဲ ခုမှ၊ မာမာကြင့်ရဲ့မျက်နှာကို သေချာမြင်နေရမှ ဖျတ်ခနဲ စိတ်ထဲတန်းထင်လာမိတာ။ ပြိုင်ချင်ရုံလေးသက်သက် ကြောင့်မကတဲ့ အချစ်မျိုးနဲ့ ချစ်ခဲ့ရလို့သာ ခုထက်ထိတိုင် (မရှိ တော့တဲ့လူက မရှိတော့တာတောင်) မကျေနိုင်၊ မပြေနိုင် ဖြစ်နေ ရသေးတာလား။

မာမာကြင့် မျက်နှာကျော ခပ်လျော့လျော့ဖြစ်နေ တာဆိုလို့ သမီးအဖေရဲ့အသုဘဓာတ်ပုံတွေထဲမှာပဲ မြင်ဖူးပါသည် ဟုပင် သစ်သစ်စိမ်းက တွေးမိခဲ့သေးတာလေ။ ခုမှပြန်စဉ်းစား ကြည့်တော့ ချာချာတို့အဖေနဲ့ မာမာကြင်နဲ့ ခင်မင်သိကျွမ်းမှုရှိ ကြသည် ဆိုတာမျိုးပင် သစ်သစ်ရဲ့ခေါင်းထဲမှာမရှိ။ သစ်သစ်သိ ထားတာကတော့ ကိုယ့်ကို လိုက်ပြိုင်ရင်းက ကိုယ့်လူကို သူလည်း သိသည်၊ မြင်ဖူးသည် ဆိုတာလောက်ပင်။ အဲဒီလောက် အဆက် အစပ်မျှကလေးနှင့်ပင် ကိုယ်တောင်မရှိတဲ့ အသုဘအိမ်ကို သူက ကြွရောက်ရသတဲ့လား။

"ယူ ... ကိုယ့်ကို ဘာပြောချင်နေတာလဲ"

သစ်သစ်စိမ်းရဲ့ ဇဝေဇဝါရုပ်သွင်ကို မာမာကြင်က ပြန်အကဲခတ်နိုင်သွားပြီး စကားစလာသည်။

"ကိုယ်က ဘာမှမပြောချင်ပါဘူး။ ကိုယ်ထင်တာက ယူ ကသာ ကိုယ့်ကိုပြောစရာရှိနေတာ"

မာမာကြင်က ခေါင်းကိုခါယမ်းမိရင်း "မရှိပါဘူး"ဟု ဆိုလိုက်ကာ ထိုင်ရာမှပါ ထလိုက်သည်။ ပြီးမှ ...



"မရှိဘူးဆိုတာတောင် တစ်ခုတော့ ပြောရဦးမယ်။ ကလေး တွေကိစ္စကို ယူလည်း ကန့်ကွက်တယ်ဆိုတဲ့ စကားကိုတော့ တည်စေချင်တယ်"

သူ ပြောချင်ရာပြောပြီး သူများပြန်ချေပတာကိုကျ တော့ အချိန်ပေး စောင့်ချင်ဟန်မရှိတဲ့ မာမာကြင်က ပြောပြီးပြီး ချင်း လှည့်ထွက်သွားလေရာ သစ်သစ်မှာ စိတ်ဆင်းရဲ ညစ်ညူး မောပန်းပြီးတော့ကို ကျန်ရစ်ရပါသည်။

✤ ◇ ✤

ချာချာ ကားပေါ်မှ ဆင်းလိုက်လျှင် မေမေက "ချာချာ"ဟု ခေါ်လိုက်ရင်း မျက်နှာထားကတော့ ခပ်တည်တည် နှင့်ပင် ...

"မေမေ မှာထားတယ်နော်"

ချာချာကား စိတ်ညစ်နေရတဲ့ ကြားထဲကပင် ရယ် လည်းရယ်ချင်နေရတဲ့ရုပ်နဲ့ "ဟုတ် ... ဟုတ် ... ဟုတ်"ဟုသုံး ကြိမ်ဆင့် တုံ့ပြန်လိုက်သည်။

"နောက်ရှုတ်ရှုတ် ပြောင်တောင်တောင် လုပ်မနေနဲ့"

"မေမေ ... ခွဲခန်းဝင်ရဖို့အချိန် နီးနေပြီ၊ ချာချာကဘာမှ စိတ်မချစရာ မရှိဘူး။ ဗေဒင်တွက်ထားပြီး အချိန်အတိအကျ နဲ့ ကလေးထွက်လာစေချင်တဲ့ မေမေ့လူနာတွေ အချိန်လွဲ ကုန်ကြမှာကသာ စိတ်ပူစရာ"

မေမေက တစ်ခုခု ထပ်ပြောဖို့ ပြင်လိုက်ပြီးမှ ခေါင်းတစ်ချက်ယမ်းကာ ကားကို မောင်းထွက်သွားပါတော့သည်။ ချာချာကတော့ ပုံစံပြောင်းလာတဲ့ ကိုယ့်ကုသိုလ်ကံကို တကယ်ပဲ ရယ်ချင်စိတ်ညစ်ကြီးပါ။ အရင်ကဆိုရင် ဒါမျိုးယောက်ျားလေး တွေကပဲ နှောင့်ယှက်မလား။ ကိုယ့်သမီးကိုပဲ မယုံမကြည်ဖြစ်ရ မလား။ ရည်းစားသနာဒါကိစ္စနဲ့ စိတ်မချစရာများ ဖြစ်မလား။ ဘာ မှစိုးရိမ်စရာ မရှိခဲ့တဲ့အတွက် မေမေကိုယ်တိုင် ချာချာ့ကို သင် တန်းလိုက်ပို့တာမျိုး၊ ကားပေါ်ကဆင်းသည်အထိပင် အမှာတော် ပါးနေရသေးတာမျိုး ဘယ်နှခါများ ရှိခဲ့ဖူးသလဲ။

ခုများဖြင့် အိမ်မှာလည်း ဒီအကြောင်းချည်းပဲ တဖွဖွ။ ကိုယ်တိုင်ကားမောင်းပြီး သင်တန်းထိ လိုက်ပို့တော့လည်း ကား ပေါ်မှာတင် Non-stop ။ "သင်တန်းတွေကိုတောင် ပေးမတက် တော့ဘဲ နားထားလိုက်ချင်တာ"ဆိုတာမျိုးအထိတောင်ပါသည်။ အဓိက,ကတော့ မေမေကိုယ်တိုင် အလွန်တရာ သဘောတူလျော် စပ်ပေးခဲ့တဲ့ "အမေ့သား"နဲ့ ချာချာ့ကို သဘောမတူနိုင်တော့တာ။ စိတ်မချတော့တာ။ တိုက်တိုက်ရယ်မှဆိုင်ဆိုင် ကျောင်းတော်က ရန်စကြီးရဲ့သားမှ လာဖြစ်နေရတယ် ဆိုတာကိုး။

ဒါများ "မိုးမြိမ်းအမေရင်းကို ငါ ကြည့်မရလို့ သူ နဲ့အဆင်ပြေစေချင်နေတဲ့ဆန္ဒကို ငါ စွန့်လွှတ်လိုက်ပြီ ချာချာ"ဆို တဲ့ တစ်ခွန်းနဲ့တင် ပြီးတာပဲ မဟုတ်ဘူးလား။ မဟုတ်ဘူးတော်။ ကြားဖူးနားဝ "သဘောမတူဇာတ်လမ်း"တွေထဲကအတိုင်း အိမ် ကလိုင်းဖုန်းကိုလည်းစိစစ်၊ ဟန်းဒ်ဖုန်းကိုလည်း ပြန်သိမ်းမယောင်



ယောင်တွေပြော၊ အိမ်ကအလုပ်သမားတွေလည်း ရာထူးတွေတက် ကာ ကိုယ်ရံတော်တွေ၊ အထိမ်းတော်တွေ၊ အစောင့်အကြပ်တပ်သား တွေ ဖြစ်လိုဖြစ်။ နှန်းနှန်းလည်း ဘုမသိဘမသိနှင့် ဖုန်းဆက် အကြိမ်းခံရပြီးပြီ။

"သမီးအမေကိုလည်း အန်တီ ပြောထားပြီးပြီ။ သူငယ်ချင်း ကို ဘာမှမကူညီပါနဲ့။ မဖြစ်သင့်တာ မဖြစ်အောင် စည်း ကမ်းချထားတဲ့ လူကြီးမိဘတွေကိုပဲ ဝိုင်းဝန်းကူညီပေးဖို့ စဉ်းစားပါ။ တစ်ခုခုဆိုရင် အန်တီ့ကို အကုန်ပြန်ပြောပါ။ အဲဒီလို ကူညီတဲ့အတွက် ချာချာက သမီးကို ဘာမှအပြစ် မပြောစေရဘူး။ သူ သမီးကို ရန်လုပ်ခြုံစုရင် အန်တီနဲ့ တွေ့မယ်၊ သမီးကသာ သူ့စကား နားယောင်ပြီး သူ့ဘက် ပါမသွားမိပါစေနဲ့"

နှန်းနှန်းနဲ့ ချာချာတို့တော့ မတွေ့ကြရသေး။ နှန်းနှန်း ဟာ မေမေ့ဆီက အဲဒီလို သတိပေးစကားကို ကြားရလို့ "ဘာ မဆိုင် ညာမဆိုင်ကြီး။ ငါ့ကိုများ ခြိမ်းခြောက်လား၊ သတိပေး လားနဲ့"ဟု မေမေ့ကိုကော၊ ချာချာ့ကိုပါ စိတ်ကွက်မည့်သူမျိုးတော့ မဟုတ်ပါ။ သို့သော် "အမယ် ... ငါ့ချာချာတို့က သံကွန်ချာနဲ့ တောင်အုပ်ပြီး၊ ဘီလူးယက္ခစောင့်ရမယ့် အဖြစ်မျိုးတောင် ရောက် နေပါပေါ့လား"ဟု ဟားကိုဟားနေမယ့် မိန်းမမျိုးတော့ဖြစ်သည်။

လိုလို့လား။ ချာချာ ပြောချင်တာက အဲဒါပါ။ "လိုလို့လား"လို့။ ဆွေမတော် မျိုးမစပ် အမေတစ်ယောက်ရဲ့ဆန္ဒ ကို ဖြည့်ဆည်းပေးလိုက်ချင်ရုံသက်သက်နဲ့ မိန်းမတစ်ယောက်ကို

ကောက်ယူချင်လည်းယူမည့် "အမေ့သား"ဟာ အဲဒီအမေကမှ "သဘောမတူဘူး နောက်ဆုတ်လိုက်တော့"လို့ ဆိုနေမှတော့ ဇွတ်ရှေ့တိုးပြီး "ချာချာမှချာချာ မခွဲနိုင်ပါဘူး"တွေ။ "အတား အဆီးမှန်သမျှကို ကျော်ဖြတ်ပစ်မယ်"တွေ ဖြစ်နေပါ့မလား။ မဖြစ်နိုင်တာကြီးကို။

ရယ်လည်းရယ်ချင်၊ စိတ်လည်းညစ်ဆိုတာ အဲဒါတွေပါပဲ။ မေမေတော့ ချာချာ့ကိုပဲ အထင်ကြီးလွန်းသွားတာလား။ သူ့စိတ်ကူးယဉ်ဇာတ်လမ်းကို သူ့ဘာသာပဲ အတည်ကြီးတွေပြန်မှတ်ပြီး "ဒါနိုးရိမ်တကြီး ဖြစ်ကိုဖြစ်ရမယ့်ကိစ္စ"ဟု ကယောင်ကတမ်းနဲ့ သတ်မှတ်လိုက်မိတာလား။

ခုတော့ဖြင့် တစ်သက်တာလုံး လွတ်လွတ်လပ်လပ်ကြီးပြင်းခဲ့ရတဲ့ ချာချာဟာ အချုပ်အနှောင်တွေ၊ အတားအဆီးတွေ၊ ကတိကဝတ်တွေနှင့် ဖြစ်နေရပြီ။

"ချာချာ"

ဟော ... လာပါပြီ။ ပြူးတူးပြဲတဲရုပ်နဲ့။ သင်တန်းခန်းမထဲကတောင်မှ ထိုင်စောင့်မနေနိုင်။ လမ်းမပလက်ဖောင်းပေါ်အထိ မိနန်းတို့တော့ ပြေးဆင်းချလာပါပြီ။

"ချာချာ ... နှင့်အမေကတော့ ငါ့ကို ဖုန်းဆက်ထားတယ်"

"အေး ... ဆောရီးစေချင်ရင်လည်း ဆောရီးပဲဟာ။ ဒါပေမဲ့ ငါ့ကိုတော့ လာမပြောင်နဲ့။ နှင့်ရဲထွန်းကိုပါ ပြောထား။ လာပြောင်ရင်တော့ ငါက စိတ်တိုမှာ"



"အမယ်လေး ... မပြောင်အားဘူး။ ရဲကော၊ ငပေါရော၊ ဖက်တီးပါ နှင့်အတွက်ပဲ အလုပ်ရှုပ်နေကြတာ။ ပြောင်ဖို့ အချိန်မရဘူး"

"ဟင် ... မေမေက သူတို့ကိုပါ အလုပ်ပေးထားတယ် !"

"အန်တီက ပေးထားတာ မဟုတ်ဘူး။ အန်တီက နှင်တစ်ခုခုဆို ပြန်တိုင်ဖို့ ငါ့ကိုပဲ မှာထားတာ။ ဒါပေမဲ့ ငါတို့က အန်တီ့ကို သစ္စာဖောက်မှာ"

"ဟင် ... ဘာလဲ"

နန်းနန်းကား မေမေ့ကား ဒီနားမှာမရှိတော့တာ[illegible]ချာနေတာတောင်မှ အနားထိ ပိုမိုတိုးကပ်လာပြီး လေသံကပါ[illegible]ဖွဖွကလေးနှင့် ...

"ငါ့ကိုလေ ကိုမိုးခြိမ်းက အကူအညီတောင်းလို့ ငါသူ့ကိုပဲ ကူညီဖို့ ဆုံးဖြတ်လိုက်တယ် ... ဟိ ဟိ"

နန်းနန်းခမျာ သူနဲ့ရဲထွန်းတို့ရဲ့ ချစ်ခရီးဇာတ်လမ်း[illegible] အတားအဆီး၊ အနှောင့်အယှက်လည်းမရှိ၊ နှစ်ဖက်မိဘက[illegible]ည်း သိရှိကြည်ဖြူဆိုတော့ ဘာစိတ်လှုပ်ရှားစရာမှ မရှိဘဲ ချော[illegible]ချမွေ့မွေ့၊ ရိုးရိုးစင်းစင်းကြီး ဖြစ်နေရတာကိုပဲ ခပ်ပျင်းပျင်း[illegible]နေဟန်တူပါသည်။ ချာချာ့ကိစ္စမှာ ပါဝင်ပြီး ခိုးကြောင်ခိုးဝှက်[illegible]ကမ်းဖောက်ဖျက်နေရတာကိုပဲ သူ့မှာ ရင်တခုန်ခုန်ပုံစံနှင့်[illegible]ဆွဲ့ခုန်၊ လက်ဖျားတွေ ဘာတွေပါ အေးစက်နေသည်။

"နှင် ဘာပြောတယ်"

"အပေါ်တက်မနေနဲ့တော့၊ ဟိုဘက်လမ်းထဲပဲ အမြန်ချိုးကွေ့လိုက်၊ ကိုမိုးခြိမ်း စောင့်နေတယ်"

"ဟင် ... ဘယ်ဖြစ်မလဲ"

အခြေအနေ၊ အကျိုးအကြောင်းကို အစုမှပဲ ရေရေ လည်လည် သဘောပေါက်သွားတဲ့အခါ သူများကို ပြောချင်နေ သော ချာချာလည်း အော်တိုမက်တစ်ပင် ရင်တုန်ပန်းတုန် တစ် ကိုယ်လုံး အေးစက်လို့လာသည်။

"ဘာလို့မဖြစ်ရမှာလဲ၊ ဟိုမှာ စောင့်နေတယ်လေ"

"သူက ဘာလို့စောင့်နေရမှာလဲ၊ အဓိပ္ပာယ်မရှိတာ၊ ဘာ ကြီးလဲ"

နန်းနန်းက "အချိန်မရှိဘူးဟာ၊ အပိုတွေလုပ်မနေနဲ့" ဟု ပြောပြောဆိုဆို ချာချာ့လက်ကို ဆောင့်ဆွဲကာ သင်တန်း အဆောက်အအုံကြီးရဲ့ဘေးက လမ်းကြားလေးထဲ ဒရွတ်ဆွဲမတင် ကြီးပင် ဆွဲခေါ်သွားပါသည်။ ချာချာကား နန်းနန်းရဲ့ဖွတ်ကြီး အစမ္မကြီးကို ရှန်းကန်ငြင်းဆန်နေပါသော်လည်း ဘယ်တွန်းအ များ ဒီလောက် အင်အားနည်းပြီး ချိနဲ့သွားသည်မသိ။ ရုန်းမရ ပြမရ ဒရွတ်တိုက်ကြီးပင် ပါသွားပါတော့သည်။

"ချာချာ"

ချာချာနဲ့ နန်းနန်း ဇရုတ်ဇရက် အတွဲလိုက်ကြီးထိုး အမြင်မှာ ရပ်ထားတဲ့ကားတစ်စီးပေါ်က မိုးခြိမ်းက ဆင်းလာပ သည်။ ဟင် ... တကယ်ပဲကိုး။ သူ တကယ်ပဲ မိနန်းတို့ကို အက အညီတောင်းထားကာ လူကြီးတွေရဲ့တားမြစ်ပိတ်ပင်မှုတွေက ဖောက်ဖျက်တော့မယ်ပေါ့။ ဘာလို့လဲ ... ဘာလို့လဲ။



ဒီတစ်ခါမှာတော့ မိနန်းရဲ့လက်တွေကို အတင်း ပြန်ချုပ်နှောင်ပြီး ဆွဲကိုင်ထားလိုက်သူက ချာချာ ဖြစ်ပါသည်။ နန်းနန်းက "ဟဲ့ ... ဘယ်လိုဖြစ်နေလဲ"ဟု အတင်းရုန်း။ ချာချာ က ပြန်ဖမ်းကိုင်။ ထုံးစံအတိုင်း လုံးထွေးရှုပ်ယှက်ခတ်နေကြပြီးမှ ချာချာပင် ရှုံးပြန်ကာ နန်းနန်းက လွတ်လွတ်ကျွတ်ကျွတ်ပင် ဆောင့်ရုန်းထွက်နိုင်သွားပြီး ...

"အတန်းပြီးချိန် နာရီဝက်အလိုလောက်ရောက်ရင် ပြန် ရောက်နော်၊ ငါလည်း တက်ချင်မှတက်မှာ၊ ဒါမှမဟုတ် ရင်လည်း နာရီဝက် ကြိုစောထွက်လာပြီး အောက်မှာဆင်း စောင့်ပေးနေမယ်"

ပြီးမှ နားရွက်နား ပါးစပ်ကပ်ကာ အူတစွင်စွင်မချို မချဉ်ရုပ်နဲ့ ...

"တစ်ခါတည်းတော့ ပါမသွားလောက်သေးဘူး မဟုတ် လား။ ငါ ဒုက္ခရောက်နေပါ့မယ်နော် မိန်းမ ... ဟီ ဟီ"

နန်းနန်း ပြန်ပြေးထွက်သွားလျှင် ချာချာကား မိုးခြိမ်း ရဲ့မျက်စိရှေ့မှောက်အောက်မှာ ဘာလုပ်ရမှန်းမသိ၊ အူတိအူကြောင်၊ အတော်ဒုက္ခရောက်နေသော ပုံစံကြီးနှင့် ကျန်ရစ်ပြီ။

"ညီမ ... တစ်နေရာရာ ဘယ်နေရာများ သွားချင်လဲမသိ ဘူး"

"ဘာလို့သွားရမှာလဲ"

ပြန်အော်လိုက်သော ချာချာ့ရဲ့အသံက ရုတ်ယင်း ယမ်းလိုက်သလိုမျိုး လိုအပ်တာထက်ပိုပြီး ကျယ်လောင်သွားသည်။ မိုးခြိမ်းကတော့ ခပ်ပြုံးပြုံးနှင့်ပင် ...

"ကျွန်တော် စကားပြောစရာရှိလို့ပါ။ ဒီမှာပဲ ကားပေါ်ဝင်ထိုင်ပြီး ပြောမယ်ဆို ချာချာမှ အဆင်ပြေပါ့မလားလို့လေ။ ဒါမှမဟုတ် ဒီလမ်းထဲက ဆိုင်တစ်ခုခုမှာပဲ ဝင်ထိုင်လိုက်မလား"

"အဲဒီလိုတွေ လုပ်ဖို့ကိုမလိုတာ။ ဒီမှာ ကိုခြိမ်း။ မေမေက ကိုခြိမ်းကို ဘာမှမပြောဘူးလား။ ချာချာ့ကိုတော့ ကိုခြိမ်းနဲ့ လုံးဝအဆက်အသွယ်မလုပ်ဖို့ မှာထားတယ်"

"ကျွန်တော့်ကိုလည်း ပြောပါတယ်"

"ဒါဖြင့် ဒီတစ်ခါကျတော့ မေမေ့စကားကို ဘာလို့မြေဝယ်မကျ၊ တစ်သဝေမတိမ်း နားမထောင်ရတာလဲ။ သမီးအရင်းထက်တောင်မှ ပိုသည်းပြီး မေမေ့ဆန္ဒကိုပဲ အမြဲဦးစားပေးလိုက်နာမယ့်- မေမေ့သားကလေးဆို"

"ဟင်း ဟင်း ဟင်း … သားရင်း သမီးရင်းတွေလည်း တစ်ခါတလေကျတော့ မိဘကို တော်လှန်ပုန်ကန်ပြီး မိဘစကား နားမထောင်ချင်တာတွေ၊ စည်းကမ်းချိုးဖောက်တာတွေ၊ နိုးလုပ်ချင်တာတွေ ရှိကြတာပဲ မဟုတ်ဘူးလား"

"ဒါပေမဲ့ ကိုခြိမ်းကကျတော့ မတူဘူးလေ"

"ဘာမတူတာလဲ"

ကိုခြိမ်း ချာချာ့ကို လာပတ်သက်တာကိုက မေမေ့ဆန္ဒကို လိုက်လျောတာပဲဟာ။ ချာချာမှ ချာချာဖြစ်နေရတာမျိုးလည်း မဟုတ်ခဲ့ဘဲနဲ့ ခုကျမှထပြီး မေမေ့ဆန္ဒနဲ့ သွေဖီချင်လာတာက ဘာသဘောလဲ။ တကယ်ဆိုရင် မေမေက "သဘောတူ



တယ်"ဆိုတုန်းက "ဟုတ်ကဲ့ မေမေ … လက်ခံပါတယ် မေမေ" လုပ်ခဲ့တဲ့လူဟာ မေမေက "သဘောမတူတော့ဘူးဟေ့"လို့ ပြန်ပြင်ပြောတဲ့အခါမှာလည်း "ဟုတ်ကဲ့ပါ မေမေ၊ သဘောပေါက်ပါတယ် မေမေ၊ နောက်ဆုတ်ပါပြီ မေမေ"ပဲ ဖြစ်ရမှာပေါ့။

ဒါမှမဟုတ်ရင် ဒီတစ်ချိမှာတော့ ဘာမှမတော်စပ်တဲ့အမေရဲ့ဆန္ဒကို လက်ခံဖို့ထက်၊ အမေရင်းရဲ့ဆန္ဒကို မဖြစ်မနေဆန့်ကျင်ဖို့ကသာ ပိုအရေးကြီးသွားတာများလား။

"သူနဲ့သူ့အမေရင်းနဲ့ကလည်း မပြေလည်ဘူး။ ကောင်လေးက သူ့အမေအရင်းကို စိတ်ခုနေပုံရတယ်။ စိတ်နာနေရင်လည်း ကလေးမှာ အလွန်မရှိပါဘူး။ အမေလုပ်တဲ့သူကိုက လုပ်ပုံကမှ မဟုတ်တာ"

မေမေ ပြောပြခဲ့တာလေ။ ဒါဖြင့် ကိုခြိမ်းက စိတ်နာနေတဲ့အမေရင်းကို အရွဲ့တိုက် ဆန့်ကျင်ပြဖို့က အရေးကြီးနေတာပေါ့နော်။ သူနဲ့ အင်မတန်ပြေလည်တဲ့ မေမေ့ရဲ့ဆန္ဒကိုတောင် အရေးမစိုက်နိုင်ရတော့အောင် ဒီတစ်ချိ ချာချာ့ဆီရောက်လာပြန်တာက မိခင်ရင်းရဲ့ဆန္ဒကို တမင်ကြီး ဆန့်ကိုဆန့်ကျင်ရမှဆိုတဲ့ သဘောနဲ့ပေါ့နော်။

အဲဒါကြောင့် မေမေက ချာချာ့ကို ခုလောက်ထိ စိတ်ပူစိုးရိမ်နေခဲ့တာကိုး။ သူနဲ့စိတ်ဓာတ်ချင်း နားလည်တယ်ဆိုတဲ့ သား(အတု)ဟာ ဒီအကြောင်းကြောင့်ပဲ ချာချာ့ဆီရောက်ကို ရောက်လာနိုင်တယ်ဆိုတာ မေမေက သေချာပေါက် တွက်နိုင်ခဲ့လို့ပေါ့နော်။

ချာချာ့မှာတော့ "မဖြစ်နိုင်ပါဘူး။ ဘာလို့များ သူက မေမေ့ကို ဆန့်ကျင်ပြီး ချာချာနဲ့ ခိုးကြောင်ခိုးဝှက် ဆက်သွယ်ချင်နေရမှာလဲ။ ကိုယ့်သမီးကိုယ် အထင်ကြီးလွန်းရာကျလိုက်တာ မေမေရယ်"ဟု ရယ်ချင်စိတ်ညစ်။

အဖြစ်မှန်ကို တွက်ဆနိုင်သွားတဲ့အခါ ချာချာ့ရဲ့ တုန်ယင်စိတ်လှုပ်ရှားရခြင်းတို့ကလည်း အလိုလိုပဲ ရပ်တန့်သွားခဲ့ပါပြီ။ ဝမ်းနည်းစရာ အရမ်းကောင်းတာပဲ။ ကိုခြိမ်းဟာ ချာချာ့ကိုကျတော့ ဘယ်တော့မှ ထည့်မတွက်ပေးဘူးနော်။ သူ့ရဲ့ "အမေငတ်မှု"ကြီးကိုပဲ အမြဲရှေ့တန်းတင်ကာ အဲဒီအမေတွေနဲ့ ကိုက်ညီဖို့၊ ဆန့်ကျင်ဖို့ကိုပဲ အမြဲဦးစားပေးနေရတာနဲ့ပဲ မိန်းမသားတစ်ယောက်ရဲ့နှလုံးသားတစ်ခုကိုအကြိမ်ကြိမ်စော်ကား ကြိတ်ချေနေသလို ဖြစ်နေခဲ့ပြီ။

"ချာချာ ... ကျွန်တော်နဲ့ စေ့စပ်ပေးမယ်ဆိုတဲ့ စကားကို ချာချာ သဘောမတူနိုင်တာလားလို့ ကျွန်တော် ဘယ်တော့မှ လုံးဝမေးမှာမဟုတ်ဘူးလို့ ချာချာ့ကို ကျွန်တော်ပြောခဲ့ဖူးတယ်နော်။ အဲဒါ ဘာလို့လဲဆိုတော့ အဲဒီကတည်းကိုက ကျွန်တော့်ကိုယ်ကျွန်တော် လုံးဝသေသေချာချာ သဘောပေါက်နိုင်လိုက်လို့ပါ။ ချာချာ့ဆီက အငြင်းစကားကို ကျွန်တော်မကြားနိုင်ဘူး။ အဲဒီနေ့က ပြောသွားတာတွေက လည်း ငြင်းဆန်တဲ့သဘောတွေပဲ ဆိုပေမယ့် လုံးဝငြင်းတယ်ဆိုတာကြီးကို နားနဲ့ဆတ်ဆတ် မကြားရမချင်း ငြင်းပြီးပြီလို့ ကျွန်တော်က လုံးဝမယူဆမှာမို့ပါ ...



ချာချာနဲ့တွေ့ဆုံရတာ၊ အပြင်ထွက် လျှောက်သွားရတာ၊ စကားပြောဆိုရတာတွေက ကျွန်တော့်ကို လွတ်လပ်ပျော်ရွှင် စိတ်ကျေနပ်စေတယ်။ အဲဒါ တကယ်သေချာပေမယ့် အဲဒါဟာ ဘာလဲ ... ဘာကြောင့်လဲဆိုတာကိုတော့ ကျွန်တော် မသေချာနိုင်ခဲ့ဘူး။ ကျွန်တော် ကြားဖူးခဲ့တဲ့ 'အချစ်'ဆိုတာမျိုးက ပျော်ရွှင်မှု၊ စိတ်ချမ်းသာမှုတွေနဲ့ချည်းပြီးပြည့်စုံနေတာ မဟုတ်ဘူးလို့ ထင်ခဲ့ဖူးတာကိုး ...

ဒါပေမဲ့ ခုတော့ ကျွန်တော် သေချာသိပါပြီ။ 'အချစ်'ဆိုတာ မွန်းကျပ်ဖိစီးမှု၊ နာကျင်စိတ်ဆင်းရဲမှုတွေလည်း တကယ်ပဲ ပါဝင်နေသေးတာပဲ ဆိုတာလေ။ ဘယ်အခါမှာလဲဆိုတော့ ကိုယ်တကယ်ချစ်ခင်ရသူနဲ့ အနေဝေးရတော့မယ်။ အငြင်းပယ်ခံရတော့မယ်။ လူချင်းပါ ခွဲထားခံရတော့မယ်ဆိုတဲ့ အခါမျိုးတွေမှာလေ ...

ချာချာ ကျွန်တော့်ကို ငြင်းတော့မယ်ဆိုတတည်းက ခံစားနာကျင်ခဲ့ရတာတွေကို အမေနှစ်ယောက်က ထပ်ပြီး အရှိန်အဟုန်မြှင့်ပေးလိုက်ကြတယ်။ ကျွန်တော် ဘယ်လိုမှ ခံစားနိုင်မှာ မဟုတ်လို့ ဘယ်တော့မှလဲ လက်လျှော့မှာမဟုတ်ဘူး ညီမ ...

ချာချာ့ကို ကျွန်တော် ချစ်တယ်။ ကျွန်တော့်ဘဝအတွက် ကျွန်တော်လက်တွဲ၊ လက်ထပ်ချင်တဲ့ မိန်းကလေးဟာ ချာချာပဲ။ ဒါတွေကို အရင်တည်းက၊ အစောတည်းက မသိခဲ့ဘဲ ခုမှသဘောပေါက်သွားရတာ ကျွန်တော့်ရဲ့

လိုအပ်ချက်ပါ။ ဒါပေမဲ့ ကျွန်တော့်ရဲ့ရင်ထဲကစကားက တော့ အစစ်အမှန်တွေပါ"

ချာချာဖြင့် အံ့ဩရလွန်းလို့ ငုတ်တုတ်ကြီးတောင် ကျောက်ရုပ်ဖြစ်သွားပြီလား ထင်မှတ်မှားမိသည်။ လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ အစစ်အမှန်တဲ့။ တကယ်ပဲ ယုံပစ်လိုက်လို့ ရတာမျိုးများလား။ ယုံမယုံဆိုတာထက် ခုနေခါ ချာချာရဲ့စိတ် ရင်းအတိုင်း၊ စိတ်ရှိတိုင်းသာ စိတ်နောက်ကိုယ်ပါ လုပ်လိုက်ရရင် "ချာချာလည်း ကိုခြိမ်းကို အရမ်းချစ်တာပဲ"ဟု အကျယ်ကြီး၊ အသားကုန်၊ ဘယ်သူကြားကြား၊ အရှက်မရှိ၊ ဟစ်အော်ပစ်လိုက် ချင်သည်။

ဒါပေမဲ့ ချာချာ ကြောက်တယ်။ သူ့ကိုမယုံတာ ထက်၊ ကိုယ့်ကိုယ်ကိုယ်မယုံချင်စိတ်က ပိုများနေတာပါ။ ချာချာ ဟာ သူ့အတွက် မေမေ့ရဲ့ဆန္ဒတွေကို ဆန့်ကျင်ပစ်ရလောက်တဲ့ အထိ အရေးကြီးသလား။

အမေရင်းကို အကြောင်းပြနိုင်ရုံလောက် သက်သက် သာ အသုံးကျတဲ့၊ ဆွဲစုတုံးလုပ်လို့ရတဲ့ အရေးမပါ၊ အရာမရောက် ကလေးပဲ မဟုတ်ဘူးလား။

"ပြန်လိုက်တော့"

တကယ်တမ်း ပြောချင်နေတဲ့ စကားတွေ၊ အော်ဟစ် ပေါက်ကွဲပစ်လိုက်ချင်တာတွေက အများကြီး။ တကယ့်တကယ် ပြောထွက်သွားတာကျတော့ သုံးလုံးတည်း။ သူကတော့ နားလည် ပေးနိုင်သလိုလို ဘာလိုလိုနဲ့ ခေါင်းကို တဆတ်ဆတ်ညိတ်ရင်း...



"ခုပြန်ဆို ပြန်လိုက်မယ်။ ဒါပေမဲ့ ကျွန်တော် အရှုံးမပေး ဘူး၊ လက်လျှော့မှာ မဟုတ်ဘူးနော် ချာချာ။ ပြန်ဆက် သွယ်လိုက်မယ်။ Perth ကိုလည်း လောလောဆယ်တော့ ပြန်ဖြစ်ဦးမှာ မဟုတ်ဘူး။ ဒက်ဒီ့ကို ပြန်မလာသေးရင် ရလားလို့ ညကပဲ လှမ်းမေးလိုက်တယ်။ ဒက်ဒီက အိုကေ ပါတယ်တဲ့၊ ငါ့နှလုံးရောဂါက ဆိုင်းထားလို့ရတယ်။ မင်းရဲ့နှလုံးရောဂါကသာ ပိုဆိုးပြီး အခြေအနေမကောင်း ရင် အသက်ပါ,ပါနိုင်တယ်ဆိုတာ ငါသဘောပေါက်ပါ တယ်တဲ့"

မိုးခြိမ်း ပြန်သွားတဲ့အခါ ချာချာက အတော်ကြီး နောက်ကျနေပြီဖြစ်တဲ့ သင်တန်းအခန်းထဲသို့ ခပ်တည်တည်ပဲ ဝင်လာခဲ့ပါသည်။ နောက်ဆုံးခုံတွေမှာပဲ တစ်ယောက်တည်းဝင် ထိုင်လိုက်တဲ့အခါ နန်းနန်းတင်မှက ရဲထွန်းရော၊ ပေါ်နဲ့ဖက်တီး တို့ပါ သင်ခန်းစာတွေထဲ လုံးဝစိတ်မဝင်စားနိုင်တော့ဘဲ နောက် လှည့်ကြည့်လိုက်၊ လှုပ်လှုပ်ရွရွတွေဖြစ်လိုက်၊ အချင်းချင်းတွတ် ထိုး တီးတိုးပြုကြလိုက်။ မရွှင်လန်းလှတဲ့ ချာချာရဲ့ရုပ်သွင်ထဲမှာ အဖြေရှာကြည့်ဖို့သာ အသေအလဲ လုံးပန်းတက်ကြွနေကြပါသည်။

"အဆင်ပြေလား"

နောက်ဆုံးမှာတော့ နန်းနန်းက သူ့နေရာကနေ ပေါ်တင်ကြီး ထထွက်လာခဲ့ကာ ချာချာ ရှိနေတဲ့ နောက်ဆုံးတန်း မှာ လာဝင်ထိုင်လိုက်ပြီး "ဘာတွေပြောဖြစ်ကြသေးလဲ၊ နင်တို့ ဘယ်လိုဆက်လုပ်မယ် စဉ်းစားထားကြလဲ"စတဲ့ မရပ်မနားသော မေးခွန်းများနှင့် ...။

“နန်းနန်း ... နင်သာ ငါ့နေရာမှာဆို သူ့ကိုယုံကြည်မိမယ် ထင်လားဟင်”

“အရမ်းယုံတယ်။ လုံးဝယုံတယ်။ နင့်နေရာမှာ မဟုတ်ဘူး၊ ငါ့နေရာက ကြည့်ရရင်လည်း ယုံတယ်။ ကြာကြာနေရင် ရဲကို ယုံမိတာထက်တောင် ကိုမိုးခြိမ်းကို ပိုယုံမိတော့မယ် ထင်တယ် ချာချာ။ အဲဒါကြောင့် ငါက အန်တီ့ကိုသစ္စာဖောက်ပြီး နင်တို့ကို ကူညီဖို့ပဲ ဆုံးဖြတ်မိတာလေ”

“ဘာကိုကြည့်ပြီး နင် ဒီလောက်ထိ ယုံစားသွားနိုင်တာလဲ ဟင်”

“သူ့မျက်နှာကို။ ပြီးတော့ သူ့မျက်လုံးတွေကို”

“ငါလည်း နင့်လိုဝမ်းသာအားရကြီး ယုံပစ်လိုက်ချင်လိုက်တာ”

“ဒါများဟာ ... မှိုင်ငိုင်မနေနဲ့။ ယုံလိုက်ပေါ့။ ပြီးရင်သတ္တိလည်း စမွေးတော့။ နင် အခုဇဝေဇဝါနဲ့ သို့လော သို့လော တွေ ဖြစ်နေရတာ ဘာကြောင့်မှမဟုတ်ဘူး။ နင်တို့က ဘာမှန်းလဲမသိ။ ဓာတ်ဆန်းကြီးကိုး။ ရိုးရိုးစင်းစင်းမှမဟုတ်တာ၊ ဒါပေမဲ့ ငါ့ကိုလည်းယုံ။ ငါပြောတာ မမှားနိုင်ဘူး။ နင် သူ့ကိုယုံလို့ရတယ်။ မိဘစကားကို ဆန့်ကျင်လို့ ငရဲကြီးမယ်ဆိုတာက သပ်သပ် တစ်ကဏ္ဍထားလိုက်ပေါ့။ ဒုက္ခတော့ လုံးဝမရောက်စေရဘူး။ စိတ်ချ”

ဒါပေမဲ့ ချာချာက သင်တန်းပြီးလို့ မေမေလာပြန်ကြိုတဲ့အခါ “ကိုမိုးခြိမ်း သင်တန်းကို လာသွားတယ်။ သူက



စကားပြောချင်တယ်ဆိုလို့ သင်တန်းချိန်တစ်ဝက်ဖျက်ပြီး သူနဲ့ စကားပြောလိုက်တယ်”ဟု မေမေ့ကို ပြောပြလိုက်ပါသည်။

ချာချာက မိဘမသိတာ ဘာမှနိုးမလုပ်ချင်တဲ့ သမီး အလိမ္မာလေးပဲတော့လည်း မဟုတ်ရပါ။ ဒီလောက်မကြီးလေးရင် သာရှိမယ်။ မေမေ မကြိုက်နိုင်တဲ့ တခြားပိစိပွစိလေးတွေ ခိုးဝှက်လုပ်ဖူးတာလည်း အခါခါပါ။ မေမေ့ဘာသာ သူ့ဟာသူ ပြန်သိရင်သိသွားမယ်၊ ကိုယ်တိုင်က ထုတ်ဖော်ဝန်ခံလိုက်ဖို့လည်း ဘယ်တုန်းကမှ စိတ်မကူးမိ။

ဒီတစ်ခါတော့ ကိုယ့်ကိုယ်ကိုယ် ဘာကြောင့်ရယ်မှန်း သတိမထားလိုက်မိခင်မှာပင် ဖွင့်ဝန်ခံလိုက်မိပြီ။ “မေမေ့သားက မေမေ့ဆန္ဒကြောင့်သက်သက် ချာချာ့ကို ပတ်သက်ချင်ခဲ့တာ မဟုတ်ဘူးထင်တယ်”လို့ ဝုံကြွားလိုတဲ့စိတ်တွေ တစ်စွန်းတစ်စ ပါနေသေးသလား ချာချာ့ဘာသာလည်း မသေချာပါ။ မေမေ အရမ်းပေါက်ကွဲသွားမလားဟု ထင်မိပေမယ့် မေမေက သက်ပြင်းကြီးတစ်ခုသာ ချလိုက်ကာ ...

“ချာချာက မေမေ့စကား နားမထောင်ပါလား”

ချာချာက “သမီးမှားပါတယ် မေမေ။ နောက်ဆို နားထောင်ပါ့မယ် မေမေ”ဟု မပြောပါ။ စိတ်အနှောင့်အယှက်ဖြစ်နေဟန်တော့ ပေါ်လွင်နေပေမယ့် ဂုဏ်ယူကျေနပ်အားရသွားရဟန်တွေလည်း ထိန်းမထားနိုင်အောင် ထင်ရှားနေတဲ့ မေမေ့မျက်နှာကို အံ့သြတကြီးပင် အကဲခတ်နေရ၍ ဖြစ်ပါသည်။

✤ ✧ ✤

"ကျွန်မသား ဆိုတာ သူပဲ ကိုကို"

စားပွဲတစ်လုံးမှာ ထိုင်နေသူက ခြိမ်းကိုကြည့်လိုက်တယ်ဆိုရုံမျှ တစ်ချက်လောက်ပဲ ကြည့်လိုက်ပြီး မျက်နှာလွှဲသွားပါသည်။ ခြိမ်းနဲ့တွေ့ဖူးထားပြီးသား (မာမီကတော့ ဘယ်လိုပုံစံနဲ့ ဘာတွေပြောပြီး ဘယ်သူဘယ်ဝါရယ်လို့ အကြောင်းပြမိတ်ဆက်ပေးထားမှန်း မသိသော) ညီမဆိုသူကလည်း သူ့အဖေရဲ့ပုံစံအတိုင်း တစ်ချက်ဆိုတစ်ချက်တည်း အကြည့်နှင့် ခေါင်းပြန်ဆတ်သွားပြီး အကြည့်တွေကို အဝေးသို့ ပို့လွှတ်ထားသည်။

မာမီဒေါ်မာမာကြင်ရဲ့မျက်နှာထားကလည်း စုတ်ပြတ်လို့ကို နေတာပါပဲ။ ခြိမ်းကို မိသားစုတွင်းမှာ ထည့်ကြေညာပေးလိုက်ရတဲ့ကိစ္စဟာ ကာယကံရှင် မာမီ့အတွက်ရော သူ့မိသားစုဝင်အားလုံးအတွက်ပါ ထိခိုက်နစ်နာမှုတွေ တစ်ပုံကြီးဖြစ်သွားစေတာ သူတို့တွေကို ကြည့်နေရရုံနဲ့တင် သိသာသည်။ မာမီ။ မိခင်ကောင်းတစ်ယောက် မပီသဘူးဟု သတ်မှတ်ခံရလည်း ရှိပစေတော့။ ဒီဒဏ်တွေကိုတော့ ရင်မဆိုင်ချင်ဘူးလို့ ရှောင်ပြေးနေဖို့ စီစဉ်ထားပြီးမှ ရဲရဲဝံ့ဝံ့ကြီးကို ထိပ်တိုက်ရင်ဆိုင်ပစ်လိုက်တာ ခြိမ်းနဲ့ ချာချာတို့ကို ဘယ်လိုနည်းနဲ့မှ မပေါင်းဖက်စေချင်လို့ပေါ့နော်။



"မင်းကို ငါမှာထားရဲ့သားနဲ့ မင်း ဟိုကောင်မလေးနဲ့ အဆက်မဖြတ်ဘဲ ဆက်တွဲနေတယ်"

ခြိမ်းဆီ ဖုန်းဆက်လာပြီး ပေါက်ပေါက်ကွဲကွဲ နာနာကျင်ကျင်ကြီးကို အော်ဟစ်ခဲ့တာပါ။ မာမီဒေါ်မာမာကြင်နဲ့ ခြိမ်းတို့ ဖုန်းထဲကတစ်ဆင့် တစ်ယောက်နဲ့တစ်ယောက် ပြင်းပြင်းထန်ထန် တိုက်နိုက်ပြောဆို ပေါက်ကွဲခဲ့ကြသည်။

"ကျွန်တော့်ဘဝတစ်ခုလုံးနဲ့ သက်ဆိုင်တဲ့ကိစ္စကို ကျွန်တော်ကိုယ်တိုင်ပဲဆုံးဖြတ်မယ်လို့ မာမီ့ကို ကျွန်တော်ပြောခဲ့ပြီးပြီပဲ"

"မင်း ဘယ်လိုမှ ပြောလို့မရဘူးလား။ လူတကာရှေ့မှာ ငါ့အရှက်တွေ ဟက်တက်ကွဲခဲ့ပြီး လူတကာရဲ့ပါးစပ်ပေါက်ထဲကို ငါ့နာမည်ရောက်ပြီးမှပဲ မင်းက ဒီကိစ္စကို ကျေနပ်တော့မှာလား။ မင်းအမေတစ်ယောက်ကို ပြန်လာရှာတယ်ဆိုတာ စိတ်နာနာနဲ့ အကြောင်းပြဖို့လား။ မင်းကို အသိအမှတ်ပြုဖို့ နောက်တွန့်မဝံ့ရဲခဲ့တဲ့အတွက် မင်းက ငါ့စကားကို ဂရုမစိုက်ပါဘူးဆိုတဲ့ လုပ်ရပ်နဲ့ လက်စားချေတုံ့ပြန်မယ်ပေါ့၊ ဟုတ်လား"

"မာမီ ... ကျွန်တော့်ကို အဲဒီလောက်ထိ ပြင်းပြင်းထန်ထန် စွပ်စွဲပြောဆိုနေတာကကော အမေက သားကို ငဲ့ပေးချင်နေတာလား။ မာမီ ဘာပြောပြော ငြင်းကိုငြင်းမယ်၊ ဆန့်ကျင်မယ်ဆိုတဲ့ဆန္ဒ ကျွန်တော့်မှာ မရှိတာအမှန်ပဲ။ ချာချာကို ကျွန်တော့်ရင်ထဲက မြတ်နိုးတာကသပ်သပ်။ တစ်ဘဝလုံးကွဲကွာနေခဲ့ရတဲ့ အမေနဲ့သား ပြန်ဆုံတွေ့သင့်မြတ်ချင်

တာကသပ်သပ်ပဲ။ အဲဒီနှစ်ခုကို မာမီ ပူးမပစ်နဲ့၊ တခြားစီပဲ၊ ဘာမှမဆိုင်ဘူး"

"မရဘူး ... မြတ်နိုးတာတွေ၊ မခွဲနိုင်တာတွေ၊ ချစ်ခင်တာတွေ၊ ငါ့ကို ဘာမှလာပြောမနေနဲ့။ လုံးဝမဖြစ်နိုင်ဘူး"

"မာမ့်အတွက် မဖြစ်နိုင်တဲ့ကိစ္စက ကျွန်တော့်အတွက်တော့ လုံးဝဖြစ်ကိုဖြစ်နိုင်စေရမယ်"

"မင်း လာခဲ့။ အခု ငါ့ဆီကို ချက်ချင်းအံရောက်လာခဲ့"

"ဘာလုပ်မလို့လဲ မာမီ။ ချာချာနဲ့ သူ့အမေနဲ့ကိုတော့ မာမီ ဘာမှထပ်ပြီး စိတ်ဒုက္ခ လူဒုက္ခ သွားမပေးစေချင်ဘူး။ ကျွန်တော် လက်သင့်မခံနိုင်ဘူး မာမီ။ အဲဒီလိုလုပ်ဖို့ခေါ်တာဆိုရင်တော့ ကျွန်တော် မလာနိုင်ဘူး"

"အဲဒီနာမည်တွေကို မင်းပါးစပ်က ထပ်မထွက်တော့ဘဲ ငါ့ဆီရောက်အောင် ခုပဲလာခဲ့ပါ။ ငါနဲ့ သမီးနဲ့ သူ့အဖေနဲ့ မင်းကို စောင့်နေကြမယ်"

သဘောကတော့ "သားကို မာမ့်သားတစ်ယောက်အဖြစ် အသိအမှတ်ပြုမယ်။ မာမ့်ရဲ့မိသားစုထဲမှာရော အသိုင်းအဝိုင်းတစ်ခုလုံးမှာပါ ဖွင့်ချပြမယ်" ဆိုတဲ့ ကမ်းလှမ်းချက်အတိုင်း တကယ်ပဲ လုပ်ပေးတော့မယ့်သဘောပေါ့။ ဝမ်းသာပါတယ်။ ကျေးဇူးတင်ပါတယ်။ ကမ်းလှမ်းချက်ကိုလည်း လက်ခံပြီးလိုက်နာပါ့မယ်။ သို့သော် အဲဒီအတွက် ချာချာ့ကို လက်တွဲဖြုတ်ပါ့မယ်လို့တော့ လုံးဝကတိပေးမထားဘူးနော် မာမီ။ ပြီးမှ ကျွန်တော့်အလွန် မဖြစ်ပါစေနဲ့။



မာမီရဲ့မိသားစုကတော့ မြင်မြင်ချင်းမှာပင် ခြိမ်းကိုကြိုဆိုလိုလားတဲ့ပုံတွေ တစ်စက်မျှ မရှိကြပါ။ ဒါပေမဲ့ ခြိမ်းက သူတို့ကို အပြစ်မမြင်ပါ။ ကျောက်ရုပ်ကြီးလို မာကျောပြတ်သားလှတဲ့ပုံစံနဲ့ ညီမငယ်မျိုးဆီက မအေတူဖအေကွဲ မောင်နှမအရင်းရယ်လို့ ချစ်ခင်ဖော်ရွေမှုကို ဘယ်တော့မှ ရမလာနိုင်ဘူးဆိုတာ အရင်ကတည်းက ခန့်မှန်းနိုင်ခဲ့ပြီးသားပါ။

ပထွေးတော်စပ်တဲ့ လူကြီးကိုလည်း စိတ်ထဲမှာ ဘယ်လိုမှမရှိ။ ဒီ့ထက် ဆိုးဆိုးဝါးဝါး ပေါက်ကွဲပြလျှင်တောင် နားလည်ပေးနိုင်မည်သာ ဖြစ်ပါသည်။ ယောကျ်ားချင်း စိတ်ခံစားချက်နဲ့ပဲ တွက်ကြည့်စာနာပေးတာလေ။ ကိုယ်မြတ်နိုးလို့ အဖူးအညွန့်အသန့်အစင်ကလေးအဖြစ် လက်ထပ်ခဲ့တဲ့ မိန်းမတစ်ယောက်မှာ နှစ်ပေါင်းများစွာကြာမှ ဒီအရွယ်သားကြီးတစ်ယောက် ဘွားခနဲပေါ်ပေါက်လာတဲ့ကိစ္စ ဘယ်လိုသူတော်စင်စိတ်ခံစားချက်နဲ့ယောကျ်ားမျိုးက ချက်ချင်းကြီး ခွင့်လွှတ်ကြည်ဖြူလိုက်နိုင်မလဲ။

မယူခင်ကတည်းက ကလေးတစ်ယောက်အမေ တစ်ခုလပ်၊ မုဆိုးမဆိုတာကို သိသိကြီးနဲ့ လက်ထပ်ယူခဲ့တာဆိုရင်လည်း တစ်မျိုးလေ။ အဲဒီလိုဆိုရင်တောင်မှ မယားပါသားနဲ့ ပထွေးဆိုတာ ပြေလည်ချင်မှ ပြေလည်နိုင်မှာ။ ခုဟာကတော့ နှစ်ရှည်လများ အလိမ်လည်ခံထားရသလိုမျိုးမို့ ဒီမယားပါသားရှေ့မှာ သိက္ခာကျ အရှက်ကွဲခဲ့ရတဲ့ ဘယ်ပထွေးက ဝမ်းသာအားရ ရှိနိုင်မှာလဲ။

မျက်နှာလွှဲထားတဲ့ ပထွေးက ခြိမ်းကိုတော့ နောက်ထပ် ထပ်မကြည့်တော့ဘဲ မာမှီကိုသာ မျက်ထောင့်နီနှင့် စိုက်ကြည့်လိုက်ကာ ...

"မင်းအသိုင်းအဝိုင်း၊ ငါ့အသိုင်းအဝိုင်း အားလုံးကိုပါ ဖွင့်ပြောချင်တယ်ဆိုတဲ့ အစီအစဉ်ကိုတော့ သဘောမတူဘူး။ ငါတို့မှာ အရွယ်တောင် သေချာမရောက်သေးတဲ့ သမီးပျိုတစ်ယောက် ရှိသေးတယ်။ သူ့အမေရဲ့အတိတ်ကကိစ္စဟာ ငါ့သမီးရဲ့ဘဝလမ်းကြောင်းတစ်လျှောက်မှာ အမည်းစွန်းအဖြစ် အထင်မခံနိုင်ဘူး"

"ဒါပေမဲ့ ကိုကို သူ့ကို လက်ခံရမယ်ဆိုတာတော့ ..."

"မင်း အိမ်မှာခေါ်ထားချင်လည်း ရတယ်။ အဝေးကနေ ပေးကမ်းထောက်ပံ့ ဆက်သွယ်ချင်ရင်လည်းရတယ်။ အဖြစ်မှန်အတိုင်း အသိပေးမထားဘဲ အသိုင်းအဝိုင်းထဲမှာ သူ့ကို ဘယ်လိုပုံစံမျိုးနဲ့ ပြောဆိုအသိပေး သတင်းဖြန့်ထားရမလဲဆိုတာတော့ မင်း ကျွမ်းကျွမ်းကျင်ကျင် လုပ်နိုင်မှာပါ။ အနှစ်အစိတ်ကျော် တစ်စွန်းတစ်စမှ အစထွက်မလာအောင်တောင် မင်း လုပ်နိုင်ခဲ့ပြီးပြီပဲ။ မင်းရဲ့သားပါဆိုတာကိုတော့ ဒီမိသားစုပဲသိရင် တော်ပါတော့။ အဲဒါ ငါလေးလေးနက်နက် တောင်းဆိုတာ။ သမီးရဲ့မျက်နှာကို မင်းထောက်ကိုထောက်ရမယ်"

"အဲဒီလိုမျိုးစကားနဲ့ ကျွန်မနဲ့သမီးကြားမှာ နားလည်မှုလွဲအောင် မလုပ်စေချင်ဘူး ကိုကို။ သမီးသိထားရမှာက သူ့



အမေဟာ လော်လီဖောက်ပြားပြီး အကျင့်ပျက်ခဲ့လို့ သူ့အဖေနဲ့မရခင်ကကတည်းက သားတစ်ယောက်နဲ့ ဖြစ်နေရတာ မဟုတ်ဘူး။ ကိုကို့ကို ကျွန်မ ပြောပြပြီးပြီ။ ကျွန်မက အစော်ကားခံလိုက်ရတာ။ စိတ်တူသဘောတူ ကြည်ဖြူပြီးမှ ဒုက္ခရောက်သွားရတာ မဟုတ်ဘူး"

ပထွေးက သူ့သမီးဘက်လှည့်ကာ "ရပြီ သမီး၊ သွားတော့"ဟု ပြောလိုက်သည်။ ပြီးမှ မာမှီကို "အမေနဲ့သမီးကို သွေးခွဲလိုက်ပြန်ပြီလို့ မစွပ်စွဲနဲ့၊ ငါတို့ဆက်ပြောမယ့် စကားတွေကို သမီးကို မကြားစေချင်တော့ဘူး"ဟု ဆိုလိုက်ပါသည်။ သမီးလုပ်တဲ့သူကလည်း သူ့အဖေစကား ဆုံးဆုံးချင်းပင် အမေဖြစ်သူကိုရော အစ်ကိုဖြစ်သူကိုပါ တစ်ချက်မှ ထပ်မကြည့်တော့ဘဲ ထိုင်ရာကနေ ထထွက်သွားပါသည်။ သူ့သမီး မရှိတော့မှပင် ပထွေးက ...

"မိန်းကလေးတစ်ယောက် အစော်ကားခံလိုက်ရတယ်ဆိုတာ အစော်ကားခံရမယ့် အခြေအနေမျိုး ဖြစ်နေအောင် အဲဒီမိန်းကလေးကိုယ်၌က လုပ်ကိုင်နေထိုင်နေလို့။ ဆင်းဆင်းရဲရဲနဲ့ ညဥ့်နက်သန်းခေါင်အထိ လူပြတ်အဖော်ပြတ် အလုပ်လုပ်နေရတဲ့မိန်းမကလေးတွေ၊ စီးပွားပဲကျုံးရှာနေရတဲ့ အမိအဘက မအုပ်ထိန်း မစောင့်ရှောက်နိုင်လို့ တစ်အိမ်လုံးမှာ တစ်ယောက်တည်း ဖြစ်ကျန်နေရတဲ့ မိန်းကလေးမျိုးတွေကို ငါ ဘာမှမပြောလိုဘူး။ မင်းလိုအခြေအနေနဲ့ ပင်တိုင်စံထိပ်ထားတစ်ပါးလို အအုပ်အထိန်း၊ အစောင့်အကြပ်

ကောင်းကောင်းနဲ့ ကြီးပြင်းရတဲ့ မိန်းကလေးမျိုးကို ဘယ်သူမှ အိမ်ပေါ်တက် စော်ကားသွားလို့ မရနိုင်ဘူး”

မာမီတစ်ယောက် အံကြိတ်ပြီး သူ့နှုတ်ခမ်းသူ ပြန်ကိုက်ထားသည်မှာ အောက်နှုတ်ခမ်းတစ်ခုလုံးစုတ်ပြီး အသားတစ်ပင်ပုံထွက်ခါနီးလောက်အထိ ဖြစ်နေပါပြီ။ ခြိမ်းရဲ့ရင်ထဲမှာ မွေးမိခင်ရင်းအပေါ် တစ်စတစ်စနဲ့ ကြင်နာသနားမိခြင်းတွေ၊ ကရုဏာသက်မှုတွေ စိမ့်ဝင်လို့လာသည်။ သူ့မှာ ပထွေးဘာပြောပြော ငုတ်တုတ်ငြိမ်ခံရမယ့် အခြေအနေမျိုးနဲ့ ရင်ဆိုင်နေရရှာသည်လေ။

“မင်းရဲ့မိဘတွေကိုလည်း ငါက အများကြီးအံ့သြ၊ သြချီးပါတယ်။ ငါသာဆိုရင် ငါ့သမီး အဖိုးတန်ကလေးကိုပါတီပွဲတစ်ခုမှာ လူမှန်းမသိအောင်မူးပြီး မမှားသင့်တာတွေမှားကုန်ရတယ်ဆိုတဲ့ အဖြစ်မျိုးရောက်အောင် ဘယ်တော့မှ လက်လွှတ်စပယ် အုပ်ထိန်းမှာ မဟုတ်ဘူး။ မင်းရဲ့မိဘတွေကတော့ အဲဒီလောက်အထိ ညံ့ဖျင်းခဲ့ကြတယ်၊ ဒါပေမဲ့ ရှိသမျှအပြစ်တွေကို ဖုံးဖိလိမ်လည်ပြီး ပြန်ပွဲထုတ်တတ်တဲ့နေရာမှာကျတော့ ကျွမ်းကျင်လိမ္မာလိုက်ကြတာ။ တကယ့်လူတော်တွေပဲ”

“ကျွန်မကို ပြောချင်သလောက်ပြောပါ။ မိဘတွေတော့မပါစေချင်ဘူး”

“ပါရမယ်။ ငါ့ကို အရှက်ခွဲ သိက္ခာချခဲ့ကြတာ မင်းတစ်ယောက်တည်းမှ မဟုတ်ဘဲ။ သူတို့လည်း ပါတာပဲကွ။ အခုလည်း ငါတို့မိသားစုကလွဲလို့ ဘယ်သူမှ ထပ်မသိပါ



စေနဲ့တော့လို့ မင်းကို ပြောမယ့်သာပြောနေရတာ မင်းကိစ္စကို ငါတို့ကလွဲရင် အနည်းဆုံးတော့ ဟိုဘက်က ကာယကံရှင်တစ်ယောက်တော့ ထပ်သိနေသေးတာပဲ ...

မိန်းမတစ်ယောက်ကို စော်ကားရုံစော်ကားပြီး တာဝန်မယူနိုင်ပါဘူးဆိုတဲ့ လူမျိုးက ပါးစပ်တစ်ပေါက်ကို နှုတ်လုံစောင့်စည်းပေးနေမယ့်သူမျိုးကော ဟုတ်နိုင်ပါ့မလား။ တစ်ယောက်ကစရင် တစ်ရာဆိုသလို ငါသာညံ့လို့ အ,လို့ ခုထိဘာမှမသိခဲ့တာ။ မင်းကိစ္စက သိနေတဲ့သူတွေ အများကြီးနေမှာ။ ရေလို့တောင် ရမှာမဟုတ်ဘူး ... မင်းကွာ”

ကြည့်ရတာ ရှေ့နေကြီးကတော့ မာမီ့လူပဲ ဖြစ်ရသည်။ ဒီကိစ္စကို ရှေ့နေလည်း သိနေနိုင်တာကိုတော့ မာမီက သူ့ယောကျ်ားကို ဖွင့်ပြောပြထားပုံမရ။ ခုပုံစံအရဆိုလည်း ပြောမထားတာကပင် ပိုကောင်းနိုင်ပါသည်။

“ရှင် ကျွန်မကို လက်ထပ်ယူပေးပါလို့ မင်း အဲဒီကောင်ကို သွားတောင်းပန်ခဲ့ဖူးသေးတယ်ဆိုတဲ့ ကိစ္စကိုတော့ ငါ အခံရအခက်ဆုံးပဲ မိရှဲယ်လ်။ မင်းကို မြတ်နိုးလွန်းလို့၊ တန်ဖိုးထားချင်လွန်းလို့ နှစ်နဲ့ချီပြီး တဖွဖွ တခုတ်တရ တောင်းဆိုခဲ့ရတာကို ငါက အမြဲဂုဏ်ယူခဲ့တာပါ။ ငါ့ကျတော့ နှစ်နဲ့တောင်ချီပြီး တန်ဖိုးကြီးထားတဲ့မိန်းမက တခြားယောကျ်ားတစ်ယောက်ကိုကျတော့ မင်းကစလို့ ဒူးထောက်တောင်းဆိုဖူးတဲ့ မိန်းမတဲ့လား။ မင်း တော်တော်မကောင်းတဲ့မိန်းမပဲ မိရှဲယ်လ်”

"တစ်ချိန်ချိန်မှာ ရှင်နဲ့ ဒီလိုပြဿနာမျိုးတွေကို မျက်နှာအောက်ချပြီး ရင်မဆိုင်ချင်လို့ ရှင့်ရဲ့တောင်းဆိုချက်တွေကို အမြဲငြင်းပစ်ခဲ့တာလေ။ ရှင့်ကို နှစ်နဲ့ချီပြီး ငြင်းခဲ့တာ တန်ဖိုးတက်အောင် အချိန်ဆွဲပြထားတာ မဟုတ်ဘူး။ သူများအောက်ကျရတဲ့၊ အပြောအဆိုခံရတဲ့ အဖြစ်ကို ကျွန်မ ဘယ်တုန်းကမှ မကြိုက်ဘူး။ မရောက်ချင်ခဲ့ဘူး ရှင်မသိဘူးလား။ အဲဒါကြောင့် ငြင်းပစ်နေတာ ...

နောက်ဆုံး လက်ခံခဲ့တာကလည်း ကျွန်မဆန္ဒထက် မိဘတွေရဲ့ဆန္ဒပါလို့ အဲဒီကတည်းက ကျွန်မပြောခဲ့ပါတယ်။ ရှင်ပြောသလိုပဲ ကျွန်မရဲ့မိဘတွေက အအုပ်အထိန်းညံ့ဖျင်းခဲ့ကြတယ်ပဲထားပါ။ ဒါပေမဲ့ သမီးတစ်ယောက်အနေနဲ့ကတော့ ကိုယ့်မိဘကို မျက်ရည်ပေါက်ကြီးငယ်ကျရအောင် တစ်ခါလုပ်ခဲ့ပြီးပြီ။ ထပ်ခါ ထပ်ခါ မလုပ်ချင်တော့ဘူး။ ရှင့်ကိုမှ လက်မခံရင် ကျွန်မအမေက အသေမဖြောင့်နိုင်ပါဘူးဆိုလို့ တစ်ချိန်ကျ ဒုက္ခရောက်မယ့်ကိစ္စမှန်း သိရက်နဲ့ အမေ့အလိုကျ ကျွန်မ နှုတ်ပိတ်ခေါင်းညိတ်လက်ခံခဲ့ရတာ။ အဲဒါ ရှင်သိခဲ့ပါတယ်"

"ကောင်းပြီ။ ကဲ ... ဒါဖြင့် ပြောတော့ ငါ့ကိုတစ်ချိန်လုံးဟားတိုက်ပြောင်လှောင်နေမယ့်ကောင်က ဘယ်သူလဲ။ သားရှိရင် အဖေရှိရမယ်၊ မင်းရဲ့သားကို မင်းရဲ့သားပါလို့ လက်ခံပေးနိုင်ဖို့အတွက် သူ့ရဲ့အဖေ ဘယ်သူလဲဆိုတာတော့ ငါ သိထားမှ ဖြစ်လိမ့်မယ်ကွ"



"သားတစ်ယောက် ရှိခဲ့ဖူးတယ်ဆိုတာကို ပြန်ပြောရတော့မယ်ဆိုရင် အဲဒီသားရဲ့အဖေက ဘယ်သူဘယ်ဝါပါ ဆိုတာပါ, ပါလာရတော့မယ်။ မင်းဟာ သူ့ကလေးမဖြစ်နိုင်ပါဘူးလို့ ငြင်းခဲ့တဲ့သူမျိုးကို ကလေးအဖေကတော့ ဘယ်သူဘယ်ဝါပါလို့ လက်ညှိုးထိုး ပြောလို့ရနိုင်ပါ့မလား"ဆိုတဲ့ မာမီဒေါ်မာမာကြင်ရဲ့ စကားသံတွေကို ခြိမ်းက ပြန်ကြားယောင်လာမိပါသည်။

ခုတော့ သူ့ယောကျ်ားက "သိရမှကိုဖြစ်မယ်"လို့ ထုတ်ဖော်မေးမြန်းနေခဲ့ပြီ။ သူ့အပေါ်အနိုင်ယူ၊ စော်ကား၊ ငြင်းဆန်ခဲ့တဲ့ ယောကျ်ားမျိုးကို မာမီလို မာနနဲ့မိန်းမမျိုးက "သူပါပဲ" လို့ အမည်တပ် ဖော်ထုတ်ပေးရမယ့်ကိစ္စ။ ဘယ်လောက်ခဲယဉ်းဆုတ်နစ်စရာ ကောင်းလိုက်မလဲ။

"ပြောမှာပါ၊ ရှင့်ကို ကြိုမပြောခဲ့တာက သားနဲ့အတူတူမှ တစ်ခါတည်း တစ်ပြိုင်တည်း အသိပေးလိုက်ချင်လို့ပါ ကိုကို။ သားရဲ့အဖေ ဘယ်သူဆိုတာ ပြောကိုပြောပြမှ ဖြစ်တော့မှာမို့လို့ကို ရှင့်ကိုရော သမီးကိုပါ ဒီကိစ္စကိုပေးသိလိုက်ရတာပါ။ မိုးခြိမ်း ... မင်းအတွက် မင်းတစ်မျက်နှာတည်းသက်သက်ကိုကြည့်ပြီး မင်းအဖေ ဘယ်သူဆိုတာ ထုတ်ဖော်ဖို့ မာမီ ဆုံးဖြတ်လိုက်ရတာ ...

ရှင့်ကို သူ တစ်ချိန်လုံး ဟားတိုက်ပြောင်လှောင်ပြီး အနိုင်ရနေမယ်လို့တော့ ထင်မနေနဲ့တော့ကိုကို။ သူ အဲဒီလိုမလုပ်နိုင်ဘူး။ ကိုကို စိတ်ပူသလို သူ့ပါးစပ်တစ်ပေါက်ကနေလည်း နောက်ထပ် လူတစ်ရာ၊ တစ်ထောင် ထပ်မ

ဖြန့်နိုင်တော့ဘူး။ သူက ဒီလူ့လောကမှာမှ ရှိမနေတော့တာ။ လွန်ခဲ့တဲ့ ဆယ်နှစ်ကတည်းက သူ မရှိတော့ဘူး။ သူ့နာမည်က 'သူရိန်'တဲ့။ ဆရာဝန်တစ်ယောက်ပဲ။ ရှင် မသိပါဘူး ကိုကို။ ရှင်တို့အသိုင်းအဝိုင်းထဲကလည်း မဟုတ်နိုင်ပါဘူး"

မာမီက သူ့ယောက်ျားသူ ထပ်မကြည့်တော့ပါ။ ခြိမ်းကိုသာ စိုက်ကြည့်နေသည်။ မာမီ့မှာ ပြောစရာမကုန်သေး။ သူ့စကားက မဆုံးနိုင်သေးဘူးဆိုတာ သူ့အကြည့်တွေအရ ခြိမ်းက ခန့်မှန်းမိနေသည်။ ပထွေးလုပ်တဲ့သူကတော့ "သေပြီ"ဆိုတဲ့စကား တစ်ခွန်းနဲ့တင် အတော်ကြီး မျက်နှာကြောလျော့သွားတာကိုလည်း ခြိမ်းက သတိထားလိုက်မိပါသည်။

"မိုးခြိမ်း ... ဒေါက်တာသူရိန်ဆိုတာ မေ့သည်းချာရဲ့အဖေပဲ"

ပြောစရာ ကုန်သွားပုံရသည့် မာမီဒေါ်မာမာကြင်က ခြိမ်းကိုပဲ ဆက်စိုက်ကြည့်နေပါသည်။ ခြိမ်းမှာတော့ "ဟာ"ခနဲ တစ်ခွန်းလောက်တောင်မှ မညည်းညူလိုက်နိုင်ပါ။ အမေလုစ်ထဲ သူကို သူ့လိုပဲ စူးစူးစိုက်စိုက်ကြီးသာ ပြန်ကြည့်နေမိသည်။ အမေနဲ့သား၊ သားနဲ့အမေ၊ မလှုပ်မယှက် အပြန်အလှန် အကြာကြီး မျက်လုံးချင်းစိုက်ငြိမ်နေကြတာကို သည်းခံနိုင်တော့ဟန်မတူတဲ့ ပထွေးက ဒီစကားဝိုင်းထဲမှာ ပထမဦးဆုံး လှုပ်ရှားလာသူအဖြစ် "အဟမ်း ... အဟမ်း"ဟု ချောင်းတစ်ချက် နှစ်ချက် ဟန့်လိုက်ကာ ...



"မင်းတို့ချင်း ပြောစရာစကား ဆက်ရှိဦးမှာပါ။ မီရဲလ်ယ် ... ကိုယ့်မိသားစုကိစ္စက မိသားစုဝင်တွေနဲ့ပဲ ဆိုင်တယ်နော်။ အများသိ လျှောက်ဖြန့်ဝေနေရအောင် အများဆိုင်ကိစ္စ မဟုတ်ဘူး။ မင်း သဘောပေါက်မှာပါ"

သူ့ယောက်ျား ထွက်သွားလျှင် မာမီက ...

"သူ့ဘာပြောပြော သစ်သစ်စိမ်းနဲ့ မေ့သည်းချာတို့ပါ သိဖို့လိုမယ် ဆိုရင်တော့ မာမီက ပြောပြဖို့ ဝန်မလေးဘူး။ ခုနေခါမှာတော့ သိထားသင့်တယ်လို့လည်း ထင်လာပြီ။ အရင်ကတော့ ကိုယ် အရှုံးကြီးရှုံးခဲ့ရတဲ့ကိစ္စကို ဘယ်သူ သိသိ မသိသိ သစ်သစ်စိမ်းတော့ တစ်သက်လုံးမသိစေရဘူးလို့ပဲ ဆုံးဖြတ်ခဲ့တာ။ သူ့ယောက်ျားက သူ့ကိုပြောပြခဲ့မှာမှ မဟုတ်တာ။ ခုတော့ အဲဒီဆုံးဖြတ်ချက်ကို ပြောင်းလဲလိုက်ပြီ။ သူလည်း သိမှဖြစ်မယ်"

ခြိမ်းက မာမီ့လက်နစ်ဖက်ကို လှမ်းပြီးဆုပ်ကိုင်လိုက်ပါသည်။ လက်ချင်းအတွေ့မှာ တုန်ခနဲဖြစ်သွားရတဲ့ မာမီက ပူးဆုပ်ယှက်ထားတဲ့ လက်လေးဖက်ကိုငေးပြီး စိုက်ကြည့်နေသည်။ Poker-face တစ်ခုလို ခံစားချက်မထင်တဲ့ ပြန့်တင်းတင်းမျက်နှာဟာ ခုတော့လည်း များပြားပြည့်သိပ်နေတဲ့ ခံစားချက်တနင့်တပိုးတွေနဲ့။

"မေမေဒေါ်သစ်သစ်စိမ်းဆီမှာ မာမီရှုံးဖို့ မလိုပါဘူး။ ကျွန်တော်ကိုယ်တိုင်ကမှ ဆင်ခြင်လိုက်ရင် မေမေနဲ့ချာချာက ဒီကိစ္စကို ရှေ့တိုးလာကြမယ့်သူတွေ မဟုတ်ပါဘူး"

"သေချာလို့လား မိုးခြိမ်း၊ သစ်သစ်စိမ်းကတော့ ထားပါ။ ကောင်မလေးကတော့ စိတ်ထဲမှာ တစ်ခုခုရှိနေရင်တောင် မသင့်တော်တဲ့ကိစ္စမျိုးနော်။ မာမီကတော့ ရှုံးရင်လည်းရှုံးစေ၊ နာမည်ပျက်ရရင်လည်း ပျက်ထိုက်တယ်လို့ပဲ ခံယူလိုက်ပါပြီ။ အဖေတစ်ယောက်ကို စိတ်နာရုံနဲ့ ဘာအပြစ်မှမရှိတဲ့ ကလေးငယ်တစ်ယောက်ကို စွန့်ပစ်လိုက်တဲ့အထိ အပြစ်ဒဏ်ခတ်စရာမလိုဘူး ...

သူတောင် ကိုယ်လွတ်ရုန်းသွားသေးရင် ငါလည်းသူ့သွေးကို ဘာမှစောင့်ရှောက်နေစရာ မလိုဘူး။ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်သင့်တယ် ဆိုတာမျိုးဟာ မိခင်တစ်ယောက်မှာ ရှိရမယ့်စိတ်မျိုးမှ မဟုတ်ဘဲ။ လွန်ခဲ့တဲ့ နှစ်အစိတ်ကလည်း တစ်ခါမှားပြီးပြီ။ နှစ်အစိတ်ကြာပြီးတဲ့နောက်မှာလည်း ကိုယ့်ရင်သွေးကို ကိုယ့်သွေးကိုယ့်သားပါလို့ ရျက်ချင်းလက်မခံရဲတဲ့၊ ကိုယ့်အတွက်ပဲ ကိုယ်ကြည့်တဲ့ အတ္တစိတ်က မိခင်မဖြစ်ထိုက်တဲ့ မိန်းမတစ်ယောက်မှာ ဆက်ရှိနေတုန်းပဲ။ တကယ်ရက်စရာကောင်းတာက အဲဒီစိတ်ကမှပါ ...

ခုတစ်ချီလည်း ကိုယ်အရှက်မရဖို့၊ အရှုံးမရဖို့ မင်းကိုပဲ အပြစ်တွေပုံချသလို လုပ်ရဦးမှာလား။ မင်းနောက်ဆုတ် ဇာတ်လမ်းဖြတ်လိုက်ရင် သူတို့ဘက်ကလည်း ချိုလှမ်းတန့် ရှေ့ဆက်မတိုးကြတော့မှာ သေချာတယ်ဆိုရင်တောင် မင်းအပေါ်မှာ အနာ၊ အမျက်ကြီးတွေနဲ့တော့



ဖြစ်ကျန်နေကြမှာပေါ့။ မင်း အမေကဲ့သို့ ချစ်ပါတယ်၊ သံယောဇဉ်ကြီးပါတယ်ဆိုတဲ့သူက မင်းမိထွေးဖြစ်နေပြီး ကောင်မလေးကတော့ မင်းရဲ့ညီမတစ်ယောက် ဖြစ်နေပြီနော်။ ဘာအကြောင်းမှ မရှိဘဲ ရုတ်တရက် ရှောင်တိမ်းဖြတ်တောက်ခံလိုက်ရရင် သူတို့တွေ မင်းကိုမုန်းမျက်စိတ်နာပြီး အထင်သေးကုန်ကြမှာ မင်း မစိုးရိမ်ဘူးလား"

ရှက်စရာကောင်းတဲ့ အတ္တစိတ်ကြောင့် ကိုယ့်ကိုယ်ကိုယ် အရှုံးခံထိုက်တယ်။ နာမည်ပျက်ထိုက်တယ်လို့ မာမီတောင် ခံယူနိုင်သေးရင် ကျွန်တော်လည်း အထင်သေး စိတ်နာခံထိုက်တယ်လို့ပဲ ယူဆပါတယ်။ ကိုယ့်အမေတစ်ယောက် မရှုံးဖို့၊ နာမည်မပျက်ဖို့ ကိုယ့်နာမည်နဲ့ လဲလှယ်လိုက်ရမယ့် အလုပ်မျိုး ကျွန်တော့်က ဘာ့ကြောင့် မလုပ်နိုင်ရမှာလဲ။

အဖေတူမအေကွဲ မောင်နှမနှစ်ယောက်ရဲ့ကြားက ဆက်ဆံရေးနဲ့ မေတ္တာစိတ်ကို အစစအရာရာကို တစ်ယောက်တည်း အားလုံးသိနေရတဲ့ လူကြီးတစ်ယောက် အနေနဲ့ မာမီက တစ်ချိန်လုံး စိတ်ပူစိုးရိမ်နေခဲ့ချိန်မှာ သားလုပ်တဲ့လူကတော့ "ပြိုင်ဘက်ကိုအနိုင်ယူချင်စိတ်နဲ့ သားကိုတောင် ရက်စက်ရက်သူကြီး" အဖြစ် အထင်တွေ မှားနေမိခဲ့တယ်။

မာမီ့အပြစ်တွေအတွက် မာမီကိုယ်တိုင် ဆေးကြောချင်ခဲ့သလို ကျွန်တော့်ရဲ့အပြစ်အတွက်လည်း ပြစ်ဒဏ်ကို ကိုယ်တိုင်ပဲ ခံယူခွင့်ပြုစေချင်ပါတယ်။ ပြီးတော့ ချာချာနဲ့ မျက်နှာချင်းဆိုင်ဆုံပြီး အဖြစ်မှန်တွေကို ပြောပြရဲတဲ့သတ္တိမျိုး ကျွန်တော့်မှာ

မရှိနိုင်သေးဘူး။ ယောကျ်ားတစ်ယောက် မပီသဘူးပဲပြောပြော ရင်ဆိုင်မတွေ့တော့ဘဲ ပုန်းရှောင်လိုက်တော့မယ့် အဖြစ်ကိုပဲ ကျွန်တော် ရွေးချယ်ပါရစေ။

"မုန်းမျက် အရှက်ရပြီး သေွးအေးသွားမယ့်အချိန်ရယ်၊ နာကျင်ကြေကွဲ ထိခိုက်ခံစားရပြီးမှ သွေးအေးရမယ့်အချိန်ရယ်၊ ဘယ်လိုအချိန်မျိုးမှာပဲဖြစ်ဖြစ် ချစ်ခြင်းတရားတွေက ပြန်ပြီး ခေါင်းထောင်အနိုင်ယူလာတတ်ပါတယ် မိုးခြိမ်း။ အဲဒီအချိန်မှာ အသိတရားတစ်ခု သူ့ရင်ထဲမှာ ရှိနေမှဖြစ်မှာပါ။ ပြောပြလိုက်ပါ"

လုပ်သင့်လုပ်ထိုက်တာရယ်လို့ နားလည်ပါတယ်။ ဒါပေမဲ့ ဖြစ်ပျက်သွားမယ့် ချာချာ့မျက်နှာလေးကို မမြင်ရက်သေးတာမို့ ခဏလောက်ပဲဖြစ်ဖြစ်တော့ ဆိုင်းငံ့ခွင့်ပြုပါ မာမိရယ်။

✤ ◇ ✤



## အခန်း(၆)

"အကြောင်းကိစ္စ ခိုင်ခိုင်မာမာ တစ်ခုခုတော့ ရှိရမယ်လို့ ငါ ထင် ..."

"တော်ပါတော့ ... ကျေးဇူးပြုပြီး တော်ပါတော့ မိနန်းရယ်၊ တော်လောက်ပါပြီ"

"သူ့အမေက သူ့ကိုခေါ်တွေ့ထားတယ်၊ သူ သွားရဦးမယ်လို့ ကိုမိုးခြိမ်းက ငါ့ကို ပြောသွားခဲ့တာတော့ မှန်တယ်လေဟာ။ ဒါပေမဲ့ နင်ပြောသလို သူနဲ့သူ့အမေနဲ့ ပြေလည်မှုရသွားကြတဲ့အခါ အမေရင်းကို တမင်သက်သက် ဆန့်ကျင်ပြနေစရာ မလိုတော့လို့ နင့်ကိုလည်း စိတ်ထဲကမပါဘဲ ထပ်ပတ်သက်နေစရာ မလိုတော့ဘူး ဖြစ်သွားတာပေါ့ ဆိုတာကြီးကတော့ ဟုတ်ပါ့မလား"

"မဟုတ်ရင် ဘာလဲ မိနန်း။ ကျွန်တော့်ဘဝအတွက် ကျွန်တော်လက်ထပ်ချင်တဲ့ မိန်းကလေးဟာ ချာချာပါပဲဆိုတဲ့ စကားကိုပြောပြီးတာမှ နှစ်ရက်မပြည့်ချင်သေးဘူး။ လုံးဝ

အစပျောက်၊ အရိပ်အငွေ့တောင် ရှာမတော့တာက ဒါဖြင့်ဘာလဲ”

“နင်က နင်တို့ချင်း တွေ့ဖြစ်ကြတယ်၊ စကားတွေပြောဖြစ်ကြတယ်လို့ အန်တီ့ကို သွားဝန်ခံလိုက်တာကလည်းရှိသေးတယ်လေဟာ။ အန်တီက နင့်ကို သင်တန်းလည်းမပို့တော့ဘူး။ ဟန်းဖုန်းကိုလည်း ပြန်သိမ်းလိုက်ပြီး လုံးဝချေချုပ်ချုပ်သလိုကို လုပ်ထားလိုက်တာ။ ကိုခြိမ်းလည်း ခဏတော့ နောက်ဆုတ်ပြီး အကြံအစည် ထုတ်ရဦးမှာပေါ့”

“နောက်ဆုတ် အကြံထုတ်ဖို့အတွက် အိမ်ပါပြောင်းသွားစရာလိုသလား”

“ချာချာ”

“နင် ဘာမှ ဖုံးဖိဖို့ မကြိုးစားနဲ့။ ငပေါနဲ့ ဖက်တီးကို သူ့နေနေတဲ့ ပုလဲကွန်ဒိုကတိုက်ခန်းအထိကို ငါက အရှက်မရှိ လွှတ်လိုက်မိသေးတာပါ။ ငပေါတို့ကတော့ မေမေ့ဘက်ကပါပြီး ငါ့ကို မလိမ်လောက်ပါဘူး။ ပြီးကျ နင်တစ်ယောက်လုံးကြီး သူ့ဘက်သား အပြည့်အဝကြီး ရှိနေတာကိုရော။ နင့်ကိုပါ အဆက်အသွယ်ဖြတ်သွားစရာ အကြောင်းကတော့ ဘာမှမရှိပါဘူး နန်းနန်းရာ”

“အန်တီက ငါ့ကို ခုတောင် နင့်ဆီလာလည်တာကို တအားချက်ကင်ဝင်တာလေဟာ။ သူ ငါ့ကို ဂဒီးဂဒီးဆက်သွယ်နေရင် အန်တီပြန်သိသွားပြီး ဒီတစ်လမ်းလေးရှိတာဒီတစ်လမ်းလေးပါ လမ်းပေါက်ပိတ်ပြီး လုံးဝအဆက်



အသွယ်ပြတ်သွားရမှာ သူ စိုးကိုစိုးရိမ်မှာပါ၊ အဲဒါကြောင့်ဆင်ခြင် ...”

“တော်တော့ ...။ ငါ့အမေက (FBI)တို့ (CID)တို့မှာ အလုပ်လုပ်တဲ့ စုံထောက်မကြီးမို့လို့ နင့်ဖုန်းလိုင်းတွေကိုပါ လှမ်းထောက်ပြီး အသံဖမ်းထားနိုင်ရမှာလား။ နင့်ဆီကိုပါ ဖုန်းမဆက်ရတော့လောက်အောင်ကို အစိုးရိမ်တွေကကြီးနေရောတဲ့လား ... ဟုတ်လား”

ပြောရင်း ပြောရင်းက ချာချာမှာ မရှက်နိုင်၊ မပြုံနိုင် တဟီးဟီးပဲ ငိုချလိုက်မိပါတော့သည်။ ငိုနေရင်းကပင် “ယုံလို့ရတယ်ဆို။ ယုံသင့်ယုံထိုက်တယ်ဆို နန်းနန်းရဲ့ ... ဟင် ! ”ဟုလည်း ဗလုံးဗထွေးကြီး အော်နေမိသေးသည်။

ဘယ်လိုမှ ကျိတ်မြှိုမထားနိုင်လို့ မေမေ့ကို သွားဝန်ခံလိုက်မိတဲ့အတွက် မေမေက ချာချာကို ပိုပြီးတင်းကျပ်လိုက်တာတော့ မှန်ပါရဲ့။ ဒါပေမဲ့ ခိုင်မာတဲ့စိတ်ဓာတ်အင်အား၊ မဆုတ်မနစ်တဲ့ ဆုံးဖြတ်ချက်နဲ့ ဘယ်သူဖျက်ဖျက် မပျက်နိုင်တဲ့ ချစ်ခြင်းမေတ္တာတရားတို့ကသာ အဓိကပဲ မဟုတ်ဘူးလား။ မိဘတွေတားမြစ်ထားကြတိုင်းသာ မကျော်လွှား ရှေ့မဆက်နိုင်ကြတော့ဘူးဆိုရင် ဒီကမ္ဘာပေါ်မှာ ခိုးရာလိုက်ပြေးပြီးမှ ပေါင်းဖက်ကြရတဲ့ စုံတွဲမျိုး ရှေးကနေ ခုချိန်ထိ တစ်စုံတွဲမှကို မပေါ်ခဲ့ဖူးသေးဘူးပဲဖြစ်နေမှာပေါ့။

အဲဒီလိုလုပ်ရမယ်လို့လည်း အရှက်မရှိ မပြောလိုပါ။ ဒါပေမဲ့ တကယ်ချစ်တာပါဆိုရင် ပိုတင်းကျပ်လိုက်တဲ့အတွက်

ရပ်တန်းက ရပ်လိုက်တယ်ဆိုတာ ရှိသလား။ နောက်ဆုတ်လှည့်ပြေးပုန်းရှောင်သွားတယ်ဆိုတာကော ရှိသလား။ အမှန်အတိုင်း ပြောရမယ်ဆိုရင် ပိုလို့တောင်မှ ရင်နာစရာကောင်းသွားဦးမည်။ ဒီအမေနှင့် ဒီသမီး လောကကြီးထဲမှာ နှစ်ယောက်တည်း နေလာကြရတာပဲ ဆယ်နှစ်ကျော်ရှိပြီ။ တစ်ယောက်အကြောင်း တစ်ယောက်နားမလည်ပဲ၊ စိတ်ထဲဝင်မကြည့်နိုင်ဘဲ ရှိပါ့မလား။

သမီးလုပ်တဲ့သူဆီ သူတားမြစ်ထားတဲ့သူက စကားချိုးဖောက်ပြီး ရောက်လာခဲ့တယ်ဆိုတုန်းက စိတ်အနှောင့်အယှက်ဖြစ်ရတာကသပ်သပ်။ သူ့သမီးငယ်လေးကို အဲဒီလောက်မခွဲနိုင်မခွာရက်၊ ဖွဲ့မလျှော့စတမ်း၊ တန်းတန်းစွဲ မြတ်နိုးသူလည်း ရှိနေပါသေးကလားလို့ ဂုဏ်ယူကျေနပ် အားရသွားရတာကသပ်သပ်။ မေမေ့ခံစားချက်တွေ ဘယ်လိုရှိခဲ့လဲ ချာချာက ရိပ်မိပါသည်။

အဲဒါကြောင့်ပဲ မိဘတို့ရဲ့တာဝန်ဝတ္တရားအရ စည်းကမ်းချိုးဖျက်တဲ့အတွက် ထပ်ပြီးတင်းကျပ်ကန့်သတ်လိုက်ရတာကသပ်သပ်။ ဒီကောင်လေး ငါ့အတားအဆီးတွေကို ဘယ်ပုံဘယ်နည်းနဲ့ အကြောက်အလန့်တရားမရှိ ထပ်ကျော်ဖြတ်လာဦးမှာလဲလို့ သိချင်စောင့်မျှော်နေရတာကသပ်သပ်။ ချာချာတင်မက မေမေလည်း သူ့ကို ကျိတ်မျှော်နေပြီဆိုတာလည်း ချာချာက သိပါသည်။

"တွေ့လား ... ဒီကောင့်လေးဟာ ငါ့သမီးမှ ငါ့သမီး။ မရလို့ကို မဖြစ်ဘူးလို့ အရူးအမူးကို ဖြစ်နေတာပါ"လို့ သူ့စိတ္တဇအတိုင်း သူ့ဘာသာပြန်အားရ ဂုဏ်လုပ်နေချင်တာအပြင် ကိုခြိမ်းဟာ မေမေကိုယ်တိုင် ချစ်ခင်သဘောကျရတဲ့ တစ်ယောက်



လေ။ မာနချင်းပြိုင်ထားရလို့သာ ကျောင်းတော်ကရန်စတစ်ယောက်ကို အရှုံးမပေးချင်တာ။ ကိုခြိမ်းကိုတော့ မေမေက တကယ်လက်လွှတ်ဆုံးရှုံးခံချင်တာမှ မဟုတ်ဘဲ။

သူကတင်းကျပ်လိုက်၊ ကိုခြိမ်းက ရှေ့တိုးလာလိုက်။ သူက ပိုပြီးပိတ်ပင်ပြန်လိုက်။ ကိုခြိမ်းက ချိုးဖျက်ရှေ့ဆက်လိုက်။ အဲဒီလို သူတစ်ပြိုင် ကိုယ်တစ်ပြိုင်တွေ လုပ်နေကြရရင်းနဲ့ နောက်ဆုံးမှာတော့ အလုပ်များပြီး ခေါင်းမအားတဲ့လူကြီးသူမက ဖွဲ့ခတ်နေဘဲ့လူငယ်ကို စိတ်မာတ်ရေးရာအရရော၊ ခေါင်းချင်းပါ မယှဉ်ပြိုင်နိုင်တော့တာမျိုး။ ဒါမှမဟုတ် လူကြီးကပဲ ကရုဏာတွေ သက်လာရသွန်းလို့ "ဖြစ်ချင်ရာဖြစ်" ဆိုပြီး လက်လျှော့ မျက်နှာလွှဲလိုက်ရတော့ဘာမျိုး။ မေမေ ဖန်တီးခဲ့ချင်တဲ့ ဇာတ်လမ်းတွေက အဲဒီလိုတွေပါ။

ဒါကို ချာချာက ရိပ်မိလိုက်ပေမယ့် တစ်ယောက်နဲ့တစ်ယောက် အပြန်အလှန် အင်မတန်ကို နားလည်နေကြပြီဆိုတဲ့ သူ့သားတော်မောင်ကတော့ ရိပ်ပဲမရိပ်မိနိုင်တာလား။ သိသိကြီးနဲ့ အမေရင်းရဲ့မေတ္တာကို ရပြီမို့ အစားထိုးအမေကိုပါ မျက်နှာလွှဲခဲပစ်လုပ်လိုက်နိုင်ပြီလား။ ကိုယ်တိုင်သာ အရက်ရပစေ။ ကိုယ့်ဘာသာသာကြိုက်သလောက် ငိုနေရပစေ။ မေမေ့ကိုတော့ ရက်ရက်နဲ့ ဝမ်းနည်းကျန်ရစ်ရမှာ ချာချာ စိုးရိမ်လိုက်တာ။ အဖေမရှိတဲ့ ဒီသမီးတစ်ယောက်အတွက် ပူပန်ရတဲ့စိတ္တဇတွေ မေမေ့မှာ ဘယ်ချိန်လောက်ကျမှ ကင်းစင်လွတ်ငြိမ်းခွင့် ရတော့မှာလဲ။

"တော်ပါတော့ ချာချာရယ်၊ နင့်ငိုသံကြီးကို အန်တီကြားသွားရင် ဘယ့်နှယ်လုပ်မလဲ။ နင်က အဲဒီလောက်အော်ငို

နေတော့ နင့်ကို အာမခံနဲ့ တိုက်တွန်းခဲ့မိတဲ့ ငါကကော ဘယ်လိုမျက်နှာနဲ့ ကြည့်နေရမလဲ။ သေတောင်သေချင်တယ်”

“သေလိုက်လေ ... သေလိုက်။ နင်သေလိုက်ပါလား။ မျက်နှာကိုကြည့် ယုံတယ်ဆို။ မျက်လုံးထဲကိုကြည့် ယုံတယ်ဆို။ ဒုက္ခတော့ လုံးဝမရောက်စေရဘူးဆို၊ အခု နင် သေလိုက်။ နင့်စကားတွေကို နင်ရှက်တတ်ရင် လဲသေ။ ငါကတော့ မရှက်နိုင်ဘူး။ နင့်ကိုပဲ သတ်ချင်တယ်၊ သတ်ချင်တယ်”

ချာချာက ကိုယ့်ခုတင်ခြေရင်းမှာ လာဝင်ထိုင်နေသည့် နန်းနန်းကို လဲလျောင်းနေရာမှ ကျုံးထကာ ဝုန်းခနဲ ခုန်အုပ်ပစ်လိုက်ရင်း လက်သီးဆုပ်နှစ်လုံးနဲ့ သူ့ကျောကုန်းကို တအားကုန် ထုနက်နေမိပါသည်။

“အား ... အား ... နာတယ် ... အရမ်းနာတယ်ဟ။ နင်လုပ်ချင်နေတဲ့လူကို မလုပ်ရတိုင်း ငါ့ကိုပဲ သဲမဲလုပ်နေရသလား။ သေတော့မှာပဲ”

“နင်ပဲ သေချင်တယ်ဆို ... ဟီး အီး အီး”

“ကျွတ် ...။ လုပ်တာကသူ။ ငြီးကျ ခံရတဲ့သူက မငိုရဘူး။ သူကပဲ အော်ငိုနေပြန်ပြီ။ စိတ်ညစ်တယ်”

အော်သံတွေ ငိုသံတွေ ဆူဆူညံညံနဲ့ တွန်းထိုးသတ်ပုတ်၊ လှုပ်လှုပ်ရှားရှား ဖြစ်နေတဲ့ ချာချာတို့အခန်းနားမှာ သစ်သစ်စိမ်းက ညင်သာတိုးတိတ်စွာပဲ ရောက်ရှိနေခဲ့ပါသည်။ သေချာ



သွားပြီပေါ့။ ဒီကလေး ဘာတွေအကြံထုတ်နှောင့်နှေးနေတာလဲ။ ဘယ်တစ်ဖက်ကမှလည်း စည်းကျော်လာတဲ့ အချက်ပြ “Alarm”က အမပြည့်ပါလား။ နန်းနန်းကလေးကိုလည်း အစ်အောက်စစ်ဆေးလွန်းလို့ ကလေးက ကိုယ့်မြင်ရင် လန့်ဖျပ်ပြီး လူငယ်ချင်းဘက်ပေါင်းရဲ့ဘဲ ရှိတော့မယ်၊ သင်းက ဘာမှလှုပ်ရှားမှုမရှိသေးပါလား၊ ဘာညာနဲ့ ဇဝေဇဝါရှိခဲ့ရသမျှ ခုတော့ သေချာသွားပြီပေါ့။

ကောင်လေးက ချာချာ့ကို နောက်ဆုတ်လိုက်ပြီ။ ဘယ်လိုနည်းနဲ့မှ ဖြစ်မလာနိုင်ပါဘူးလို့ ကိုယ်ကိုယ်တိုင် ယုံကြည်ခင်မြင်ခဲ့ဖူးတဲ့ကိစ္စက ခုတော့ ဖြစ်ပြီ။ အဲဒါ ဘာကြောင့်လဲ။ ကိုယ်တိုင်လည်း (သူများတွေပြောကြသလိုပဲ) ချာချာ့အတွက် အိမ်ထောင်ဖက်ကောင်းရရေး ရှုနေတဲ့ စိတ္တဇရူးသမားတစ်ယောက်ပဲ အမေရူး,ရူးပြီး အရွယ်ချင်းသိပ်မကွာတဲ့ သူစိမ်းမိန်းမတစ်ယောက်ကို (စကားအပြန်အလှန်ပြောလို့ ရရုံနဲ့)ဖမ်းသမ်းနှစ်လို၊ အမေတော်ချင်နေတဲ့ စိတ္တဇရူးကို အများကြီး ကိုယ်ချင်းစာနားလည်နိုင်ခဲ့တာပေါ့။

အဲဒီလို အမေရူး,ရူးလွန်းလို့ပဲ မိန်းကလေးတစ်ယောက်ရဲ့မေတ္တာကို အကဲခတ် ကြည့်မြင်တတ်ဖို့ထက်၊ အမေပြိုင်ယောက်ရဲ့စကားတွေကိုပဲ နာခံဖို့ ဆုံးဖြတ်လိုက်မိတာလား။ ခင်းအမေရင်းရဲ့စကားက မင်းအပေါ် ဘယ်လောက်အထိအောင်မြင်သွားသလဲတော့ တို့မမှန်းနိုင်ပေမယ့် ဖုံးကွယ်ဟန်ဆောင်မှုတစ်စုံခံရာနောက်က တို့ရဲ့ဆန္ဒမှန်ကိုတော့ မင်းက ဘာကြောင့်မသိနိုင်ခဲ့ရတာလဲ။

ချာချာကို သားရှင်မိဘရဲ့သဘောမတူ၊ မကြည်
ကိုလည်း မခံစားစေချင်ဘူး။ ပြိုင်ဘက်ဖြစ်တဲ့ မာမာကြင့်ရဲ့အ
အဆို အငြိုအငြင်ကိုလည်း ကိုယ်တိုင်မခံစားချင်ဘူး။ ဒါ
သေချာပြန်တွေးကြည့်လိုက်မိတဲ့အခါ တကယ်တမ်း အလေး
ဦးစားပေး စဉ်းစားရမှာက သားနဲ့သမီးရဲ့စိတ်ချမ်းသာမှုပါ။ ချ
ရော မိုးခြိမ်းပါ စိတ်ဆင်းရဲ ခံစားနေကြရတော့မယ်ဆိုတာ
ချာနေမှတော့ မာနတွေ၊ အတ္တတွေ၊ အရှုံးမပေးနိုင်ဘူးဆိုတာ
က ဘာလုပ်ဖို့လဲ။

ဒီအမေကတော့ တင်းသလိုလိုနဲ့လျော့ဖို့၊
သလိုလိုနဲ့တွန်းဖို့၊ ဆွဲသလိုလိုနဲ့ လွှတ်လိုက်ဖို့ ဆုံးဖြတ်ပြီး
မိုးခြိမ်းရေ။ ဒီလိုချိန်မှာ မင်းက ဘာကိုနောက်ဆုတ်ရှောင်
သွားချင်တာလဲ။ သားရေးသမီးရေးနဲ့ ပတ်သက်လို့ သစ်သ
ဟာ ငယ်စိတ်တောင် မကျန်နိုင်တော့တဲ့ အဖြူထည်ပဲ ဖြစ်
နေလို့ပါ။ ငယ်စိတ်ကလေး နည်းနည်းလောက်များ ကျန်နေ
ရင် သမီးလုပ်တဲ့သူကို သူ့သူငယ်ချင်း ဟိုကောင်လေးနှစ်ယော
ထဲက တစ်ယောက်ယောက်ကို ဇွတ်ထစီစဉ်ပစ်လိုက်ချင်တော့
အထိ သစ်သစ်စိမ်းက မိုးခြိမ်းကို စိတ်ပျက် စိတ်ကုန်လိုက်
သည်။

ဘယ်သူတွေရှိမလဲ။ သူတို့သူငယ်ချင်းမလေးကို
လွှန်းမင်လွှန်းလို့ လူကြီးတစ်ယောက်ကို ကလိမ်ကျတစ်ပတ်ရို
ဖို့လည်း ဝန်မလေးဘဲ သမက်လောင်းအင်တာဗျူးရယ်လို့ ရော
လာခဲ့ကြတဲ့ ဟိုပေါတောတောနဲ့ ခပ်ဝဝနှစ်ယောက်သားဟာ



ေလည်းပဲ ခင်လိုက်၊ မင်လိုက်၊ သံယောဇဉ်ကြီး စေစာနှာထားနိုင်
လိုက်ကြတာ။ သူတို့သူငယ်ချင်းမကလေး စိတ်ချမ်းသာအောင်
ကြိုက်ကူညီနိုင်ဖို့အရေး... ဗျာယာတွေခတ်နေလိုက်ကြတာ၊ သစ်
သစ်စိမ်းရဲ့မျက်စိရှေ့မှောက်အောက် ရောက်ရောက်နေပြီး အလိမ်
အညာတွေပေါ်ပြီးနေပြီဆိုတာကိုတောင်မှ သတိမထားမိနိုင်ကြတော့
တဲ့အထိ။ အဲဒီကောင်လေးတွေလောက်များ မေတ္တာစစ်ရင်ပဲတော်
ပါပြီ။

မိုးခြိမ်းကလေးလည်း ရုပ်ရည်လေး အကဲခတ်လိုက်
ဘာနဲ့ မေတ္တာမစစ်ဘူးလို့တော့ ဘယ်လိုမှမစွပ်စွဲသာတဲ့ မျက်နှာ
ဘားမျိုးလေးနဲ့ပါ။ သစ်သစ်စိမ်းက လူကဲခတ်ညံ့သူတစ်ယောက်
သော့ မဟုတ်ပါဘူး။ "ကျွန်တော့်ရဲ့အိမ်ထောင်ရေးနဲ့ ဘဝရှေ့ရေး
ကိစ္စကတော့ ကျွန်တော်ကိုယ်တိုင်ပဲ ပိုင်ချင်ပါတယ်"ဆို။ မိခင်ရင်း
အတွက် ချစ်ရသူကို စွန့်လွှတ်နိုင်လောက်တဲ့အထိ သားလိမ္မာတစ်
ယောက် ဖြစ်သွားခဲ့ပြီ ဆိုရင်တော့ ကိုယ်တိုင်လည်း မိခင်တစ်
ယောက်ပဲဖြစ်တဲ့ သစ်သစ်စိမ်းက ဘာစကားမျိုး ထပ်ပြောရတော့
မလဲကို မသိနိုင်တော့ပါပေ။

"နင် ခုတိတ်မလား မတိတ်ဘူးလား ချာချာရာ၊ ငါ့ဘဝ
တစ်သက် ခုလောက်ထိ စိတ်ဆင်းရဲစရာကိစ္စမျိုး ကြုံကို
မကြုံဖူးသေးပါဘူး။ တကယ်"

"ငါ ဘယ်မှာ အော်ကြီးဟစ်ကျယ် လုပ်နေတော့လို့လဲ"

"မအော်လည်း နင့်မျက်ရည်က တစိမ့်စိမ့်ကျနေတာ ငါ
မမြင်နိုင်ဘူး။ ငါလုပ်ပေးလို့ရတာရှိရင် ဘာမဆို အကုန်

လုပ်ပေးလိုက်ချင်ပေမယ့် ဘာမှလဲ လုပ်ပေးလို့မရဘူး။ အရှမ်းဝမ်းနည်းဖို့ ကောင်းတာပဲ"

သစ်သစ်စိမ်းမှာ သက်ပြင်းရှည်ကြီးတွေပဲ ဆက်တိုက် လှိုင်လှိုင်ကြီး ချလိုက်မိပါတော့သည်။ သမီးလေးရဲ့ဖေဖေ ဆုံးသွားစဉ်ကပင် ခက်ခဲပင်ပန်းလှတဲ့ သားဖွားမီးယပ်ပါရဂူဘွဲ့ MRCOG စာမေးပွဲတွေနဲ့ လုံးပန်းနေရတဲ့ သစ်သစ်ဟာ ဝမ်းနည်းမျက်ရည် ကျလိုက်ရတဲ့အဖြစ်မျိုး ခုပြန်စဉ်းစားရင် ခုမမှတ်မိတော့။ ချာချာ ခမျာတော့ သေကွဲတောင် မဟုတ်သေး၊ ရှင်ကွဲနဲ့တင်အတော်ကြီး ရင်ကွဲပက်လက် ဖြစ်နေရရှာပြီ။

သစ်သစ်စိမ်းက ခေါင်းတစ်ချက်ယမ်းကာ ချာချာ အိပ်ခန်းတံခါးကို တစ်ချက်ခေါက်လိုက်ပြီး ချက်ချင်းပင်တံခါးအုသီးကိုလှည့်ကာ ဖွင့်ဝင်လိုက်ပါသည်။ သစ်သစ်ကိုတွေ့တော့ နန်းနန်းသာ တုန်ခနဲဖြစ်သွားပြီး ချာချာမှာတော့ ပျက်ယွင်းနေတဲ့ သူ့ပုံစံကို ချက်ချင်းလက်ငင်းကြီး မဖုံးနိုင်မဖိနိုင်ရှာပါ။ အမေဆုတိုင်း အာပြဲကြီးနဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ငိုလေ့ရှိ သမီးငယ်ဟာ ဘယ်လောက် အသံကြီးကျယ်ကျယ်၊ မျက်ရည်တွေ ဂါလန်ပုံးနဲ့ပဲကျကျ။ ဒီလိုမျက်လုံးမျိုး ဘယ်တုန်းက ရှိဖူးလို့လဲ။ မျက်လုံးတွေဟာ စိတ်နှလုံးအိမ်ရဲ့တံခါးပေါက်တဲ့။ ချာချာတော့ အရှမ်းကို ခံစားနေရပြီ။

"နန်းနန်း ... သမီးကို ဘာမှမကူညီရဘူးလို့ အန်တီပြောထားတယ်နော်၊ ကိုယ့်သူငယ်ချင်းကို ခင်တာက ခင်တာ သပ်သပ်။ လူကြီးမိဘတားမြစ်ထားတဲ့ စည်းကိုတော့ရှိ



ဖောက်စရာ မလိုဘူး။ သနားတာတွေ ဘာတွေလဲ မလိုချင်ဘူး။ သမီးကူညီလိုက်လို့ ချာချာနဲ့ အန်တီမကြိုက်တဲ့လူနဲ့ အဆက်အသွယ်ရသွားတယ်ဆိုရင် သမီးတာဝန်ပဲ။ အန်တီ သမီးကို ခွင့်မလွှတ်ဘူးနော်။ သူတို့ချင်း လုံးဝအဆက်အသွယ်မရနိုင်အောင် သမီးက အန်တီ့ကိုပဲ ကြပ်ကြပ်မတ်မတ် ကူညီပေးပါ။ သမီးကိုပါ အန်တီက မလာရဘူး မဝင်မထွက်ရဘူး ဘာညာ မပိတ်ပင်ချင်ဘူး"

ပြူးပြူးကလေးနှင့် တုန်လှုပ်နေသည့် နန်းနန်းကိုပဲ အားနာနာကြားက ဖိပြီးဟောက်ပေးလိုက်ပါသည်။ ချာချာရဲ့စိတ်ထဲမှာ ဒီအမေ့ကြောင့်ပဲ သူ့လူနဲ့ဝေးနေရတာလိုလို ဓလေ့ဓဝါနဲ့ ညီလေသို့လော ဖြစ်ရှာပါစေ။ အမေ့ပိတ်ပင်မှုတွေကိုသာ ကျော်သွားနိုင်ရင် မျှော်လင့်ချက်ပဲ ရှိသေးသယောင်ယောင် စိတ်ဓာတ်တွေ ကျမနေဘဲ လှုပ်ရှားအလစ်ချောင်းနေဖို့ ပြန်လည်တက်ကြွလာရှာပါစေ။

"သမီးကိုတင် အန်တီက ဖိပြောနေတာမဟုတ်ဘူး၊ သမီးတို့သူငယ်ချင်းတွေထဲက ဟိုပေါတောတောနဲ့ ဝတုတ်တုတ်ကောင်တွေကိုပါ အန်တီက မထိန်းချုပ်နိုင်ဘူးလို့ ထင်မနေနဲ့။ ဒီဘက်ကိုတင် တစ်ဖက်သတ်လုံခြုံအောင် လုပ်ထားနိုင်တာ မဟုတ်ဘူး။ အန်တီ့အာဏာစက်က တစ်ဖက်ကိုလည်း ဖြန့်ကျက်ထားနိုင်တယ်ဆိုတာ သမီးတို့သိပါတယ်...

မိုးခြိမ်းကိုလည်း အန်တီက ဖိဖိစီးစီးကို တားမြစ်ချုပ်ကိုင်ထားနိုင်တယ်။ ဒီတော့ သူငယ်ချင်းကို ချစ်လှပါ

ချေရဲ့လို့ ကူညီချင်ရင်လည်း အလကားပဲ။ လူကြီးမိဘ အမျက်ရှခံရတာသာရှိမယ်။ သမီးတို့ လှုပ်ရှားနိုင်လောက်တဲ့ ဆောင်ထဲလောက်ကတော့ ဘယ်လိုမှ အဆက်အသွယ်မရ၊ မလှုပ်ရှားသာအောင် အန်တီက အားလုံးစနစ်တကျ စုံစုံစေ့စေ့ လုပ်ထားပြီးသား"

နန်းနန်းနဲ့ ချာချာတို့ တစ်ယောက်နဲ့တစ်ယောက် မသိမသာကလေးတွေ မျက်လုံးလေးတွေ ဈေပြီးကြည့်လိုက်ကြတာ သစ်သစ်က သတိထားလိုက်မိပါသည်။ အတွွမာနကြီးလွန်းတဲ့ ဂုန်းမအိုကြီးက သူတို့ချစ်ခြင်း ပျော်ရွှင်ခြင်းကို ကိုယ့်အတွွနဲ့ လဲလှယ်ထားတယ်ဟုပဲ ထင်ရှာပါစေတော့။

"ချာချာလည်း ဒီအမေက တင်းသလိုလိုနဲ့တော့ လျှော့ပေးမှာပါ။ မာသလိုလိုနဲ့ ပျော့လိုက်မှာပါလို့ ထင်မနေနဲ့။ မေမေလုပ်ချင်ရင် ဘာမဆို ဖြစ်နိုင်တယ်ဆိုတာ ချာချာ သိဖို့ကောင်းပြီ။ မေမေ့ကို မယုံရင်လည်း ကြိုးစားရင်ကြိုးစားကြည့်လေ။ မိုးခြိမ်းကိုလည်း မေမေက သားတစ်ယောက်လိုနေလာတာ၊ သူ့အကွက်တွေ၊ အတွေးအခေါ် အကြံအစည်တွေ မေမေက အကုန်ကြိုမြင် ကြိုပိတ်နိုင်ပြီးသား။ မေမေက လုပ်မယ်ဆိုရင် ဘာမဆို ပြည့်စုံအောင် လုပ်တတ်တယ်_

အဲဒီတော့ မဖြစ်နိုင်တာကို တွေးခေါ်ပြီး ငိုယိုမနေနဲ့။ ပျော်ပျော်သာနေ။ မေမေ့ရဲ့တင်းကျပ်ချုပ်နှောင်မှုတွေက ချာချာ ဘယ်လိုစိတ်ပြောင်း နာလန်ထူလာမလဲဆိုတဲ့ အပေါ်မှာ မူတည်ပြီး အတိုးအလျှော့ရှိမှာပဲ"



ဆက်ပြောနေရင် ကိုယ်တိုင်လည်း အသံတွေတုန်ပြီး ဝမ်းနည်းလာတော့မှာမို့ သစ်သစ်က ချာချာ့ အခန်းထဲကပြန်ထွက်လာခဲ့လိုက်ပါသည်။

မေမေ အခန်းထဲဝင်လာလို့ ခပ်ခွာခွာလေးတွေ ချဲထိုင်ထားကြသော ချာချာနှင့် နန်းနန်းတို့နှစ်ယောက်သားဟာ မေမေ ပြန်ထွက်သွားလျှင်သွားချင်း ဂုန်းခနဲ ပြန်ပူးကပ်သွားကြတာ ...

"လက်စသတ်တော့ အန်တီ့လက်ချက်တွေပဲ။ ငါမပြောဘူးလား၊ အကြောင်းကိစ္စတစ်ခုခုတော့ နိုင်နိုင်မာမာရှိမှာပါလို့"

"ဟုတ်ပါ့မလား နန်းနန်းရယ်။ ငါထင်ထားတာကတော့ မေမေက ပိုတင်းကျပ် ကန့်သတ်လိုက်ပေမယ့် ဘယ်လိုများ ချိုးဖောက်လာနိုင်ဦးမှာလဲလို့ သူကိုယ်တိုင်တောင်မှ ကျိတ်မျှော်နေမယ့်သူပါ"

"နင် သူ့ကို အဲဒီလိုပဲ ထင်နေလိမ့်မယ်ဆိုတာ အန်တီကလည်း အတပ်ကိုသိတာပဲ။ အဲဒါကြောင့် တင်းသလိုလိုနဲ့ အလျှော့ပေးလိုက်လိမ့်မယ် မထင်နဲ့လို့ကို ပြောသွားတာလေ"

"ဒါပေမဲ့ ငါ့ကိုသာ ပိတ်ပင်ချင်သလောက် ပိတ်ပင်လို့ရမယ်လေ၊ သူ့ကိုတော့ ဘယ်လိုလုပ် အစအန အရိပ်အယောင်မှ မမြင်ရအောင် ချုပ်ကိုင်ထားနိုင်မလဲ"

"ဟဲ့ ... အဲဒါလည်း သူ့ဩဇာတည်တဲ့ သူ့သားပဲ။ နင့်အမေက အသိုင်းအဝိုင်းလည်း ဒီလောက်တောင့်တာ၊ သူ့

စိတ်ကြိုက် လုပ်ချင်ရာလုပ်ထားလို့ ရနိုင်တဲ့အနေအထားပဲ။ ငပေါတို့ ဖက်တီးတို့ကိုတောင် ငါတို့ဖွက်ထားပြီး လှုပ်ရှားနေတဲ့ကြားက သူ ရိပ်မိသွားသေးတာ ကြည့်ပါလား။ အန်တီက လူငယ်တွေထက် အမြဲတစ်ကွက်ကျော်နေတာ_

အဲဒီတော့ နင် ဘာမှခံစားမနေနဲ့။ ဟိုတစ်ယောက်လည်း ခုလောက်ဆို ဘယ်လောက်ဖျပ်ဖျပ်လူးနေလောက်ပြီလဲ မသိဘူး။ နင်တို့နှစ်ယောက်လုံး အချိန်နဲ့အခြေအနေကိုပဲ စောင့်ကြရတော့မှာပဲ။ တွေ့လား … ငါပြောရင်လွဲခဲပါတယ်၊ ငါ့ကိုရော သူ့ကိုပါ ယုံထားလို့ရပါတယ်ဆိုတာ အဲဒါပေါ့"

ချာချာမှာတော့ နန်းနန်းလို ချက်ချင်းလက်ငင်း စိတ်အေးချမ်းသာကြီး ရှိမသွားနိုင်ပါ။ ဒီအမေနဲ့ ဒီသမီး မြွေမြွေချင်း ခြေမြင်တယ်ပဲ ပြောပါတော့။ ချာချာ သိပ်ခံစားမနေရအောင် မေမေက သူ့ကိုယ်သူ လူဆိုးမကြီး လာဝင်လုပ်ပြသွားတာများလားဟု စိတ်ထဲ သက်မကင်းစွာ ထင်နေမိဆဲပင်။ ချာချာစိတ်အထင်က မဖြစ်နိုင်ဘူးဆိုလည်း ကောင်းတာပေါ့။ ပျော်စရာကြီးဖြစ်မှာပေါ့။ အချိန်နဲ့ အခြေအနေများ ဘယ်လောက်စောင့်ရမလဲ။ တစ်သက်လုံးလည်း ထိုင်စောင့်နိုင်သည်။

✣ ✧ ✣



ချာချာအခန်းထဲက ထွက်လာပြီးလျှင် သစ်သစ်စိမ်းသည် စိတ်မြန်လက်မြန်နှင့် မိုးခြိမ်းရဲ့ဖုန်းနံပါတ်ကို တန်းပြီး ကောက်လှည့်လိုက်ပြီးသား ဖြစ်နေတော့တာပင်။ အမှန်ကတော့ မဆက်သင့်ဘူး။ အင်မတန်အောက်တယ် . သိသားပဲ။ ဒါပေမဲ့ အမှန်တွေချည်း လုပ်နေရမှာလား။ ဒီမှာ လူတစ်ကိုယ်လုံးတောင် ပေါက်ကွဲချင်နေပြီ။ မှားမှားမှန်မှန် အောက်အောက် မအောက် အောက် ကိုယ်လုပ်ချင်ရာပဲလုပ်မယ်၊ ဘာဖြစ်သေးလဲ။

"မိုးခြိမ်းဖုန်း မဟုတ်ဘူးလား။ မိုးခြိမ်းနဲ့ စကားပြောချင်လို့ပါ။ ကျွန်မ ဖုန်းမှားသွားတာများလား"

"အဲ … ဖုန်းတော့မမှားဘူးပဲ ပြောရမှာပေါ့"

"ဒီမှာ …တစ်ဖက်က ဘယ်သူဖြစ်ဖြစ် ဆောရီးပါ။ ကျွန်မ နည်းနည်းစိတ်တိုနေလို့။ ဖုန်းမမှားဘူးဆိုရင် မိုးခြိမ်းဖုန်းပေါ့။ သူ့ကိုခေါ်ပေးပါ"

"ဟုတ်ကဲ့ … ဘယ်သူပါလဲ မသိဘူး။ ဒီလိုပါ … ဒီဖုန်းကို မောင်မိုးခြိမ်းက မကိုင်တော့တဲ့ သဘောပါ"

"ရှင်ကကော ဘယ်သူလဲ၊ ဒီဖုန်းကို ပြန်ဝယ်လိုက်တာလား"

"ကျွန်တော်က သူ့ရှေ့နေပါ"

"ရှေ့နေ … ! "

မိုးခြိမ်းမှာ ရှေ့နေတစ်ယောက်နဲ့ဆိုတာ မကြားမိပါ လား။ ဟိုတိုင်းပြည်မှာဆိုရင်တော့ အရွယ်ရောက်၊ အလုပ်နဲ့အကိုင် နဲ့လူတိုင်းလိုလိုမှာ ရှေ့နေတွေ ကြားခံရှိတတ်ကြပြီး ဘာကိစ္စလေး ပဲဖြစ်ဖြစ် ရှေ့နေနဲ့ပဲ စကားပြောရတာတို့၊ ရှေ့နေကိုခံပြီးမှအလုပ် လုပ်ရတာတို့ ရှိပေမယ့် ဒီမှာက အဲဒီလိုမှ မဟုတ်ကြဘဲ။ ပြော ရမယ်ဆိုရင် သစ်သစ်စိမ်းမှာတောင်မှ အမြဲတမ်းရှေ့နေဆိုတာမရှိ။ မြန်မာနိုင်ငံမှာကတော့ အရောင်းအဝယ်၊ အမှုအခင်း၊ ကုမ္ပဏီ ရေးရာ၊ စီးပွားရေးလုပ်ငန်းကြီးတွေနဲ့ ပတ်သက်စရာမရှိရင် ဘယ် သူ့မှာ အမြဲတမ်းရှေ့နေရယ်လို့ ရှိနေကြလို့လဲ။ သူဌေးသူကြွယ် မျိုးရိုးဖြစ်တဲ့ သူ့အမေ မာမာကြင်တို့မှာတော့ ရှိနေမလားမပြော တတ်ပေ။

"နေပါဦး ... ရှင်က မိုးခြိမ်းရဲ့ရှေ့နေလား။ မာမာကြင့်ရဲ့ ရှေ့နေလား"

"ဟုတ်ကဲ့ ... သားအမိနှစ်ယောက်လုံးပဲ ကျွန်တော့် Client တွေ ဆိုပါတော့။ ဒါနဲ့ ခင်ဗျား စကားအသွားအလာ အရ ခုစကားပြောနေတာ၊ ဒေါက်တာသစ်သစ်စိမ်းများ လား"

"ဟုတ်ပါတယ်၊ ဘာဖြစ်လို့လဲ"

နဂိုကတည်းက အတော်ကြီး ပေါက်ကွဲချင်နေတဲ့ သစ်သစ်စိမ်းတို့ တည်းတည်းကလေးပဲ ကျန်တော့သည်။ ဘယ် နှယ် ဒီနိုင်ငံရောက်လာကတည်းက တစ်ချိန်လုံး သူကိုင်ခဲ့တဲ့ဖုန်း ကို ရှေ့နေကို ပေးကိုင်ထားပြီး (သူကတော့ တခြားနံပါတ်တစ်ခုခု



ကို ပြောင်းကိုင်လိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့)သူ့ဆက်သွယ် လာရင် ရှေ့နေနဲ့ပဲ အရင်တွေ့ရအောင် လုပ်ထားကတည်းက သူ့စကားမပြောချင်တဲ့သူတွေနဲ့ဆို မပြောလည်းရအောင် တမင် ကြံရွယ်လိုက်တာပေါ့။

"ဟုတ်ကဲ့ ... ကျွန်တော်လည်း ဒေါက်တာနဲ့ဆက်သွယ် တော့မလို့ပါပဲ"

"ဘာလုပ်ဖို့လဲ"

"စကားပြောဖို့ပါပဲ ခင်ဗျ"

"နေပါဦး ... မိုးခြိမ်းက ကျွန်မကို ရှေ့နေကတစ်ဆင့်မှ စကားပြောရအောင် ဘာမှုလဲ၊ ပုဒ်မက ဘယ်လောက်လဲ"

"ခင်ဗျာ ... ဒီလိုတော့ မဟုတ် ..."

"ဒီမှာ ... သူနဲ့ ကျွန်မနဲ့ဆိုတာ အမေနဲ့သားလို နေလာကြ တာ။ ရှေ့နေခံပြီးမှ စကားပြောစရာ ဘာအကြောင်းမှမရှိ ဘူး။ ဘာမဆို သူပြောချင်ရင် တိုက်ရိုက်ပြောနိုင်တယ်။ ကျွန်မ ပြောပြီးပြီနော်။ ဘာမဆိုလို့ကို ပြောပြီးပြီ။ သူ့ကို ပဲ ဖုန်းပေးလိုက်ပါ။ ဒါမှမဟုတ် သူနဲ့တိုက်ရိုက်ဆက်သွယ် နိုင်မယ့် ဖုန်းနံပါတ်တစ်ခုခု ကျွန်မကိုပေးပါ"

"ဒီလိုပါ ဒေါက်တာ ... မောင်မိုးခြိမ်းမှာကလည်း တချို့ စကားမျိုးတွေကျတော့ တိုက်ရိုက်ကြီးပြောဖို့ဆိုဖို့ အခက် အခဲရှိနေတာမျိုးလေးတွေ ရှိပါတယ်။ ဒေါက်တာ့ဘက် ကတော့ ဘာမဆို ပွင့်ပွင့်လင်းလင်း ရှင်းရှင်းလင်းလင်းပဲ ဆိုပေမယ့် မောင်မိုးခြိမ်းမှာကတော့ ပြောမထွက်နိုင်တာမျိုး

ပေါ့။ ဟုတ်ကဲ့ ... တိုက်ရိုက်ပြောနိုင်ရင်တော့ ပိုကောင်းပါတယ်။ ဒါပေမဲ့ မပြောဝံ့စရာ စကားမျိုးတွေကျတော့လည်း သူ့အမေလုပ်သူက ကျွန်တော့်ကို အကူအညီတောင်းရတာမျိုးတွေ ရှိလာပါတယ်"

"မပြောဝံ့စရာ ... ! စိတ်ဝင်စားစရာတောင် သိပ်ကောင်းနေပြီ။ ဘာလဲ ! သူ့ကို ထပ်မပတ်သက်ဖို့၊ အတိတ်က ခင်မင်ခဲ့ဖူးကြတာတွေကို ရပ်တန်းကရပ်ပြီး ဘယ်တုန်းကမှ မသိကျွမ်းခဲ့ဖူးကြသူတွေလို နေပေးဖို့ ... ဒါတွေလား"

"မဟုတ်ရပါဘူး ခင်ဗျာ၊ မောင်မိုးခြိမ်းမှာက နောင်အရှည်သဖြင့်လည်း ဆွေမျိုးရင်းချာတွေလိုပဲ ရှေ့ဆက်ပတ်သက်သွားကြဖို့၊ အခင်မင်မပျက်ဘဲ ရင်းရင်းနှီးနှီး သွားသွားလာလာ ရှိနိုင်ကြဖို့ ဆန္ဒအပြည့်ရှိပါတယ်။ သူ့ အမိကလိုလားတာ အဲဒီအချက်ပါပဲ၊ ဒါ သူ့စိတ်ရင်းမှန်ပါ"

"ဘာတွေလဲရှင်။ ရှင်တို့ဟာတွေက"

ချာချာနဲ့ သစ်သစ်စိမ်းတို့ ပွင့်ပွင့်လင်းလင်း မဆွေးနွေးဖြစ်ကြသေးပေမယ့် ကြည့်ရတာ မိုးခြိမ်းဟာ ချာချာ့ကို အတိအလင်း တိတိကျကျ ထုတ်ဖော်ချစ်ခွင့်ပန်ပြီးသွားပြီထင်သည်။ ပထမတစ်ကြိမ်မှာတုန်းက ပြောပုံမဟုတ်လို့ ငြင်းထားတယ်ဆိုတဲ့ ချာချာ့ဘက်ကသာ ပြန်ဖြေပြီး၊ မဖြေပြီးဆိုတာ မသေချာတာ။ မိုးခြိမ်းကတော့ ချစ်စကားအသစ်နှင့်တကွ အဖြေပါထပ်တောင်းထားပြီးပြီထင်သည်။ အဲဒါကိုပဲ ပြန်ဘွာခတ်ချင်တာလား။ မိတ်ရင်းဆွေရင်း၊ မောင်ရင်းနှမ၊ သားနဲ့အမိလိုတော့ ဆက်ပတ်သက်



ချင်ပါတယ်။ ပြောထွက်ထားတဲ့ ချစ်စကားကတော့ "ဘွာတေး" ပါ။ ဒီလိုလား။

အဲဒီလိုသာဆိုလို့ကတော့ ငါ ဘယ်လိုတုံ့ပြန်ရမှာပါလိမ့်။ မဆုတ်မဆိုင်းနဲ့ "အင်း ... အဲ"ဖြစ်မနေဘဲ အကောင်းဆုံး ပြန်ပြောလိုက်နိုင်မယ့်စကားမျိုး ခေါင်းထဲမှာ မြန်မြန်ထွက်ပေါ်လာစမ်းပါ။ သမီးကိုကျတော့ "ဘွာတေး"၊ အမေကိုကျတော့ ဆက်ခင်မယ် (အေးလေ ... သမီးကိုလည်း ခင်ပါ့မယ်လို့တော့ ပြောချင်ပြောမှာပေါ့)ဆိုတာအတွက် ဒီ့ထက်ပိုပြီး "အောက်"စရာ မဖြစ်ရတော့အောင် သမီးရဲ့နှာမည်၊ ကိုယ့်နှာမည်တွေကို ဆယ်တင်နိုင်မယ့် တုံ့ပြန်မှု ကောင်းကောင်းလေးတစ်ခုလောက်။ လာစမ်းပါ။ သူတို့ဘက်ကတော့ ကိုယ်တိုင်မစဉ်းစားနိုင်တော့လို့ ကြားလူခံပြီး ရှေ့နေနဲ့ကို ပြောတာလေ။ ကိုယ့်ဘက်က မခံလိုက်ရဖို့အရေးကြီးသည်။

"ဒေါက်တာခင်ဗျာ ... ကျွန်တော် ဒေါက်တာ့ကို ဘယ်ကိုလာတွေ့ရပါမလဲ။ နေရာလေးတစ်ခုလောက် ကျွန်တော့်ကို ချိန်းပေးပြီး အချိန်လေးတစ်ခုလောက် သတ်မှတ်ပေးစေချင်ပါတယ်။ အိမ်မှာဆိုရင် သမီးငယ်လေး မသိစေချင်တဲ့ကိစ္စမျိုး ဒေါက်တာ့မှာ ရှိမရှိ၊ ကျွန်တော့်ဘက်က မဆုံးဖြတ်နိုင်လို့ပါ"

"မလိုပါဘူးရှင့် ... အိမ်ကိုလာဖို့လည်း မလိုသလို၊ တစ်နေရာရာမှာ ချိန်းပြီးမှ တစ်ခုတ်တရ နားထောင်ပေးစရာ ဘာစကားမျိုးမှ ကျွန်မတို့နဲ့ ရှင့်အမှုသည်တွေကြားမှာ

မရှိလောက်ဘူးနဲ့ တူပါတယ်။ အမှန်က ရှေ့နေတွေ ဘာတွေတောင် မလိုနိုင်ဘူးလို့ ကျွန်မက ထင်တာ။ ဒါပေမဲ့ မာမာကြင်တို့ဘက်က ကိုယ်တိုင်မှမပြောရဲဘူး ဆိုတော့လည်း တစ်မျိုးပေါ့ ...

ကျွန်မကကျတော့ ကိုယ့်မှာကြောက်နေ၊ ရွံ့နေ၊ တွန့်ဆုတ်နေစရာ ဘာအပြစ်မှမှ လုပ်မထားတာ။ ချိန်းဆိုတာတွေ ဘာတွေက ရှုပ်ပါတယ်။ ခုပဲပြောလိုက်ပါ။ ဘာမှမဖြစ်ဘူး။ ခုကိုပဲ ပြောပါ"

"အင်း ... ဟုတ်ကဲ့။ ဒေါက်တာ့ သဘောအတိုင်းပါပဲ ဒေါက်တာ။ မောင်မိုးခြိမ်းအနေနဲ့ ဒေါက်တာတို့ သမီးတို့အပေါ်မှာ သိစိတ်နဲ့မဟုတ်ဘဲ မသိလို့လွန်ထား၊ အပြစ်လုပ်ထားမိတာမျိုး ရှိကောင်းရှိမှာပါ။ အဲဒီအတွက်လည်း သူ့အနေနဲ့ ခုနေခါမှာ အင်မတန်မှကို စိတ်မကောင်းဖြစ်ရပါတယ်။ သူက ဒေါက်တာတို့သားအမိအပေါ်မှာ ခင်တွယ်မှုကတော့ သူ့အမေလုပ်သူကိုတောင် တော်တော်ပြင်းပြင်းထန်ထန် ဆန့်ကျင်ပစ်ခဲ့တဲ့ အထိပါပဲ"

"ဒီမှာရှင် ... အဲဒါတွေအားလုံး ကျွန်မသိပြီးပြီပဲ ထားပါတော့။ အဓိကပြောချင်တာက ဘာများလဲရှင်"

"ခုတော့ သားအမိနှစ်ယောက်စလုံး ဆုံးဖြတ်လိုက်ကြတာက တစ်သဘောတည်းပဲ။ ဒေါက်တာလည်း မောင်မိုးခြိမ်းရဲ့ဘဝဖြစ်စဉ်ကို အတိအကျကြီး မဟုတ်တောင် တစ်စွန်းတစ်စတော့ သိထားမှာပါ။ အခု သူ့အမေက မောင်မိုးခြိမ်းကို သူ့အဖေ ဘယ်သူဘယ်ဝါပါဆိုတာကို ဖွင့်ပြောပြလိုက်တယ်လေ။ အဲဒီတော့ မောင်မိုးခြိမ်းမှာ ဒေါက်တာတို့နဲ့ ဆက်ပြီးပတ်သက်ရကောင်းနိုး၊ အရင်က ပတ်သက်လိုမှုကို ရှိုးတောင်းပန်ပြီးမှ နောင်အရှည်သဖြင့်အတွက်ကို ဆွေမျိုးရင်းချာတွေလိုပဲ နေသွားနိုင်ဖို့ရာ တောင်းဆိုရကောင်းနိုး ..."

"ဘာဆိုင်လဲရှင့်။ သူတို့ဘာသာ ဓာတ်ပေါင်းခန်း ဖြစ်ချင်လည်းဖြစ်ကြပါ။ ကျွန်မတို့နဲ့တော့ ဘာမှကိုမဆိုင်တဲ့ကိစ္စပဲ"

"ဟုတ်ကဲ့ ... ဒေါက်တာ။ မောင်မိုးခြိမ်းရော ဒေါ်မာမာကြင်ပါ အဲဒီအတွက် တော်တော်စိတ်မကောင်းဖြစ်ကြရပါတယ်။ ဖြစ်နိုင်ရင်တော့ ဒေါက်တာ့ကို ဒီကိစ္စမျိုးကို တစ်သက်လုံး အသိမပေးတော့ဘဲ မြှုပ်ပြီးတော့ဘဲ ထားလိုက်ချင်တာပါ။ ဒါပေမဲ့ သမီးကလည်း တစ်ဖက်ကရှိနေတဲ့အခါ မပြောမဖြစ်တော့တဲ့ အနေအထားလေးတွေကလည်း ဖြစ်လာ ..."

ရှေ့နေရဲ့ခြေဆင်းရှည်လျားလျားတွေဟာ သစ်သစ်စိမ်းရဲ့ရင်ထဲကို ဘင်ခရာတီးဝိုင်းတစ်ဝိုင်း ဝင်ရောက်လာသလို ဖြစ်စေခဲ့ပြီ။ ဘွဲ့ခတ်တာထက် ပိုဆိုးသေးတဲ့ တစ်ခုခုပဲဆိုတာကို နားလည်လိုက်ရတဲ့အခါ ... "မြန်မြန်ပြောစမ်းပါရှင့်"လို့တောင် နှုတ်က ထုတ်ဖော်ပြီး မအော်နိုင်တော့ဘဲ တယ်လီဖုန်းထဲ နားရွက်ဝင်သွားတော့မတတ် ဇောကကပ်လာသည်။

"ခွင့်ပြုပါ ဒေါက်တာ။ မောင်မိုးခြိမ်းရဲ့အဖေက ဒေါက်တာ ဦးသူရိန်ပါပဲလို့ ဒေါ်မာမာကြင်က ပြောပါတယ်"

"ဘာရှင့် ..."

သွေးရူးသွေးတန်းနှင့် ကျူးအော်လိုက်မိပြီးလျှင် သစ်သစ်စိမ်းက "လုံးဝမဖြစ်နိုင်ဘူး"ဟုပါ ထပ်ဆင့်ပြီး အော်ဟစ်ပစ်လိုက်သည်။

"အကြံပက်စက်လှချည့်ရှင်။ ရှင့်အမူသည် ဒေါ်မာမာကြင်ဆိုတာ အထက်တန်းလွှာ အသိုင်းအဝိုင်းထဲမှာ အဆင့်မြင့်မြင့် နေထိုင်ကြီးပြင်းလာပြီး ခုထက်ထိလည်း လူတကာက မော်ကြည့်နေရဆဲ အနေအထားနဲ့မို့ သူ့စိတ်ဓာတ်တစ်ခုအဲဒီလောက်အထိ အောက်တန်းကျနေလိမ့်မယ်လို့ ကျွန်မ ဘယ်တုန်းကမှ မထင်ခဲ့မိတာ အမှန်ပါပဲ။ ခုတော့ အထင်သေး ရွံရှာဖို့ကောင်းလိုက်တာ။ သူသုံးသွားတဲ့နည်းက ဒီလိုလားရှင့်။ တစ်ချက်ခုတ် လေးငါးချက်လောက်ပြတ်။ ရှိရှိသမျှ အားလုံးရှုံးကျန်ပြီး သူ့တစ်ယောက်တည်းအောင်လံတလူလူ လွှင့်ထားနိုင်မယ့် နည်းလမ်းက ဒီလိုတဲ့လား။ အရမ်း အောက်တန်းကျတယ်"

"သူ့အနေနဲ့ကလည်း မဟုတ်ဘဲနဲ့တော့ ဒီလိုပြောဖို့မရှိ ..."

"တော်ပြီရှင်။ ကျွန်မ ရှင်နဲ့စကားဆက်မပြောနိုင်တော့ဘူး။ သူနဲ့ပဲ တိုက်ရိုက်ပြောတော့မယ်။ ဒါ မာမာကြင်နဲ့ကျွန်မနဲ့ ဆက်ရှင်းရမယ့်ကိစ္စ ဖြစ်သွားပြီ"

သစ်သစ်စိမ်းက ရှေ့နေနှင့် စကားဆက်မပြောတော့ဘဲ တယ်လီဖုန်းအဆက်အသွယ်ကို ဖြတ်လိုက်သည်။



"ယူ စိတ်အေးအေးထားဖို့လိုတယ်။ ဒီကိစ္စက အော်ဟစ်နေလို့ မပြီးဘူး"

"ဘာမှ စိတ်အေးစရာ အကြောင်းမရှိဘူး မာမာကြင်။ နင့်အကြံက ဒါ အကုန်ပဲလား။ မရှိတော့တဲ့လူကို လက်ညှိုးထိုး အပုပ်ချပြီး ကိစ္စရပ်တစ်ခုကို အနိုင်ရနိုင်ဖို့ကြံတာ စိတ်မှန်တဲ့လူတွေရဲ့အလုပ်လား။ နင့်ကို စိတ်ကောင်းမရှိဘူးလို့တောင် မစွပ်စွဲနိုင်တော့ဘူး၊ နင် စိတ်မှမှန်သေးရဲ့လား။ ရူးနေပြီလား"

"သစ်သစ်စိမ်း ... နင် ဒီ့ထက်ဆက်မိုက်ရိုင်းလာရင် ငါက သည်းခံနေမှာ မဟုတ်တော့ဘူး"

"သည်းမခံလို့ နင်က ဘာလုပ်ချင်သလဲဟင်။ မကျေနပ်ရင်၊ မယုံရင် သေတဲ့လူကို နှိုးမေးလို့ မျက်နှာချင်းဆိုင်ပြောကြည့်လိုက်ပြီး နင်ပြောမှာလား။ အကြံပိုင်မရဲ့ ...။ နင်တစ်သက်လုံး ငါ့ကို ဒီလောက်တောင် မနာလိုလုံးဆို့နေတာ ခုမှသိတယ်"

"ဟုတ်တယ် ... နင့်ကို ငါမနာလိုဘူး။ ဒါကတော့ သေချာတယ်။ ဘာဖြစ်လို့လဲဆိုတော့ ငါ့ကိုကျ ရက်ရက်စက်စက် ယုတ်ယုတ်မာမာ ငြင်းလွှတ်ခဲ့တဲ့ယောကျ်ားက နင့်ကျတော့ ဒူးထောက်တောင်းပန်ပြီးမှ တင့်တင့်တယ်တယ် တောင်းရမ်းလက်ထပ်ယူခဲ့လို့။ ဒါပေမဲ့ မနာလိုတာက မနာလိုတာ သပ်သပ်။ အမှန်တရားက အမှန်တရားသပ်သပ်ပဲ"

"ဘာအမှန်တရားလဲ။ ကိုသူရိန်လိုလူက နင့်ကိုငြင်းပါတယ် ဆိုမှတော့ သူ မဟုတ်လို့ပေါ့"

"မဟုတ်ဘူး၊ တာဝန်မယူချင်လို့"

"သူ့တာဝန်မှ မဟုတ်တာ။ နင့်ဘာသာနင် ဘယ်သူနဲ့ဘာဖြစ်ခဲ့မှန်းမသိဘဲ သူ့ဘာသာ အရှင်းကြီးရှိနေတဲ့လူကို ပုံချစွပ်စွဲချင်လို့ကတော့ နင့်လှည်းအကျိုးကြီးကို ဝင်ထမ်းပေးရအောင် ငါ့ယောက်ျားက နွားမှမဟုတ်တာ။ ပြီးတော့ အင်မတန် သမာသမတ်ရှိပြီး စိတ်ထားမှန်တဲ့၊ စာရိတ္တနိုင်ကျည်တဲ့၊ မဟုတ်တာ မပြောတဲ့၊ မလုပ်တဲ့လူမျိုးဆိုတာ တစ်လောကလုံးသိတယ်။ မိန်းကလေးတစ်ယောက်ကိုမှားပြီးမှ တာဝန်မယူချင်တဲ့ ယောက်ျားအမျိုးအစားထဲမှာ သူမပါဘူး။ အလကားနေရင်း လာမှားနေရအောင်လည်း နင့်ကို သူ့တစ်သက်လုံး ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဖူးဘူး"

"အဲဒီတုန်းက သူက လူမှန်းမသိအောင်ကို မူးနေခဲ့တယ်"

"မဖြစ်နိုင်ဘူး။ သူ ဘယ်တုန်းကမှ အဲဒီလောက်အထိမူးအောင် မသောက်ဖူးဘူး။ သောက်ခဲ့ဖူးတယ်ဆိုရင်တောင် မူးနေတုန်း ဘာဖြစ်လို့ ဖြစ်သွားမှန်းမသိတဲ့ အခြေအနေမျိုးကို ရောက်တဲ့အထိ လူမှန်းသူမှန်းမသိ ဖြစ်နေမယ့်သူ မဟုတ်ဘူး။ ပြီးတော့ ငါဆရာဝန်တစ်ယောက်ပါ မာဆာကြင်၊ မူးလို့ လူမှန်းမသိနိုင်ရင် အိပ်ပျော်သွားတာသာရှိမယ်။ နင်ပြောသလို ဘယ်လိုမှ မဖြစ်နိုင်ဘူး။ နင်ပြော



သလိုဖြစ်ဖို့ ဆိုရင်လည်း လူမှန်းမသိလောက်အောင်မူးနေလို့ မရဘူး။ ဒါ့ိစိတ်ရှိကိုရှိနေရမယ်၊ သိစိတ်မရှိလောက်အောင် ခေါင်းတောင်မထောင်နိုင်တဲ့လူက ဘာမှမလုပ်နိုင်ဘူး"

"ဟင် ... ဒါဖြင့် သူက မသိလိုက်လို့'ဘူး'ခံငြင်းနေတာ မဟုတ်ဘူး။ သိသိကြီးနဲ့ ဖြောင်ငြင်းခဲ့တာပေါ့ ... ဟုတ်လား"

"သူ ဟုတ်ကိုမဟုတ်တာ နေမှာပေါ့။ နေပါဦး ... နင်နဲ့သူနဲ့ စွပ်စွဲကြတယ်၊ ငြင်းကြတယ် ဆိုတာတောင် ဟုတ်မှဟုတ်ရဲ့လား။ ငါတစ်သက်လုံး တစ်စွန်းတစ်စမှကို မကြားဖူးခဲ့တဲ့ကိစ္စကို ခုမှ နင့်ပါးစပ်က ထွက်တော့မှပဲ ငြင်းတာတွေ စွပ်စွဲတာတွေဆိုတာ ကြားဖူးတော့တယ်။ သေချာပါတယ်။ ဒါကလေးတွေကိစ္စ ဖြစ်လာမှ နင်ထပြီး အကွက်ထွင်လိုက်တဲ့ ဇာတ်လမ်းကြီးပါ။ ကိုသူရိန်က နင့်ကို ငါနဲ့ပတ်သက်လို့သာ သိရတာ။ နင်တို့ချင်းက ကောင်းကောင်းတောင် သိခဲ့ကြတာမှ မဟုတ်တာ"

"အဲဒီကတည်းက နင့်ယောက်ျားက နင့်အပေါ်ဖုံးကွယ်မှုတွေရှိတယ်။ ဘာမှပြန်အသိမပေးထားဘူးဆိုတာ သေချာတာပဲ။ ငါနဲ့သူနဲ့ ကောင်းကောင်းသိတယ်။ သူနဲ့တင်မကသူတို့တစ်အုပ်လုံး ကိုအောင်လွင်တို့၊ ကိုသိန်းတင်တို့၊ ကိုဥက္ကာတို့အားလုံးနဲ့ပါ သိတယ်။ နင်မယုံရင် အဲဒီလူတွေကိုပါ အားလုံးလိုက်ရှာပြီး အခုပြန်မေးကြည့်လေ။ နင်

ယောကျ်ားသာမရှိတော့တာ။ သူတို့အားလုံးလည်း သေကုန်ကြပြီလို့ ငါ မကြားမိဘူး။ အဆက်အသွယ်သာ ပြတ်နေကြတာ။ ကမ္ဘာ့တစ်နေရာရာမှာတော့ တစ်ယောက်မဟုတ် တစ်ယောက် လက်ကျန်ရှိနေဦးမှာပဲ …

ခေါင်းကို အေးအေးထားပြီး စဉ်းစားစမ်းပါ။ နင့်ကို တောင်းရမ်းလက်ထပ်ယူတော့မယ် ယောကျ်ားဟာ ငါ့ကို မိန်းမတစ်ယောက်က ကလေးအဖေကိစ္စနဲ့ပတ်သက်ပြီး လာစွပ်စွဲဖူးပါတယ်လို့ ဖွင့်ပြောပြပါ့မလား။ နင်ပြောသလိုပဲ နင့်ယောကျ်ားဟာ မဟုတ်တာ မပြောဘူးဆိုတာ ဖြစ်ချင်ဖြစ်မှာပေါ့။ ဒါပေမဲ့ ဟုတ်တာတွေကိုလည်း ဘာမှ မပြောခဲ့ဘူးပဲ”

“နင်တို့မင်္ဂလာဆောင်တုန်းက ငါတို့လာတယ်လေ။ ငါ့ယောကျ်ားနဲ့ နင်နဲ့တွေ့ကြတာပဲ၊ နှုတ်ဆက်တာပဲ။ ငါ့ယောကျ်ားက အကယ်ဒမီရ မင်းသားလည်းမဟုတ်ဘူး။ သူ့မျက်နှာ တစ်ချက်မှ မပျက်ပါလား။ သူ့စိတ်ထဲနှလုံးသားထဲမှာကိုက သူ့ကိုယ်သူ အပြစ်မရှိတာ သေချာရှင်းလင်းနေလို့သာ မှန်ကန်တဲ့စိတ်ထားနဲ့ နင်တို့မင်္ဂလာဆောင်ကို တက်ရောက်ချီးမြှင့်တာပေါ့။ နင်နဲ့ပတ်သက်လို့မဟုတ်တာလုပ်ထားတဲ့သူဆိုရင် ‘ဟာ … မသွားချင်ပါဘူးကွာ’ လို့ အနည်းဆုံး တစ်ခွန်းလောက်တော့ ငါ့ကိုငြင်းခဲ့ရမယ်”

“အကယ်ဒမီမင်းသား မဟုတ်လည်း မျက်နှာပြောင်တိုက် အရေးမစိုက်တတ်တဲ့ လူမျိုးလည်း ဖြစ်ချင်ဖြစ်နေမှာပေါ့”



“ဒါဖြင့် နင်စွပ်စွဲတဲ့ဓာတ်လမ်းကို အဲဒီ သူ့သူငယ်ချင်းတွေ ကိုအောင်လွင်၊ ကိုသိန်းတင်၊ ကိုဥက္ကာ အားလုံးသိကြတယ်ပေါ့ … ဟုတ်လား။ အဲဒါ ငါ့စီနီယာတွေနော်။ နင်ပြောသလိုပဲ မတွေ့တာကြာပေမယ့် ကမ္ဘာခြားနေတာမှ မဟုတ်တာ … ငါ လိုက်စုံစမ်းလိုက်လို့ ရတယ်”

“သူ့သူငယ်ချင်းတွေပါ အကုန်သိ,မသိ ငါက ဘယ်လိုလုပ်သိမှာလဲ။ ရှင်တို့ ကျွန်မတို့အကြောင်းများ ကြားလိုက်ကြသေးလားလို့ ငါက လိုက်မေးမယ်များ ထင်နေတာလား။ သူ တာဝန်မယူတဲ့ကိစ္စကို အသိုင်းအဝိုင်းတစ်ခုလုံး မသိနိုင်အောင် နိုင်ငံခြားသွားတယ်ဆိုပြီး လူသူ မသိနိုင်တဲ့ တောရွာဇနပုဒ်ငယ်လေးတစ်ခုအထိ ထွက်ပြေးသွားလိုက်ရတာ အားလုံးနဲ့ အဆက်အသွယ် ပြတ်ကုန်တာပဲ”

“အဲဒါ ငါ တကယ်လိုက်မေး လိုက်စုံစမ်းနိုင်တယ်ဆိုတာ သိလို့ နင်လျှောချတာပေါ့”

“မဟုတ်ဘူး … အဲဒါဖြစ်ရပ်မှန်ပဲ၊ ဒါပေမဲ့ ငါ့စိတ်ထင် …”

“ပြောပါ … ဘာလို့ရပ်နေတာလဲ”

“ကိုအောင်လွင် တစ်ယောက်ကတော့ …”

“သူက နင့်ကို ဘာပြောလဲ”

“ ……… ”

“ဘာပြောလဲ … ပြောလေ၊ ပြောလေ။ နင် ဘာလို့ခဏ,ခဏ ရပ်ရပ်သွားပြီး တိတ်တိတ်နေတာလဲ။ ထွင်တုန်းကတော့

ထွင်ထားပြီး သက်သေသက္ခာရ ဖြစ်နေနိုင်တဲ့ လူတွေလည်း ပေါ်ပေါက်လာရော နင့်ဇာတ်ကို ယုတ္တိရှိရှိ ပိပိရိရိဖြစ်အောင် ရှေ့မဆက်တတ်တော့ဘူး မဟုတ်လား။ ကိုအောင်လွင်က ဘာတဲ့လဲ"

"ကိုအောင်လွင်က ငါနဲ့ နင့်ယောက်ျားနဲ့ စကားများငြင်းခုန်ကြတာကို သူ သိသွားပုံရတယ်။ ဟုတ်တယ် ... သူ သိတယ်။ အစွပ်အစွဲတွေ အငြင်းအခုန်တွေ တကယ်ဖြစ်ခဲ့ မဖြစ်ခဲ့ သေချာပေါက်သိချင်ရင် နင် သူ့ကိုလိုက်ရှာနိုင်တယ်။ သူ သိတယ်။ ပြီးတော့ သူတာဝန်ယူပေးပါ့မယ်လို့ ပြောခဲ့တယ်"

"ဟား ... ဒါဆို ရှင်းနေတာပဲ၊ သူနဲ့ပေါ့"

"သစ်သစ်စိမ်း ... နင် ပေါက်လွှတ်ပဲစားစကားမျိုး မပြောနဲ့ ..."

"နို့မို့ဖြင့် သူက ဘာကြောင့် တာဝန်ဝင်ယူချင်ရမှာလဲ"

"သူက ငါ့ကို အဲဒီအချိန်က ကြိုက်နေတာ၊ လိုက်နေတာကိုး။ ဒုက္ခရောက်နေတုန်း အချောင်ရမလားလို့ ထင်တာလည်း ဖြစ်နိုင်သလို၊ စေတနာမေတ္တာ ထားနိုင်ပါတယ်ဆိုပြီး သူ့ရဲကောင်း ဝင်လုပ်ချင်တာမျိုးလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"သူနဲ့ မဟုတ်တာတော့ ကျိန်းသေတယ်နော်"

"သစ်သစ်စိမ်း"



"နင်ပဲ ... နင်လည်း လူမှန်းမသိအောင် မူးနေတယ်လို့ ပြောခဲ့တယ်လေ၊ နင် လူမှားသွားတာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"ငါ လူမှန်းမသိချိန်မှာ အခွင့်ကောင်းယူပြီး စော်ကားသွားတဲ့အကောင်ကို အဲဒီအချိန်မှာသာ ငါ မသိရင်မသိမယ်။ လူမှန်းသိပြီး သတိရလာချိန်မှာတော့ ငါ့မျက်လုံးတွေလည်း မှိုမနေဘူး။ ပါတီပွဲလုပ်တဲ့အိမ်ရဲ့ အခန်းတစ်ခုထဲမှာ ငါတို့ ရှိနေကြတာ။ ငါ သတိရလာချိန်မှာ ငါ့အခန်းထဲက ထွက်သွားခဲ့တာ နင့်လူပဲ၊ တခြား ဘယ်သူမှ မဟုတ်ဘူး"

"အိမ် ! ပါတီပွဲလုပ်တဲ့အိမ်။ ပွဲရှင်က ဘယ်သူလဲ"

"ခင်မမနိုင်နဲ့ ရစ်ချတ်မြအောင်။ အိမ်က သူတို့ငှားလုပ်တာ။ သူတို့အိမ် မဟုတ်ဘူး။ အဲဒါကြောင့် အားလုံးပြန်သွားကြချိန်မှာ ကျန်ခဲ့တဲ့သူတွေ ကျန်နေခဲ့တာ သူတို့တောင် မသိဘူး။ ခင်မမနိုင်ကို ငါ တစ်ချိန်လုံး အစ်အောက်မေးမြန်းပြီးပြီ၊ သူ ဘာမှမသိဘူး။ ရစ်ချတ်မြအောင်ကတော့ သေပြီ"

"နင့်ဟာတွေက အပိတ်နဲ့အပိုင်ချည်းပဲ။ လူသေတွေနဲ့ချည်းဖွဲ့စည်းထားနိုင်တဲ့ ဇာတ်လမ်းပါလား"

"နင့်ကို ငါ တစ်ခွန်းပဲပြောမယ် သစ်သစ်စိမ်း။ ဒီကိစ္စမျိုးကို ငါလိုလူက မဟုတ်ဘဲနဲ့ ပြောပါ့မလား။ ငါ့မာန၊ ငါ့သိက္ခာကို လွှင့်ပစ်ထားရမယ့်ကိစ္စ။ မဟုတ်တာကို လုပ်ကြံပြောနိုင်ဖို့ စိတ်ကူးကို မရှိဘူး"

“ငါလိုလူလို့ ပြောရအောင် နင်က ဘယ်လိုလူမို့လဲ။ ဘာများတစ်တန်းတစ်စား သီးသန့်သတ်မှတ်လို့ရမှာမို့လဲ။ လူတိုင်း လျှာပါရင် လိမ်တတ်တာချည်းပဲ။ နင်က “ငါလိုလူ” ဆိုလို့ ငါကလည်း ပြန်ပြောရဦးမယ်။ နင်လိုလူကလား ‘ကိုသူရိန်’ဆိုတာသာ သေချာရင် သူကငြင်းတဲ့အခါ အသာလေး ငြိမ်ခံပြီး ကိုယ့်ကိစ္စကိုယ် ဝေးတစ်နေရာမှာ တိတ်တိတ်ကလေး သွားဖြေရှင်းမှာ ...

နင်တို့အသိုင်းအဝိုင်း ဘယ်လောက်ကြီးထားလိုက်သလဲ။ နင့်အဖေလား ဒီလိုလူမျိုးကို အလွတ်ပေးထားမှာ။ နင့်ကိစ္စကြီးကို နင့်မိဘတွေက ဘယ်သူလဲလို့ မေးကိုမေးမှာပဲ။ နင်က ‘သူရိန်’လို့ တစ်ခွန်းတည်းပဲဖြေ။ နင့်အဖေက ကိုသူရိန့်ကို နှစ်ခုပဲ ရွေးခိုင်းမှာ။ သူ့သမက်လုပ်မလား၊ သေမလားဆိုတာပဲ”

“အေး ... အဲဒါကြောင့်ပဲ ငါ့အဖေကို ငါက ဘယ်သူမှန်းမသိလိုက်ဘူးလို့ပဲ၊ ကိုယ်ပဲသေမတတ် အရိုက်အနှက်ခံပြီးဘူးခံငြင်းလိုက်တယ်။ နင်သိထားဖို့က သစ်သစ်စိမ်း။ ငါ့လိုလူက လိမ်ညာပြီး မဟုတ်တာတစ်ခုကိုလည်း လုပ်ကြံမပြောဘူး။ ကိုယ့်ကို ‘ငါ့ကိစ္စမဟုတ်ဘူး’လို့ ငြင်းလိုက်တဲ့ယောကျ်ားကိုလည်း တစ်သက်လုံး မယူနိုင်ဘူး။ သူ့ထက်သာတဲ့ နောက်ထပ်တစ်ယောက်ယောက်ကိုပဲ ခေါင်းခေါက်ယူချင်ယူမယ်။ သူ့ကိုတော့ သူကပြန်တောင်းပန်လာရင်တောင် ဘယ်နည်းနဲ့မှ ပြန်လက်မခံဘူး ...



နင်က နင့်ယောကျ်ားကိုကျတော့ မဟုတ်တာ ဘယ်တော့မှ မပြောဘူးလို့ ပြောတယ်။ ငါ့ကိုကျတော့ လျှာပါတဲ့လူတိုင်း လိမ်တတ်တယ်လို့ ပြောတယ်။ နင့်စကားတွေကိုက လူနှစ်ယောက်အပေါ်မှာ သဘောထားအမျိုးမျိုး ဖြစ်နေတာပဲ။ နင့်ရဲ့ပထမစကားကမှန်ရင် ငါလည်း မဟုတ်တာကို လုပ်ကြံမပြောတတ်တဲ့လူမျိုး ဖြစ်နေနိုင်တာ နင်လက်ခံရမယ်။ ဒုတိယစကားကသာ အမှန်ဖြစ်ချင်ရင်တော့ နင့်ယောကျ်ားလည်း လျှာပါတာပဲလေ၊ မဟုတ်ဘူးလား ...

ငါ သူ့ကို‘သေပါစေ’လို့ ဘယ်တုန်းကမှ မကျိန်တွယ်ခဲ့ပေမယ့် သူ့အသုဘကို တက်ရောက်ခွင့်ရလိုက်တာကိုတော့ ငါ ကျေနပ်တယ်။ အခေါင်းထဲက သူ့မျက်နှာကို ငုံ့ကြည့်ရတာလောက် စိတ်ချမ်းသာ ပျော်ရွှင်စရာကောင်းတာမရှိတော့ဘူး။ အဲဒီလောက်အထိ သူ့ကို ငါ မုန်းသွားတယ်။ နင့်ကိုလည်း ငါ မုန်းတယ်။ နင့်မှာ အပြစ်ရယ်လို့ မရှိပါဘူး။ နင်လည်း ဘာမှမသိလိုက်ရဘဲ လူယုတ်မာယောကျ်ားတစ်ယောက်ကို လက်ခံပေါင်းသင်းလိုက်ရတဲ့မိန်းမပဲ။ ဒါပေမဲ့ အပြစ်ရှိရှိ မရှိရှိ နင့်ကိုလည်း ငါမုန်းတယ် ...

ဒါပဲ သစ်သစ်စိမ်း။ ငါ့မှာတော့ ပြောစရာစကားကုန်ပြီ။ နင်မယုံကြည်ဘူး ဆိုရင်လည်း ကမ္ဘာပတ်ပြီးသာ စုံစမ်းပါ။ ဘယ်သူပဲ သေသွားသွား အမှန်တရားတစ်ခုဟာ

တစ်နေ့တော့ပေါ်မှာပဲ။ အဲဒါကိုမှ လက်မခံနိုင်ပါဘူးဆိုရင်လည်း နှင့်သမီးကို မိုးခြိမ်းနဲ့ အချိန်မရွေး ပေးစားလိုက်။ နှင်တို့က သာကီဝင်မင်းမျိုးတွေဆိုရင်ပေါ့လေ"

✣ ✧ ✣



ဆိုင်ထဲကို နှစ်ယောက်တွဲပြီး ဝင်လာသော သားအမိ နှစ်ယောက်ကိုမြင်လျှင် ဒေါ်မြင့်မြင့်သန်းက မေမေ့အနားသို့ ပြုံးပြုံးပျာပျာလေး ပြေးကပ်လာပြီး ...

"သစ်သစ်ရေ ... မြင့်မြင့်သန်းကတော့လေ သစ်သစ်ကို အားနာရတာတော့ ရှိတာပေါ့နော်။ ဒါပေမဲ့ အိမ်ကလူက လည်း မာမာကြင့်ယောကျ်ားနဲ့က မကင်းရာ မကင်းကြောင်း တွေ ဖြစ်နေကာဆိုတော့ ကိုယ့်အိမ်က ပွဲလုပ်တယ်ဆိုရင် မဖိတ်လို့ကလည်း မကောင်း။ ခုတလောမှာကလည်း မာမာကြင်ကလည်း ဘယ်သွားသွား၊ အဲဒီ သူ့အမျိုးဆိုတဲ့ ကလေးနဲ့ပဲ အတူတကွကြီး ဖြစ်နေတာဆိုတော့ ..."

"ကိစ္စမရှိပါဘူး မြင့်မြင့်သန်း။ သူသပ်သပ် ကိုယ်သပ်သပ် ပဲဟာ။ တစ်စားပွဲတည်းကြီး နေရာချပြီး စီစဉ်ပေးထားတာမှ မဟုတ်တာ။ ကိုယ်က ဘာမှအများလုပ်မထားတော့လည်း ကိုယ်ကတော့ နေတတ်တယ်။ ရတယ်။ ကိစ္စမရှိဘူး"

မေမေက ဒေါ်မြင့်မြင့်သန်း ပြန်ထွက်သွားသည်နှင့် ...

"မခေါ်နိုင် မပြောနိုင်စရာ မရှိဘူး ချာချာ။ သူတို့ဘက်က အေးဆေးဆိုရင် ကိုယ့်ဘက်ကလည်း အေးဆေးပဲ ပြန်နှုတ်ဆက်လို့ရတယ်။ ခေါ်ပြောလို့ရတယ်။ အလိုက်အထိုက်ပဲ ရှိပါစေ။ အားလုံးက ဝိုင်းအကဲခတ်နေကြမှာ"

မေမေတို့ရဲ့အသိုင်းအဝိုင်းထဲမှာတော့ "သစ်သစ်စိမ်းနဲ့ မာမာကြင်တို့ နောင်ဂျိန်ချကြသဟေ့"ဆိုတဲ့ သတင်းစကားက ပျံ့လွင့်ပြီး ဖြစ်နေပုံရပါသည်။ အဲဒါကြောင့်လည်း အန်တီမြင့်မြင့်သန်းက မေမေ့ကို လာပြေးတောင်းပန်ထားတာပေါ့။ ပြီးရင်တော့ ဟိုဘက်က ဒေါ်မာမာကြင်ကိုလည်း ဒီလိုပဲ သွားပြေးပြောထားလိမ့်မည်။ အကြောင်းအရာကိုတော့ တိတိကျကျ ဂဃနဏ သိချင်မှ သိကြမှာပေါ့။ မေမေ့ဘက်ကတော့ လုံးဝထုတ်ဖော်ပြောမှာ မဟုတ်သလို ဒေါ်မာမာကြင်ကလည်း ဘယ်လျှောက်ဖွင့်ပြောပါ့မလဲ။ ဘာကြောင့်ရယ်လို့ အတိအကျသိသူကတော့ ရှိမည်မထင်ပါ။

ဒါပေမဲ့ အန်တီမြင့်မြင့်သန်း လာတောင်းပန်တဲ့အထဲမှာ "ကိုခြိမ်းကလည်း ဒေါ်မာမာကြင်နဲ့ပါလာတာဆိုတော့"ဆိုတဲ့ သဘောကြီး ပါပါနေတာ။ မေမေဟာ ကိုခြိမ်းကို သမီးဖြစ်သူနဲ့ လိုက်လျောသဘောတူထားတယ်ဆိုတာလည်း ဒီအသိုင်းအဝိုင်း တစ်ခုလုံးက ကြိုသိနေတဲ့သဘောပေါ့။ ခုတော့ မေမေက ဒေါ်မာမာကြင်နဲ့ ပြဿနာတက်ရင် ကလေးတွေကိစ္စလည်း အလိုလိုနေရင်း ထိခိုက်မှုတွေရှိပြီလို့တွက်ပြီး ကိုခြိမ်းပါ ဒီပွဲထဲပါလာတဲ့ကိစ္စကို တောင်းပန်တာနဲ့ တူပါရဲ့။



အန်တီမြင့်မြင့်သန်းကတော့ ကိုခြိမ်းကို ဒေါ်မာမာကြင်ရဲ့အမျိုးဆိုပါလား။ အသိုင်းအဝိုင်းကြားထဲမှာ ဘယ်လိုပုံစံနဲ့ သူတို့ပေးသိထားကြသလဲ မသိပေ။

"ဟင် ... မေမေ၊ ချာချာတို့ကို တွေ့သွားပြီ"

"တွေ့ပစေလေ၊ ဘယ်လိုဖြစ်နေတာလဲ၊ ဣန္ဒြေမပျက်စေနဲ့လို့ ခုပဲ ပြောထားတယ်လေ"

"ဒါ ... ဒါပေမဲ့ ... သူ ... သူကလာတော့မှာ"

'ကျွတ် ! လာမှာပေါ့။ သူလာကို လာနှုတ်ဆက်မှာပဲဆိုတာ သူ့စိတ်ကို သိထားလို့ အေးအေးဆေးဆေး ပြန်ခေါ်ပြောနှုတ်ဆက်ပါလို့ မေမေက ပြောတာပေါ့။ ချာချာရယ် နင့်ရုပ်ကြီးကို သေတော့မယ့်ပုံကြီးလုပ်မထားပါနဲ့။ ငါစိတ်ညစ်လိုက်တာ ဟိုတစ်ယောက်က အေးဆေးပဲ၊ နင်က ပျာယာခတ်နေရင် ပတ်ဝန်းကျင်က ဘာပြောမလဲ"

"အဲဒါကြောင့် ချာချာမလိုက်ခဲ့ချင်ပါဘူးလို့ မေမေ့ကိုပြောသားပဲ"

"ဟဲ့ ... မရဘူးလို့ ငါပြောတယ်လေ။ ပြဿနာဖြစ်ကြတယ်လို့ ကြားကြပြီး သူတို့ကျတော့ လူမြင်ကွင်းတွေထဲတတွဲတွဲနဲ့။ ညည်းကတော့ ကွက်ပြီးပျောက်နေလို့ ဖြစ်ပါ့မလား။ တမင်ကို ခေါ်လာတာ။ အေးဆေးနေ"

ချာချာနဲ့မေမေတို့ အကြောက်အကန်တွေ ဖြစ်နေကြစဉ်မှာ ကိုခြိမ်းက သူ့အမေသူ တစ်ခုခုကို ကပ်ပြောလိုက်ပြီး သူတို့စားပွဲကနေ ချာချာတို့ဝိုင်းဘက်သို့ လျှောက်လှမ်းလာနေပါ

ပြီ။ ဘောင်းဘီအိတ်ထဲ လက်တစ်ဖက်ကို နိုက်ထည့်ထားပြီး ကျန်တဲ့လက်နဲ့ ဆံပင်ကို သပ်တင်လိုက်ဟန်က ကြည့်ကောင်းရ လွန်းလို့ တကယ့်ကို ရင်သပ်ရှုမော။

မတွေ့ဖြစ်ကြတဲ့ အတော်ကလေးကြာသွားတဲ့ ကာလအတွင်းမှာ သူ ဘာတွေပြောင်းလဲသွားသလဲ ချာချာက အပြင်းအထန် ဖွေရှာကြည့်ပါသည်။ ကိုယ်ကတော့ မျက်လုံးတစ်ဝိုက်မှာလည်း တောခွေးမလိုလို အနက်ကွင်းကြီးတွေထ။ ပါးပြင်နှစ်ဖက်ကလည်း သွားမရှိတဲ့ အသက်(၈၀)ကျော်အဘွားကြီးတွေလို ပောက်ပက်ခွက်ကျ။ လူတစ်ကိုယ်လုံးကလည်းပဲ လည်ပင်းရိုးကြီး ရှေ့ငေါထွက်လာတာတောင်မှ သိသာစွာ ပေါပေါလွှင်လွှင်ကြီး ချုံးချုံးကျ။ ကိုယ့်ကိုယ်ကိုယ် တော်တော်သရုပ်ပျက်ပျက်ဆုတ်ဆုတ်ယုတ်ယုတ် ဖြစ်သွားမှန်း အများလည်းသိ၊ ကိုယ်လည်းအသိမို့ သူလည်း ဘယ်နှယ်ရှိနေမလဲ ပြန်သိချင်တာပေါ့။

ဘာမှလဲ မဖြစ်ပါလား။ ကိုယ့်မှာတော့ ရှက်တာရော၊ အံ့သြထိတ်လန့်တာရော။ မယုံကြည်နိုင်စွာ လက်မခံလိုတာရော၊ ဘာရော၊ ညာရော အားလုံးစုပေါင်းကာ သေလုအောင် ခံစားလိုက်ရချိန်မှာ သူ့ကျတော့ ဘာမှမဖြစ်ဘူးလား။ ယောကျ်ားလေးမို့ပဲ တည်ငြိမ်နိုင်တာလား။ စိတ်ခံစားချက်နဲ့ ရုပ်ခန္ဓာ တိုက်ရိုက်အချိုးမကျအောင် ထိန်းထားနိုင်တာလား။ သူကတော့ ဘာမှမပြောင်းမလဲ ကြည့်ကောင်းနေဆဲဆိုတော့ အင်မတန်ခံစားထိနိုက်လွယ်သည့် ကိုယ့်ကိုယ်ကိုယ်ပဲ ဒေါသပဲထွက်ရမလိုလို။ ကိုယ့်ရုပ်ကြီးမြင်ပြီး ကိုယ့်ခံစားချက် သူရိပ်မိသွားမှာကိုပဲ ရှက်ရတော့မလိုလို။



"မေမေ … တွေ့ရတာ ဝမ်းသာလိုက်တာ။ နေကောင်းတယ်နော်။ ညီမလေးကော နေကောင်းရဲ့လား"

ချာချာက မေမေ့ကိုပဲ မျက်ရည်ဝဲတဲ့မျက်လုံးရွှဲကြီးများနှင့် မော့ကြည့်လိုက်ပါသည်။ ခါတိုင်းလည်း သူဟာ ချာချာကို 'ချာချာ'တစ်လှည့်၊ 'ညီမ'လို့တစ်မျိုး အမျိုးမျိုးခေါ်တတ်တာပါပဲ။ ဒါပေမဲ့ ဒီတစ်ခါ 'ညီမလေး'လို့ ခေါ်လိုက်တဲ့ ခေါ်ပုံကတော့ဖြင့် စီးစီးပိုင်ပိုင် နှစ်နှစ်ကာကာနဲ့။ ချာချာ့ရင်ထဲ ကန္တာရဆူးလှည်းတစ်စီးတိုက်စာလောက် အထိနာသွားစေသည်။

"မိုးခြိမ်းရေ … သားနဲ့အန်တီတို့ကြားမှာ အခေါ်အဝေါ်လေးတွေ တစ်ချက်ပြန်ဆင်ခြင်လိုက်ကြရအောင်။ အရင်ကလည်း မိခင်ကဲ့သို့ သဘောထားလို့၊ ညီမကဲ့သို့ ခင်မင်လို့ ဒီလိုခေါ်ဝေါ်ပြောဆိုခဲ့တယ်ဆိုတာ သိပါတယ်။ ဒါပေမဲ့ ဒီလူချင်းတွေကြားမှာ ဒါက အကြောင်းမဟုတ်ခဲ့ဘူး။ ခုဟာကတော့ အဲဒီအခေါ်အဝေါက အကြောင်းဖြစ်လာပြီ။ ဆင်ခြင်ပါ သား၊ အန်တီတို့ မကြားချင်ဘူး —

အန်တီကလည်း အန်တို့ကိုယ်အန်တီ မင်းရဲ့မိထွေးအဖြစ် မသတ်မှတ်ဘူး။ ချာချာကလည်း မင်းရဲ့ညီမတစ်ယောက် မဟုတ်ဘူး။ ဒီတော့ မိုးခြိမ်းအနေနဲ့ အခင်မင်မပျက် ပတ်သက်ဆက်ဆံချင်တာကို အန်တီတို့ဘက်က သဘောထားမကြီးနိုင်စရာ ဘာမှမရှိဘူး။ ဒါပေမဲ့ အခေါ်အဝေါ်လေးကတော့ နည်းနည်းအရေးကြီးမယ်"

စကားကို အေးအေးချိုချိုကလေးနဲ့ တိခနဲပြတ်နေအောင် ပြောတတ်တဲ့ ဒေါ်သစ်သစ်စိမ်းကို ခြိမ်းက ခပ်ဖြိုဖြိုနှင့် မျက်နှာချိုလေးသွေးကာ ရယ်ပြလိုက်ပါသည်။ ဒီကိစ္စကို မေမေ ဒေါ်သစ်သစ်စိမ်းက ပြီးပြီးရောလို့ မထား။ "လုံးဝမဟုတ်ဘူး" ဆိုတာကို သက်သေပြနိုင်ဖို့အတွက် အပြင်းအထန် လှုပ်ရှားလိုက်စုံစမ်းနေတာ ခြိမ်းတို့ဘက်က သိပါသည်။ (......)မြို့မှာ တိုင်းဆရာဝန်ကြီးအဖြစ် တာဝန်ကျနေတဲ့ ဒေါက်တာဥက္ကာဆိုသူနှင့် မေမေတို့ တွေ့ဖြစ်ပြီးကြပြီ။ ဒေါက်တာဥက္ကာက "အဲဒီအချိန်လောက်တုန်းက ကိုသူရိန်နဲ့ မာမာကြင်တို့ ပြဿနာတစ်ခုခုတော့ တက်လိုက်ကြတာ သူ သိတယ်၊ ဘာပြဿနာလဲသာ မသိတာ" ဟုပြန်ပြောလိုက်ကြောင်းကိုလည်း ခြိမ်းတို့က သိပြီးပါပြီ။

မာမီပြောတဲ့ ပြဿနာဖြစ်ကြတယ်ဆိုတဲ့ တစ်ချက်ကတော့ မှန်နေပြီမို့ မေမေကတော့ စိတ်ထဲတစ်မျိုးတော့ ဖြစ်မှာပဲလို့ ထင်ခဲ့မိပေမယ့် ခုပုံစံကတော့ "မဖြစ်နိုင်ဘူး" ဆိုတဲ့ဘက်ကိုသာ မမှိတ်မသုန်နှင့် ဆက်လက်ယုံကြည်နေပုံပင်။

"ကျွန်တော့်ကုသိုလ်ကံကလည်း ထူးတော့ ထူးဆန်းတယ်။ ကျွန်တော်နဲ့ တော်စပ်ပတ်သက်တယ်လို့ ပြောလိုက်တဲ့လူတိုင်းဆီက ခါးခါးသီးသီးနဲ့ အပြင်းအထန် ပြန်ငြင်းဆန်ကြတဲ့ တုံ့ပြန်မှုမျိုးကိုပဲ ဆက်တိုက်ရင်ဆိုင်နေရတာ"

"မင်းအမေကတော့ သူ့နာမည်တို့၊ အရှက်သိက္ခာတို့ကို ကာကွယ်ချင်လို့ ဟုတ်ကိုဟုတ်နေတာကြီးတစ်ခုကို မျက်နှာပြောင်တိုက်၊ မျက်စိစုံမှိတ်ငြင်းပစ်လိုက်ချင်တာမျိုး ဖြစ်မှာ



ပေါ့။ တို့တွေကတော့ ဟုတ်မှမဟုတ်တာတစ်ခုကို မဟုတ်ကြောင်းပြဖို့အတွက် ဘာကိုမှငဲ့ကွက်နေစရာ မလိုဘူးလေ ...

မင်းကို ငြင်းပစ်ကြတာချင်းသာ တူရင်တူမယ်။ အခြေခံအကြောင်းရင်းကတော့ မတူတဲ့အတွက် ဟုတ်ဟုတ်ကြီးနဲ့ ခံငြင်းချင်နေတဲ့ လူမျိုးကသာ နောင်တစ်နေ့မှာ အမှန်တရားကို မလွန်ဆန်နိုင်ဘဲ ပြန်လက်သင့်ခံလိုက်ရတာမျိုးရှိမယ်။ တို့တွေကကျတော့ ဒီကိစ္စကို ဘယ်သောအခါမှ 'ဟုတ်ပါပြီ' ရယ်လို့ လက်ခံလာစရာအကြောင်းမရှိတော့ဘူး။ အဲဒီလို မျှော်လင့်နေရင်တော့ မောရုံပဲရှိမယ်။ အဲဒီလိုမျှော်လင့်ပြီး အဆက်အဆံမပျက် ပတ်သက်နေသေးချင်တာ ဆိုရင်တော့ လက်လျှော့လိုက်တော့သား။ အပိုပဲ"

မေမေ့ကိုတော့ ခြိမ်းက ယှဉ်ပြီးစကားနိုင်ထိုးနိုင်မှာ ဟုတ်ပါ။ အသားတွေလည်းညို၊ ပါးရိုးတွေလည်းကျ၊ လူတစ်ကိုယ်လုံးလည်း သွယ်လျနေတဲ့ ချာချာကိုသာ ကရုဏာမကင်းတဲ့ အကြည့်နဲ့ ကြည့်လိုက်မိရင်း ...

"ချာချာ ပိန်သွားတယ်"

"မင်းတို့ကြောင့်ပဲ မိုးခြိမ်းရေ။ အန်တီကတော့ ပွင့်ပွင့်လင်းလင်းပဲ ပြောတတ်တယ်။ ချာချာက စိတ်မထိန်းနိုင်ဘူး။ မင်းတို့ဘက်က ပြောလာတာတွေကို စိတ်ထိခိုက် ခံစားရလွန်းလို့ အိပ်ရာထဲကို လဲသွားတာ။ ပုံစံသာကြည့်တော့။ ပြဿနာရယ်လို့ ဖြစ်လိုက်ကြတာလည်း လူတွေက ဘယ်

လိုကဘယ်လို သိကုန်ကြတယ် မပြောနိုင်တော့ လူမြင်ကွင်းထဲက ခပ်ကြာကြာပျောက်နေရင်ပဲ လူတွေက သို့လောဤလော ပြောကြဦးမယ်။ အဲဒါကြောင့် ဘာရုပ်ပေါက်နေနေ တမင်ဆွဲထုတ်လာတာ။ သူလည်း အဲဒီကိစ္စကို လက်မခံဘူး။ အဲဒီတော့ နေမကောင်းတဲ့ရုပ် ပေါက်နေတာကို သိရင် သူ စိတ်မကောင်းစေမယ့် အပြုအမူ အပြောအဆိုမျိုးတွေကို ရှောင်ကြဉ်ပေးပါ"

ချာချာတော့ ဘယ်လိုမှ အသံထွက်နိုင်မှာ မဟုတ်တော့တာ အကြောင်းသိမို့ မေမေကချည်း ဒိုင်ခံပြောပေးနေပါသည်။ ချာချာကတော့ ချာချာနဲ့မျက်လုံးချင်းဆိုင်ကြည့်ချင်ဟန်တူသည့် ကိုခြိမ်းကို တမင်ပဲ အကြည့်လွှဲထားသည်။ မဆိုင်ရဲပါဘူး။ မျက်ရည်တွေလည်း ဝေါခနဲ သွန်ကျလာနိုင်သလို ချာချာ့ရဲ့ ခေါင်းထဲ တစ်ခုခုရောက်လာရင် ငရဲကြီးမှာလည်း ကြောက်သည်။

မေမေကသာ ချာချာလည်း လက်မခံဘူးလို့ ပြောနေပေမယ့် ချာချာကား ကိုခြိမ်းက ကိုယ့်အစ်ကိုဆိုတဲ့ကိစ္စကို လက်ခံယုံကြည်တယ်လည်း မဟုတ်။ လုံးဝမဖြစ်ဘူးလို့ မေမေ့လို ပိုင်ပိုင်နိုင်နိုင်ကြီးလည်း တစ်ထစ်ချ မပြင်းထန်ရဲပါ။ ဘယ်လိုနည်းနဲ့မှ မဖြစ်စေချင်ပေမယ့် "တော်ကြာကျ တကယ်ပဲဟုတ်နေရင် ဘယ့်နှယ့်လုပ်ပါ့မလဲ" ဆိုတဲ့ အတွေးက ချာချာ့ကို ဖိစီးထားသည်။

"သွေးကစကားပြောတယ်" ဆိုတဲ့ စကားကတော့ လူတိုင်းပြောဆိုနေတတ်ကြတာပဲ။ ဒါပေမဲ့ အဲဒီခံစားချက်က



ဘယ်လိုလဲ။ ဘယ်နည်းနဲ့ သိရမှာလဲ ဆိုတာ ချာချာက နားမလည်ပါ။ ကိုခြိမ်းအပေါ် ချစ်ခင်တွယ်တာမှုကတော့ (ဘယ်လိုပင်စိတ်ထိန်း ခေါင်းခါယမ်းပစ်လည်း) တစ်ပြားသားမှ မလျော့တဲ့ကြားက အဲဒီသံယောဇဉ်ချစ်ခြင်းတရားတွေဟာ ဟိုးအရင်ကတည်းကရှိပြီးခဲ့တဲ့ (၁၅၀၀)ပိုစ်တွေလား။ ခုမှ သွေးက စကားထပြောပြီး ပြောင်းလဲဖြစ်ပေါ်လာတဲ့ (၅၂၈)အသွင်သဏ္ဌာန်လား။ ချာချာက ဘယ်လိုလုပ်ပြီး ခွဲခြားသိနိုင်မှာတဲ့လဲ။ ချာချာက နံ့ဂိုတည်းကိုက မေမေ့လို ထက်ထက်မြက်မြက် ဉာဏ်သွက်သွက်ထဲကမှ မဟုတ်ဘူး။ ညံ့ပါတယ်ဆိုမှ။

"မေ ... အဲ ... အန်တီ ဒေါက်တာဥက္ကာနဲ့တော့ တွေ့ပြီးကြပြီ ကြားပါတယ်"

"ဟုတ်တယ်လေ။ သူက အဲဒီပါတီပွဲကို မသွားခဲ့ဘူးတဲ့။ ပါတီပွဲပြီးလို့ နှစ်လလောက်အကြာမှာ ကိုသူရိန်နဲ့ မာမာကြင်တို့ အကြောင်းတစ်ခုခုနဲ့စကားများကြတယ်။ ဘာအကြောင်းလဲတော့ သူလည်းမသိပေမယ့် ပြဿနာဖြစ်ဖူးကြတာတော့ အမှန်ပဲတဲ့ သူကပြောတယ်။ ဒါပေမဲ့ ပြဿနာဖြစ်ဖူးတယ်ဆိုတိုင်းလည်း မင်းရဲ့အဖေဟာ ဒေါက်တာသူရိန်ပါပဲလို့ တန်းလက်ခံလိုက်နိုင်စရာ မရှိပါဘူး။ တခြားတစ်ကိစ္စနဲ့ ပြဿနာတက်ကြတာလည်း ဖြစ်နိုင်သလို အဲဒီကိစ္စကြောင့်ပဲ ပြဿနာဖြစ်ခဲ့ကြတာပဲ ထားပါဦး။ သူ မဟုတ်လို့မဟုတ်ကြောင်း ခိုင်ခိုင်ရင်း ပြဿနာတက်တာလည်း ဖြစ်နိုင်တာပဲ"

"ဟုတ်ပါတယ်။ ဒါကတော့ ဟုတ်ပါတယ်"

"ဟုတ်ရမှာပေါ့။ မင်းတို့ မသိသေးရင်တောင် ထပ်ပြောလိုက်ဦးမယ်။ ဒေါက်တာဥက္ကာနဲ့တင်မကဘူး။ ဒေါက်တာသိန်းတင့်နဲ့ပါ အိမ်မေးလ်တွေ အပြန်အလှန်ရပြီးထားကြပြီ။ သူက ခု ကနေဒါမှာ။ သူကတော့ အဲဒီပွဲကိုသွားခဲ့တယ်။ ဒါပေမဲ့ စောပြန်ခဲ့တယ်။ သူပြန်တဲ့အချိန်မှာ မာမာကြင့်ကိုလည်း မတွေ့မိဘူး။ ဒီပြင်သူငယ်ချင်းတွေကိုလည်း ဘယ်သူဘယ်မှာရှိမှန်း သတိမထားမိဘူးလို့ သူက ပြောတယ် ...

ဒါပေမဲ့ သူနဲ့ ကိုသူရိန်နဲ့က ပွဲပြီးတဲ့နောက်တစ်နေ့မှာပဲ တွေ့ဖြစ်ကြတယ်။ ကိုသူရိန် အဲဒီအိမ်မှာ တစ်ညအိပ်ပြီးကျန်ခဲ့တယ် ဆိုတာလည်း အမှန်ပဲတဲ့။ ကိုသူရိန်ကိုယ်တိုင် အဲဒီအကြောင်းတွေ သူ့ကိုပြန်ပြောပြတာတဲ့"

ခြိမ်းက ဒေါ်သစ်သစ်စိမ်းရဲ့မျက်လုံးထဲကို ခပ်ကြာကြာ ရင်ဆိုင်ကြည့်လိုက်လျှင် ဒေါ်သစ်သစ်စိမ်းက "နေဦး"ဟု မာမာတင်းတင်းပင် အော်ဟစ်လိုက်ပါသည်။

"သူက တိတိကျကျပြောတယ်။ ပါတီပွဲရှိတဲ့အိမ်မှာမူးပြီး ညအိပ်ကျန်ခဲ့တယ်ဆိုတော့ အင်မတန် စည်းကမ်းကြီးတဲ့ သစ်သစ်စိမ်း ပြန်ကြားသွားရင် မင်း ဒုက္ခရောက်နေပါ့မယ်။ အဖြေမရသေးခင် တန်းပြတ်သွားဦးမယ်။ ညက ဘာတွေဘယ်လိုဖြစ်ခဲ့တယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ်သေချာသိရဲ့လား။ မဟုတ်ကဟုတ်က သတင်းအစအနထွက်မယ့် တစ်ခုခုများရှိရင် ကြိုတင်ပြီး မရမက လိုက်ပိတ်ထားမှနော်လို့ သူကိုယ်တိုင်သတိပေးခဲ့ဖူးသေးတာတဲ့ ...



ကိုသူရိန်က လုံးမှန်းမသိအောင်မူးတာလည်း မဟုတ်ဘူး။ မူးနေလို့ တစ်ခုခုဖြစ်စရာ ဘာအကြောင်းမှလဲ မရှိဘူး။ သူ့ကို အိမ်ပြန်ပို့ပေးနိုင်မယ့်လူကို ရှာမတွေ့တော့လို့ သူကိုယ်တိုင် ကားမောင်းပြီး ပြန်သွားရင် အန္တရာယ်များမှာစိုးပြီး ကြုံရာအခန်းလွတ်တစ်ခုထဲ ထိုးဝင်အိပ်နေလိုက်တာပဲရှိတယ်။ ဘာဖြစ်ခဲ့မှန်းလဲ အကုန်သိတယ်။ လိုက်ပိတ်ဆို့လောက်စရာ ဘာသတင်းမှမရှိဘူး။ ဒါပေမဲ့ အဖြေတောင်မရသေးတဲ့ မိန်းကလေးတစ်ယောက်ကိုတော့ 'ငါညကမူးသွားလို့ အိမ်မပြန်နိုင်ဘဲ ပါတီပွဲလုပ်တဲ့အိမ်မှာပဲ ညအိပ်လိုက်မိပါတယ်ကွာ'လို့ ပဏာယူပြီး သွားပြောဝန်ခံနေစရာလည်း မလိုပါဘူးလို့ပဲ ပြန်ပြောခဲ့တယ်တဲ့ ...

အခန်းလွတ်တစ်ခုထဲမှာ သူ ဝင်အိပ်လိုက်တယ်။ မနက်ကျတော့ ထပြန်လာခဲ့တယ်။ ဒါပဲအဖြစ်ကလေးက။ မာမာကြင် ပြောခဲ့သလို သူ မနက်ကျ ထပြန်တော့ အခန်းထဲမှာ မိန်းကလေးတစ်ယောက် ရှိနေတယ်ကွာ ဆိုတာမျိုး တစ်လုံးမှမပါဘူးတဲ့ ...

မင်း တစ်ခုသိထားရမှာက ကိုသူရိန်က လုံးဝမလိမ်တတ်ဘူး မိုးခြိမ်း။ ပြီးတော့ မဟုတ်တာ လုံးဝမလုပ်တဲ့သူဆိုတော့ မဟုတ်ကဟုတ်က တစ်ခုခုနဲ့ သူများလုပ်လို့ သူ့ကိုအမှုပတ်လာတာမျိုး ရှိခဲ့ရင်လည်း အရမ်းကြောက်တတ်တယ်။ ဟန်ဆောင်ထားလို့ကို မရနိုင်ဘူး။ ကိုသိန်းတင်နဲ့ တွေ့ဖြစ်ကြတာကလည်း နောက်တစ်နေ့မနက်မှာတင်

ဆိုတော့ တစ်ခုခုဆိုရင် ကိုသိန်းတင်ကိုပဲ ဖမ်းဆရာတင်ပစ်ပြီး ကယ်ပါဦး။ ကူပါဦးတွေ ဖြစ်ကိုဖြစ်နေမယ့်သူ။ ကိုသိန်းတင်က အတိအကျ နိုင်နိုင်မာမာကို ပြောတယ်။ လုံးဝမဖြစ်နိုင်ဘူးတဲ့။ သူကတော့ မာမာကြင်နဲ့ ကိုသူရိန် နောက်ပိုင်းမှာ ပြဿနာတက်ကြတယ်ဆိုတာကို မသိလိုက်ဘူးတဲ့"

"ဟုတ်ကဲ့ ... ကျွန်တော်ကလည်း ဖြစ်ကိုဖြစ်ရမယ်လို့တော့ မဟုတ်ဘူးပေါ့နော်။ ဒါပေမဲ့ အဲဒီ ဦးသိန်းတင်ကတော့ အဓိကကာယကံရှင်တစ်ယောက်ယောက် မဟုတ်ဘဲ ဘေးလူတော့ ဖြစ်နေပါတယ် အန်တီ။ ဘေးလူတစ်ယောက်ရဲ့ စကားကိုပဲ အတည်ယူရမယ် ဆိုတာလည်း သိပ်တော့ သဘာဝမကျပါဘူး။ လူဆိုတော့လည်း Bias (ဘက်လိုက်ခြင်း)မကင်းနိုင်သလို အထင်ကို အမြင်လုပ်မိတာမျိုးတွေလည်း ပါနိုင်ပါသေးတယ်"

"မှန်တယ်။ တို့ကလည်း ကိုသိန်းတင်ရဲ့အပြောနဲ့တင် ကိစ္စအားလုံး ဖြေရှင်းနိုင်သွားပြီလို့ မပြောလိုပါဘူး။ သူတို့ တွဲခဲ့ကြတဲ့အထဲမှာ ကိုအောင်လွင်ဆိုတာ တစ်ယောက်ကျန်သေးတယ်။ အဲဒီတစ်ယောက်က ကိုဥက္ကာတို့၊ ကိုသိန်းတင်တို့ထက် ဒီကိစ္စကို ပိုသိနိုင်မယ်လို့ ထင်တယ်။ ဘာလို့လဲဆိုတော့ ကိုသူရိန်နဲ့ မာမာကြင်တို့ စကားများကြတဲ့အကြောင်းကို အကြောင်းအရာနဲ့တကွ သိနေတဲ့သူမို့ပဲ။ ပြီးတော့ မာမာကြင့်ကိုလည်း ချစ်ခွင့်ပန်ထားဖူးတဲ့သူ၊ ဒီ



ကိစ္စမျိုး ဖြစ်မှန်းသိတော့လည်း လက်ထပ်ခွင့်တောင်းခဲ့တဲ့သူတဲ့။ သူက ပိုသိနိုင်တယ် ...

ဒါပေမဲ့ သူနဲ့က ခုထိ အဆက်အသွယ် မရသေးဘူး။ သူနဲ့က တို့တွေ လက်မထပ်ကြခင်ကတည်းက ကွဲသွားခဲ့ကြတာ။ မြန်မာပြည်ထဲက တစ်နေရာရာမှာ တာဝန်ကျနေသလား။ နိုင်ငံရပ်ခြားမှာပဲလားတောင် တို့ မသိဘူး။ ကိုဥက္ကာတို့ ကိုသိန်းတင်တို့လည်း မသိကြဘူး ဖြစ်နေတယ်။ ကိစ္စမရှိဘူး။ မရ,ရအောင် တို့ဆက်စုံစမ်းမှာပါ။ ဘယ်လောက်ပဲကြာကြာ၊ ဒီကိစ္စကို မရပ်ဘူး။ လက်မလျှော့လိုက်ပါဘူး မိုးခြိမ်း။ တစ်နေ့နေ့မှာတော့ အဖြစ်မှန်ကို ဖော်ကိုဖော်ထုတ်ပြမယ်"

ခြိမ်းက မေမေ ဒေါ်သစ်သစ်စိမ်းကို လေးစားအားကျစွာ ငေးကြည့်နေမိပါသည်။ ဦးသူရိန်ဟာ လောကကြီးထဲကနေ စောစီးစွာ ထွက်ခွာသွားခဲ့ရပေမယ့် တကယ်တော့ ကံကောင်းတဲ့သူလို့ ပြောရင်လည်း ရနိုင်သည်။ ဒီလောက်တော်၊ ဒီလောက်ထက်မြက်နေတဲ့ မိန်းမတစ်ယောက်ထံက အပြည့်အဝ ယုံကြည်မှုမျိုးကို တော်ရုံယောကျ်ားမျိုး ရနိုင်ကြမည်မထင်ပေ။

စိတ်အားထက်သန်လှတဲ့ မေမေ့ရဲ့အမူအရာတွေကို မြင်နေရတော့ (ကရုဏာသက်စရာကောင်းတဲ့ မာမိုကိုတောင်မှ ကာပြန်သစ္စာဖောက်ရာကျပေမယ့်) "မေမေ့ရဲ့ယုံကြည်ချက်တွေ ဆက်မှန်နေနိုင်ပါစေ"ဟု ဆုတောင်းပေးလိုက်ချင်စိတ်တောင်ပေါက်ပါသည်။ အဲဒီလောက်အထိ ပြင်းထန်လှတဲ့ ယုံကြည်မှုမျိုးဟာ

အပြီးသတ်ကျလို့ "အမှားကြီး" ဆိုတာ သိလိုက်ရရင် မေမေတော့ တော်တော့ကို အဖြစ်ဆိုးသွားမည်။ ခံနိုင်ရည်မှ ရှိနိုင်ပါတော့မလား။

ခြိမ်းရဲ့စိတ်ထဲမှာ ဦးသူရိန်ဆိုတဲ့လူကို ကိုယ့်ရဲ့ဖခင်တစ်ယောက် တကယ်ပဲ ဖြစ်လိုက်ချင်သလား။ မဖြစ်ချင်ဘူးလား။ ထွေထွေပြားပြား ရှိလှပါသည်။ "မဟုတ်ဘူး" ဆိုရင် မာမီ့အဖြစ်က ဒီ့ထက်ပိုဆိုးသွားမည်။ သူ့ဘယ်သူက စော်ကားလို့ စော်ကားသွားမှန်းတောင် မသိလိုက်ဘဲ လက်ညှိုးထိုးပြစရာ ကလေးအဖေတစ်ယောက် တိတိကျကျ မရှိနိုင်တော့တဲ့ကိစ္စဟာ မိန်းမတစ်ယောက်အတွက် ဘယ်လောက်ဆိုးထားလိုက်သလဲ။

"ဟုတ်ပြီ" ဆိုရင်တော့ စိတ်ဆောင်ပြီး အားတက်သရောတွေ ပြင်းထန်နေသည့် မေမေလည်း မုံးမုံးကိုလဲသွားမှာ။ ချာချာကလေးကတော့ ဟုတ်ဟုတ် မဟုတ်ဟုတ် ဘာကိုပဲဖြစ်ဖြစ် ခံစားပစ်မည်ဆိုတဲ့ပုံပဲ ပေါက်နေသည်။ အရမ်းသနားစရာကောင်းတဲ့ ကလေးမလေးပါ။ ငြိမ်သက်နေတဲ့ သူ့ဘဝလေးထဲ ခြိမ်းတစ်ယောက် ဝင်ရောက်လာတာနဲ့တင် သူ့မှာ သွက်သွက်ခါ လှုပ်ရှားပြောင်းလဲသွားရတာ။ သူ့ခမျာ သူလေးစား စံထားရမယ့် သွားလေသူ ဖခင်အပေါ်မှာပဲ စိတ်ထားပြောင်းရတော့မလိုလို။ သူစိမ်းတစ်ရံစာအချစ်မျိုးနဲ့ တွယ်တာမိတော့မလိုလို၊ ယောကျာ်းသားတစ်ယောက်အပေါ်မှာရော ရတ်ခြည်း "ဖြူစင်ပါပြီ" လို့ လုပ်လိုက်လို့ ရပါ့မလား။

"နောက်တစ်ခု ရှိသေးတယ် မိုးခြိမ်း။ အဲဒါကတော့ 'သွား' ပဲ"



"ခင်ဗျာ ... သွား ! "

"သူ့သားဆုံးတော့ တို့ယောက္ခမဆီမှာ 'ကြီးသွားအံဆုံး' တစ်ခု ကျန်ခဲ့တယ်လို့ တို့သိရတယ်။ တို့အင်္ဂလန်ရောက်နေတုန်း သူ အံဆုံးပေါက်တာ ကန့်လန့်ကြီးမို့ ခွဲပြီးနုတ်ပစ်ခဲ့တာကစလို့ သူ့မှာဆုံးပါးတဲ့ အထိကိုဖြစ်ခဲ့ရတာ။ ဆရာဝန်တစ်ယောက်ဖြစ်နေပြီး သွားနုတ်လို့ဆုံးရတယ်ဆိုတာ လူကြားလို့တောင် မကောင်းပေမယ့် ဒါကအဖြစ်မှန်ပါ ...

သူ့မှာ တော်ရုံနဲ့သွေးမတိတ်နိုင်တဲ့ရောဂါ ရှိနေတယ်။ သွားခွဲရာက Infection ဝင်တယ်။ Patient ရော၊ Dental Surgeon ပါ Carless Mistake လို့ ပြောနိုင်ပေမယ့် တကယ်တော့ ကံစီမံတာလည်း ပါပါတယ်။ သူ့ကံက အဲဒီလောက်ပဲ ပါရှာတာကိုး။ အဲဒီအံဆုံးသွားက အမှတ်တရအဖြစ် ကျန်ခဲ့တယ်"

ချာချာရော ကိုခြိမ်းပါ မေမေ့ကို အထူးတဆန်း စိတ်ဝင်တစား စိုက်ကြည့်နေကြသည်။ ချာချာ့ကို မေမေက အဲဒီအကြောင်းကို မပြောပြဖူးသေး။ မေမေက အဓိပ္ပာယ်မရှိတာမျိုးကို ဘယ်တော့မှပြောမယ့် လုပ်မယ့်သူ မဟုတ်တာမို့ မေမေ ဘာကို ဆိုလိုနေတာပါလိမ့်။ အဲဒီ "သွား" ဆိုတာက ဘာလုပ်ရမှာပါလိမ့်။

"တို့ယောက္ခမကြီးက သူ့သားဆုံးပါးရတဲ့ တရားခံအဖြစ် အဲဒီသွားကို ယူကျုံးမရစွာနဲ့ ကျုတ်တစ်ခုနဲ့ ထည့်သိမ်းထားတယ်။ အမှတ်တရအဖြစ် တစ်ခုခုကလည်း ကျန်ရစ်စေချင်

တယ်။ အဲဒီ“သွား”ကို သူက မုန်းကလည်းမုန်းတယ်ဆိုတော့ ကျုတ်နဲ့ထည့်သိမ်းပြီးကတည်းက တစ်ခါမှ ပြန်ထုတ်မကြည့်မိတော့ဘဲ ပစ်ထားလိုက်တာ။ အခု တို့ကပြန်သတိရလို့ အစဖော်တော့ ဘယ်နားရှိမှန်းမသိ သူဖြစ်နေပြီ ...

တို့ အင်္ဂလန်က ပြန်ရောက်စတုန်းကတော့ သူက ‘အဲဒီသွားရှိတယ် ယူမလား’လို့မေးပါတယ်။ ဒါပေမဲ့ တို့က အမှတ်တရတွေ၊ **Sentimental Attachment** (စိတ်ကူးယဉ်ဆန်ဆန် သံယောဇဉ်တွယ်တာခြင်း)တွေ ဝါသနာမပါဘူး။ ခုကျတော့ ယောက္ခမကအသက်ကြီးပြီဆိုတော့ အစစအရာရာကို သိပ်ကောင်းကောင်း မမှတ်မိတော့ဘူး ဖြစ်နေတာလေ။ တို့ အခု အဲဒီ‘အံဆုံးကြီးသွားကြီး’ကို ပြန်ရှာကြည့်ခိုင်းထားတယ်။ အဲဒီသွားကနေ မင်းနဲ့ **DNA** တိုက်စစ်နိုင်တယ် မိုးခြိမ်း ... စစ်မှာလား ! ...”

ခြိမ်းတစ်ယောက် ပါးစပ်အဟောင်းသား ဟသွားချိန်မှာ မေမေ ဒေါ်သစ်သစ်စိမ်းက “ဗျူး”ခနဲ သက်ပြင်းကြီးတစ်ခုကို မှုတ်ထုတ်လိုက်ကာ ...

“လျှာပါတဲ့လူတိုင်း လိမ်တတ်တာချည်းပဲလို့ မာမာကြင့်ကို တို့ကိုယ်တိုင်ကိုက ပြောခဲ့မိဖူးတယ်ဆိုတော့ ကိုသူရိန်နဲ့ မင်းနဲ့ **DNA Result** ချင်း **Match** မဖြစ်ဘဲ တလွဲထွက်လာခဲ့ရင် ‘အဲဒီသွားကြီးက ဘယ်သူဖြစ်ဖြစ်ရဲ့သွားလည်း ဖြစ်နိုင်တာပဲ။ တို့က အစားထိုးရင် ထိုးထားမှာပေါ့။ ကိုသူရိန့်သွား ဟုတ်ချင်မှ ဟုတ်မှာပေါ့’လို့ ပြောပြီး မင်း



အမေက အတည်မယူတာမျိုး ဖြစ်ချင်လည်း ဖြစ်လာနိုင်ပါတယ်။ ဒါပေမဲ့ မင်းတို့သေချာဖို့ထက် တို့သေချာဖို့ပဲ တို့ကလုပ်မှာ။ ဟုတ်ပြီနော် မိုးခြိမ်း”

ခြိမ်းက ခေါင်းကို တဆတ်ဆတ် ညိတ်လိုက်ကာ “ကျွန်တော် စစ်ချင်ပါတယ်”ဟု ခပ်မြန်မြန်ပဲ ပြောလိုက်ပါသည်။

“မင်းကို တစ်ခုလည်း သတိပေးချင်သေးတယ်။ မင်းအမေ မာမာကြင်ကတော့ သူ့ယောကျ်ားစကား သူနားထောင်ပြီး မင်းကို အသိုင်းအဝိုင်းထဲမှာ သူ့သားအဖြစ် အသိပေးချင်မှ ပေးထားမှာ။ ဒါပေမဲ့ တို့လျှောက်လုပ်လို့ ဒီကိစ္စကပွသင့်သလောက် ပွနေပြီ။ တို့က တမင်စိတ်ယုတ်မာနဲ့ ဖွတာ မဟုတ်ဘူးနော်။ မရှိတော့တဲ့ ကိုယ့်ယောကျ်ားကို မကောင်းသတင်းနဲ့ ကျော်စောသွားစေမယ့် လုပ်ရပ်မျိုး ဘယ်မိန်းမမှ မလုပ်ချင်ဘူး ...

ဒါပေမဲ့ ဒီကိစ္စကို လျှောက်စုံစမ်းရတဲ့အခါ သိသင့်သိထိုက်တဲ့ လူတွေကိုတော့ အကုန်မဟုတ်တောင် ထိုက်သင့်သလောက် ပြောပြရတာမျိုးရှိတယ်။ တို့မိဘ၊ တို့ယောက္ခမ အဲဒါတွေကို ပြောရတယ်။ အနည်းနဲ့အများတော့ လူတွေရဲ့ပါးစပ်ထဲ ရောက်ကုန်မှာပဲ။ သေချာတယ်။ မာမာကြင့်ယောကျ်ား အတော်ကြီး ဒေါပွနေလောက်ပြီ။ တရားခံကတော့ တို့ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူကတော့ မင်းအပေါ်ပဲ ငြိုးမှာပဲ။ အဒေါ်သားချင်းတစ်ယောက်လို အကြံပေးရရင်တော့ မင်းပြန်ဖို့ကောင်းပြီထင်တယ် မိုးခြိမ်း”

"စိုးရိမ်ပူပန်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် မေ ... အဲ ... အန်တီ။ ဒါပေမဲ့ ကျွန်တော့်အတွက်ကတော့ ရည်မှန်းချက်နဲ့ ဘဝတစ်ခုလုံးကြီးကို မှောက်လှန်ပစ်လိုက်နိုင်တဲ့ လိပ်ခဲတည်းလည်းကိစ္စကြီးပါ။ ဘယ်လိုလုပ် ကျောခိုင်းချန်ထားပြီး Perth ကို ပြန်သွားနိုင်မလဲ"

"ခဏဖြစ်ဖြစ်တော့ ပြန်လိုက်ပါလား။ တို့ကတော့ မင်းကူညီပေးမယ်ဆိုရင် ဒီကအေးဂျင့်ကုမ္ပဏီတစ်ခုနဲ့ဆက်ပြီး စင်ကာပူမှာ ပို့စစ်ဖို့ စဉ်းစားထားတာ။ ဒါပေမဲ့ မင်းပြန်မယ်ဆိုရင်တော့ တို့ 'သွား'ကိုရှာတွေ့ရင် မင်းနဲ့ပဲ ယုံကြည်စိတ်ချစွာ ထည့်ပေးလိုက်မယ်လေ။ ဩစတြေးလျားမှာပဲ စစ်ကြည့်လိုက်ပေါ့ ...

မင်းရဲ့မွေးစားအဖေ နေထိုင်မကောင်းတာကို ပြန်ကြည့်တဲ့သဘောလည်း ရောက်တယ်။ မာမာကြင့်ယောက်ျားရဲ့မျက်စိရှေ့မှောက်ကနေ ခပ်ဝေးဝေးရှောင်လိုက်ရာလည်းကျမယ်။ နို့မို့ဆို ခုမှအသည်းအသန် ထအချစ်ထူးပြနေတဲ့ မာမာကြင်က စားစားသွားသွား မင်းနဲ့ပဲတတွဲတွဲကြီး ဖြစ်နေတော့တာ။ အရှက်အခွဲခံရတယ်လို့ ထင်နေမယ့်သူမျိုးအတွက်တော့ မျက်စိစပါးမွေးစူးချင်စရာကြီး"

"ဟုတ်ကဲ့ ... အန်တီပြောတာလည်း ကောင်းတော့ကောင်းပါတယ်။ ကျွန်တော် မာမိနဲ့ တိုင်ပင်ကြည့်လိုက်ပါ့မယ်"

"ဒါဖြင့် သွားတော့ သား။ ကြာနေပြီ။ မင်းအမေက စိတ်ကောင်းမှာ မဟုတ်တော့ဘူး။ တို့တွေက သူ့ကိုအရွဲ့တိုက်ပြီး တမင်ဆွဲခေါ်ထားတာလို့တောင် ထင်နေလောက်ပြီ"



ကိုခြိမ်းက မေမေ့ကို "ဟုတ်ကဲ့"ဟု တုံ့ပြန်ကာ ချာချာ့ကိုတော့ "နေကောင်းအောင် သေချာဂရုစိုက်နေပါ ချာချာ" ဟု နှုတ်ဆက်သွားပါသည်။

✤ ✧ ✤

## အခန်း(၇)

"ဩော် ... အစ်ကိုက ကိုအောင်လွင်လား"
"ဟုတ်ပါတယ် သစ်သစ်စိမ်း"
"လုံးဝရုပ်ပြောင်းသွားတယ်နော်။ အပြင်မှာဒီတိုင်းတွေ့ရင် ကျွန်မ လုံးဝမှတ်မိမှာမဟုတ်ဘူး။ ပြီးတော့ မိုးခြိမ်းပြောပြ ထားဖူးတဲ့ စကားတွေထဲမှာ သူ့အဖေက ဦးအောင်လွင် မဟုတ်ဘူးလားလို့"
"ကျောင်းနာမည်က အောင်လွင်ဦးပါ။ သူရိန်ပဲပေါ့။ သူက စပြီး တမင် ရှေ့ကနှစ်လုံးပဲဖြတ်ပြီး အောင်လွင်လို့ခေါ်ခဲ့ ရာကနေ၊ အားလုံးပါးစပ်ထဲမှာ အောင်လွင်ပဲ တွင်သွားခဲ့ တာ။ ဟိုရောက်တော့ အဖေ့နာမည်နဲ့တွဲထားတဲ့ ဘာသာ ရေးနာမည် ဒဲနစ်စ်လွင်ဦး ဆိုတာကိုပဲ ပြန်သုံးလိုက်တော့ သားကလည်း သူ့ဒက်ဒီကို 'ဒဲနစ်စ်လွင်ဦး'အဖြစ်ပဲ မိတ် ဆက်ပေးခဲ့မယ် ထင်တယ်။ သားကိုယ်တိုင်ကိုက ဦးအောင် လွင် ဆိုတဲ့ နာမည်ကို ခေါင်းထဲတောင် မရှိမိတော့တာမျိုး ဖြစ်မယ်"



"အခု ... ကိုအောင်လွင် ဆိုလိုတာက ..."
"ကျွန်တော်ပါ။ ယောကျ်ားကောင်းမပီသသလို ဖြစ်ခဲ့တာ ကျွန်တော်ပါပဲ သစ်သစ်စိမ်း။ ဒါပေမဲ့ ကိုယ်မှားသွားပြီးတဲ့ နောက်မှာ ကိုယ့်အမှားကို ကိုယ်တာဝန်ယူတဲ့အနေနဲ့ ဝန် လည်းဝန်ခံခဲ့ပါတယ်။ တာဝန်ယူပါ့မယ်လို့လည်း ပြောခဲ့ ပါတယ်။ ဒါပေမဲ့ သူက ခါးခါးသီးသီးပဲ"
"ရှင် ... သူကတော့ ကိုအောင်လွင်နဲ့ မှားတာလို့မပြော ဘူးရှင့်။ ကိုသူရိန်လို့ပဲ တရစပ် နိုင်နိုင်မာမာ ပြောနေခဲ့ တယ်။ သူ လုံးဝမသိတာလား။ တမင်ပြောနေတာလား"
"သိတော့ သိမါလိမ့်မယ်။ အဲဒီအချိန်က ကျွန်တော်ဝန်ခံ ခဲ့တယ်ဆိုတာ တကယ်ပါ။ ဒါပေမဲ့ သူ့အနေနဲ့ကကျတော့ တအားကြီး မွန်ထူပေါက်ကွဲနေချိန်လည်း ဖြစ်တယ်။ သူ့ မျက်စိနဲ့ မြင်လိုက်ရတာကကျတော့လည်း တစ်မျိုးဆိုတော့ ကျွန်တော့်စကားကိုအတည်ယူဖို့ထက် သူ့မျက်စိသူ ပိုယုံ လိုက်မိတာပဲ ဖြစ်ပါလိမ့်မယ်"
"အဲဒီကိစ္စလည်း တစ်ချက်လောက်တော့ ရှင်းပြပါဦးရှင်။ မာမာကြင်က သူ သတိရလာချိန်မှာ သူ့အခန်းထဲက ထ ထွက်သွားတဲ့ ကိုသူရိန့်ကို သေချာပေါက် မြင်လိုက်ရတယ် လို့ချည်း ပြောနေတာရှင့်"
"သူရိန်ကလည်း အဲဒီအခန်းထဲမှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဝင်အိပ်နေခဲ့တာ ဖြစ်ပါလိမ့်မယ်။ အခန်းလေးက အယ်လ် ပုံစံ (L. Shape)လေး။ ထောင့်ချိုးဆုံးတဲ့နေရာမှာ တံခါး

ပေါက်ပါ။ သူရိန် အဲဒီအခန်းထဲရောက်နေတာ ကျွန်တော်ရော မာမာကြင်ပါ မသိခဲ့ကြသလို၊ မနက်ရောက်လို့ သူ့အိမ်သူ ထပြန်သွားတဲ့ သူရိန်ကလည်း အခန်းရဲ့ဟိုဘက်ထောင့်ချိုးထဲမှာ မီရှယ်လ်ရှိနေခဲ့တယ်ဆိုတာကိုတောင် လုံးဝမသိလိုက်တာပဲဖြစ်လိမ့်မယ်။ မီရှယ်လ်ကလည်း ရုတ်တရက်ဆိုတော့ သူရိန် အခန်းတံခါးဖွင့်ပြီး ထွက်သွားတာကိုမြင်ပေမယ့် 'ကိုသူရိန် ဘယ်လိုဖြစ်တာလဲ'လို့ တောင်လှမ်းမမေးလိုက်မိဘူးလေ။ အဲဒီတော့ သူရိန်က ဘာဆိုဘာမှကို မသိနိုင်တာပါ ...

သူရိန်နဲ့ မီရှယ်လ်နဲ့ ပြဿနာတက်ကြပြီကြားတော့ အခန်းထောင့်ချိုးပုံသဏ္ဌာန်ကို ခန့်မှန်းပြီး အဲဒီလိုပဲ ဖြစ်တာနေလိမ့်မယ်လို့ ကျွန်တော် တွက်မိပါတယ်။ သူရိန်ကလည်း သူ အဲဒီအိမ်မှာ ညအိပ်ပြီး မနက်ကျမှ ထပြန်လာတာ မှန်ပေမယ့် အဲဒီအခန်းထဲမှာ ဘယ်သူမှရှိမနေဘူးလို့ မီရှယ်လ်ကို ငြင်းခဲ့တယ်တဲ့။ မီရှယ်လ်ကလည်း လှမ်းတွေ့တွေ့ချင်းတုန်းကမှ မခေါ်လိုက်မိတာ။ ပြဿနာပေါ်လာမှ သွားစွပ်စွဲတာဆိုတော့ ကြားထဲမှာက နှစ်လနီးပါးတောင်မှ ကြာပြီးသွားခဲ့ပြီလေ ...

အဲဒါကြောင့် ကျွန်တော့်က မီရှယ်လ်ကို သွားဝန်ခံပြီး တာဝန်ယူဖို့ပြောတော့ သူက ကျွန်တော်အကွက်ထွင်တာလို့ပဲ ထင်နေခဲ့တယ်။ ကျွန်တော်ကလည်း ကိစ္စဖြစ်တဲ့ညကကျတော့ နည်းနည်းကလည်း မူးနေတယ်။ ပြီးမှမှား



ပြီဆိုပြီး ကြောက်သွားတာလည်းပါတယ်။ သူ့အမေကြီးကိုလန့်ရတဲ့အရှိန်ရော ဘာရော ပေါင်းပြီး ချက်ချင်းဝန်မခံရဲဘဲဖြစ်သွားတာကိုး။ အဲဒီညကလည်း တစ်ယောက်တည်းအိမ်ပြန်သွားလိုက်တာနဲ့၊ နောက်တစ်နေ့ကျတော့လည်း သွားမပြောရဲသေးတာနဲ့ ပြဿနာတွေတက်ကြပြီဆိုမှ သွားဝန်ခံတော့ မီရှယ်လ်က ဘယ်လိုမှ မယုံနိုင်တော့ဘူး"

"အဲဒါ သေတော့သေချာပါတယ်နော် ကိုအောင်လွင်"

"ဒီအချိန်ကြီးကျမှတော့ ဘာအကွက်မှ ထထွင်နေစရာအကြောင်းမရှိတော့ပါဘူးဗျာ။ ကျွန်တော်က မီရှဲလ်ကိုမပြတ်သတိထား စောင့်ကြည့်ပြီး အကဲခတ်နေခဲ့တာ။ အဲဒါကြောင့်ပဲ သူ နိုင်ငံခြားကို ထွက်သွားပြီလို့ အားလုံးထင်နေကြတဲ့အချိန်မှာ ဘယ်နယ်ဇနပုဒ်ကလေးမှာ ခုနစ်လရှစ်လ သွားရှောင်နေရပြီလဲ ဆိုတာ ကျွန်တော်တစ်ယောက်ပဲသိတယ်။ အဲဒီရွာကလေးရဲ့ တိုက်နယ်ဆေးရုံကို တမင်ပဲကျွန်တော် Request လုပ်ပြီး တောင်းလျှောက်ယူခဲ့တာပါ ...

မီရှယ်လ်က အဲဒီတိုက်နယ်ဆေးရုံမှာပဲ လာမွေးတာ။ ကျွန်တော်ကွင်းဆင်းနေရချိန်နဲ့ တိုက်ဆိုင်သွားတော့ တမင်ရှောင်မပေးလိုက်ရဘဲ ကျွန်တော်နဲ့ သူနဲ့ မဆုံဖြစ်လိုက်ရဘူး။ ပြီးတော့ ကလေးကိုစွန့်ပစ်ခဲ့ပြီး ဆေးရုံတစ်ခုလုံးတင်မကကျွန်တော်တောင် မသိလိုက်ရအောင် ထွက်ပြေးသွားခဲ့တာ။ အဲဒီကနေ ရန်ကုန်ကိုပြန်လာပြီးမှ တကယ်နိုင်ငံခြားကိုခဏထွက်သွားခဲ့တာဗျ။ ဆေးရုံမှာကျန်ခဲ့တဲ့သားကို မွေး

စာရင်းတွေ ဘာတွေ လုပ်ပေးပြီးမှ ကျွန်တော်ပဲ တရားဝင် အချက်အလက် အပြည့်အစုံနဲ့ ပြန်မွေးစားခဲ့တာပါ။ အဲဒါကြောင့် ကလေးက မွေးစာရင်းထဲမှာ မိဘနာမည်နဲ့ အကြောင်းအရာတွေက အမှန်တွေချည်း ဖြစ်နေခဲ့တာ ...

ဒီနောက်ပိုင်းမှာလည်း မြန်မာနိုင်ငံကိုပဲ အပြီးလိုပြန်ပြီး သူများ သူ့သားနဲ့ အဆက်အသွယ် ဖြစ်ချင်ရှာမလား၊ သိချင်ရှာမလားလို့ ကျွန်တော်က လိုက်စုံစမ်းနေခဲ့ပါတယ်။ အိမ်ထောင်ကျသွားပြီဆိုတာ သိပေမယ့် တိုက်နယ်ဆေးရုံလေးတစ်ခုမှာ မွေးပြီးပြီးချင်း သူ စွန့်ပစ်ခဲ့တဲ့ သူ့သားကို တစ်ချက်လောက် ပြန်သတိရမိခဲ့ရင် သူ့အနေနဲ့ နောင်တတွေနဲ့ ယူကျုံးမရ ဖြစ်မနေရအောင်ပါ။ ဒါပေမဲ့ သူကတော့ တစ်ချက်တလေလေးလောက်တောင်၊ ယောင်ပြီးတော့တောင်မှ မသိချင်ခဲ့ဘူး"

"ကိုအောင်လွင်က မိုးခြိမ်းကို အဖေရင်းပဲဆိုတာ အသိမခံဘဲ ဘာကြောင့် မွေးစားအဖေလို့ လုပ်ထားခဲ့ရတာလဲ"

"သူ့အမေရင်း ဘယ်သူဆိုတာ ကလေးကို ငယ်ငယ်ကလေးနဲ့ ပေးမသိလိုက်ချင်လို့ဗျ။ နို့မို့ဆို သားက ခုလိုအရွယ်ရောက်ပြီး၊ စိတ်ဓာတ်တွေ ဘာတွေ တည်ငြိမ်ရင့်ကျက်နိုင်မာပြီးချိန်မျိုးမှာတောင် သူ့အမေရဲ့တုံ့ပြန်ပုံတွေကြောင့် ဘယ်လောက်ခံစားလိုက်ရသလဲ။ ငယ်ကတည်းက ကိုယ့်အမေရင်းကို မုန်းတီးနာကျင်နေမိတာမျိုး မဖြစ်စေချင်တာပါ။ ပြီးတော့ ... ငယ်ကတည်းက ကိုယ့်ကိုယ်ကိုယ် မိဘမဲ့



လို့ သတ်မှတ်ထားတော့ ကလေးက စိတ်ဓာတ်ပိုကြံ့ခိုင်တယ်။ ခံနိုင်ရည် ပိုရှိတယ် ...

အဖေရင်းလို့ ပေးသိထားရင် အမေရင်းဘယ်သူဆိုတာ ပြောရတော့မယ်။ သူ့ဘက်က စမလာရင်တောင် သားဘက်ကပဲဖြစ်ဖြစ် တစ်နေ့မှာ ပြန်ပြီးဆက်သွယ်ခိုင်းမယ်လို့ ရည်မှန်းထားတာကလည်းရှိတော့ သက်ရှိထင်ရှားငုတ်တုတ်ကြီးကို 'မင်းအမေက သေပြီကွ'လို့လည်း ပြောမထားချင်ဘူးလေ။ အခု ပြန်စုံစမ်းနိုင်းတော့လည်း မီရှယ်လ်အကြောင်းကို ကျွန်တော်က ဆက်တိုက်အဆက်မပြတ်သိနေခဲ့တာပဲ။ ဒါပေမဲ့ သားကိုတော့ နာမည်ကအစ၊ နေရပ်လိပ်စာကအစ ဘာမှပြောမလွှတ်လိုက်ဘူး။ မွေးစာရင်းထဲပါတဲ့ မီရှယ်လ်ဆိုတဲ့နာမည်နဲ့ ဖုန်းနံပါတ်လေးတစ်ခုပဲ ပေးလွှတ်လိုက်တာ။ ခက်ခက်ခဲခဲ တစ်ဆင့်ပြီးတစ်ဆင့် လိုက်စုံစမ်းနေရရင် သူ့အမေကပေးလာမယ့် ဝေဒနာတွေကို ပိုခံနိုင်ရည်ရှိမယ်လို့ ယူဆလို့ပါ"

"အခု သားက သွားတစ်ချောင်းနဲ့ perth ကို ပြန်လာမပဲ ဖွင့်ပြောလိုက်တော့တာပေါ့နော်၊ ဒီလိုမှန်းသိ အဲဒီ'သွား'ကို အပင်ပန်းခံပြီးတောင် ပြန်ရှာမနေတော့ဘူး။ ယောက္ခမတို့တစ်အိမ်လုံးလည်း မွှမွှကိုကြွသွားတော့တာပဲ၊ အဘွားကြီးခများလည်း 'သွား'ပြန်တွေ့တော့ အဟောင်းတွေ အသစ်ဖြစ်ပြီး တငိုငို တမှိုင်မှိုင်နဲ့။ ခုတော့ အဲဒီ'သွား'က အပိုဖြစ်သွားတာပေါ့နော်"

“မဟုတ်သေးဘူးဗျ။ သူ DNA Test တွေ ဘာတွေ
နေတာကို ပေးလွှတ်ထားလိုက်သေးတယ်။ သားက သ
ဖို့ကောင်းပါတယ်။ အဲဒီက Result ထွက်လာတော့ သူ့အ
ရင်း ဘယ်သူဆိုတာလဲ အစပျောက်သွားပြီ။ သူ့အမေ
ကိုလည်း သူ သနားတာတွေ ဘာတွေတော့ ရှိမှာ
ဒါပေမဲ့ သူရိန်နဲ့ Match မဖြစ်တဲ့ကိစ္စကို သူ တော်တော်
ပျော်ရှာတာပါ။ အဲဒီတော့မှ ကျွန်တော်က သူ့ကို အကျိ
အကြောင်းနဲ့ဖွင့်ပြောပြလိုက်တာပါ။ အမယ် ...။ အမေ
သားဗျ။ တန်းမယုံပါဘူး။ သူစိတ်ချမ်းသာအောင် တ
ပြောပေးတယ်ပဲ ထင်နေသေးတာ။ ကျွန်တော့်မှာ သူ
ဒုံးဒုံးကျနိုင်အောင် သူ့အဖေအရင်းပါဆိုတဲ့ ကိစ္စကို D
ထပ်စစ်ပေးလိုက်ရသေးတယ်”

“အခုလည်း သူ့ယောက်ျားက သူ့အဖေကြီးလိုပဲ လက်
ရှည်ပြီး ဩဇာအာဏာကြီးတယ်။ နည်းနည်းတော့သ
ထားပြီး ကြောက်သင့်တယ်ထင်တယ် ကိုအောင်လွင်။ အ
ကိုအောင်လွင်တို့နှစ်ယောက် အတူတူ ပြန်လာကြတာလ
မိုးခြိမ်းက အခု ဘယ်မှာလဲ။ သူ့အမေကိုရော ဘယ်သူ
တာဝန်ယူပြီး ဒါတွေကို ပြောမှာလဲ”

“မီရှယ်လ်ကိုတော့ သူ့သားကိုပဲ တာဝန်ယူပြီး ပြောခိုင်း
ရမှာပေါ့။ အခု မိုးခြိမ်းက သူ့အမေဆီသွားတွေ့နေပါတယ်
ကျွန်တော်ကိုယ်တိုင်ပဲ တွေ့ဆုံပြီး ခုလိုရှင်းပြနိုင်ဖို့ မီရှယ်လ်
ဆီမှာ လာတွေ့ပါရစေလို့ Appointment တောင်းသေးတယ်



ဗျ။ သူကလက်မခံဘူး။ သူ့သားကို မွေးစားခဲ့တဲ့ ဒေါက်တာ ဒဲနစ်စ်လွင်ဦးက အောင်လွင်ပါဆိုတာ သိလိုက်တာနဲ့ကို ဖုန်းချသွားခဲ့တာပဲ”

“သူ အတော်ကြီးကို စိတ်ထိခိုက်နေပြန်လောက်ပြီ။ ကိုသူရိန့်ကို သူ ဘယ်လောက်ကြီးပဲ မုန်းပါတယ်ဆိုဆို ကလေးရဲ့ အဖေက ကိုသူရိန်မဟုတ်ဘဲ တခြားတစ်ယောက်ပဲဖြစ်နေတာမျိုးတော့ သူ ဘယ်လိုမှ ခံစားနိုင်မယ် မထင်ဘူး။ ဒီလိုပြောလို့ စိတ်မရှိပါနဲ့ ကိုအောင်လွင်။ သစ်သစ်ကဖြစ်နိုင်ချေကို ပြောတာပါ”

“အာ ... ဘာလို့ စိတ်ရှိရမှာလဲ။ ကျွန်တော်ကသာ သူရိန်တို့ သစ်သစ်စိမ်းတို့ကို တောင်းပန်စရာတွေနဲ့ ဖြစ်နေတာ။ သူရိန်ကတော့ မရှိတော့တဲ့အတွက် တောင်းပန်လို့မရတော့ဘူး။ သစ်သစ်စိမ်းကိုပဲ တောင်းပန်ရမှာပဲ။ သူရိန်ရှိတုန်းကတည်းကလည်း အကျိုးအကြောင်း ပြောပြပြီး တောင်းပန်ချင်ခဲ့ပါတယ်။ ဒါပေမဲ့ ဒီအကြောင်းအံရာကို ထပ်ဆွမနေချင်တော့ဘူး။ ကာယကံရှင်ဖြစ်တဲ့ မီရှဲယ်လ်ကိုယ်တိုင်ကမှ လက်မခံတဲ့ကိစ္စကို ဒီပြင်လူတွေကို လျှောက်ပြောပြနေလို့လည်း အပိုပဲလေလို့တွက်ပြီး အဲဒီတိုက်နယ်ဆေးရုံမှာပဲ ဇာတ်မြှုပ်နေလိုက်တော့တာဗျ။ အသုဘမရောက်ဖြစ်လိုက်တာကတော့ သားလေးငါးနှစ်သားလောက်မှာ ကျွန်တော်တို့က ဩစတြေးလျားကို ထွက်သွားလိုက်ပြီဆိုတော့ မသိလိုက်ဘူး”

ဦးအောင်လွင်က ပြောနေရင်းနှင့်ပင် သစ်သစ်စိမ်း ကို တောင်းဆိုလိုသော အကြည့်မျိုးနှင့် ကြည့်လိုက်ကာ —

"ကလေးတွေကိစ္စကိုတော့ ကောင်းတဲ့ဘက်က ရှေ့ရှု တစ်ခေါက်လောက် ပြန်စဥ်းစားပေးစေချင်တယ်။ ကျွန်တော့် သားလေး အင်မတန်ခံစားနေရရှာတာ သားအဖချင်း ယောက်ျားချင်းပေမယ့် ကျွန်တော်က လုံးဝရိပ်မိနေရလို့ပါ။ တကယ်တမ်းကတော့ ကလေးချင်း ကြားထဲက အခြေအနေ ကပဲ ပိုအရေးကြီးတာလေ။ အမေချင်း အဆင်သိပ်မပြေ ကြဘူး ဆိုတာက ကြာလာတော့လည်း အပရိကပါလို့ သဘောထားပေးလိုက်လို့များ ရမလားလို့။ ငယ်ကြွေး တာလည်း မဟုတ်ဘူးလေ"

"အမယ်လေး … ဒီလိုစကားမျိုးတွေကို မာမာကြင့်ကိုသာ နိုင်အောင် ရအောင်ပြောပါ အစ်ကိုရယ်။ သစ်သစ်တို့ သားနဲ့လည်း အချင်းချင်း ဒီလောက်နားလည် ခင်မင်နေ ကြတာ ကိုယ့်မာနကြောင့် ကလေးတွေ စိတ်ဆင်းရဲနေရတာ ဘာလုပ်မှာလဲလို့ အစောကြီးကတည်းက တွက်ထားပြီး သား။ ကိုသူရိန် ရှိနေသေးရင်လည်း အစ်ကို့သားကို သူ လား ငြင်းမှာ။ မဟုတ်တာကြီး"

"အဆင်ပြေတာပေါ့ သစ်သစ်စိမ်းရာ။ မီရှဲယ်လ်ကိုတော့ သူ့သားကပဲ ပြောနိုင်မလား ကြည့်ရမှာပဲ။ ကျွန်တော်တော့ သူက လူချင်းမပြောနဲ့ ဖုန်းနဲ့တောင် အဖက်လုပ်တာမဟုတ် ဘူး။ အောင်လွင်ပါ ဆိုတာနဲ့ ခွမ်းခနဲဆောင့်ချပြီးသားပဲ မှာပဲ … ဟင်း ဟင်း ဟင်း"



ထိုအခိုက်မှာပင် သစ်သစ်စိမ်းရဲ့ဖုန်းကလေးက မြည် လာခဲ့တာမို့ ကောက်ကိုင်ကြည့်လိုက်သော် ဖုန်းနံပါတ်နဲ့ နာမည်နဲ့ တစ်ခါတည်း တွဲမှတ်ပြီး ကိုယ့်ဖုန်းရဲ့ Contact List ထဲ သူ့ နာမည်ကြီး ထည့်မထားချင်တာမို့ တမင်မှတ်ကိုမထားပေမယ့် မှတ်ဉာဏ်ကောင်းလှတဲ့ ဦးနှောက်က အလကားမနေ။ ပိုင်ရှင်ကို သစ္စာဖောက်ပြီး စွဲမြဲစွာမှတ်မိလို့နေသော နံပါတ်ကြီး။ မီရှဲယ်လ် မာမာကြင်ဆီကပါပဲ။

သစ်သစ်က ကိုအောင်လွင့်ကို အသံတိတ်အချက် ပြပြီး ဖုန်းလေးကို ညွှန်ပြလိုက်ပါသည်။ သူ့သားနဲ့သူနဲ့ စကား ပြောပြီးကြပြီပေါ့။ သစ်သစ်ကို ဘယ်လိုပုံစံနဲ့ လာပေါက်ကွဲပြန်ဦး မလို့ပါလိမ့်။

"သစ်သစ်စိမ်းလား"

တွေ့လား။ မောက်မောက်မာမာနဲ့ အထက်စီးမကြီး။ သို့သော် ကိုယ်က ပြိုင်ပွဲတစ်ခုမှာ နိုင်ပဲနိုင်သလိုလို၊ အထက်ရောက် သွားသလိုလိုကလည်းရှိ။ သူ့ခမျာမှာတော့ "မုန်းတယ် … မုန်း ပါတယ်"ချည်း ဟစ်အော်နေခဲ့သူတရားခံက သူကိုယ်တိုင် ကျိတ် ချစ်။ သံယောဇဥ်ဖြစ်နေရတဲ့သူပဲ မဟုတ်တော့တဲ့ တခြားလူကြီးဖြစ် နေ။ ဆိုတော့ … ကဲ … ကဲ … မာပါ … မှာပါ။ သူ့အခေခိုက်ထဲ က ထွက်လာကတည်းက ငိုသံကိုက ခပ်မာမာပဲဆိုတဲ့ မိန်းမပဲဟာ — မာပါ။ ကိုယ့်မလည်း အိမ်ကအေါ်ချာချာအတွက် "အမာမကြီး" ကိုပဲ အောက်ကျို့သင့် ကျို့ရတော့မယ့် အနေအထားနဲ့မဟုတ် လား။

"ဟုတ်ပါတယ် မာမာကြင်"

"ယူနဲ့ ဟိုတစ်ယောက်နဲ့ တွေ့ပြီးကြပြီလား"

"သားနဲ့တော့ မတွေ့သေးဘူး။ သူ့အဖေနဲ့တော့ တွေ့ကြတယ်"

"အင်း ... ... ... တကယ်တော့ ဒီစကားတွေကို သစ်သစ်စိမ်းဆိုတဲ့ ယူ့ကိုမပြောချင်ဆုံးပဲ။ ဒါပေမဲ့ ယူ့ကိုပဲပြောပြရမှာပါပဲ။ ကိုယ့်ဘဝကြီးကို ကိုယ်အရမ်းကြေကွဲရတယ် သိလား။ မိုးခြိမ်းဟာ ကိုသူရိန်ရဲ့သား မဟုတ်တော့တဲ့အတွက် ခံစားချက်က ဆိုးတယ်"

"ဒါကတော့ ဒီလိုပေါ့ဟယ် မာမာကြင်ရယ် ... ဟိုလေ..."

"ယူ့ပါးစပ် ပိတ်ထားစမ်းပါ။ ကိုယ်က ယူ့ဆီကဖြေသိမ့်ဖျောင်းဖျတဲ့စကားတွေကို ကြားချင်လို့ ဖုန်းဆက်တာမဟုတ်ဘူး။ ယူ့ဆီက သနားပဲသနားသလိုလို အသံကြီးကိုကြားရရင် ကိုယ် ပိုဆိုးလိမ့်မယ်"

အလကားဟာမ။ နိုင်တဲ့လူက ငြိမ်ခံ၊ ရှုံးတဲ့လူက ဗိုလ်ဟောက်မာန်မဲစတမ်းလို့ ဘယ်ကျမ်းမှာများ အဆိုရှိခဲ့ဖူးလို့လဲ။

"ဒါပေမဲ့ ကိုသူရိန်က လူကောင်းတစ်ယောက် ဆိုတာ သေချာသွားတော့ ယူရော ကိုယ်ပါ ပျော်နိုင်မယ် မဟုတ်လား"

အောင်မာ ...။ ငါကသာ ပျော်ရမှာပေါ့။ နင်ကဘာဆိုင်လဲဟဲ့။

"ကိုယ်တို့ပျော်နိုင်သလို သားတို့လည်း ပျော်နိုင်ဖို့လိုတယ်။ အဲဒါ ယူက ဘယ်လိုလဲ"



အမယ်လေး ... ဘုရား ... ဘုရား ...။ ဒီလိုစကားမျိုးကိုကြားမှ ကြားရပါ့မလားလို့။ တော်ပါသေးရဲ့။ ဒါပေမဲ့ "အေး ... ဟုတ်တယ်၊ ကိုယ်လည်း သဘောတူတယ်"လို့ မြန်မြန်ကြီး ပြန်ပြောလိုက်ရင် ချာချာ အရှုံးရောက်လာကတည်းက စခဲ့ရတဲ့၊ လူပြောများလှတဲ့ ကိုယ့်စိတ္တဇကို သူက ချက်ချင်းရိပ်မိသွားပြီး ဖြောင်အော်ဟားနေတော့မှာပေါ့။

"ယူက ဘယ်လိုဖြစ်စေချင်လို့လဲ။ ကိုယ်နဲ့ ကိုအောင်လွင်နဲ့လည်း ခုပဲ အဲဒီအကြောင်းကို ထိုင်ပြောဖြစ်နေကြတာလေ။ အခု ကိုအောင်လွင်က ကိုယ့်ဘေးတင်ရှိတယ်။ ယူတို့ချင်း ပြောဆိုတိုင်ပင်ချင်တာများ ရှိကြဦးမလား။ ကိုယ် သူ့ကို ဖုန်းပေးလိုက်ရမလား"

မာမာကြင်က "သစ်သစ်စိမ်း"ဟု မာမာထန်ထန် ဆောင့်ကြီးအောင့်ကြီး အကျယ်ကြီးပင် အော်ဟစ်လိုက်ကာ တယ်လီဖုန်းကို ဖြတ်ချသွားပါသည်။

ခုတလော အိမ်ရှေ့က တံခါးဘဲလ်သံကြားလျှင်၊ အိမ်ကလိုင်းဖုန်းမြည်သံကြားလျှင် အိမ်ကကောင်မလေးတွေ တစ်ယောက်နဲ့တစ်ယောက် တွက်ကပ်ရန်လုပ်ပြီး "နင်သွား၊ ငါသွား" ဖြစ်နေစရာမလို။ ချာချာတို့က အရင်ဦးဆုံး အရှေ့ဆုံးကရောက်နှင့်နေပြီးသားပင်။ ဖုံးကွယ်နေစရာလည်း မလိုပါ။ တစ်နည်းနည်းနဲ့တော့ အဆက်အသွယ် ရောက်ရှိလာတော့မည်ဖြစ်တဲ့ ကိုခြိမ်းအတွက် သူ ဆက်သွယ်လာမယ့်နည်းလမ်းပေါင်းစုံကို မျက်စိဖွင့်နားစွင့်ပြီး မျှော်တယ်ပေါ့နော်။ ဘာဖြစ်သေးလဲ။

ခုလည်း "တီ"ခနဲဆိုတာနဲ့ တံခါးမကြီးရှေ့ရောက်ပြီးသားဖြစ်သော ချာချာ့အတွက် ပေါ်တီကိုအောက်မှာ တွေ့လိုက်ရတာက စိတ်ပျက်စရာ၊ နန်းနန်းနဲ့ ရဲထွန်းတို့နှစ်ယောက်ရဲ့ ဖြစ်စပ်စပ်နဲ့ အပိုးမကျိုးသော မျက်နှာတွေ။

"ဟဲ ဟဲ ဟဲ ဟဲ ... ထင်လိုက်တာက တစ်ယောက်။ တကယ်ဖြစ်နေတာက နှစ်ယောက်။ သိပ်စိတ်ပျက်သွားသလား ညီမလေး။ အစ်ကိုကြီးတို့က မိုးပေါ်ထောင်ပစ်ပြီး စလိုက်တာပါ"



"ရဲထွန်း ... နင့်နာမည်ကိုလည်း ပေါနစ်လို့ ပြောင်းလိုက်ပါလား။ ပေါ်တစ်က ဟိုကောင်၊ နင်က ပေါနစ်။ နေပါဦး ... စုံတွဲလိုက်ကြီး ဘာလာလုပ်ကြတာလဲ"

"သူကတော့ နင့်မျက်နှာကိုကြည့်ချင်လို့ကို လိုက်လာတာတဲ့။ အလုပ်မရှိ၊ အလုပ်ရှာ။ ငါကတော့ နင်စိတ်ညစ်နေတုန်းက နင့်ကို ဘာမှပြန်မလုပ်ခဲ့ရဘဲ အငြိုးနဲ့တေးထားခဲ့ရတာကို ခုဘာမှ သနားစရာမကောင်းတော့တဲ့ အချိန်ကျမှ လက်စားပြန်လာချေတာ။ သေပေတော့ ...ကဲ ...ကဲ ...ကဲ"

နန်းနန်းကား ချာချာ့ကို ရပ်နေရာကနေကို ခုန်အုပ်ကာ သူ့လက်သီးဆုပ်နှစ်ခုနဲ့ ချာချာ့ရဲ့ကျောပြင်တို့ တအုံးအုံးနဲ့ကို ထုနက်နေတော့ပြီ။

"သေတော့မှာပဲ။ ဘာလုပ်တာလဲ ... အဟွတ် ... အဟွတ်၊ ဟွဲ ... အရမ်းနာတယ်။ အဲဒီလောက် လုပ်ရသလား။ ရက်ရက်စက်စက်ကြီးတော်"

"နင့်တုန်းက ဒီထက်ရက်စက်ခဲ့တာကျတော့ နင်မေ့ပြီလား။ ငါ့မှာ ဒီမိန်းမပြန်ပြန်ပြန် စိတ်ချမ်းသာရာရပါစေ၊ တညည်းတော်မ ပြန်လုပ်နိုင်တဲ့အချိန် အမြန်ဆုံးရောက်ပါစေတော့လို့ ဘုရားမှာ ဆုတောင်းလိုက်ရတာ။ အမြှုပ်တောင်ထွက်နေပြီ"

ချာချာက နန်းနန်းကို တွန်းထုတ်ရင်း အနိုင်မခံပြန်အောင် ပြန်လုပ်ပစ်တော့မည်အပြု အိမ်ထောင်းကားထိုးရပ်ရာနေရာ

အကွယ်လေးကနေ လူတစ်ယောက်က ခပ်ပြုံးပြုံးနဲ့ ထွက်လာပါသည်။

"ဟို ... ကျွန်တော့်ကို နန်းနန်းက သူတို့အရင် စကားသွားပြောလိုက်ဦးမယ်။ ဒီမှာပဲ ခဏစောင့်နေခဲ့ဦးဆိုလို့ ချာချာ။ အဲဒီလိုအရမ်းကာရောကြီး သွားပြေးထုမယ်လို့ သူ့ကပြောမသွားဘူး"

"ကိုခြိမ်း"

"ဟဲ ဟဲ ဟဲ ဟဲ ... ငါ ကြည့်ချင်တဲ့မျက်နှာဆိုတာ နာသွားလို့ ဒေါသထွက်နေရာကနေ ရုတ်တရက် ဝမ်းသာသွားပြီး ပြီးကျမှ တဖြည်းဖြည်း ရှက်ရှက်လာတဲ့မျက်နှာ။ ဟဲဟဲ ...

ရေလည်ပီပြင်တယ်။ ရပြီ။ နင်တို့ကြိုက်သလိုဆက်လှုပ်ရှားလို့ရပြီ ချာချာ။ ငါတို့ကိစ္စက ပြီးပြီ။ ဒီကပဲပြန်လိုက်တော့မယ်။ ဟိတ် ... ! နန်းနန်း ... လာတော့။ ပြန်ကြမယ်"

နန်းနန်းနဲ့ ရဲထွန်းတို့ အားရကျေနပ်စွာ ပြန်ထွက်သွားကြလျှင် ကိုခြိမ်းက ချာချာ့ကို ...

"ချာချာ ... အပြင်ခဏလောက် လိုက်ခဲ့လို့ရမလား၊ ကျွန်တော်တို့ ဒီကိစ္စတွေ မဖြစ်ကြခင်က ချာချာပဲ 'ဒီတစ်ခေါက်ကျရင် အဲဒီကိုသွားကြရအောင်'လို့ ပြောထားတဲ့ ဆိုင်ကလေးကိုလေ"



"ဟင် ! ကိုခြိမ်း အိမ်ရောက်လာတယ်ဆိုရင်တော့ မေမေက ကိုခြိမ်းကို ဘာမှပြောမှာ မဟုတ်ဘူး။ ချာချာပါ အပြင်လိုက်သွားတယ်ဆိုရင်တော့ ချာချာ့ကို ဘာပြောနေဦးမလဲမသိဘူး။ အဲလို အပြင်တွေပါ ပြန်ထွက်လို့ရပြီလား မရဘူးလား ချာချာ မသိသေးဘူး"

"ဒါဆို ဘယ်လိုလုပ်မလဲ၊ သိအောင်လုပ်လေ"

"မေမေနဲ့ အန်တီဒေါ်မာမာကြင်တို့က နောက်ဆုံးစကားပြောဖြစ်ကြတဲ့ အချိန်မှာလည်း တစ်ယောက်နဲ့တစ်ယောက်က ပိတ်အော်တာတွေ၊ မကျေလည်တာတွေ ရှိသွားကြပြန်တာဆိုတော့ ချာချာက ကိုခြိမ်း ဖုန်းဆက်မယ်ပဲ ထင်ထားတာ လာခေါ်မယ်လို့မှ မသိထားတာ"

"ဟုတ်ပါပြီ။ ဒါဆို မေမေ့ကို ခွင့်တောင်းရမှာလား"

"လှမ်းဖုန်းဆက်ပြီး မေးလိုက်မယ်နော်"

ခြိမ်းက မျက်လုံးဝိုင်းကလေးနဲ့ လှုပ်လှုပ်ရှားရှားတုန်စာန်ယင်ယင်လေး ဖြစ်နေသူကလေးကို ခေါင်းတစ်ချက်ညိတ်ပြလိုက်ပါသည်။ အရိုးခံကလေးနဲ့ ဟန်မဆောင်တတ်တဲ့ ကောင်မလေး။ ခုနေများ "ဟိတ် ... ချက်ချင်းပြန်ဖြေ"လို့ အသံကျယ်ကြီးနဲ့ ဆောင့်ကြီးအောင့်ကြီး အော်မေးလိုက်ရင် သူ့ရင်ထဲကစိတ်ရင်းတွေ တစ်ခါတည်း ယောင်ပြီး ခုန်ပေါက်ထွက်ကျလာတော့မှာပဲ ထင်သည်။

"မေ ... မေမေလား"

"ဟုတ်တယ် ... အသံက ဘာဖြစ်နေတာလဲ ... ! ဘာဖြစ်လဲ ချာချာ"

"ဟိုဒင်း ... ကိုခြိမ်း လာတယ်"

"ကျွတ် ... ! ဘာလဲလို့။ အဲဒီတော့ ဘာဖြစ်လဲ"

"ဟို ... အပြင် ... အပြင်ထွက်လို့ ရလားလို့"

"နင်နဲ့တော့ ငါ သေလိုက်ချင်တာပဲ သိလား။ ဘေးနားမှာ အဲဒီတစ်ယောက် ငုတ်တုတ်ကြီး ရှိနေတယ်မဟုတ်လား။ ကိုယ့်ဘာသာပဲ ဆင်ခြင်ဆုံးဖြတ်ပါလားဟဲ့။ ငါ့လာခေါင်းတပ်နေတယ်။ သူ့အမေနဲ့ ငါနဲ့က ပြေပြေလည်လည်မှ မရှိကြသေးတဲ့ဟာ။ ဟိုတစ်နေ့ကပဲ ငါ့ကိုအော်ဟောက်ထားသေးတဲ့မိန်းမရဲ့သားနောက်ကို ကိုယ့်သမီးကို လိုက်သွားဆိုလည်း မကောင်း။ မလိုက်နဲ့ဆိုလည်း မဖြစ်သေး။ နင်လေ ... ... ကျွတ် ..."

"ချာချာက လိမ္မာတာပဲဟာ။ ကိုယ့်ဘာသာ ထင်ရာမလုပ်လိုက်ဘဲ မေမေ့ကိုပဲ ခွင့်တောင်းတာ"

"ဒါမျိုးနဲ့တော့ မလိမ္မာတာကမှသာ ပိုကောင်းလိမ့်ဦးမယ်။ တော်ပြီ ... တော်ပြီ။ ဒါပဲ ... ငါ ခွဲခန်းထဲရောက်နေတယ်လို့သာ ပြောလိုက်"

"ဘယ်လိုလုပ်ရတော့မှာလဲ။ သူက အားလုံးကြားနေပြီဟာ"

ခြိမ်းမှာ အဲဒီအမေနဲ့ အဲဒီသမီးနှစ်ယောက်စလုံးကို ပင် ရယ်ချင်နေရပြီး ချာချာ့နောက်နားမှကပ်ကာ "မေမေ ...



ချာချာ့ကို ကျွန်တော် ခဏခေါ်သွားပြီနော်၊ ကျွန်တော် မာမီ့ကိုလည်း ပြောခဲ့ပါတယ်"ဟု ဝင်အော်လိုက်ပါသည်။

ချာချာက ဖုန်းချလိုက်ပြီးလျှင်တော့ ...

"ကဲ ... ချာချာ၊ အမေတွေ မပါကြေး။ ကျွန်တော်လည်း ဘယ်သူ့ကြောင့်မှ မဟုတ်ဘူး။ ချာချာလည်း ဘယ်သူ့ကြောင့်မှ မဟုတ်နဲ့။ ကားပေါ်ရောက်တာနဲ့ တစ်ခုခုမေးမှာနော်။ ချာချာ့စိတ်ထဲ ရှိတာကိုပဲ ပြန်ပြောရမှာ။ စဉ်းစားထားတော့"

"ဟင် ... ဘာကိုလဲ။ ဘာမေးမှာမှန်းလဲ မသိရသေးဘဲနဲ့"

"ချာချာ့စိတ်ထဲ ခုနေရှိနေတဲ့ဟာပဲ။ အဲဒါပဲ ..."

"ဟီး ဟီး ... အဲဒါဆိုရင်တော့ ချာချာက အခု ကွန်ပျူတာရှေ့ပဲ ပြေးထိုင်ချင်နေတာ"

"ဟာ ... ဘာရ[illegible]ဖို့လဲ"

"တစ်ကမ္ဘာလုံးက ချာချာ့သူငယ်ချင်းတွေကို 'CC'ခံပြီး အီးမေးလ်တွေ ပို့ချင်လာလို့ အသံညီးယားလှပြီ ... ဟီး"

"ကျွန်တော့်အကြောင်းလား"

"ဟုတ်"

"သွား ... ကားပေါ် **Laptop** တင်ယူခဲ့လိုက်ပေါ့"

ချာချာက သူ အီးမေးလ်ပို့နေသည့် "ချာချာတော့ အမိ အဘ အဘိုး အဘွားမဟုတ်တဲ့ သူစိမ်းတစ်ဖုံတစ်ယောက်ကို "ချစ်တယ်"လို့ ဖွင့်ပြောပြရတော့မယ်ထင်တယ်"ဟူသည့်စာ

ကို "ကိုခြိမ်း လာကြည့်မနေနဲ့"ဟု တားမြစ်ထားလိုက်ပါသည်။ ခြိမ်းကလည်း ကားမောင်းနေရရင်းက ချာချာ့မျက်နှာကလေး တစ်ခုကိုပဲ လှည့်တကြည့်ကြည့်နှင့် ကြည့်မဝဖြစ်နေရလျှင် Laptop ထဲအထိ လိုက်ခိုးကြည့်နေဖို့လည်း အချိန်မရှိပါ။

ခုနေခါမှာတော့ "မဖြစ်နိုင်ဘူး"ဆိုတာ ဘာမှမရှိနိုင်တော့ဘူးပဲ မဟုတ်လား။ ညအမှောင်ကို လွန်မြောက်ပြီးခဲ့တဲ့ နေခြည်ဖြာချိန်မှာတော့ အရာရာဟာ "ဖြစ်နိုင်ချေ"တွေအပြည့်နဲ့ ချည်းပဲလေ။

✤ ✧ ✤

ပုဏ္ဏမိ